

Photo: Jerry Galea/OxfamAUS

# BALANCING THE SCALES

## ရေအားလျှပ်စစ်ထုတ်လုပ်ရေးကဏ္ဍတွင် ကျား/မရေးရာဂျဲန်ဒါ အကျိုးသက်ရောက်မှုဆန်းစစ်ချက်ကို အသုံးပြုခြင်း


Australian Government
Department of Foreign Affairs and Trade

Australian Aid

CGIAR Challenge Program on WATER & FOOD
Andes • Ganges • Limpopo • Mekong • Nile • Volta

OXFAM

**ညီညွတ်မျှတစေခြင်း**

**ရေအားလျှပ်စစ်ထုတ်လုပ်ရေးကဏ္ဍတွင် ကျား/မရေးရာဂျဲန်ဒါ အကျိုးသက်ရောက်မှုဆန်းစစ်ချက်ကိုအသုံးပြုခြင်း**

**၂၀၁၃**

Oxfam ဩစတြေးလျ
၁၃၂၊ လက်စတာလမ်း၊ ကာလ်တန်၊ ဗစ်တိုးရီးယား ၃၀၅၃၊ ဩစတြေးလျ
ဖုန်း - +၆၁ ၃ ၉၂၈၉ ၉၄၄၄
ဖက်စ် - +၆၁ ၃ ၉၃၄၇ ၁၉၈၃
www.oxfam.org.au

Oxfam ရေအရင်းအမြစ် စီမံအုပ်ချုပ်ရေး ဒေသဆိုင်ရာစီမံချက်
အမှတ် (၉၄)၊ ရုရှားဘူးလ်ဗဒ်၊ ဆန်ခတ်တုလိဒ် ၁၊ ခမ်တိုးခတ်ခ်၊ ဖနွမ်ပင်၊ ကမ္ဘောဒီးယား
ဖုန်း - +၈၅၅ (၀) ၂၃၈၈၅၄၂၄
ဖက်စ် - +၈၅၅ ၂၃ ၈၈၅၄၅၂

ရေးသားသူ - Michael Simon
တည်းဖြတ်သူ - Jane Kunstler
ဒီဇိုင်း - Daniel Cordner နှင့် Morgan White
ထုတ်ဝေသည့်ခုနှစ် - အောက်တိုဘာ၊ ၂၀၁၃

**ကျေးဇူးတင်လွှာ**

Oxfam အနေဖြင့် Oxfam ၏လုပ်ဖော်ဆောင်ဖက်များဖြစ်သည့် Priyajit Samaiyar, Nalini Kasynathan, Jessica Rosien, Gary Lee, Elena Leddra နှင့် Oxfam မဲခေါင်ဒေသ ရေအရင်းအမြစ် ထိန်းချုပ်စီမံရေးအဖွဲ့တို့အပါအဝင် ဤလက်စွဲစာအုပ်ဖြစ်မြောက်ရေးအတွက် အဖက်ဖက်မှပါဝင်ကူညီခဲ့ကြသောသူများအားလုံးကို ကျေးဇူးတင်ကြောင်း ဖော်ပြလိုပါသည်။ မဲခေါင်ဒေသ အမျိုးသားအဆင့် ကျား/မရေးရာ (ဂျဲန်ဒါ)နှင့် အမျိုးသမီးများအခွင့်အရေး မူဝါဒနှင့် ပတ်သက်၍အဖိုးမဖြတ်နိုင်သော ဆန်းစစ်မှုများပြုလုပ်ခဲ့သည့် Virginia Simpson ကိုလည်း ကျေးဇူးတင်ကြောင်း ဖော်ပြ လိုပါသည်။

Donna Brown, Verity Boaro, Kate Lazarus နှင့် Christina Hill တို့ကိုလည်း ၎င်းတို့၏ ပညာရပ်ဆိုင်ရာပံ့ပိုးမှုများ၊ ပြန်လည်ဆန်းစစ်ပေးမှုများအတွက် အထူးကျေးဇူးတင်ကြောင်းဖော်ပြလိုပါသည်။

စီမံကိန်းမိတ်ဖက်များဖြစ်ကြသော ဗီယက်နမ်မှ Green ID၊ NGO Forum on Cambodia နှင့် လာအိုရှိ Oxfam အဖွဲ့သားများကိုလည်း ၎င်းတို့ပေးအပ်ခဲ့သောပံ့ပိုးမှုများနှင့် လမ်းညွှန်မှုများအတွက် ကျေးဇူးဥပကာရ တင်ရှိပါသည်။ Naga House ရှိ CPWF အဖွဲ့မှ အားတက်သရော ကူညီပံ့ပိုးပေးခဲ့ခြင်းအတွက်လည်း ကျေးဇူးတင်ပါသည်။

မျက်နှာဖုံးဓါတ်ပုံ - Jerry Galea/OxfamAUS
အမျိုးသမီးလယ်သမား၊ ဗီယမ်ကျင်းဒေသ၊ လာအို။

**Oxfam ဩစတြေးလျ ကူညီထောက်ပံ့ပေးရေးနှင့် ဖွံ့ဖြိုးရေး**

Oxfam သည် အစိုးရမဟုတ်သော၊ မှီခိုမှုကင်းသော၊ အထောက်အပံ့နှင့်ဖွံ့ဖြိုးရေးဆိုင်ရာအဖွဲ့အစည်းတစ်ရပ်ဖြစ်ပါသည်။ အဖွဲ့အနေဖြင့်ကာလရှည် ဖွံ့ဖြိုးရေးစီမံကိန်းများ လုပ်ဆောင်လျက်ရှိပြီး ဘေးအန္တရာယ်များနှင့် ပဋိပက္ခများအတွက် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ တုံ့ပြန်မှုများလုပ်ဆောင်ပေးလျက်ရှိပါသည်။ ထို့ပြင် လူ့အခွင့်အရေးနှင့်တရားမျှတမှုကိုမြှင့်တင်ရန် မူဝါဒနှင့်အလေ့အကျင့်များ ပြောင်းလဲစေရန်လည်း တိုက်တွန်းနှိုးဆော်ပေးလျက်ရှိပါသည်။ Oxfam ဩစတြေးလျ၏ လူသား၊ အခြေခံအဆောက်အဦနှင့် ပတ်ဝန်းကျင်စီမံချက်နှင့် မဲခေါင်ဒေသရေစီမံအုပ်ချုပ်ရေးစီမံချက်တို့သည် ရေအားလျှပ်စစ်ကုမ္ပဏီများ၏ မူဝါဒများနှင့် အလေ့အကျင့်များ၊ ဓနရှင်များ၊ ရေအားလျှပ်စစ်နှင့် ရေအရင်းအမြစ် စီမံခန့်ခွဲရေးလုပ်ငန်းများကို ပံ့ပိုးပေးနေသော နှစ်ဦးနှစ်ဖက် သို့မဟုတ် ဘက်ပေါင်းစုံပါဝင်သည့် အဖွဲ့အစည်းများကို လွှမ်းမိုးနိုင်ရန် ဆောင်ရွက်လျက်ရှိပါသည်။ Oxfam မဲခေါင်စီမံချက်သည် ထိခိုက်ခံစားနေရသော လူထုနှင့်လည်းလက်တွဲကာ အခြေခံအဆောက်အဦဆိုင်ရာ စီမံကိန်းများနှင့်ပတ်သက်၍ ၎င်းတို့၏ အခွင့်အရေးများကို နားလည်စေရန် ပံ့ပိုးကူညီပေးလျက်ရှိပါသည်။ စီမံချက်သည် လူ့အခွင့်အရေး၊ ကျား/မရေးရာ (ဂျဲန်ဒါ)၊ လူထုနှင့်ကုမ္ပဏီ ဆက်ဆံရေးတို့အပေါ် အာရုံစိုက်အလေးပေးထားပြီး နယ်နိမိတ်နှစ်ခုအကြား ရေအရင်းအမြစ် စီမံအုပ်ချုပ်ရေးနှင့်ပတ်သက်သော အလေ့အကျင့်ကောင်းများနှင့် စီမံချက်မတိုင်မီ သတင်းအချက်အလက်များကို အခမဲ့ပေးဝေကာ သဘောတူညီမှုရယူရန် တိုက်တွန်းအားပေးလျက်ရှိပါသည်။

---

**© Oxfam ဩစတြေးလျနှင့် CPWF ၂၀၁၃**

Oxfam ဩစတြေးလျသည် အပြည်ပြည်ဆိုင်ရာဖွံ့ဖြိုးရေးအတွက် ဩစတြေးလျကောင်စီ (ACFID)၊ Oxfam အပြည်ပြည်ဆိုင်ရာ (Oxfam International)၊ People in Aid နှင့် ဒုက္ခသည်များဆိုင်ရာဩစတြေးလျကောင်စီ (Refugee Coucil of Australia) စသောအဖွဲ့များ၏အဖွဲ့ဝင်ဖြစ်ပြီး ထိုသို့အားဖြင့်ကျင့်ဝတ်ပိုင်းဆိုင်ရာစည်းကမ်းများ၊ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် လုပ်ငန်းဆိုင်ရာစည်းမျဉ်းများ၊ ကျင့်ဝတ်များအား လိုက်နာရန် ဝတ္တရားရှိပါသည်။

ဤစာစောင်ကို www.oxfam.org.au/giamanual နှင့် CPWF ၏ results.waterandfood.org တို့ထံမှ ရရှိနိုင်ပါသည်။

## မာတိကာ

ဤလက်စွဲကိုအသုံးပြုခြင်း ............ ၅

၁။ နိဒါန်း ............ ၁၀

၁.၁။ ရေအားလျှပ်စစ်လုပ်ငန်း၏ ကျား/မရေးရာ အကျိုးသက်ရောက်မှု ............ ၁၀

၁.၂။ ရေအားလျှပ်စစ်လုပ်ငန်းများတွင်းရှိကျား/မရေးရာ ဘက်လိုက်မှုများနှင့်အမျိုးသမီးများ ............ ၁၁

၁.၃။ အခြေအနေ - မည်သည့်အတွက်ကြောင့် ကျား/မရေးရာသည်အရေးပါရသည် ............ ၁၄

၂။ မည်သည့်အတွက်ကြောင့် ဤလက်စွဲစာအုပ်ကိုရေးသားရသည်၊ မည်သည့်အတွက်ကြောင့် ယခုအချိန်ကို ရွေးရသည် ............ ၁၇

၂.၁။ ဤလက်စွဲကိုမည်ကဲ့သို့သောသူများ အသုံးပြုသင့်သနည်း ............ ၁၇

၂.၂။ လက်စွဲစာအုပ်မှာ မည်သည့်နေရာများအတွက် အသုံးဝင်မည်နည်း ............ ၁၇

၂.၃။ မဲခေါင်ဒေသအောက်ပိုင်းရှိ နိုင်ငံတော်အဆင့်ပြဋ္ဌာန်းချက်စည်းကမ်းများနှင့်မူဝါဒအခြေအနေ ............ ၁၈

၃။ ကောင်းမွန်သောစီးပွားရေးတစ်ခုအဖြစ် ကျား/မရေးရာအကျိုးသက်ရောက်မှုဆန်းစစ်ချက်၊ လက်ရှိဖြစ်ပေါ်နေသောအခြေအနေနှင့်အခွင့်အလမ်းများ ............ ၂၉

၃.၁။ ကျား/မရေးရာ - ရေအခြေခံအဆောက်အဦ၊ ရေအားလျှပ်စစ်ဆန်းစစ်ချက်၊ ထိခိုက်လွယ်မှုနှင့် အကျိုးသက်ရောက်မှုများ ............ ၂၉

၃.၂။ ရေအားလျှပ်စစ်နှင့် ကျား/မရေးရာ - အခွင့်အလမ်း ............ ၃၇

၄။ ကျား/မရေးရာ အကျိုးသက်ရောက်မှုဆန်းစစ်ချက် - လုပ်ငန်းဆောင်ရွက်သူများအတွက် မရှိမဖြစ်နည်းကိရိယာတစ်ခု ............ ၄၀

၄.၁။ ကျား/မရေးရာအကျိုးသက်ရောက်မှုဆန်းစစ်ချက်ဆိုသည်မှာ အဘယ်နည်း။ ............ ၄၀

၄.၂။ မည်သည့်အတွက်ကြောင့် ကျား/မရေးရာအကျိုးသက်ရောက်မှုဆန်းစစ်ချက်ပြုလုပ်ရန်လိုအပ်ရသနည်း။ ... ၄၀

၄.၃။ မည်သည့်အချိန်တွင် ကျား/မရေးရာအကျိုးသက်ရောက်မှုဆန်းစစ်ချက်များကိုလုပ်ဆောင်သင့်ပါသနည်း။ .. ၄၃

၄.၄။ ကျား/မရေးရာဆန်းစစ်မှုနှင့်ပတ်သက်လာလျှင် အခြေခံအလေ့အကျင့်ကောင်းဆိုသည်မှာအဘယ်နည်း။ ... ၄၅

၄.၅။ ပူးပေါင်းပါဝင်ခြင်း ............ ၄၅

၅။ မြစ်ကမ်းနဘေးရှိ ကျား/မရေးရာ - စီမံကိန်းမတိုင်မီ ............ ၄၈

စီမံကိန်းမတိုင်မီ - အခြေအနေကိုနားလည်သဘောပေါက်ခြင်း - အချက်အလက်များကောက်ခံခြင်းနှင့် ကျား/မရေးရာ အခြေခံအနေအထားတစ်ရပ်ဖော်ထုတ်ခြင်း ............ ၄၈

ဆုံးဖြတ်ချက်ချမှတ်ရာတွင် ကျား/မရေးရာ ............ ၅၁

၆။ ကျား/မရေးရာအကျိုးသက်ရောက်မှုဆန်းစစ်ချက်လုပ်ငန်းစဉ် ............ ၅၅

၆.၁။ ဖြစ်နိုင်ချေရှိမရှိဆန်းစစ်ခြင်း၊ ဒီဇိုင်းရေးဆွဲခြင်းနှင့်အစီအစဉ်ရေးဆွဲခြင်းအဆင့်များရှိ ကျား/မရေးရာဆန်းစစ်မှု ............ ၅၆

အဆင့် (၁) - သတင်းအချက်အလက်များကောက်ခံခြင်း - ကျား/မရေးရာအကြောင်းခွဲခြမ်းစိတ်ဖြာသုံးသပ်ထားသော စီမံကိန်းသီးသန့်အခြေခံအချက်အလက်များကောက်ခံခြင်း ........ ၅၈

အဆင့် (၂) - အခြေအနေကိုနားလည်သဘောပေါက်ခြင်း ........ ၅၈

အဆင့် (၃) - ဆည်ကြောင့်ဖြစ်ပေါ်လာသောပြဿနာရပ်များအားဖော်ထုတ်ခြင်း ........ ၇၀

အဆင့် (၄) အမျိုးသမီးများ (နှင့်အမျိုးသားများ)၏လိုအပ်ချက်များနှင့် မျှော်မှန်းချက်ဆန္ဒများအား နားလည်သဘောပေါက်ခြင်း ........ ၇၉

အဆင့် (၅) ကျား/မရေးရာနည်းဗျူဟာနှင့်လုပ်ငန်းအစီအစဉ် ........ ၈၈

အဆင့် (၆) ပြန်လည်ဆန်းစစ်ခြင်း၊ စာရင်းစစ်ခြင်းနှင့်တုန့်ပြန်ခြင်း ........ ၉၁

နိဂုံး ........ ၉၄

နောက်ဆက်တွဲ - HSAP နှင့် RSAT ........ ၉၇

ဝေါဟာရခက်ဆစ်များနှင့်အတွေးအခေါ်များ ........ ၁၀၇

မှီငြမ်းကိုးကားချက်များ ........ ၁၀၉

အရင်းအမြစ်များ ........ ၁၁၂

## ဤလက်စွဲကိုအသုံးပြုခြင်း

ဤလက်စွဲ၏ရည်ရွယ်ချက်မှာ စီမံကိန်းစက်ဝန်းများအတွင်းတွင် ကျား/မရေးရာအကျိုးသက်ရောက်မှု ဆန်းစစ်ချက် (GIA) ကို ပို၍ပြည့်ပြည့်စုံစုံထည့်သွင်းပေါင်းစပ်သွားနိုင်ရန် ရေအားလျှပ်စစ်ထုတ်လုပ်သူများနှင့် နိုင်ငံတော်အစိုးရ အတွက် ရိုးရှင်းသောအရင်းအမြစ်နှင့် အခြေခံနည်းကိရိယာများ ပေးအပ်ရန်ပင်ဖြစ်ပါသည်။

ရေအားလျှပ်စစ်ထုတ်လုပ်ရေး လုပ်ငန်းစဉ်များတွင် ကျား/မရေးရာ အကျိုးသက်ရောက်မှုဆန်းစစ်ချက်ကို ယခင်ထက် ပို၍ တသမတ်တည်း ထည့်သွင်းဆောင်ရွက်သွားခြင်းကြောင့် ကုမ္ပဏီများအနေဖြင့် အမျိုးသမီးများ၏ ဘဝအခြေအနေ ကို အမျိုးသားများနှင့်ယှဉ်တွဲကာ မြှင့်တင်ပေးသွားနိုင်မည်ဖြစ်သည်။ GIA ကိုအသုံးပြုခြင်းဖြင့် ကုမ္ပဏီများသည် ဘေးအန္တရာယ်များကို ဖော်ထုတ်စီမံခန့်ခွဲနိုင်မည်ဖြစ်ပြီး သင့်စီမံကိန်းအားဖြင့် အမျိုးသမီးများကို ခွဲခြားဆက်ဆံခြင်း၊ အပစ်ပယ်ခံဘဝ ပိုရောက်စေခြင်းတို့ မဖြစ်ရလေအောင် ရှောင်ရှားနိုင်မည်ဖြစ်သည်။

လက်စွဲ၏ ပဓာနဦးတည်ပရိသတ်မှာ မြစ်စီမံခန့်ခွဲရေး၊ အကျိုးသက်ရောက်မှု ဆန်းစစ်ချက်နှင့် ရေအားလျှပ်စစ် ထုတ်လုပ်ရေးတို့အတွက် တာဝန်ယူလုပ်ကိုင်နေရသော ကုမ္ပဏီဝန်ထမ်းများ၊ အတိုင်ပင်ခံဝန်ထမ်းများနှင့် အစိုးရအဖွဲ့ အစည်းများဖြစ်ပါသည်။

ရေအားလျှပ်စစ်စီမံကိန်းများနှင့်ပတ်သက်သော ကျား/မရေးရာ ကွဲပြားချက်များ၊ အခွင့်အရေးများနှင့် လိုအပ်ချက် များအားဖော်ထုတ်နိုင်ရန်၊ နားလည်သဘောပေါက်ရန်၊ ကြိုတင်ခန့်မှန်းနိုင်ရန်နှင့် တုံ့ပြန်ဆောင်ရွက်နိုင်ရန် ဤ လက်စွဲက ကူညီပေးပါလိမ့်မည်။ ယင်းတွင် ရေအားလျှပ်စစ်စီမံကိန်းနှင့် အစီအစဉ်များဖော်ထုတ်လျက်ရှိနေသော၊ စီမံခန့်ခွဲနေသော ဝန်ထမ်းများအတွက် အကူအညီဖြစ်စေမည့် လမ်းညွှန်မေးခွန်းအချို့ ပါဝင်ပါသည်။ လက်စွဲစာအုပ် တစ်အုပ်လုံးတွင် ကုမ္ပဏီများအနေဖြင့် ၎င်းတို့အဖွဲ့၏အလေ့အကျင့်များကို စီမံကိန်းအဆင့်ထက်ကျော်လွန်၍ စဉ်းစား နိုင်ရန်၊ အထူးသဖြင့် ၎င်းတို့၏လုပ်ငန်းလည်ပတ်မှုဆိုင်ရာ မူဝါဒများနှင့် စီမံကိန်း စီမံခန့်ခွဲသည့်မူဘောင်များကို ကျား/မရေးရာညီမျှမှုနှင့် အမျိုးသမီးတို့၏အခွင့်အရေးကို မြှင့်တင်ပေးသောရှုထောင့်မှ ကြည့်ရှုတတ်စေရန် ကူညီပံ့ပိုး ပေးမည်ဖြစ်ပါသည်။

လက်စွဲစာအုပ်ကို အစမှအဆုံးတိုင်အောင်လိုက်နာဆောင်ရွက်ရမည့်မူဝါဒ သို့မဟုတ် လုပ်ငန်းစဉ်လမ်းညွှန်ချက် အသေးစိတ်တစ်ခုကဲ့သို့မဟုတ်ဘဲ ပြောင်းလွယ်ပြင်လွယ်ရှိသော အရင်းအမြစ်တစ်ခုသဖွယ် ပုံဖော်ရေးဆွဲထားပါသည်။ လက်စွဲစာအုပ်ကို ကုမ္ပဏီအများစုမှ အသုံးပြုတတ်သော စီမံကိန်းဒီဇိုင်းကောင်းများနှင့် စီမံခန့်ခွဲမှုဆိုင်ရာစည်းမျဉ်း စည်းကမ်းများနှင့် ကိုက်ညီသည့်အခြေခံအဆင့် (၆) ဆင့်ပါသော ယုတ္တိကျသည့်မူဘောင်တစ်ခုအတိုင်း ရေးဆွဲထား ပါသည်။


ပထမအခန်း (၅) ခုတွင် ကျား/မရေးရာသည် မည်သည့်အတွက်ကြောင့်အရေးကြီးရသည်၊ ကျား/မရေးရာ အကျိုး သက်ရောက်မှုဆန်းစစ်ချက်မှ ရေအားလျှပ်စစ်ထုတ်လုပ်သူတို့အတွက် မည်သည့်အရာများပေးစွမ်းနိုင်မည်၊ အမျိုးသား၊ အမျိုးသမီးတို့၏ မတူညီသောလိုအပ်ချက်များနှင့် စိတ်ဝင်စားမှုများကို ထည့်သွင်းစဉ်းစားခြင်းကို မည်သည့်အတွက် ကြောင့် ကောင်းမွန်သောစီးပွားရေးလုပ်ငန်းတစ်ခုဟုဆိုရသည် စသည်တို့နှင့်ပတ်သက်သော နောက်ခံသမိုင်းကြောင်း နှင့် အကြောင်းရင်းများကို ဖော်ပြသွားမည်ဖြစ်ပါသည်။

အခန်း (၆) တွင်ကျား/မရေးရာ အကျိုးသက်ရောက်မှု ဆန်းစစ်ချက် လုပ်ငန်းစဉ်လက်စွဲကို ဖော်ပြသွားမည်ဖြစ်ပြီး ကျား/မရေးရာ(ဂျဲန်ဒါ) အကျိုးသက်ရောက်မှုဆန်းစစ်ချက်ကို သင့်စီးပွားရေးစက်ဝန်းအတွင်းတွင် ထည့်သွင်းအကောင် အထည်ဖော်နိုင်ရန် ကူညီပံ့ပိုးပေးမည့်နည်းကိရိယာများ၊ စိစစ်ရန်စာရင်းများ၊ လမ်းညွှန်မေးခွန်းများနှင့် မိတ်ဆက်ပေး သွားမည် ဖြစ်သည်။

နောက်ဆုံးအနေဖြင့် နောက်ဆက်တွဲအခန်းတွင် လက်ရှိရေအားလျှပ်စစ် ရေရှည်တည်တံ့ရေး ဆန်းစစ်မှုနည်းကိရိယာ နှစ်ခုတွင် ကျား/မရေးရာကို မည်ကဲ့သို့ထည့်သွင်းထားကြောင်းနှင့် ၎င်းတို့ပို၍ကောင်းမွန်စေရန်အတွက် အကြံပြုချက်များကို ဖော်ပြထားပါသည်။ နောက်ထပ်အရင်းအမြစ်များ၊ မှီငြမ်းကိုးကားချက်များနှင့် ကျား/မရေးရာနှင့်ပတ်သက်သော အဓိကအသုံးအနှုန်း ဝေါဟာရစာရင်းတို့ကိုလည်း ထည့်သွင်းပေးထားပါသည်။

ယင်းကိုအောက်တွင် ပို၍အသေးစိတ်ကာ ဖော်ပြထားပါသည် -

### စီမံကိန်းစက်ဝန်းရှိ ကျား/မရေးရာဂျဲန်ဒါအကျိုးသက်ရောက်မှုဆန်းစစ်ချက်




ဤလက်စွဲစာအုပ်ကို အောက်ပါအခန်းများဖြင့်ဖွဲ့စည်းရေးသားထားပါသည် -

### ၁။ နိဒါန်း

ပထမအခန်းတွင် ကျား/မရေးရာနှင့် ရေအားလျှပ်စစ်တို့၏ အခြေခံအတွေးအခေါ်များနှင့် မိတ်ဆက်ပေးထားပြီး ယင်းကို ရေအားလျှပ်စစ်ထုတ်လုပ်သည့် ကဏ္ဍရှိသော ပတ်ဝန်းကျင်အခြေအနေတွင် ထည့်သွင်းဖော်ပြထားသည်။

### ၂။ မည်သည့်အတွက်ကြောင့် ဤလက်စွဲစာအုပ်ကို ရေးသားရသည်၊ မည်သည့်အတွက်ကြောင့် ယခုအချိန်ကိုရွေးရသည်

ဤအခန်းတွင် လက်စွဲစာအုပ်ကိုမည်သူတို့အတွက် ရေးသားထားသည်၊ မည်ကဲ့သို့ဖွဲ့စည်းရေးသားထားသည်၊ ရေအားလျှပ်စစ်စီမံကိန်း လုပ်ငန်းများ၏ မည်သည့်နေရာတွင် အသုံးဝင်သည် စသည်တို့ကို ဖော်ပြထားပါသည်။ ထို့ပြင် မဲခေါင်မြစ်ဝှမ်းအောက်ပိုင်းတွင် ပြုလုပ်ထားသော ကျား/မရေးရာအခြေအနေ ဆန်းစစ်ချက်တစ်ခုလည်း ပါဝင်ပါသည်။ ယင်းတွင် ကမ္ဘောဒီးယား၊ လာအို၊ ဗီယက်နမ်နိုင်ငံများ၏ အမျိုးသားအဆင့် ပြဌာန်းချက်များနှင့် မူဝါဒတို့ကို အမျိုးသမီးများ၏ အခွင့်အရေးများနှင့် ကျား/မရေးရာအရ ခွဲခြမ်းစိတ်ဖြာ သုံးသပ်ချက်များပါဝင်ပြီး မဲခေါင်မြစ်ဝှမ်းအောက်ပိုင်းတွင် အကောင်အထည်ဖော်လျက်ရှိသော ရေအားလျှပ်စစ်စီမံကိန်းများတွင် ကျား/မရေးရာ ဆိုင်ရာ တရားမျှတမှုဆိုသည်မှာ မည်သည့်အရာများကို ဆိုလိုကြောင်း အလေးပေးဖော်ပြချက်များ ပါဝင်ပါသည်။

## ၃။ ကောင်းမွန်သော စီးပွားရေးတစ်ခုအဖြစ် ကျား/မရေးရာအကျိုးသက်ရောက်မှုဆန်းစစ်ချက်၊ လက်ရှိဖြစ်ပေါ်နေသော အခြေအနေနှင့် အခွင့်အလမ်းများ

ဤအခန်းတွင် လက်ရှိအခြေအနေ၌ ကမ္ဘာတစ်ဝှမ်းရှိ ပုဂ္ဂလိကကဏ္ဍနှင့် ရေအားလျှပ်စစ်စီမံကိန်းများတွင် ကျား/မရေးရာနှင့် အမျိုးသမီးများ၏အခွင့်အရေးများကို မည်ကဲ့သို့ ဦးတည်ဆောင်ရွက်ပေးနေကြောင်းကို ဖော်ပြထားသည်။ ယင်းတွင် မဲခေါင်ဒေသရှိဒေသခံများ သို့မဟုတ် တိုင်းရင်းသား လူနည်းစုများနှင့် သက်ဆိုင်သော သီးခြားအခြေအနေကို ဆန်းစစ်ထားပြီး ရေအားလျှပ်စစ်လုပ်ငန်းများ၏ ပဏာမခြေလှမ်းများသည် အခြားသော အကျိုးတူပူးပေါင်းဆောင်ရွက်သူများ၊ လုပ်ငန်းပိုင်းဆိုင်ရာ ချဉ်းကပ်နည်းများနှင့် မည်ကဲ့သို့ အံဝင်ခွင်ကျ ဖြစ်မည်ဆိုသည်ကို ဆန်းစစ်ဖော်ပြထားသည်။

## ၄။ ကျား/မရေးရာ အကျိုးသက်ရောက်မှု ဆန်းစစ်ချက် - လုပ်ငန်းဆောင်ရွက်သူများအတွက် မရှိမဖြစ် နည်းကိရိယာတစ်ခု

ကျား/မရေးရာ အကျိုးသက်ရောက်မှုဆန်းစစ်ချက် အသေးစိတ်နှင့် ယင်းကို လက်ရှိစီမံကိန်း စီမံခန့်ခွဲရေးလုပ်ငန်းစဉ်များနှင့် စီးပွားရေးစက်ဝန်းများ၌ မည်ကဲ့သို့ထည့်သွင်းနိုင်ကြောင်းကို ဤအခန်းတွင် မိတ်ဆက်ပေးထားသည်။ ပတ်ဝန်းကျင်နှင့် လူမှုရေးအကျိုးသက်ရောက်မှု ဆန်းစစ်ချက်လုပ်ငန်းစဉ်များကို ဥပမာအဖြစ် အသုံးပြုထားပြီး အခွင့်အလမ်းများကို ရှာဖွေဖော်ပြထားသည်။ အခြေခံအလေ့အကျင့်ကောင်းဆိုင်ရာ ချဉ်းကပ်နည်းများကိုလည်း အကြမ်းဖျင်း ဖော်ပြထားသည်။

## ၅။ မြစ်ဝှမ်းဒေသတွင် ဖြစ်ပွါးနေသောကျား/မရေးရာအခြေအနေများ- စီမံကိန်းမတိုင်မီ

ဤအခန်းတွင် နည်းဗျူဟာကျကျ အစီအစဉ်ရေးဆွဲပြင်ဆင်ရန်အတွက် ကျား/မရေးရာအခြေခံဆန်းစစ်မှုများ၏ အရေးကြီးပုံကို မြစ်ဝှမ်းဒေသရှိပတ်ဝန်းကျင်၊ လူမှုရေးနှင့် စီးပွားရေးအချက်များကို ထည့်သွင်းစဉ်းစားကာ ဆန်းစစ်ထားသည်။ ယင်းတွင် ဆည်ဆောက်လုပ်မည့် ဆုံးဖြတ်ချက်တစ်စုံတစ်ရာ မချမှတ်မီ ကျား/မရေးရာ အခြေခံဆန်းစစ်မှုများ လုပ်ဆောင်ခြင်း၏ အရေးကြီးပုံကို ဖော်ပြထားသည်။ ထိုသို့ပြုလုပ်ခြင်းအားဖြင့် မတူညီသောပါဝင်ပတ်သက်သူများကို ခိုင်မာသော ကျား/မရေးရာခွဲခြမ်းစိတ်ဖြာ သုံးသပ်ချက်နှင့် တူညီသော နားလည်သဘောပေါက်မှုများအပေါ် အခြေခံကာ မြစ်နှင့်မြစ်ရေကို အသုံးပြုခြင်းနှင့်ပတ်သက်၍ ဖြစ်နိုင်ချေရှိသော နည်းလမ်းများကို ဆန်းစစ်ခွင့်ပေးထားသည်။ ဤသို့အားဖြင့် ဆုံးဖြတ်ချက်များ၏ တစ်စိတ်တစ်ပိုင်းအဖြစ် ညှိနှိုင်းသဘောတူထားသော အပေးအယူအားလုံးသည် ကျား/မရေးရာ သက်ရောက်မှုများနှင့် အခွင့်အလမ်းများကို ထည့်သွင်းစဉ်းစားကြောင်းကို သေချာစေမည် ဖြစ်သည်။

## ၆။ ကျား/မရေးရာအကျိုးသက်ရောက်မှု ဆန်းစစ်ချက်လုပ်ငန်းစဉ် - စီမံကိန်းအဆင့်ရှိ ကျား/မရေးရာ အကျိုးသက်ရောက်မှု ဆန်းစစ်ချက်

ဤအခန်းတွင် ကျား/မရေးရာအကျိုးသက်ရောက်မှု ဆန်းစစ်ချက်လုပ်ငန်းစဉ်ကို ဖော်ပြထားသည်။ ယင်းတွင် စီမံကိန်းဖွံ့ဖြိုးရေးကဏ္ဍ၌ ဆန်းစစ်ချက်အသုံးပြုခြင်းကို အလေးပေးဖော်ပြပြီး ကျား/မရေးရာအကျိုး သက်ရောက်မှု ဆန်းစစ်ချက်အဆင့်ဆင့်ကို မိတ်ဆက်ပေးထားသည်။ ထို့ပြင် ရေအားလျှပ်စစ်ထုတ်လုပ်သည့် ကဏ္ဍအတွက် ကျား/မရေးရာအမြင်ရှိသော စီမံကိန်းမတိုင်မီ လေ့လာဆန်းစစ်မှုပြုလုပ်ရန် ကျား/မအမျိုးအစား ခွဲခြားထားသော အချက်အလက်များကောက်ယူနိုင်ရန်နှင့် ဆန်းစစ်နိုင်ရန်အတွက် နည်းကိရိယာများ၊ ကျား/မရေးရာနှင့် စီမံကိန်း၏ အကျိုးသက်ရောက်မှုများကို ကောင်းစွာနားလည်သဘောပေါက်နိုင်ရန် နည်းကိရိယာများအပါအဝင် သုံးလေ့သုံးထရှိသော ကျား/မရေးရာခွဲခြမ်းစိတ်ဖြာသည့် နည်းကိရိယာအချို့ကို လိုက်လျောညီထွေ ပြောင်းလဲကာဖော်ပြထားသည်။ ထို့ပြင် ကျား/မရေးရာနှင့်ပတ်သက်သောဆက်နွယ်မှုများ၊ အခန်းကဏ္ဍများ၊ တာဝန်များနှင့်ပါဝါ စသည့် အရေးကြီး

သော ရှုထောင့်များအားလုံးကို နားလည်သဘောပေါက်စေရန် အဆင့်တိုင်း၌လမ်းညွှန်မေးခွန်းများဖော်ပြထားသည်။ အဆုံးတွင် ကျား/မရေးရာလုပ်ငန်းအစီအစဉ်ရေးဆွဲခြင်းနှင့် ရလဒ်များကိုသုံးသပ်ခြင်း၊ စစ်ဆေးခြင်း၊ အစီရင်ခံခြင်း လုပ်ငန်းစဉ်များ ပါဝင်သည်။

## နိဂုံး

### နောက်ဆက်တွဲ ၁ - HSAP နှင့် RSAT - အဆိုပါ ရေအားလျှပ်စစ်လုပ်ငန်းမှ နည်းကိရိယာများသည် ကျား/မရေးရာကို မည်ကဲ့သို့ ဆန်းစစ်ထားပါသနည်း။

ဤနောက်ဆုံးအခန်းတွင် စက်ရုံနှစ်ရုံ၌ ကျား/မရေးရာကို မည်ကဲ့သို့ ဦးတည်ဖြေရှင်းထားကြောင်းနှင့် အကျိုးတူ ပူးပေါင်းဆောင်ရွက်သူများဆိုင်ရာ နည်းကိရိယာများကို ယနေ့မဲခေါင်ဒေသတွင် မည်ကဲ့သို့မြှင့်တင်နေကြောင်း အကျဉ်းချုံးဖော်ပြထားသည် - HSAP (ရေအားလျှပ်စစ်လုပ်ငန်း ရေရှည်တည်တံ့မှု ဆန်းစစ်ချက်ဆိုင်ရာလုပ်ထုံး လုပ်နည်း)နှင့် RSAT (မြစ်ဝှမ်းတစ်လျှောက် ရေအားလျှပ်စစ်ရေရှည်တည်တံ့ရေး အမြန်ဆန်းစစ်မှုနည်းကိရိယာ)။ ဤအခန်းတွင် ရေအားလျှပ်စစ်ထုတ်လုပ်ရေးကဏ္ဍရှိ ကျား/မရေးရာပြဿနာများကို အဆိုပါ နည်းကိရိယာများမှ မည်ကဲ့သို့ ကောင်းစွာဦးတည်ဖြေရှင်းနိုင်မည် ဆိုသည်နှင့်ပတ်သက်သော အကြံပြုချက်များ ပါဝင်သည်။



မြစ်ကမ်းပါးရှိ ဥယျာဉ်ခြံမြေများမှာ ဝင်ငွေရသည့် အရေးကြီးသောရင်းမြစ်တစ်ခုဖြစ်ပြီး
မိသားစုများအတွက် စားဝတ်နေရေး ဖူလုံစေသည်။
ယင်းတို့ကို အများအားဖြင့် အမျိုးသမီးများမှ ပြုစုပျိုးထောင်ကြသည်။
ဓါတ်ပုံ - Timothy Herbert/OxfamAUS

## ၁။ နိဒါန်း

### ၁.၁။ ရေအားလျှပ်စစ်လုပ်ငန်း၏ ကျား/မရေးရာ အကျိုးသက်ရောက်မှု

ယခုအခါတွင် မဲခေါင်ဒေသ၌ ရေအားလျှပ်စစ်လုပ်ငန်းများကို နေရာစိပ်စိပ် လုပ်ဆောင်လာကြပါသည်။ ထိုင်းနိုင်ငံနှင့် ဗီယက်နမ်နိုင်ငံတို့သည် ၎င်းတို့၏ရေအားလျှပ်စစ်ရင်းမြစ်များကို ကျယ်ကျယ်ပြန့်ပြန့်ထူထောင်ခဲ့ကြပြီး ဒေသအတွင်း၌ လည်းထူထောင်မှုများလုပ်ဆောင်သွားရန် စိတ်ဝင်စားလျက်ရှိနေကြပါသည်။ ကမ္ဘောဒီးယား၊ လာအိုနှင့်မြန်မာနိုင်ငံတို့ သည်လည်း ၎င်းတို့၏သက်ဆိုင်ရာမြစ်များကို အသုံးပြု၍ ရေအားလျှပ်စစ်လုပ်ငန်းများထူထောင်ရန် အစီအစဉ်များ အထင်အရှား ရှိနေကြပါသည်။ အထူးသဖြင့် လာအိုနိုင်ငံသည် ရေအားလျှပ်စစ်လုပ်ငန်းများ ထူထောင်ပြီး "အရှေ့ တောင်အာရှ၏ ဘက်ထရီအိုး"သဖွယ် ဖြစ်လာရန်အတွက် ကြိုးပမ်းလျက်ရှိပါသည်။ မဲခေါင်ဒေသတစ်လျှောက်တွင် စီစဉ်ရေးဆွဲထားသော စီမံကိန်းအမြောက်အမြားမှာ နယ်စပ်မြစ်ကြောင်းများ တစ်လျှောက်တွင် ဖြစ်ကြပါသည်။

စီမံကိန်းအသစ်များ အဆိုပြုတင်သွင်းလာပြီး အကောင်အထည်ဖော်ဆောင်လာသည်နှင့်အမျှ မြစ်အတွင်းရှိအရင်း အမြစ်များအား ကောင်းစွာစီမံအုပ်ချုပ်ခြင်း၊ နယ်စပ်ဒေသနှင့် နိုင်ငံတော်အဆင့် အစီအစဉ်ရေးဆွဲပြင်ဆင်ခြင်းနှင့် အကျိုးသက်ရောက်မှုများကို ဆန်းစစ်ခြင်းတို့၏ အရေးကြီးပုံများကိုလည်း လိုအပ်သည်ထက်ပို၍ ဖော်ပြရန် မဖြစ် နိုင်ပေ။

ရေအားလျှပ်စစ်မှာ ကမ္ဘာ့နိုင်ငံအများအပြား၏ နိုင်ငံတိုးတက်မှုအတွက် တစ်ဖက်တစ်လမ်းမှ ပါဝင်လျက်ရှိပါသည်။ အခြားပြန်လည်ဆန်းသစ်ထားသည့် နည်းပညာများနှင့်ယှဉ်လျှင် နည်းပညာဟောင်းတစ်ခုဖြစ်သော်လည်း ယင်းသည် စွမ်းအင်ထုတ်လုပ်သည့် စနစ်အများအပြားတွင် အရေးကြီးသော အခန်းကဏ္ဍ၌ ရှိနေဆဲပင်ဖြစ်ပါသည်။ သို့သော် လည်း ရေအားလျှပ်စစ်ဆည်များ တည်ဆောက်ခြင်းသည် မြစ်များနှင့်ပတ်ဝန်းကျင်အပေါ် အနုတ်သဘောဆောင် သော သက်ရောက်မှုများရှိကြောင်းကို ရေအားလျှပ်စစ်လုပ်ငန်းလုပ်ကိုင်သူများနှင့် မဲခေါင်ဒေသတွင် နေထိုင်သူများမှ ကောင်းစွာသဘောပေါက်နားလည်ထားပြီး ဖြစ်ပါသည်။ ပတ်ဝန်းကျင်အပေါ်သက်ရောက်မှုရှိသည့်နည်းတူ ဆည်များ သည် မြစ်များကို အသုံးပြုလျက်ရှိသော၊ ယင်းတို့၏အနီးပတ်ဝန်းကျင်တွင် နေထိုင်လျက်ရှိသောသူများအပေါ်တွင် လည်း အကျိုးသက်ရောက်မှုများဖြစ်စေပါသည်။ ဆည်များသည် သဘာဝအရင်းအမြစ်များ - မြေနှင့်ရေ၊ စိမ့်မြေ၊ သစ် တောနှင့် ရေထွက်အရင်းအမြစ်များကိုလူတို့မည်ကဲ့သို့လက်လှမ်းမှီ အသုံးပြုနေသည်ဆိုသည့်အချက်ကို ပြောင်းလဲ ပစ်နိုင်သည်။ အများအားဖြင့် ရေအားလျှပ်စစ်ဆည်များသည် စီမံကိန်းတစ်လျှောက်တွင် နေထိုင်ကြသော သူများနှင့် အိမ်ထောင်စုများ ကိုမဖြစ်မနေရွှေ့ပြောင်းစေကာ ပြန်လည်နေရာချထားပေးသည့် လုပ်ငန်းစဉ်များပါဝင်တတ်သည် ဖြစ်ရာ ယင်းက ရွှေ့ပြောင်းနေရာချထားခံရသော သူတစ်ဦးချင်းစီအပေါ်တွင်လည်းကောင်း၊ လူထုတစ်ရပ်လုံးအပေါ် တွင်လည်းကောင်း လူမှုရေးနှင့် စိတ်ပိုင်းဆိုင်ရာ ထိခိုက်မှုများများစွာ ဖြစ်ပေါ်စေပါသည်။

အဆိုပါ အကျိုးသက်ရောက်မှုများကို အမျိုးသားများနှင့်အမျိုးသမီးများ၊ မိန်းကလေးများနှင့်ယောက်ျားလေးများ၊ ငယ်ရွယ်သူများနှင့်သက်ကြီးရွယ်အိုများ၊ မသန်စွမ်းသူများ၊ တိုင်းရင်းသားလူမျိုးပေါင်းစုံ စသူတို့မှတွေ့ကြုံရင်ဆိုင်နေရ ပါသည်။ အကျိုးသက်ရောက်မှုများသည် လူထုအတွင်းရှိ ဖွဲ့စည်းတည်ဆောက်ပုံများနှင့် နေထိုင်မှုဘဝပုံစံများကို အစိတ်စိတ်အမြွှာမြွှာ ဖြစ်သွားစေနိုင်သည်။ မူလသတ်မှတ်ထားသော ကျား/မရေးရာအခန်းကဏ္ဍများနှင့် တာဝန် ဝတ္တရားများနှင့် လည်ပတ်လျက်ရှိသောလူထုနှင့်မိသားစုများ - စသည်တို့ အားလုံးအပေါ်တွင် သက်ရောက်မှုများ ရှိနေပါသည်။

လူ့အဖွဲ့အစည်းအတော်များများတွင် မိသားစုနှင့်အိမ်မှုကိစ္စတာဝန်များအပြင် လူထုအတွင်းရှိ အခန်းကဏ္ဍမျိုးစုံနှင့် တာဝန်မျိုးစုံကို ထမ်းပိုးထားရသူများမှာ အမျိုးသမီးများဖြစ်ပါသည်။ မြေယာ၊ မြစ်များနှင့် နေထိုင်ရာနေရာတို့နှင့် လူမှုရေး၊ ယဉ်ကျေးမှု၊ စီးပွားရေးစသည်တို့အရ အခိုင်အမာဆက်သွယ်ရပ်တည်နေသူများအတွက် ရေအားလျှပ်စစ်

ဆည်များကြောင့် ဖြစ်ပေါ်လာသည့် ပြောင်းလဲမှုများမှာ အလွန်ထိခိုက်နာကျင်ဖွယ် ကောင်းလှပါသည်။ အထူးသဖြင့် ရွှေ့ပြောင်းနေရာချထားခြင်းသည် လူတို့၏စီးပွားရေး၊ လူမှုရေး၊ ယဉ်ကျေးမှုဆိုင်ရာ အရင်းအမြစ်များကို တပြိုင်နက်တည်း ဖယ်ရှားပစ်လိုက်သော ဖြစ်စဉ်ဖြစ်သည့်အတွက် လူတို့အား ချွတ်ခြုံကျစေသော လုပ်ရပ်တစ်ခုအဖြစ် မှတ်ယူပါသည် (Koenig ၂၀၀၂ ကို Scudder ၂၀၀၅ တွင်ကိုးကားဖော်ပြထားသည်)။ ဖြစ်ရပ်အများစုတွင် ဆည်များကြောင့် ဖြစ်ပေါ်လာသော ဤသို့သော ပြောင်းလဲမှုများအားလုံးတွင် ပို၍ထိခိုက်ခံစားရသူများမှာ အမျိုးသမီးများပင် ဖြစ်ပါသည်။

ဆည်တည်ဆောက်ခြင်းနှင့် ရေအားလျှပ်စစ်ထုတ်လုပ်ခြင်းတို့သည် ကမ္ဘာ့တစ်ဝှမ်းတိုးတက်မှုများ ဖြစ်ပေါ်လာစေရန်အတွက် သိသိသာသာ ပံ့ပိုးအားဖြည့်ပေးလျက်ရှိပါသည်။ သို့သော် အနုတ်သဘောဆောင်သော အကျိုးသက်ရောက်မှုများကို နားမလည်နိုင်ကြဘဲ၊ အဆိုပါအကျိုးသက်ရောက်မှုများကို အစီရင်ခံတင်ပြမှုနည်းပါးနေဆဲ ဖြစ်ပါသည်။ ထို့ပြင် စီမံကိန်းများ၏ တန်ဖိုးနှင့် ရေရှည်တည်တံ့မှုတို့ကို ဆန်းစစ်ရာတွင်လည်း ယင်းတို့၏ အကျိုးသက်ရောက်မှုများကို မကြာခဏလျစ်လျူရှုမိကြသည် သို့မဟုတ် ဘေးချိတ်ရန် ကြိုးပမ်းမိတတ်ကြသည်။

အဆိုပါသက်ရောက်မှုများမှာ ကမ္ဘာ့တစ်ဝှမ်းရှိ ရေအားလျှပ်စစ်စီမံကိန်းများ၏ အတွေ့အကြုံများအားလုံးတွင် ယေဘုယျအားဖြင့် တသမတ်တည်းဖြစ်နေသည်ကိုတွေ့ရပြီး ဤလက်စွဲတွင် အကြံပြုထားသော ချဉ်းကပ်နည်းမှာလည်း ကမ္ဘာ့တစ်ဝှမ်းနှင့် သက်ဆိုင်ပါသည်။ သို့ရာတွင် အကျိုးသက်ရောက်မှုဥပမာများပေးရန်နှင့် ကျား/မရေးရာ တန်းတူညီမျှ နိုင်မည့်အခွင့်အလမ်းများ ရှာဖွေရန်အတွက်မှု ဤလက်စွဲသည် မဲခေါင်ဒေသ ရေအားလျှပ်စစ်ထုတ်လုပ်ရေးလုပ်ငန်းရှိ ကျား/မရေးရာအပေါ်တွင်သာ အထူးအခြေပြုဖော်ပြထားပါသည်။

## ၁.၂။ ရေအားလျှပ်စစ်လုပ်ငန်းများတွင်းရှိ ကျား/မရေးရာ ဘက်လိုက်မှုများနှင့် အမျိုးသမီးများ

အခြားသောစက်မှုပညာနှင့် ဆောက်လုပ်ရေးကဏ္ဍများကဲ့သို့ပင် ရေအားလျှပ်စစ်လုပ်ငန်းများသည်လည်း ခေတ်အဆက်ဆက် အမျိုးသားများလွှမ်းမိုးနေသော လုပ်ငန်းခွင်တစ်ခု ဖြစ်ပါသည်။ - စက်မှုပညာမှ ပြန်လည်နေရာချထားရေးအထိ - ရေအားလျှပ်စစ်စီမံကိန်းထူထောင်ရေးလုပ်ငန်းတွင် ပါဝင်သောလုပ်ငန်းစဉ် အများအပြားကို အမျိုးသားများသာ ထိန်းချုပ်စီမံလေ့ရှိပြီး ရလဒ်များကိုလည်း အမျိုးသားများ၏အကျိုးအတွက်သာ အဓိကထား၍ ပေးအပ်လေ့ရှိသည်။

အချိန်ကြာမြင့်မည်ဖြစ်သော်လည်း ဤအချက်မှာ ပြောင်းလဲလာလိမ့်မည်ဟု မျှော်လင့်ချက်အချို့ ရှိနေခဲ့ပါသည်။ ရေအားလျှပ်စစ် စီးပွားရေးကဏ္ဍများ၏ လူမှုရေးနှင့်ပတ်ဝန်းကျင်ဆိုင်ရာ နေရာများ၌သော်လည်းကောင်း၊ ရေရှည်တည်တံ့ရေး သို့မဟုတ် စီးပွားရေးလုပ်ငန်းများ၏ လူမှုရေးတာဝန်ခံမှုတို့တွင်လည်းကောင်း အမျိုးသမီးများကို တွေ့လာရပြီ ဖြစ်သည်။ သို့သော်လည်း အမျိုးသမီးများနှင့် အမျိုးသမီးများ၏စိတ်ဝင်စားမှုတို့မှာ ရေအားလျှပ်စစ်စီမံကိန်းနှင့် ရေအားလျှပ်စစ် ကုမ္ပဏီများအတွင်းရှိ ပို၍မြင့်မားသော ဆုံးဖြတ်ချက်များ ချမှတ်သည့်အဆင့်များတွင် ကိုယ်စားပြုမှုနည်းပါးလျက်ရှိနေပါသေးသည်။

ဥပမာ - ရေအားကို အသုံးပြုသောလုပ်ငန်းရှင်အဖွဲ့ဝင်များ ပါဝင်သောအမြင့်ဆုံးအသင်းအဖွဲ့တစ်ဖွဲ့ဖြစ်သည့် အပြည်ပြည်ဆိုင်ရာရေ အားလျှပ်စစ်အသင်း (IHA)တွင် ဘုတ်အဖွဲ့ဝင် (၂၂) ဦးရှိသည့်အနက် (၃) ဦးသာ အမျိုးသမီးများ ဖြစ်ကြသည်။ IHA ဥက္ကဋ္ဌ၊ အလုပ်အမှုဆောင်ဒါရိုက်တာနှင့် ဒုဥက္ကဋ္ဌ (၅) ဦးစလုံးမှာ အမျိုးသားများသာ ဖြစ်ကြသည်။ အသင်း၏အကြီးမားဆုံးသော အဖွဲ့ဝင်ကုမ္ပဏီအချို့၏ ဖွဲ့စည်းတည်ဆောက်ပုံများမှာလည်း အလားတူပင်ဖြစ်သည် -

- တရုတ်ပြည်၏ Three Gorges Power Corporation တွင်အဖွဲ့ဝင် (၉) ဦးပါဝင်သော စီမံခန့်ခွဲရေးဆိုင်ရာ ဘုတ်အဖွဲ့ရှိပြီး (၉) ဦးစလုံးမှာ အမျိုးသားများဖြစ်ကြသည်[1]။
- သြစတြေးလျနိုင်ငံ Hydropower Tasmania ၏အကြီးတန်းဘုတ်အဖွဲ့နှင့် အမှုဆောင်အဖွဲ့တွင်လည်း အဖွဲ့ဝင် (၁၇) ဦးရှိရာ (၁၂) နေရာမှာ အမျိုးသားများဖြစ်ပြီး (၅) နေရာသာ အမျိုးသမီးများဖြစ်သည်[2]။
- နော်ဝေးနိုင်ငံ Statkraft ၏ဘုတ်အဖွဲ့ရှိ အမှုဆောင်ဒါရိုက်တာများတွင် အမျိုးသား (၆) ဦးနှင့် အမျိုးသမီး (၅) ဦးမျှတစွာပါဝင်သော်လည်း စီမံခန့်ခွဲရေးအဖွဲ့တွင်မူ အမျိုးသား (၆) ဦးနှင့်အမျိုးသမီး (၁) ဦးသာပါဝင်သည်ကိုတွေ့ရသည်[3]။
- ပြင်သစ်နိုင်ငံ Electricity du France တွင်အမျိုးသား (၁၄) ဦး၊ အမျိုးသမီး (၄) ဦးပါဝင်သောအမှုဆောင်ဒါရိုက်တာအဖွဲ့ရှိပြီး အလုပ်အမှုဆောင်ကော်မတီတွင် အမျိုးသား (၈) ဦး၊ အမျိုးသမီး (၁) ဦးတို့ပါဝင်ကြပါသည်[4]။

အဖွဲ့၏ ဖွဲ့စည်းတည်ဆောက်ပုံတစ်လျှောက်လုံးတွင် အမျိုးသမီးကိုယ်စားပြုများပါဝင်ခြင်းသည် အမျိုးသမီးစွမ်းဆောင်ရည်မြှင့်တင်ခြင်းဆီသို့ ဦးတည်သော ခြေလှမ်းတစ်ခုပင် ဖြစ်ပါသည်။ ကိုယ်စားပြုပါဝင်မှုအပြင် အမျိုးသမီးများ၏အခွင့်အရေးများကို မြှင့်တင်ပေးမည့်အဖွဲ့၏မူဝါဒများ၊ ကျား/မရေးရာ(ဂျဲန်ဒါ) အကျိုးသက်ရောက်မှု ဆန်းစစ်ချက်များအပေါ်အခြေခံထားပြီး နည်းဗျူဟာကျသည့် ဆုံးဖြတ်ချက်များနှင့် အခွင့်အလမ်းများကို လမ်းညွှန်ပေးနေမည့် အဖွဲ့၏မူဝါဒများကို သက်ဝင်အကောင်အထည်ဖော်နေခြင်းဖြင့် စီမံကိန်းဝန်ထမ်းများအနေဖြင့် မိမိတို့ လုပ်ငန်းလုပ်ကိုင်ရာ လုပ်ငန်းခွင်အတွင်း၌ ရှင်းလင်းသော မူဝါဒများရှိနေမည်ဖြစ်သည်။ ဝန်ထမ်းများကို သင်တန်းများပေးရန်၊ လိုအပ်သောအရင်း အမြစ်များဖြင့်ပံ့ပိုးပေးရန်နှင့် မူဝါဒများကို ဒေသအဆင့်၌ လက်တွေ့ကျင့်သုံးတတ်အောင် လုပ်ဆောင်ပေးရန်အဆောတလျင် လိုအပ်လျက်ရှိပါသည်။ ဤလက်စွဲသည် အမျိုးသားများရော၊ အမျိုးသမီးများ အတွက်ပါ အပေါင်းလက္ခဏာဆောင်သော ရလဒ်များရရှိနိုင်ရန် ရေအားလျှပ်စစ်ကုမ္ပဏီများအတွက် လမ်းညွှန်ချက်များ ပေးအပ်သွားမည် ဖြစ်ပါသည်။

---

[1] China Three Gorges Power Corporation ၂၀၀၂-၂၀၁၀၊ ကော်ပိုရေးရှင်းသတင်းအချက်အလက်၊ စီမံခန့်ခွဲမှု အသင်း၊ http://www.ctgpc.com/information/information_b.php မှ ၂၀၁၃ ခုနှစ်၊ ဩဂုတ်လ ၁၄ ရက်နေ့တွင် ဖတ်ရှုထုတ်နုတ်မှီငြမ်းထားသည်။

[2] Hydro Tasmania ၂၀၁၃၊ ကျွန်ုပ်တို့၏အကြောင်း၊ http://www.hydro.com.au/about-us/governance မှ ၂၀၁၃ ခုနှစ်၊ ဩဂုတ်လ ၁၄ ရက်နေ့တွင် ဖတ်ရှုထုတ်နုတ်မှီငြမ်းထားသည်။

[3] Statkraft n.d.၊ အဖွဲ့စီမံခန့်ခွဲရေး၊ http://www.statkraft.com/about-statkraft/organisation/group-management/ မှ ၂၀၁၃ ခုနှစ်၊ ဩဂုတ်လ ၁၄ ရက်နေ့တွင် ဖတ်ရှုထုတ်နုတ်မှီငြမ်းထားသည်။

[4] EDF ၂၀၁၃၊ အမှုဆောင်ဒါရိုက်တာများ၊ http://about-us.edf.com/governance/board-of-directors-43708.html မှ ၂၀၁၃ ခုနှစ်၊ ဩဂုတ်လ ၁၄ ရက်နေ့တွင် ဖတ်ရှုထုတ်နုတ်မှီငြမ်းထားသည်။



ဓါတ်ပုံ - Nam Theun 2 ရေလှောင်ကန်နှင့် ရေမျက်နှာပြင်နိမ့်ကျသွားသော နေရာကို
ရေကြီးနေသောသစ်တောများ နှင့်အတူတွေ့ရစဉ်၊ လာအို။
ဓါတ်ပုံ - Michael Simon/OxfamAUS

### ၁.၃။ အခြေအနေ - မည်သည့်အတွက်ကြောင့် ကျား/မရေးရာ သည်အရေးပါရသည်

လုပ်ငန်းနှင့်အဖွဲ့အစည်းအတွင်းရှိ ဆုံးဖြတ်ချက်ချသည့်အဆင့်များတွင် အမျိုးသားများလွှမ်းမိုးနေခြင်းမှာ အရေးကြီးပါသလား။

*"ကမ္ဘာ့လုပ်သားထု၏ ၄၀ ရာခိုင်နှုန်းမှာ အမျိုးသမီးလုပ်သားများဖြစ်ကြပါသည်။ သို့သော်လည်း သတ္တုတွင်း၊ ဆောက်လုပ်ရေးနှင့် စွမ်းအင်တို့ကဲ့သို့သော ကဏ္ဍအတော်များများတွင် အမျိုးသမီးများသည်အနည်းငယ်သာပါဝင်နေသည်ကိုတွေ့ရပြီး ကဏ္ဍအားလုံးနီးပါးရှိ စီမံခန့်ခွဲရေးရာထူးများတွင် အမျိုးသမီးများသည် အမျိုးသားများထက်နည်းသည်ကိုတွေ့ရသည်။ အမျိုးသမီးများသည် လုပ်သားဈေးကွက်၌ အပြည့်အဝပါဝင်ရန်၊ အရာရောက်စွာပါဝင်နိုင်ရန်အတွက်ခွဲခြားဆက်ဆံခြင်း၊ ကျား/မရေးရာ အခန်းကဏ္ဍနှင့်ပတ်သက်၍ ယဉ်ကျေးမှုအရ အမြစ်တွယ်နေသောအတွေးအခေါ်များ၊ အမျိုးသမီးများ၏ ပံ့ပိုးမှုများကိုအမြဲတမ်းညီတူညီမျှ တန်ဖိုးထားမခံရခြင်း စသည်တို့အပါအဝင်အဟန့်အတားများစွာနှင့် ရင်ဆိုင်နေရဆဲဖြစ်ပါသည်။" (IFC ၂၀၁၃၊ စာ ၂)*

စီမံကိန်းများမည်ကဲ့သို့ ဖော်ဆောင်နေသည်၊ စီမံခန့်ခွဲနေသည်ဆိုသည်နှင့်ပတ်သက်၍ အဖွဲ့ဆိုင်ရာခေါင်းဆောင်မှုနှင့် မူဝါဒမူဘောင်များက ပြောပြနိုင်ပါလိမ့်မည်။ ထိုသို့ အမျိုးသမီးများမပါဝင်ခြင်း၊ ကိုယ်စားပြုမှုနည်းပါးလွန်းခြင်းတို့ကြောင့် စီမံကိန်းအနေဖြင့် အမျိုးသမီးများ၏ အခွင့်အရေးများ၊ ကျား/မရေးရာ လိုအပ်ချက်များနှင့် အခွင့်အလမ်းများကို အဓိပ္ပါယ်ပြည့်ဝစွာ ထည့်သွင်းစဉ်းစားရန်၊ ထည့်သွင်း ဆောင်ရွက်ရန် ပို၍ခက်ခဲစေပါသည်။

သမိုင်းအဆက်ဆက်တွင် ရေအားလျှပ်စစ်စီမံကိန်းများသည် ကျား/မရေးရာ နှင့်ပတ်သက်သော ရှိရင်းစွဲဘက်လိုက်မှုများကိုပိုမိုဆိုးရွားစေပြီး မိသားစုအတွင်း၊ လူထုအတွင်းရှိ အမျိုးသမီးများ၏ အခန်းကဏ္ဍနှင့်နေရာတို့အပေါ်ဆိုးရွားစွာ သက်ရောက်စေပါသည်။ ဆည်ဆောက်လုပ်ခြင်းနှင့်ဆက်စပ်လျက်ရှိသော နေရပ်မှဖယ်ရှားခံရခြင်းနှင့် လယ်ယာ အသိမ်းခံရခြင်းတို့၏ရလဒ်များအဖြစ် ဒေသအဆင့်တွင် အမျိုးသမီးများ၏ အသက်မွေးဝမ်းကျောင်းလုပ်ငန်းများအတွက် အနုတ်သဘောဆောင်သောရလဒ်များ၊ ဆင်းရဲတွင်းနက်စေသောအချက်များ၊ ကျန်းမာရေးအရ သက်ရောက်မှုများနှင့် ထိခိုက်ခံစားရမှုများကို အမျိုးသမီးများကသာ ပို၍ဆိုးရွားစွာ ခံစားရသည်ဟု ကောင်းစွာမှတ်တမ်းတင်ထားသည်ကို တွေ့ရပါသည် (Scudder ၂၀၀၅၊ WCD ၂၀၀၀)။

*"လုပ်ငန်းကြိုတင်ပြင်ဆင်ရာတွင် ကျား/မရေးရာကို ထည့်သွင်းစဉ်းစားထားခြင်းမရှိပါက စီမံကိန်း၏အကျိုးသက်ရောက်မှုများမှာ အကောင်းဆုံးအနေဖြင့် ဘက်မလိုက်သော အခြေအနေတွင်ရှိနိုင်ပြီး အဆိုးဆုံးအနေဖြင့် ရှိရင်းစွဲ ကျား/မရေးရာ ကွာဟချက်များကို ပိုမိုဆိုးရွားစေနိုင်ပြီး စီမံကိန်းမတိုင်မီရှိနေသောအခြေအနေထက် ပို၍ဆိုးရွား သွားစေသည်အထိ ထိခိုက်သွားနိုင်ပါသည်။" (WCD ၂၀၀၀၊ စာ ၁၁၄)*

သို့ရာတွင် အခြားသော အခြေခံအဆောက်အဦစီမံကိန်းများကဲ့သို့ပင် ရေအားလျှပ်စစ်စီမံကိန်းသည်လည်း ကျား/မရေးရာ ဆက်နွယ်မှုအတွင်းတွင် အပေါင်းလက္ခဏာဆောင်သော အခန်းကဏ္ဍမှပါဝင်နိုင်သည့် အလားအလာရှိပါသည်။ ဆည်များဆိုင်ရာ ကမ္ဘာ့ကော်မရှင်က ဤသို့မှတ်ချက်ချထားပါသည် -

*"...ကျား/မရေးရာဆိုသည်မှာ အပြန်အလှန်ဆက်ဆံရေးနှင့်ဆိုင်သော အတွေးအခေါ်တစ်ခုဖြစ်သောကြောင့် ဆည်တစ်ခုကြောင့်ဖြစ်ပေါ်လာသော အကျိုးကျေးဇူးများကို အမျိုးသမီးများမှ လက်လှမ်းမှီအသုံးပြုနိုင်ခြင်းမှာ လိုအပ်ချက်တစ်ခုဖြစ်သော်လည်း အပေါင်းလက္ခဏာဆောင်သော ကျား/မရေးရာ အကျိုးသက်ရောက်မှုများအတွက်မူ လုံလောက်သောအခြေအနေ တစ်ရပ်မဟုတ်ပေ။" (WCD ၂၀၀၀၊ စာ ၁၁၄-၁၁၅)*

ဆည်များကိုတည်ဆောက်ရာတွင် အမျိုးသမီးများ၏ အခွင့်အရေးများနှင့် စိတ်ဝင်စားမှုများကို အမျိုးသားများနည်းတူ အလေးပေးသွားမည်ဆိုပါက ရေအရင်းအမြစ်ဆိုင်ရာ အခြေခံအဆောက်အဦများတွင် အမျိုးသားများရော၊ အမျိုးသမီး

များအတွက်ပါ ညီတူညီမျှ အကျိုးကျေးဇူးဖြစ်ထွန်းစေနိုင်စွမ်းရှိသည်ဟု WCD ကညွှန်ပြခဲ့ပါသည်။ ကောင်းစွာ လုပ်ဆောင်သွားမည်ဆိုပါက စီမံကိန်းများသည် ကျား/မရေးရာ ဆက်နွယ်မှုများတွင် အပြောင်းအလဲ ဖြစ်စေနိုင်သည့် အခန်းကဏ္ဍမှ ပါဝင်နိုင်သည့် အလားအလာရှိပါသည်။



ငါးများကိုထိန်းသိမ်းခြင်းနှင့် လုထုမှလုပ်ကိုင်နိုင်သည့်ရေလုပ်ငန်းအကြောင်းကိုအသိပညာပေးခြင်းသည်
အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ ရေရှည်တည်တံ့စေရေးအတွက် အရေးကြီးသော ကဏ္ဍတစ်ခုဖြစ်ပါသည်၊ လာအိုနိုင်ငံ၊
ဓါတ်ပုံ - Jerry Galea/OxfamAUS

## ၂။ မည်သည့်အတွက်ကြောင့် ဤလက်စွဲစာအုပ်ကို ရေးသားရသည်၊ မည်သည့်အတွက်ကြောင့် ယခုအချိန်ကိုရွေးရသည်

### ၂.၁။ ဤလက်စွဲကို မည်ကဲ့သို့သောသူများ အသုံးပြုသင့်သနည်း

ရေအားလျှပ်စစ်လုပ်ငန်းများထူထောင်ရာတွင် ကျား/မရေးရာကို အလေးအနက်ထည့်သွင်းစဉ်းစားသည့် အလေ့အထကို မြှင့်တင်ပေးနိုင်ရန် ဤလက်စွဲကိုရေးသားထားပါသည်။ ရည်ရွယ်ချက်မှာ ရေအားလျှပ်စစ်ကုမ္ပဏီ ဝန်ထမ်းများမှ ရေအားလျှပ်စစ်လုပ်ငန်း၏ အကျိုးသက်ရောက်မှုများကို ဆန်းစစ်ခြင်းနှင့် အန္တရာယ်များအား စီမံခန့်ခွဲခြင်း စသည့် နိစ္စဓူဝလုပ်ငန်းများကို လုပ်ဆောင်ရာတွင် ဤလက်စွဲမှ အထောက်အပံ့ဖြစ်စေရန် ဖြစ်ပါသည်။ ထိုသို့လုပ်ဆောင်ခြင်းအားဖြင့် ရေအားလျှပ်စစ်ဆည်စီမံကိန်းများ၏ ဆုံးဖြတ်ချက်ချခြင်းနှင့် အကောင်အထည်ဖော်ခြင်းတို့တွင် သတင်းအချက်အလက်များရရှိနေစေပြီး အကျိုးသက်ရောက်မှုများ၊ အခွင့်အရေးများနှင့် အခွင့်အလမ်းများကို အမျိုးသမီးများနှင့် အမျိုးသားများအတွက် ညီတူညီမျှ ထည့်သွင်းစဉ်းစားသွားနိုင်မည် ဖြစ်သည်။

လက်စွဲစာအုပ်တွင် ရေအားလျှပ်စစ်ကုမ္ပဏီများရှိ စီမံကိန်းဝန်ထမ်းများနှင့် စီမံကိန်းဖော်ဆောင်ရေးနှင့် လည်ပတ်ရေးတို့အတွက် တာဝန်ရှိသော အစိုးရဝန်ထမ်းများအတွက် အသုံးဝင်သော နည်းကိရိယာများကို မိတ်ဆက်ပေးထားပါသည်။

ရှိရင်းစွဲလူမှုရေးနှင့် ပတ်ဝန်းကျင်ဆိုင်ရာ အကျိုးသက်ရောက်မှုများ မဆိုးမတွေဖြစ်ပေါ်စေရန်နှင့် ပိုမိုကျယ်ပြန့်စေရန်၊ စီမံခန့်ခွဲရေးဆိုင်ရာ လုပ်ငန်းစဉ်များ လက်ငင်းဆောင်ရွက်နိုင်ရန်နှင့် ချဲ့ထွင်ဆောင်ရွက်နိုင်ရန် ပုံဖော်ရေးဆွဲထားပါသည်။ ရည်ရွယ်ချက်မှာ ဤလက်စွဲကို လူထုဆက်သွယ်ရေးကဏ္ဍ သို့မဟုတ် ပတ်ဝန်းကျင်နှင့် လူမှုရေးစီမံခန့်ခွဲရေး ဌာနများမှ ဝန်ထမ်းများသာမကဘဲ၊ ရေအားလျှပ်စစ် စီးပွားရေးလုပ်ငန်းရှိ ပါဝင်ပတ်သက်သူအများအပြားမှ အသုံးပြုနိုင်စေရန် ဖြစ်ပါသည်။

### ၂.၂။ လက်စွဲစာအုပ်မှာ မည်သည့်နေရာများအတွက် အသုံးဝင်မည်နည်း

ဤလက်စွဲတွင် အောက်ပါတို့နှင့်ပတ်သက်သော အကြောင်းရင်းများကိုအသေးစိတ် ဖော်ပြထားပါသည် -

- ကျား/မရေးရာ အကျိုးသက်ရောက်မှုများကို ကောင်းစွာထည့်သွင်းစဉ်းစားခြင်းသည် မည်သည့်အတွက်ကြောင့် ရေရှည်တည်တံ့သော စီမံကိန်းများနှင့် ရလဒ်များ ပိုမိုရရှိစေနိုင်သနည်း။
- ကျား/မရေးရာ အကျိုးသက်ရောက်မှု ဆန်းစစ်ချက်ပြုလုပ်ခြင်းက စီမံကိန်းများကို မည်ကဲ့သို့ တိုးတက်စေနိုင်မည်နည်း။
- ဆန်းစစ်ခြင်း၊ အစီအစဉ်ရေးဆွဲပြင်ဆင်ခြင်း၊ ဆုံးဖြတ်ချက်ချခြင်းဆိုင်ရာ လုပ်ငန်းစဉ်များတွင် အမျိုးသမီးများအားဗဟိုပြုခြင်း၊ တသမတ်တည်း ပါဝင်စေခြင်းတို့ကို ပိုမိုလုပ်ဆောင်ခြင်းသည် မည်သည့်အတွက်ကြောင့် စီမံကိန်းကောင်းများ ဖြစ်ပေါ်လာစေနိုင်မည်နည်း။

ဤလက်စွဲစာအုပ်တွင် ကျား/မရေးရာကို ရေအရင်းအမြစ်များအတွက် အစီအစဉ်ရေးဆွဲခြင်း၊ စီမံအုပ်ချုပ်ခြင်းတို့ တွင် အခိုင်အမာ "ကြိုတင်၍" ထည့်သွင်းစဉ်းစားတတ်ရန် တိုက်တွန်းအားပေးထားပါသည်။ ယင်း၏ နောက်ကွယ်တွင်ရှိသော အခြေခံယူဆချက်မှာ အမျိုးသားများနှင့် အမျိုးသမီးများအားလုံး၏အသံကို ညီတူညီမျှ ကြားနေရခြင်း၊ ၎င်းတို့၏စိတ်ဝင်စားမှုများနှင့် အခွင့်အရေးများကို ထည့်သွင်းစဉ်းစားနေခြင်းတို့ဖြင့် အမျိုးသမီးများ အပေါ်ကျရောက်နိုင်သော အနုတ်သဘောဆောင်သည့် အကျိုးသက်ရောက်မှုများကို ရှောင်ရှားနိုင်မည်၊ သို့မဟုတ် လျော့နည်းစေနိုင်မည်ဟူ၍ ဖြစ်ပါသည်။ လုပ်ငန်းစဉ်များနှင့် ဆုံးဖြတ်ချက်ချသည့်နေရာများတွင် အဓိပ္ပါယ်ရှိရှိ ပါဝင်နိုင်ခြင်းမှာ ခရာပင်ဖြစ်ပါသည်။

အဖြစ်အပျက် အတော်များများတွင် ကျား/မရေးရာ အကျိုးသက်ရောက်မှု ဆန်းစစ်ချက်များနှင့် ကျား/မရေးရာ လုပ်ငန်းအစီအစဉ်များ လုပ်ဆောင်အပြီးတွင် စီမံကိန်းများကိုပြုပြင်ရန် လိုအပ်ကောင်း လိုအပ်နိုင်ပါသည်။ ယင်းက ထိရောက်မှုနည်းပါးအောင် လုပ်ဆောင်ရန်နှင့် လိုက်လျောညီထွေပြုပြင်ရန် အရင်းအမြစ်များ ခွဲဝေ နေရာချထားခြင်းကို ထပ်တိုးလုပ်ဆောင်နိုင်ရန်၊ သို့တည်းမဟုတ် အမျိုးသမီးများနှင့်သာ အထူးသက်ဆိုင်သော ရလဒ်များအတွက်ဦးတည် ဆောင်ရွက်နိုင်ရန် အကျိုးအမြတ်များ မျှဝေသည့် လုပ်ငန်းစဉ်များ ဖြစ်ပေါ်လာစေရန် ပံ့ပိုးပေးနိုင်သည်။ အချို့အဖြစ် အပျက်များတွင် ကျား/မရေးရာ အကျိုးသက်ရောက်မှု ဆန်းစစ်ချက် ရလဒ်များကြောင့် စီမံကိန်းများရွှေ့ဆိုင်းလိုက် ရသည်၊ သို့မဟုတ် ရပ်ဆိုင်းလိုက်ရသည်အထိ ဖြစ်သွားနိုင်သည်။ ယင်းတို့ကိုကြည့်ခြင်းအားဖြင့် ကျား/မရေးရာ အကျိုးသက်ရောက်မှုဆန်းစစ်ချက်ကို ဘေးအန္တရာယ် စီမံခန့်ခွဲသည့် နည်းကိရိယာတစ်ခုကဲ့သို့ ရှုမြင်နိုင်ပါသည်။ ဆန်းစစ်ချက်ကို အပြည့်အဝအသုံးချမည်ဆိုပါက ထိခိုက်ခံစားနေရသော လူထုအတွက် ပြောင်းလဲပေးလိုက်သော အစီအစဉ်တစ်ခုတွင် စီမံကိန်းမှပါဝင်ပံ့ပိုးနိုင်ရန် အဆိုပါဆန်းစစ်ချက်က အထောက်အပံ့ပေးနိုင်မည်ဖြစ်ပါသည်။

ရေအားလျှပ်စစ် ကုမ္ပဏီများနှင့် အစိုးရအဖွဲ့များမှ အသုံးပြုပြီးဖြစ်သော ဆန်းစစ်မှုနည်းကိရိယာများစွာ၏ အရေးပါပုံနှင့် အသုံးဝင်ပုံတို့ကို ဤလက်စွဲတွင် ရှင်းရှင်းလင်းလင်း ဖော်ပြထားပါသည်။ လက်စွဲသည် စီမံကိန်းများမှသဘောတူ သတ်မှတ်ထားသော ရည်မှန်းချက်ပန်းတိုင်များသို့ ရောက်ရှိစေရန် လုပ်ဆောင်ပေးရသော အတိုင်ပင်ခံကုမ္ပဏီများ အတွက်လည်း အရင်းအမြစ်တစ်ခု ဖြစ်နိုင်ပါသည်။ အဆိုပါနည်းကိရိယာ အများအပြားကို ကျယ်ကျယ်ပြန့်ပြန့်အသုံးပြု လျက်ရှိနေပြီဖြစ်ပါသည်။ ယင်းတို့ကို ရေအားလျှပ်စစ် လုပ်ငန်းပိုင်ရှင်များမှ လက်ခံအသုံးပြုလျက်ရှိပြီး ထိုသို့အသုံးပြု ခြင်းကိုလည်း အားပေးမြှင့်တင်လျက်ရှိပါသည်။ ရလဒ်အားဖြင့် စီမံကိန်းများအတွက် ယင်းတို့ကို အသုံးပြုပုံနှင့် ယင်းတို့၏တန်ဖိုးများကို ဖော်ကျူးနေသော သက်သေအထောက်အထားများစွာ ရှိနေပါသည်။

ဤလက်စွဲတွင် ရေအားလျှပ်စစ် စီမံကိန်းများ၏ ရေရှည်တည်တံ့ခိုင်မြဲမှုကို အထူးတိုင်းတာရန် မကြာသေးမီကမှ ဖော်ထုတ်ထားသော နည်းကိရိယာများကို ထည့်သွင်းစဉ်းစားပေးထားပြီး ယင်းတို့က ကျား/မရေးရာကိုမည်ကဲ့သို့ ထည့်သွင်း စဉ်းစားထားသည် ဆိုသည်ကိုလည်း ဆန်းစစ်ပေးထားပါသည်။ ထို့ပြင် အဆိုပါနည်းကိရိယာများကို အားကောင်းလာအောင် မည်ကဲ့သို့လုပ်ဆောင်နိုင်မည်ဆိုသည့် အကြံပြုချက်များကိုလည်း ပေးထားပါသည်။

ဤလက်စွဲတွင် ကျား/မရေးရာကိုဦးတည်ထားသော စံနှုန်းသီးသန့်စုစည်းချက်များနှင့် နည်းကိရိယာများအတွက် မေးခွန်းများကို ထပ်ဆောင်းဖော်ပြပေးထားပါသည်။ ယင်းတို့သည် ရေအားလျှပ်စစ်လုပ်ငန်းများ ထူထောင်သည့် ပတ်ဝန်းကျင်အခြေအနေကို ထင်ဟပ်နေစေပါသည်။ ဤလက်စွဲသည် သင့်စီမံကိန်း ဖွံ့ဖြိုးရေးနည်းကိရိယာများနှင့် နိုင်ငံတော်၏ စောင့်ကြည့်လေ့လာခြင်းနှင့် စည်းကမ်းချက်အတိုင်း လိုက်နာမှုရှိမရှိဆန်းစစ်ခြင်း လုပ်ငန်းစဉ်များ အတွက် အားဖြည့်ပေးနိုင်လိမ့်မည်ဟု မျှော်လင့်ပါသည်။

## ၂.၃။ မဲခေါင်ဒေသအောက်ပိုင်းရှိ နိုင်ငံတော်အဆင့်ပြဋ္ဌာန်းချက်စည်းကမ်းများနှင့်မူဝါဒအခြေအနေ

မဲခေါင်မြစ်ဝှမ်းအောက်ပိုင်းတွင် ရေအားလျှပ်စစ်လုပ်ငန်းများ အလျင်အမြန် ပေါ်ပေါက်လျက်ရှိပါသည်။ ပုဂ္ဂလိက ကဏ္ဍဖွံ့ဖြိုးရေးလုပ်ဆောင်သူများနှင့် လုပ်ငန်းရှင်များ၏ ကျား/မရေးရာ အမူအကျင့်များ တိုးတက်ကောင်းမွန်အောင် လုပ်ဆောင်ရန်အရေးကြီးသည့်နည်းတူ အစိုးရ၏မူဝါဒနှင့် ပြဋ္ဌာန်းချက်စည်းကမ်းများသည်လည်း စီမံကိန်းတစ်ခုချင်းစီ အတွက် ရလဒ်ကောင်းများကို သတ်မှတ်ပေးနိုင်မည် ဖြစ်ပါသည်။ အောက်တွင် ဆက်လက်ဖော်ပြမည့် အခန်းတွင် ဤအခြေအနေကို ဆန်းစစ်ဆွေးနွေးပေးထားပါသည်။

ကမ္ဘောဒီးယား၊ ဗီယက်နမ်နှင့်လာအိုနိုင်ငံအားလုံးရှိ ဖွဲ့စည်းပုံအခြေခံဥပဒေများ၊ ဥပဒေများနှင့်အမျိုးသားမူဝါဒမူဘောင် များတွင် ၎င်းတို့၏ နိုင်ငံတော်ဖွံ့ဖြိုးမှုအတွင်း ကျား/မရေးရာတရားမျှတမှုကို အားပေးသော၊ အမျိုးသားနှင့် အမျိုးသမီး

တို့အကြား တန်းတူညီမျှမှုကိုမြှင့်တင်ပေးသော ပြဌာန်းချက်များရှိပါသည်။ အလားတူ ၎င်းတို့သည် နိုင်ငံတစ်နိုင်ငံ၏ တာဝန်ဝတ္တရားများကို ဖော်ညွှန်းထားသော အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေး သဘောတူစာချုပ်များနှင့် ကြေညာစာတမ်းများမှ အဓိကအချက်များအပေါ် ကတိကဝတ်ထားရှိကြပါသည်။ မဲခေါင်မြစ်သည် နိုင်ငံအများအပြားနှင့် နယ်နိမိတ်ထိစပ်နေသော မြစ်ဖြစ်သည့်အားလျော်စွာ နိုင်ငံတော်အစိုးရများအကြား စီမံအုပ်ချုပ်မှု၊ စီမံခန့်ခွဲရေးဆိုင်ရာ မျှော်လင့်ချက်များနှင့် ကတိကဝတ်များကိုပါ ထပ်ဆောင်းထည့်သွင်းစဉ်းစားရန်အရေးကြီးပါသည်။

အောက်ပါဆွေးနွေးချက်များတွင် နိုင်ငံအဆင့် ကျား/မရေးရာ ပါဝင်မှုနှင့် ခွဲခြမ်းစိတ်ဖြာသုံးသပ်မှုတို့အတွက် ဥပဒေနှင့် မူဝါဒအခြေအနေကို ဆန်းစစ်ပေးထားပါသည်။ ယင်းအခြေအနေတွင် ကျား/မရေးရာ ပါဝင်ပတ်သက်မှုများ၊ ရလဒ်များနှင့်စပ်လျဉ်း၍ လုပ်ငန်းအကောင်အထည်ဖော်ဆောင်နေသော အဖွဲ့အစည်းများနှင့်ပုဂ္ဂလိကကဏ္ဍများအပေါ် နိုင်ငံတော်မှ မျှော်လင့်ထားသည့်အရာများကို အဓိပ္ပါယ်ဖွင့်ဆိုထားပါသည်။ ဤအခန်းသည် နိုင်ငံတစ်နိုင်ငံချင်းစီ၏ အခြေအနေကိုဆန်းစစ်ထားသော ရှည်လျားလှသည့် ခွဲခြမ်းစိတ်ဖြာမှုများ၏ အနှစ်ချုပ်ဖြစ်ပါသည်။ (Simpson ၂၀၁၃[5])

နိုင်ငံသားများအတွက် ဖွံ့ဖြိုးရေးဆိုင်ရာ အခွင့်အလမ်းများတွင် ကျား/မရေးရာနှင့် တန်းတူညီမျှရှိမှုတို့အပေါ် နိုင်ငံသုံးနိုင်ငံလုံးမှ အုပ်ချုပ်သူအစိုးရများက ကတိကဝတ်ထားရှိသော်လည်း ရေအားလျှပ်စစ်စီမံကိန်းများ ထူထောင်ရာတွင် အဆိုပါမူဝါဒများနှင့်ဥပဒေများကို အကောင်အထည်ဖော်ခြင်းနှင့် စောင့်ကြည့်လေ့လာခြင်းတို့မှာ သိသာထင်ရှားသော စိန်ခေါ်မှုတစ်ရပ် ဖြစ်နေပါသေးသည်။ နိုင်ငံတော်၏ တာဝန်ဝတ္တရားများ၊ လိုအပ်ချက်များနှင့် ပုဂ္ဂလိက ကန်ထရိုက်သမားများ၏ လုပ်ငန်းလည်ပတ်မှုဆိုင်ရာ စွမ်းဆောင်ရည်၊ တာဝန်ဝတ္တရားများ ဆုံသည့်နေရာသည် စီမံကိန်းကြောင့် ထိခိုက်ခံစားနေရသောလူထုမှ အနတ်သဘောဆောင်သော ကျား/မရေးရာ(နှင့်အခြား) အကျိုးသက်ရောက်မှုများကို အများဆုံးရင်ဆိုင်တွေ့ကြုံရမည့် နေရာများအနက် တစ်ခုဖြစ်ပါသည်။ ဤသည်မှာ မဲခေါင်ဒေသ ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးရေးလုပ်ဆောင်သူများ ထည့်သွင်းစဉ်းစားရမည့် အခြေအနေတစ်ရပ် ဖြစ်ပါသည်။

## ကျား/မရေးရာနှင့် မဲခေါင်ဒေသလူထု

သက်ဆိုင်ရာနိုင်ငံများတွင် နိုင်ငံတော်အဆင့် ပြဌာန်းချက်စည်းကမ်းများနှင့် မူဝါဒများ မည်ကဲ့သို့ပြောင်းလဲဖြစ်ပေါ်လာသည်၊ မည်သည့်အတွက်ကြောင့် ပြောင်းလဲသွားသည် ဆိုသည့်အချက်ကို အသိအမှတ်ပြု လက်ခံနိုင်ရန်အလို့ငှာ နိုင်ငံတစ်နိုင်ငံချင်းစီမှ ကျား/မရေးရာနှင့်ပတ်သက်သော မီရိုးဖလာအမြင်များကို ဦးစွာနားလည်သဘောပေါက်ထားရန် အရေးကြီးပါသည်။

ဗီယက်နမ်နှင့် ကမ္ဘောဒီးယားတို့မှာ သမိုင်းတွင် အမျိုးသားများကြီးစိုးသည့် ဝါဒကို ဦးစားပေးခဲ့သည့် ယဉ်ကျေးမှုရှိခဲ့သောကြောင့် နိုင်ငံနှစ်နိုင်ငံ၏ အခြေအနေမှာအလွန်နီးစပ် ပါသည်။ ဆိုလိုသည်မှာ သမိုင်းအဆက်ဆက်တွင် အမျိုးသားများကိုသာ အိမ်ထောင်ဦးစီးများအဖြစ် သတ်မှတ်ခဲ့ကြပြီး အမျိုးသမီးများသည် လူမှုရေးအရ နိမ့်ကျသောနေရာတွင်ရှိနေ ခဲ့သည်။ အမျိုးသမီးများကို မိသားစုနှင့် ခင်ပွန်းသည်ကို ပြုစုစောင့်ရှောက်သည့် အလုပ်တွင်သာ အာရုံစိုက်လုပ်ကိုင်ရန် မျှော်လင့်ခဲ့ကြသည်။ ရလဒ်အားဖြင့် အမျိုးသမီးများသည် ပညာရေးအရ ပို၍နိမ့်ကျကာ၊ အခွင့်အရေးများကို လျော့၍ရရှိကြပြီး နေအိမ်ပြင်ပ ဆုံးဖြတ်ချက်ချသည့် လုပ်ငန်းစဉ်များတွင်လည်း ပါဝင်နိုင်မှု ပိုမိုနည်းပါးခဲ့သည် (ADB ၂၀၁၂၊ Tran ၂၀၁၁)။

---

5 လာအို၊ ဗီယက်နမ်နှင့်ကမ္ဘောဒီးယားတို့အတွက် နိုင်ငံတစ်နိုင်ငံချင်းစီအလိုက်အစီရင်ခံစာများကိုရရှိနိုင်ပြီး www.oxfam.org.au/giamanual မှကူးယူနိုင်ပါသည်။

ဗီယက်နမ်တွင် အဆိုပါသဘောထားများမှာ ကွန်ဖြူးရှပ် မျိုးနွယ်စုများထံမှဆင်းသက်လာပြီး ကမ္ဘောဒီးယားတွင် Chbab Srey နှင့် Chbab Bros ဟုခေါ်သောအမျိုးသား၊ အမျိုးသမီးများအတွက် မီရိုးဖလာ ကျင့်ဝတ်စည်းကမ်းများမှ ဆင်းသက်လာခြင်း ဖြစ်ပါသည်။

ဆန့်ကျင်ဘက်အားဖြင့် လာအိုနိုင်ငံလူဦးရေ၏ ၆၇% ခန့်ရှိသော လာအိုထိုင်းလူမျိုး (Lao Tai) များသည် ယေဘုယျအားဖြင့် အမျိုးသမီးများ ကြီးစိုးသောဝါဒီနှင့် အမူအကျင့်များကို ထိန်းသိမ်းကြလေ့ရှိပါသည် (ADB ၂၀၁၂)။ အမျိုးသမီးများသည် မိသားစုအတွင်းတွင် ပို၍မြင့်မားသောနေရာများကို ရရှိကြပြီးမြေနှင့် ပိုင်ဆိုင်မှုများကို အမွေဆက်ဆံပိုင်ခွင့်ရှိကြသည် (FAO ၂၀၁၂)။ သို့သော်လည်း လာအိုနိုင်ငံတွင်နေထိုင်ကြသော တိုင်းရင်းသားလူနည်းစုများအနက် အများစုမှာ ဗီယက်နမ်နှင့် ကမ္ဘောဒီးယားတို့ကဲ့သို့သော ထုံးတမ်းအစဉ်အလာများကို ကျင့်သုံးကြပြီး အချို့မှာ မယားပြိုင်ထားခြင်း၊ မိန်းကလေးငယ်များကို လက်ထပ်ယူခြင်းကဲ့သို့သော အမူအကျင့်များကိုပါ ထိန်းသိမ်းကျင့်သုံးနေဆဲ ဖြစ်ပါသည် (FAO ၂၀၁၂)။ သို့ဖြစ်ရာ ၂၀၁၂ တွင်ဆန်းစစ်ခဲ့သော UNDP ၏ ကျား/မရေးရာမညီမျှမှုအညွှန်း (UNDP’s Gender Inequality Index)[6] အရ လာအိုနိုင်ငံသည် နိုင်ငံပေါင်း (၁၈၆) နိုင်ငံရှိသည့်အနက် အဆင့် (၁၃၉) တွင်ရှိနေ ခဲ့ပြီး (UNDP ၂၀၁၂) ကမ္ဘောဒီးယားနှင့် ဗီယက်နမ်တို့သည် အဆင့် ၁၃၈ နှင့် ၁၂၇ တို့တွင် အသီးသီးရှိနေကြပါသည် (UNDP ၂၀၁၂)။

## နိုင်ငံတော်အဆင့် ပြဋ္ဌာန်းချက်စည်းကမ်းများနှင့် မူဝါဒမူဘောင်များ

နိုင်ငံသုံးနိုင်ငံစလုံး၏ ဖွဲ့စည်းပုံအခြေခံဥပဒေအရ နိုင်ငံသားအားလုံးသည် ဥပဒေရှေ့မှောက်တွင် တန်းတူအခွင့်အရေးရှိကြသည်။ ယင်းတို့တွင် အမျိုးသမီးများသည်လည်း မိသားစုအတွင်း၌ တန်းတူအဆင့်အတန်းရှိသည်ဟူ၍ ပြဋ္ဌာန်းထားသည်။ ကမ္ဘောဒီးယားနှင့် လာအိုတို့၏ ဖွဲ့စည်းပုံအခြေခံဥပဒေနှစ်ရပ်စလုံးတွင် အမျိုးသမီးများ ဖွံ့ဖြိုးရေးနှင့် လူမှုဘဝဖူလုံရေးအတွက် တဖြည်းဖြည်းတက်ကြွစွာဆောင်ရွက်သွားရန် ကတိကဝတ်ထားရှိပြီး ဗီယက်နမ်နှင့် ကမ္ဘောဒီးယားတို့တွင် အမျိုးသမီးများအား ခွဲခြားဆက်ဆံခြင်းကို အထူးတားမြစ်ထားပါသည်။ အမျိုးသမီးများ စီးပွားရေးနှင့်နိုင်ငံရေးကဏ္ဍများတွင် တန်းတူအခွင့်အရေးရရှိရေးကို ဗီယက်နမ်နှင့် လာအိုနိုင်ငံတို့တွင် အခိုင်အမာဆိုထားပါသည်။

နိုင်ငံသုံးနိုင်ငံလုံးသည် ၎င်းတို့၏ နိုင်ငံတော်ဖွံ့ဖြိုးရေးကဏ္ဍတွင် ကျား/မရေးရာကို ပေါင်းစပ်ထည့်သွင်းသွားမည့် ချဉ်းကပ်နည်းကို ရွေးချယ်ခဲ့ကြပြီး ရေအားလျှပ်စစ်နှင့် အဓိကဆက်နွယ်နေသော ဝန်ကြီးဌာနများတွင် ထိုသို့ပေါင်းစပ်ထည့်သွင်းရမည့် တာဝန်ဝတ္တရားများနှင့် မျှော်မှန်းချက်များကို ရှင်းလင်းစွာထုတ်ဖော်ပြောကြားထားပါသည်။ ဥပမာဆိုရသော် ကမ္ဘောဒီးယားနိုင်ငံ စက်မှုလုပ်ငန်း၊ သတ္တုတွင်းနှင့် စွမ်းအင်ဝန်ကြီးဌာနသည် ကျား/မရေးရာ ပေါင်းစပ်ထည့်သွင်းခြင်း လုပ်ငန်းအဖွဲ့နှင့် လုပ်ငန်းအစီအစဉ် တစ်ရပ်ကိုထူထောင်ထားပြီး ဗီယက်နမ် သဘာဝအရင်းအမြစ်နှင့် ပတ်ဝန်းကျင်ဆိုင်ရာဝန်ကြီးဌာနတွင် ကျား/မရေးရာ တန်းတူညီမျှမှုနှင့် အမျိုးသမီး မြှင့်တင်ရေးတို့နှင့် ပတ်သက်သော လုပ်ငန်းအစီအစဉ်တစ်ရပ်ရှိပါသည်။ ယင်းတွင် ရေအရင်းအမြစ်အတွက် ကြိုတင်ပြင်ဆင် အစီအစဉ်ရေးဆွဲခြင်း၊ စီမံခန့်ခွဲခြင်းများ လုပ်ဆောင်ရာ၌ ကျား/မရေးရာ ထည့်သွင်းပေါင်းစပ်မှုများ လုပ်ဆောင်သွားရန် ကတိကဝတ်များ ပါရှိပါသည်။ ယေဘုယျအားဖြင့် ကျား/မရေးရာ ထည့်သွင်းပေါင်းစပ်သည့် ချဉ်းကပ်နည်းများကို မည်ကဲ့သို့အဓိပ္ပါယ်ဖွင့်ဆိုကြသည်ဆိုသည်နှင့် မည်ကဲ့သို့ လက်တွေ့ကျင့်သုံးကြသည် ဆိုသည့်အချက်မှာ နိုင်ငံတစ်နိုင်ငံနှင့် တစ်နိုင်ငံ

6 စွမ်းဆောင်ရည်မြှင့်တင်ခြင်း၊ မျိုးဆက်ပွားကျန်းမာရေးနှင့်လုပ်အားစသည်တို့အပေါ်တွင်အခြေပြုကာ အညွှန်းကိန်းများစွာအပေါ်တွင်အခြေခံ၍ တွက်ချက်ထားသည်။

အကြား ကွာခြားမှုရှိပါသည်။ ယင်းတို့သည် ရေအားလျှပ်စစ်လုပ်ငန်းအတွင်းရှိ နည်းလမ်းများအနေဖြင့်လည်း မည်မျှ ထိရောက်မှု ရှိနေသည်ဆိုသည့်အချက်မှာ လက်ရှိစိတ်ဝင်စားနေသော အချက်တစ်ချက် ဖြစ်ပါသည်[7]။

## ဖွံ့ဖြိုးရေးနှင့် အမျိုးသမီးများ၏ အခွင့်အရေးများ

နိုင်ငံသုံးနိုင်ငံအနက် ကမ္ဘောဒီးယား တစ်နိုင်ငံတည်းသည်သာလျှင် အမျိုးသမီးများကို ကာကွယ်ရန် သို့မဟုတ် ကျား/မ ရေးရာ တန်းတူညီမျှမှုကို မြှင့်တင်ပေးရန် ရည်စူးထားသော ဥပဒေမရှိသေးပေ။ ဗီယက်နမ်နိုင်ငံ၏ ကျား/မရေးရာ တန်းတူညီမျှမှုဆိုင်ရာ ဥပဒေ (၂၀၀၆) တွင် "နိုင်ငံရေး၊ စီးပွားရေး၊ ယဉ်ကျေးမှု၊ လူ့အသိုင်းအဝိုင်းနှင့် မိသားစု အစရှိသော ကဏ္ဍအားလုံးတွင် ကျား/မရေးရာ တန်းတူညီမျှရှိစေရန်၊ အမျိုးသားများနှင့် အမျိုးသမီးများအနေဖြင့် ၎င်းတို့၏ စွမ်းဆောင်ရည်များကို ပြသနိုင်ရန်၊ ဖွံ့ဖြိုးရေးလုပ်ငန်းစဉ်တွင် ပါဝင်နိုင်ရန်နှင့် ဖွံ့ဖြိုးရေးမှ အကျိုးကျေးဇူးများ ခံစားနိုင်ရန်အတွက် အခြေအနေများ ဖန်တီးပေးရန်နှင့်ပံ့ပိုးပေးရန်" ရည်ရွယ်ထားပါသည်။ ရေအားလျှပ်စစ် လုပ်ငန်းတွင် ကျား/မရေးရာ တရားမျှတမှုရရှိရေးနှင့်စပ်လျဉ်း၍မူ ဤနောက်ဆုံးအပိုဒ်မှာ အသင့်လျော်ဆုံး ဖြစ်ပါသည်။ လာအိုနိုင်ငံ၏ အမျိုးသမီးများဖွံ့ဖြိုးရေးနှင့် ကာကွယ်ရေးဥပဒေ (၂၀၀၄) တွင်ဖော်ပြထားသော "ကိုယ်ပိုင်ဖွံ့ဖြိုးရေး" ဟူသော စကားရပ်၌ တန်းတူညီမျှရှိမှုကို အားပေးမြှင့်တင်ထားပြီး ယင်းတွင် " အမျိုးသမီးများနှင့် အမျိုးသားများသည် နိုင်ငံရေး၊ စီးပွားရေး၊ လူ့အသိုင်းအဝိုင်းနှင့်ယဉ်ကျေးမှု၊ မိသားစု (အိမ်ထောင်ရေး)၊ နိုင်ငံတော် ကာကွယ်ရေးနှင့် လုံခြုံရေး၊ နိုင်ငံခြားဆက်ဆံရေး... စသည့် ကဏ္ဍများတွင် တူညီသော တန်ဖိုးနှင့် အခွင့်အရေးများရှိကြသည်" ဟူ၍ဖော်ပြထားသည်။

နိုင်ငံသုံးနိုင်ငံစလုံးတွင် လက်ရှိအခြေအနေ၌ အမျိုးသမီးများ ဖွံ့ဖြိုးရေးနှင့်ဆက်စပ်နေသော နိုင်ငံတော်အဆင့် နည်းဗျူဟာများ သို့မဟုတ် စီမံကိန်းများ ရှိကြပါသည်။ *ကျား/မရေးရာ တန်းတူညီမျှရေးဆိုင်ရာ ဗီယက်နမ်အမျိုးသားအဆင့်မဟာဗျူဟာ ၂၀၁၁-၂၀၂၀၊ အမျိုးသမီးများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် လာအိုပြည်သူ့သမ္မတနိုင်ငံ အမျိုးသားအဆင့်မဟာဗျူဟာ (၂၀၁၁-၂၀၁၅)* (NSAW) နှင့် *ကမ္ဘောဒီးယား၏ ကျား/မရေးရာ မဟာဗျူဟာ အစီအစဉ် Neary Rattanak III* (၂၀၀၉-၂၀၁၃)[8] စသည်တို့တွင် အမျိုးသမီးများ၏ ပညာရေး၊ ကျန်းမာရေး၊ အလုပ်အကိုင် အခွင့်အလမ်းနှင့် နိုင်ငံရေးအရ ပါဝင်မှုတို့ကိုမြှင့်တင်ခြင်း၊ ကျား/မရေးရာ အသိအမြင်များ တိုးစေခြင်း၊ သက်ဆိုင်ရာ အစိုးရအတွင်း ပေါင်းစပ်ထည့်သွင်း လည်ပတ်နေစေခြင်း ဟူသော ယေဘုယျအားဖြင့် တူညီသည့်ပန်းတိုင်များရှိကြသည်။ စိုက်ပျိုးရေးနှင့်ကျေးလက်ဖွံ့ဖြိုးရေးအတွက် *ဗီယက်နမ်နိုင်ငံ၏ ကျား/မရေးရာ မဟာဗျူဟာ (၂၀၀၅)* တွင် ဗီယက်နမ်အမျိုးသမီးများအနေဖြင့် "(စိုက်ပျိုးရေးနှင့်ကျေးလက်ဖွံ့ဖြိုးရေး)ကဏ္ဍအတွင်း မြေ၊ ရေ၊ အခြေခံ အဆောက်အဦ၊ ချေးငွေများနှင့် အများပြည်သူနှင့်ဆိုင်သော အခြားသော ဝန်ဆောင်မှုများအပါအဝင် အဓိက အရင်းအမြစ်များကို လက်လှမ်းမှီနိုင်ရန်နှင့် စီမံခန့်ခွဲမှုတွင် ပါဝင်နိုင်ရန်" ရည်ရွယ်ထားပါသည်။ ထို့ပြင်နည်းဗျူဟာတွင် "ဖွံ့ဖြိုးရေးမူဝါဒများ၊ အစီအစဉ်များ၊ စီမံချက်များနှင့် စီမံကိန်းများတွင် ကျား၊မရေးရာနှင့် ကျား/မ ခွဲခြားထားသော စောင့်ကြည့်လေ့လာခြင်းနှင့် ပြန်လည်သုံးသပ်ခြင်း နည်းကိရိယာများကို ဦးတည်ဆောင်ရွက်ရန်" အကြံပြုထားပါသည်။ ဤသည်မှာ ရေအားလျှပ်စစ်လုပ်ငန်းများ၏ အကျိုးဆက်ကို ခံစားနေရသော အမျိုးသမီးများ၏ လိုအပ်

---

7 GIZ နှင့်ပူးပေါင်းလုပ်ကိုင်လျက်ရှိသော မဲခေါင်မြစ်ကော်မရှင်သည် ကျား/မရေးရာဂျဲန်ဒါအားထည့်သွင်းစဉ်းစားခြင်းကို မည်ကဲ့သို့ တိုးမြှင့်လုပ်ဆောင်နိုင်မည်ဆိုသည်နှင့်ပတ်သက်၍ ဆွေးနွေးမှုများနှင့်ရေရှည်တည်တံ့သောရေအားလျှပ်စစ်လုပ်ငန်းဆိုင်ရာ အစပြုလုပ်ငန်း စီမံချက်များအားဖြင့် အခွင့်အလမ်းများရှာဖွေလျက်ရှိပါသည်။

8 Neary Rattanak ကိုအနက်ပြန်ရလျှင် အမျိုးသမီးများသည်အဖိုးတန်သောရတနာများ ဖြစ်ကြသည်ဟုအဓိပ္ပါယ်ရပြီး အမျိုးသမီးရေးရာ ဝန်ကြီးဌာနမှပြင်ဆင်ရေးဆွဲထားသော ကမ္ဘောဒီးယားကျား/မရေးရာဂျဲန်ဒါတန်းတူညီမျှမှုနှင့် စွမ်းဆောင်ရည်မြှင့်တင်မှု မဟာဗျူဟာအစီအစဉ်၏အစိတ်အပိုင်းတစ်ခုဖြစ်ပါသည်။

ချက်များကို ဦးတည်ဆောင်ရွက် နိုင်မည့်အသင့်လျော်ဆုံးသော၊ တိုက်ရိုက်အကျဆုံးသော မဟာဗျူဟာတစ်ရပ် ဖြစ်ပါသည်။

## ဖွံ့ဖြိုးရေးနှင့် ဒေသခံပြည်သူများနှင့် တိုင်းရင်းသားလူနည်းစုများ

လာအိုနိုင်ငံ၊ *ဖွံ့ဖြိုးရေးစီမံကိန်းများ၏ နစ်နာကြေးနှင့် ပြန်လည်နေရာချထားရေး နည်းပညာလမ်းညွှန်ချက်များ (၂၀၀၅)* အရ ဖွံ့ဖြိုးရေးလုပ်ငန်း၏ အကျိုးဆက်ကို တိုင်းရင်းသားလူနည်းစုများမှ ခံစားရဖွယ်ရှိသော အခြေအနေအားလုံးတွင် တိုင်းရင်းသား လူနည်းစုများ ဖွံ့ဖြိုးရေးအစီအစဉ်ကို သီးသန့်ဖော်ထုတ်ရန် လိုအပ်ပါသည်။ တိုင်းရင်းသားလူနည်းစုများ အရေးကို ဦးတည်ထားသော နိုင်ငံသုံးနိုင်ငံရှိ အခြားသောမူဝါဒများနှင့် စည်းကမ်းချက်အချို့တွင် ခွဲခြားဆက်ဆံမှုကို ပပျောက်စေခြင်း၊ ဝန်ဆောင်မှုများ အထွေထွေတိုးတက်စေခြင်းနှင့် တိုင်းရင်းသားလူနည်းစုများကို ပံ့ပိုးကူညီခြင်းတို့ အပေါ်တွင် အာရုံစိုက်အလေးပေး ထားပါသည်။ လာအိုနိုင်ငံ၏ *အမျိုးသားကြီးပွားရေးနှင့် ဆင်းရဲနွမ်းပါးမှုပပျောက်ရေး မဟာဗျူဟာ (National Growth and Poverty Eradication Strategy - NGPES)* နှင့် *ကျား/မရေးရာ တန်းတူညီမျှရေးဆိုင်ရာ ဗီယက်နမ်ဥပဒေ(၂၀၀၆)* နှစ်မျိုးလုံးတွင် လူမျိုးစုအမျိုးသမီးများ တွေ့ကြုံနေရသော သီးသန့် အခက်အခဲများကို အသိအမှတ်ပြု ဖော်ပြထားပါသည်။

သို့ရာတွင် ရေအားလျှပ်စစ်ဖွံ့ဖြိုးရေးလုပ်ငန်းအတွင်းနှင့် လုပ်ငန်းဆိုင်ရာ ပတ်ဝန်းကျင်တွင် ဒေသခံပြည်သူများ သို့မဟုတ် တိုင်းရင်းသားလူနည်းစုများအပေါ် အကျိုးသက်ရောက်နေသော အခြေအနေအတွင်းရှိ ကျား/မရေးရာ ရလဒ်များကို လမ်းညွှန်မှုပေးနေသည့် သီးခြားမူဝါဒ သို့မဟုတ် ပြဋ္ဌာန်းချက်များ အနည်းငယ်သာ ရှိပါသေးသည်။

## မြေနှင့် သဘာဝအရင်းအမြစ်များဆိုင်ရာ အခွင့်အရေးများ

အမွေဆက်ခံရခြင်းကြောင့်ဖြစ်စေ၊ ပိုင်ဆိုင်ခြင်းအားဖြင့်ဖြစ်စေ မြေနှင့်ပတ်သက်လာလျှင် အမျိုးသမီးများတွင်တန်းတူ အခွင့်အရေးရရှိစေရန် နိုင်ငံသုံးနိုင်ငံလုံးတွင် မြေယာ၊ ပိုင်ဆိုင်မှုနှင့် အရင်းအမြစ်ဥပဒေပုဒ်မ အမျိုးမျိုးဖြင့်ကာကွယ်ပေး ထားပါသည်[9]။ နည်းလမ်းများ မတူညီကြသော်လည်း နိုင်ငံသုံးနိုင်ငံလုံးတွင် လင်မယားနှစ်ဦးမှ ပိုင်ဆိုင်သော မြေယာသည် (ပြန်လည်နေရာချထားပေးသော အခြေအနေအပါအဝင်) ခင်ပွန်းသည်နှင့် သက်ဆိုင်သည့်နည်းတူ ဇနီးသည်နှင့်လည်း ညီတူညီမျှ သက်ဆိုင်ကြောင်း အသိအမှတ်ပြုထားပြီး မြေယာပိုင်ဆိုင်မှု လက်မှတ်များတွင် နှစ်ဦးစလုံး၏ အမည်များပါဝင် သင့်သည်ဟု ဆိုထားပါသည်။

ကမ္ဘောဒီးယား၏ *လူမှုရေးအရ မြေယာအသုံးပြုပိုင်ခွင့် ဥပဒေခွဲ (၂၀၀၃)* တွင် အမျိုးသမီးဦးဆောင်သော အိမ်ထောင်စု များသည် လူမှုရေးအရ မြေယာအသုံးပြုခွင့် စီမံချက်များ[10]တွင် ပါဝင်ခွင့်ရရှိကြပြီး ထိုသို့အားဖြင့် ထိခိုက်လွယ်အမျိုး သမီးများ မြေယာ သို့မဟုတ် သဘာဝအရင်းအမြစ်များကို လက်လှမ်းမီစေရန် ပံ့ပိုးပေးလျက်ရှိသည်။ ဤသည်မှာ

---

9 ဥပမာ လာအိုနိုင်ငံ*မြေယာဥပဒေ (၂၀၀၃)* ၏ပုဒ်မ ၄၃ အရ မြေယာတစ်ခုသည်လင်မယားနှစ်ဦးပိုင်ဖြစ်ပါက မြေယာမှတ်ပုံတင်လက်မှတ်တွင် ခင်ပွန်းသည်နှင့်ဇနီးသည်နာမည်နှစ်မျိုးလုံးပါရှိရမည်ဟုပြဋ္ဌာန်းထားသည်။ ဗီယက်နမ်နိုင်ငံရှိ *လက်ထပ်ထိမ်းမြားခြင်းနှင့်မိသားစုဆိုင်ရာဥပဒေ (၁၉၈၆၊ ၂၀၀၀ ခုနှစ်တွင်ပြန်လည်ပြင်ဆင်ထားသည်)* တွင် လက်ထပ်ထိမ်းမြားစဉ်အချိန်တွင်ရရှိခဲ့သောမြေယာအားလုံးကိုနှစ်ဦးပိုင်အနေဖြင့် မှတ်ယူရမည်ဖြစ်ပြီး လင်မယားနှစ်ဦးပူးတွဲပိုင်ဆိုင်သောပိုင်ဆိုင်မှုများအတွက်မြေယာအသုံးပြုခွင့်လက်မှတ်ကိုလည်းနှစ်ဦးစလုံး၏နာမည်ဖြင့် မှတ်ပုံတင်ရမည်ဟုဖော်ပြထားသည်။ ဤလိုအပ်ချက်ကို *မြေယာဥပဒေ (၂၀၀၃)* ပုဒ်မ ၄၈ တွင်ထပ်မံဖော်ပြထားသည်။

10 လူမှုရေးအရမြေယာအသုံးပြုခွင့်များမှာ ကမ္ဘောဒီးယားနိုင်ငံတွင်ဖွံ့ဖြိုးရေးလုပ်ငန်းများကြောင့်ရွှေ့ပြောင်းပေးရသောသူများအား မြေယာ အသုံးပြုခွင့်ပေးအပ်သောနည်းလမ်းတစ်ခုဖြစ်ပါသည်။

ရေအားလျှပ်စစ် စီမံကိန်းမှ မြေ၊ ရေ၊ ပိုင်ဆိုင်မှုများနှင့် အရင်းအမြစ်များ သိမ်းယူသွားသော အခြေအနေမျိုးတွင် အထူးအရေးကြီးပါသည်။

## နိုင်ငံတော်အဆင့် ဖွံ့ဖြိုးရေးအစီအစဉ်များ

နိုင်ငံသုံးနိုင်ငံအနက် လာအိုနိုင်ငံ၏ နိုင်ငံတော်အဆင့် အစီအစဉ်ရေးဆွဲခြင်း နည်းဗျူဟာများတွင် ကျား/မရေးရာ သာတူညီမျှရှိမှုနှင့်ပတ်သက်သော အရေးကိစ္စများကို အပြည့်စုံဆုံး ပေါင်းစပ်ထည့်သွင်း ထားပါသည်။ ရေအားလျှပ်စစ်ကို ဖွံ့ဖြိုးရေးဦးစားပေးလုပ်ငန်းတစ်ရပ်အဖြစ်ထည့်သွင်းထားသော လာအိုနိုင်ငံ၏ *ခုနစ်ကြိမ်မြောက် အမျိုးသားလူမှုစီးပွားဖွံ့ဖြိုးရေးအစီအစဉ် (၂၀၁၁-၂၀၁၅)* တွင် အမျိုးသမီးများ နိုင်ငံရေးအချေအတင် ဆွေးနွေးပွဲများနှင့် စီးပွားရေးဖွံ့ဖြိုးမှုတို့တွင် ပါဝင်နိုင်ရန် ၎င်းတို့အားစွမ်းဆောင်ရည် တည်ဆောက်ပေးခြင်းနှင့် ဆက်စပ်နေသော လုပ်ငန်းများစွာကို ဖော်ထုတ်ထားပါသည်။ ဤသို့အားဖြင့် ဒေသဆိုင်ရာနှင့် ကဏ္ဍအလိုက် လုပ်ငန်းအစီအစဉ်ရေးဆွဲခြင်းတွင် အမျိုးသမီးများ ပိုမိုပါဝင်လာနိုင်ပြီး ယင်းတို့တွင် ကျား/မရေးရာ ထည့်သွင်းစဉ်းစားမှုများကို ပိုမိုလုပ်ဆောင်နိုင်မည် ဖြစ်သည်။ အမျိုးသမီးများအနေဖြင့် ၎င်းတို့၏ အခွင့်အရေးများကို ရရှိနေကြောင်း သေချာနေစေပြီး အထက်တွင် ဖော်ပြခဲ့သော အကြောင်းအရာများအားလုံး တိုးတက်ကောင်းမွန်စေရေးအတွက် ကျား/မရေးရာနှင့် ဆက်စပ်နေသော သုတေသနများတိုးမြှင့်လုပ်ဆောင်နိုင်မည်ဖြစ်သည်။

လာအိုနိုင်ငံ၏ *အမျိုးသားကြီးပွားရေးနှင့် ဆင်းရဲနွမ်းပါးမှုပပျောက်ရေး မဟာဗျူဟာ*တွင်လည်း ရေအားလျှပ်စစ်လုပ်ငန်းကို နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများအား ဆွဲဆောင်နိုင်သော ကြားခံနည်းလမ်းတစ်ခုအဖြစ် အလေးပေး ဖော်ပြထားပြီး ဆင်းရဲနွမ်းပါးမှုလျှော့ချရေးအတွက် စိုက်ပျိုးရေး၊ ပညာရေး၊ ကျန်းမာရေး၊ သယ်ယူပို့ဆောင်ရေးနှင့် နိုင်ငံရေးအသံအစရှိသော ကဏ္ဍများအားလုံးတွင် ကျား/မရေးရာ ပေါင်းစပ်ထည့်သွင်းမှုများလုပ်ဆောင်နိုင်ရန် ရှင်းလင်းသော လုပ်ငန်းရပ်များအပါအဝင် ကျား/မရေးရာနှင့်ပတ်သက်သော သီးသန့်အခန်းတစ်ခန်းပါရှိပါသည်။ သို့ရာတွင် ဗီယက်နမ်နိုင်ငံနှင့် ကမ္ဘောဒီးယားနိုင်ငံတို့၏ များစွာသော နိုင်ငံတော်ဖွံ့ဖြိုးရေးအစီအစဉ်များတွင် ကျား/မရေးရာတန်းတူညီမျှရေးအတွက် ရည်မှန်းချက်ဆန္ဒများကို ယေဘုယျအားဖြင့်သာ ဖော်ပြထားပြီး ယင်းကိုရရှိရန်လုပ်ဆောင်ရမည့် တိကျသော နည်းလမ်းများ သို့မဟုတ် ဦးတည်ချက်များ ပေါင်းစပ်ဖော်ပြထားခြင်း မရှိပါ။

## စွမ်းအင်ကဏ္ဍဖွံ့ဖြိုးရေး

လာအိုနိုင်ငံသည် စွမ်းအင်(ရေအားလျှပ်စစ်)ကဏ္ဍတွင် ရင်းနှီးမြှုပ်နှံရန်အတွက် ကျယ်ပြန့်လှသောအတွေးအခေါ် မျှော်မှန်းချက်များနှင့်အတူ ကျား/မရေးရာနှင့်ဆိုင်သော ရလဒ်များရရှိစေရန်အတွက် ရင်းနှီးမြှုပ်နှံမှုများကို အသုံးချရန်နှင့် စီမံကိန်းဖော်ဆောင်နိုင်ရန် အရှင်းလင်းဆုံးသော ဖော်ပြချက်များထားရှိပါသည်။

အထူးသဖြင့် လာအိုနိုင်ငံ၏ *အလျင်အမြန်ထုတ်ယူနိုင်သော စွမ်းအင်ဖွံ့ဖြိုးရေး မဟာဗျူဟာ (၂၀၁၁)* တွင် ကျား/မရေးရာတန်းတူညီမျှမှု ပိုမိုရရှိစေရေးကို အဓိကရည်မှန်းချက်တစ်ခုအဖြစ် ထည့်သွင်းထားပါသည်။ ထို့ပြင် "... ဒေသခံပြည်သူများ၏ စားဝတ်နေရေး ဖူလုံစေရေး၊ အထူးသဖြင့် အမျိုးသမီးများကို အလေးပေးကာ လူမျိုးစု အားလုံးအတွက် အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ ဖော်ဆောင်နိုင်ရန်နှင့် အသက်မွေးဝမ်းကျောင်းဆိုင်ရာ လိုအပ်ချက်များ ပြည့်မီစေရန် လုံလောက်သော မြေယာပမာဏကို လက်လှမ်းမီအသုံးပြုနိုင်ရေး စသည်တို့အတွက် ဘေးကင်းလုံခြုံရေးဆိုင်ရာလုပ်ငန်းများ အလုံအလောက်အားဖြည့်လုပ်ဆောင်ခြင်းဖြင့် သဘာဝပတ်ဝန်းကျင်နှင့် လူမှုရေးအရ ရေရှည်တည်တံ့သော ဖွံ့ဖြိုးမှုဖြစ်ပေါ်လာစေရေး"ဟူ၍လည်း ဖော်ပြပါရှိပါသည်။ အဆိုပါ ရည်မှန်းချက်များ ပြည့်မီအောင်မည်ကဲ့သို့ဆောင်ရွက်သွားမည်ဆိုသည်ကို မဟာဗျူဟာတွင် အကျယ်တဝင့်ဖော်ပြထားခြင်းမရှိသော်လည်း *လူမှုရေးအကျိုးသက်ရောက်မှုဆန်းစစ်ချက်နှင့် ဖွံ့ဖြိုးရေးစီမံကိန်းများရှိ နစ်နာကြေးနှင့် ပြန်လည်နေရာချထားရေးတို့အတွက် နည်း*

*ပညာလမ်းညွှန်ချက်များ (၂၀၀၅)* တွင် ကျား/မရေးရာ အသိအမြင်ရှိသော အချက်အလက်များ ကောက်ယူခြင်းနှင့် ကျား/မရေးရာအသိအမြင်ရှိသော ပြန်လည်နေရာ ချထားရေးဆိုင်ရာရပိုင်ခွင့်များနှင့်ပတ်သက်သော မျှော်မှန်းထားချက်များ ဖော်ပြပါရှိပါသည်။ EIA တွင် အများပြည်သူပါဝင်ခြင်းအတွက် အသစ်ထွက်ပေါ်လာသော လမ်းညွှန်ချက်များတွင် ကျား/မရေးရာကို အခိုင်အမာထည့်သွင်းစဉ်းစားပြီး ဆက်လက်လုပ်ဆောင်သွားနိုင်ရန် မျှော်လင့်ပါသည်။

ဗီယက်နမ်နိုင်ငံ၏ စွမ်းအင်၊ လျှပ်စစ်နှင့် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းအစီအစဉ်နှင့်ဖွံ့ဖြိုးရေးဆိုင်ရာ ဥပဒေများနှင့် မဟာဗျူဟာများတွင် ကျား/မရေးရာ အသိအမြင်လုံးဝမရှိကြောင်း တွေ့ရပါသည်။ အလားတူ ကမ္ဘောဒီးယားနိုင်ငံ၏ စွမ်းအင်နှင့်လျှပ်စစ်လုပ်ငန်း အစီအစဉ်တွင်လည်း ရှင်းလင်းပြတ်သားသော ကတိကဝတ်များ သို့မဟုတ် ကျား/မရေးရာ ထည့်သွင်းစဉ်းစားမှုများ မရှိကြောင်း တွေ့ရပါသည်။

## အပြည်ပြည်ဆိုင်ရာ အဓိကသဘောတူညီချက်များနှင့် မဲခေါင်ဒေသ အစိုးရများမှ ယင်းတို့ကိုမည်ကဲ့သို့ ပံ့ပိုးပေးမည်နည်း

ဗီယက်နမ်၊ ကမ္ဘောဒီးယားနှင့် လာအိုနိုင်ငံတို့သည် အောက်ပါဇယားတွင် ဖော်ပြထားသောသက်ဆိုင်ရာ အပြည်ပြည်ဆိုင်ရာသဘောတူညီချက်များကို လက်မှတ်ရေးထိုး၊ တရားဝင်အတည်ပြုပြဌာန်း၊ သို့မဟုတ် လက်ခံထားခဲ့ကြပါသည်။

ရေအားလျှပ်စစ်လုပ်ငန်းတွင် ကျား/မရေးရာတရားမျှတမှုကို အားပေးမြှင့်တင်ပေးနိုင်မည့် အလားအလာရှိသော အဆိုပါ သဘောတူညီချက်များတွင် ပါဝင်သည့်အချက်များကို အောက်တွင်ဖော်ပြထားပါသည်။ နိုင်ငံသုံးနိုင်ငံ၏ မူဝါဒချမှတ်ရန်ကြိုးပမ်းမှုများကို နောက်တစ်မျက်နှာတွင် ဆွေးနွေးဖော်ပြထားပါသည်။

### ရေအားလျှပ်စစ်လုပ်ငန်းတွင် ကျား/မရေးရာ တရားမျှတမှု ရှိစေရေးနှင့်စပ်လျဉ်းသော အပြည်ပြည်ဆိုင်ရာ သဘောတူညီချက်များ

| | ဗီယက်နမ် | ကမ္ဘောဒီးယား | လာအို |
|---|---|---|---|
| CEDAW - အမျိုးသမီးများအပေါ် နည်းမျိုးစုံဖြင့် ခွဲခြားဖိနှိပ်မှုများအားလုံး ပပျောက်ရေးဆိုင်ရာ သဘောတူစာချုပ် (၁၈ ဒီဇင်ဘာ ၁၉၇၉တွင် စတင်ခဲ့သည်) | လက်မှတ်ရေးထိုးထားသည်<br>၂၉ ဇူလိုင် ၁၉၈၀<br>တရားဝင်အတည်ပြုပြဌာန်းထားသည်<br>၁၇ ဖေဖော်ဝါရီ ၁၉၈၂ | လက်မှတ်ရေးထိုးထားသည်<br>၁၇ အောက်တိုဘာ ၁၉၈၀<br>တရားဝင်အတည်ပြုပြဌာန်းထားသည်<br>၁၅ အောက်တိုဘာ ၁၉၉၂ | လက်မှတ်ရေးထိုးထားသည်<br>၁၇ ဇူလိုင် ၁၉၈၀<br>တရားဝင်အတည်ပြုပြဌာန်းထားသည်<br>၁၄ ဩဂုတ် ၁၉၈၁ |
| CEDAW-OP - အမျိုးသမီးများအပေါ် နည်းမျိုးစုံဖြင့် ခွဲခြား ဖိနှိပ်မှုများ အားလုံး ပပျောက်ရေးဆိုင်ရာ သဘောတူစာချုပ်နှင့် ပတ်သက်သော လုပ်ထုံးလုပ်နည်း (၆ အောက်တိုဘာ ၁၉၉၉ တွင် စတင်ခဲ့သည်) | လက်မှတ်ရေးထိုးထားခြင်းမရှိပါ | လက်မှတ်ရေးထိုးထားသည်<br>၁၁ နိုဝင်ဘာ ၂၀၀၁<br>တရားဝင်အတည်ပြုပြဌာန်းထားသည်<br>၁၃ အောက်တိုဘာ ၂၀၁၀ | လက်မှတ်ရေးထိုးထားခြင်းမရှိပါ |

| | | | |
|---|---|---|---|
| ICESCR - စီးပွားရေး၊ လူမှုရေးနှင့်ယဉ်ကျေးမှု အခွင့်အရေးများဆိုင်ရာ အပြည်ပြည်ဆိုင်ရာ ပဋိညာဉ်စာချုပ် (၁၆ ဒီဇင်ဘာ ၁၉၆၆ တွင် စတင်ခဲ့သည်) | သဘောတူလက်ခံသည်<br>၂၄ စက်တင်ဘာ ၁၉၈၂ | လက်မှတ်ရေးထိုးထားသည်<br>၁၇ အောက်တိုဘာ ၁၉၈၀<br><br>သဘောတူလက်ခံသည်<br>၂၆ မေ ၁၉၉၂ | လက်မှတ်ရေးထိုးသည်<br>၇ ဒီဇင်ဘာ ၂၀၀၀<br><br>တရားဝင်အတည်ပြု ပြဌာန်းထားသည်<br>၁၃ ဖေဖော်ဝါရီ ၂၀၁၇ |
| ICESCR-OP - စီးပွားရေး၊ လူမှုရေးနှင့်ယဉ်ကျေးမှု အခွင့်အရေးများဆိုင်ရာ အပြည်ပြည်ဆိုင်ရာ ပဋိညာဉ်စာချုပ်နှင့် ပတ်သက်သော လုပ်ထုံးလုပ်နည်း (၁၆ ဒီဇင်ဘာ ၁၉၆၆ တွင်စတင်ခဲ့သည်) | လက်မှတ်ရေးထိုးထားခြင်း မရှိပါ | လက်မှတ်ရေးထိုးထားခြင်း မရှိပါ | လက်မှတ်ရေးထိုးထားခြင်း မရှိပါ |
| ICCPR- နိုင်ငံသားနှင့် နိုင်ငံရေးအခွင့်အရေးများ ဆိုင်ရာ အပြည်ပြည် ဆိုင်ရာ ပဋိညာဉ်စာချုပ် (၁၆ ဒီဇင်ဘာ ၁၉၆၆ တွင် စတင်ခဲ့သည်) | သဘောတူလက်ခံသည်<br>၂၄ စက်တင်ဘာ ၁၉၈၂ | လက်မှတ်ရေးထိုးထားသည်<br>၁၇ အောက်တိုဘာ ၁၉၈၀<br><br>သဘောတူလက်ခံသည်<br>၂၆ မေ ၁၉၉၂ | လက်မှတ်ရေးထိုးသည်<br>၇ ဒီဇင်ဘာ ၂၀၀၀<br><br>တရားဝင်အတည်ပြု ပြဌာန်းထားသည်<br>၂၅ စက်တင်ဘာ ၂၀၀၉ |
| ICCPR-OP- နိုင်ငံသားနှင့် နိုင်ငံရေးအခွင့်အရေးများ ဆိုင်ရာ အပြည်ပြည်ဆိုင်ရာ ပဋိညာဉ်စာချုပ်နှင့် ပတ်သက်သော လုပ်ထုံးလုပ်နည်း (၁၆ ဒီဇင်ဘာ ၁၉၆၆ တွင် စတင်ခဲ့သည်) | လက်မှတ်ရေးထိုးထားခြင်း မရှိပါ | လက်မှတ်ရေးထိုးထားသည်<br>၂၇ စက်တင်ဘာ ၂၀၀၄ | လက်မှတ်ရေးထိုးထားခြင်း မရှိပါ |
| ဒေသခံပြည်သူများ၏ အခွင့်အရေးများ ကြေညာစာတမ်း | ကုလသမဂ္ဂအထွေထွေ ညီလာခံတွင် အဆိုပြုထားသည်<br>၁၃ စက်တင်ဘာ ၂၀၀၇ | ကုလသမဂ္ဂအထွေထွေ ညီလာခံတွင် အဆိုပြုထားသည်<br>၁၃ စက်တင်ဘာ ၂၀၀၇ | ကုလသမဂ္ဂအထွေထွေ ညီလာခံတွင် အဆိုပြုထားသည်<br>၁၃ စက်တင်ဘာ ၂၀၀၇ |

***အမျိုးသမီးများအပေါ် နည်းမျိုးစုံဖြင့် ခွဲခြားဖိနှိပ်မှုများ အားလုံးပပျောက်ရေးဆိုင်ရာ သဘောတူစာချုပ် (Convention on the Elimination of All Forms of Discrimination against Women – CEDAW)*** အရ အမျိုးသမီးများအားခွဲခြားဆက်ဆံမှုပုံစံအားလုံးပပျောက်ရန်လိုအပ်ပါသည်။ ဖွဲ့စည်းပုံအခြေခံဥပဒေများတွင် ပြဋ္ဌာန်းထားသည်သာမက ဤအစီရင်ခံစာတွင်တွေ့ရှိထားသော ဥပဒေများ သို့မဟုတ် မူဝါဒများအားလုံးတွင် ခွဲခြားဖိနှိပ်မှုများမတွေ့နေရသော် လည်း လက်တွေ့တွင်ရည်မှန်းချက်အတိုင်းဖြစ်မြောက်ရေးအတွက်မှာမူ ကျား/မရေးရာတန်းတူညီမျှမှုရရှိရန် တက်ကြွစွာဆောင်ရွက်ရန်လိုအပ်ပါသည်။ ဗီယက်နမ်နှင့်လာအိုနိုင်ငံတို့တွင် ဤပန်းတိုင်သို့ရောက်ရှိနိုင်မည့်ခြေလှမ်း များစတင်ရန် ကျား/မရေးရာအခြေပြုဥပဒေများရှိနေသော်လည်း ကမ္ဘောဒီးယားနိုင်ငံတွင်မူ ထိုသို့ရှိမနေသေးပေ။ ရေအားလျှပ်စစ်စီမံကိန်းများနှင့်ပတ်သက်၍ CEDAW အပိုဒ်ငယ် ၁၄ တွင်ဖွံ့ဖြိုးရေးလုပ်ငန်းများ၌ အမျိုးသမီးများ အပြည့်အဝပါဝင်ခွင့်ကို ဖော်ပြထားပြီး လာအိုနိုင်ငံ၏ *ဖွံ့ဖြိုးရေးစီမံကိန်းများရှိနစ်နာကြေးနှင့်ပြန်လည်နေရာချထားရေး ဆိုင်ရာနည်းပညာလမ်းညွှန်များ (၂၀၀၅)* နှင့် ဗီယက်နမ်နိုင်ငံ၏ *စိုက်ပျိုးရေးနှင့်ကျေးလက်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကျား/မရေးရာ မဟာဗျူဟာ (၂၀၀၅)* တို့တွင် ကျား/မရေးရာနှင့်ပတ်သက်၍ အကောင်းဆုံးဖော်ပြပါရှိပါသည်။

***စီးပွားရေး၊ လူမှုရေးနှင့်ယဉ်ကျေးမှု အခွင့်အရေးများဆိုင်ရာ အပြည်ပြည်ဆိုင်ရာ ပဋိညာဉ်စာချုပ် (International Covenant on Economic Social and Cultural Rights – ICESCR)*** အပိုဒ် ၁ တွင်ဝမ်းရေးဖူလုံစွာအသက်ရှင်နေထိုင်ခွင့်နှင့် အပိုဒ် ၇ တွင် ဂုဏ်သိက္ခာရှိရှိအသက်ရှင်နေထိုင်ခွင့်တို့ကိုအာမခံပေးထားပါသည်။ ဤပြဋ္ဌာန်းချက်ကိုသဘောတူထားသောနိုင်ငံအားလုံးတွင် ပြန်လည်နေရာချထားရေးအတွက်မြေနေရာရွေးချယ်ခြင်းနှင့်ပတ်သက်၍ နိုင်ငံတော်အဆင့်အစီအစဉ်ရေးဆွဲခြင်းဆိုင်ရာ စံသတ်မှတ်ချက်များမှာ မည်မျှကောင်းစွာလုပ်ဆောင်ထားသည်ဆိုသည်ကို ရှင်းရှင်းလင်းလင်းမသိရပေ။ သို့သော် နိုင်ငံသုံးနိုင်ငံလုံးရှိ မူဝါဒရေးရာ နည်းကိရိယာအမျိုးမျိုးတို့၏လိုအပ်ချက်နှင့်အညီ အမျိုးသမီးများအပါအဝင် ထိခိုက်ခံစားနေရသောလူထုနှင့် စနစ်တကျတိုင်ပင်ဆွေးနွေးခြင်းက အပေါင်းလက္ခဏာဆောင်သော ရလဒ်များကိုရရှိစေနိုင်မည်ဖြစ်ပါသည်။

***နိုင်ငံသားနှင့် နိုင်ငံရေးအခွင့်အရေးများဆိုင်ရာ အပြည်ပြည်ဆိုင်ရာ ပဋိညာဉ်စာချုပ် (International Covenant on Civil and Political Rights – ICCPR)*** အပိုဒ်ငယ် ၃ တွင် အမျိုးသမီးများတိုးတက်ဖွံ့ဖြိုးရေးမှာ ဦးစားပေးတစ်ရပ်ဖြစ်သည်ဟူ၍လည်းကောင်း၊ အပိုဒ်ငယ် ၂၃ တွင် လက်ထပ်ထိမ်းမြားရာတွင် ကျား/မရေးရာတန်းတူညီမျှမှုရှိစေရန် နိုင်ငံတော်မှကြိုးပမ်းဆောင်ရွက်ပေးရမည်ဟူ၍လည်းကောင်း၊ အပိုဒ်ငယ် ၂၅ တွင် လူတိုင်းအများပြည်သူနှင့်ဆိုင်သော ကိစ္စရပ်များတွင်တန်းတူညီမျှပါဝင်ခွင့်ရှိရမည်ဖြစ်ပြီး အများပြည်သူနှင့်ဆိုင်သောဝန်ဆောင်မှုများကိုလည်း တန်းတူညီမျှ လက်လှမ်းမီအသုံးပြုနိုင်ရမည်ဟူ၍လည်းကောင်း၊ အပိုဒ်ငယ် ၂၆ တွင် ဥပဒေရှေ့မှောက်၌ လူတိုင်းတန်းတူညီမျှဖြစ်ရမည်ဟူ၍လည်းကောင်းဖော်ပြပါရှိပါသည်။ ဥပဒေရှေ့မှောက်နှင့်လက်ထပ်ထိမ်းမြားရာတွင် တန်းတူညီမျှရှိစေရေးကို နိုင်ငံသုံးနိုင်ငံလုံးမှအသိအမှတ်ပြုလက်ခံထားပြီး အမျိုးသမီးများဖွံ့ဖြိုးရေးကို CEDAW စာပိုဒ်အတွင်းတွင် ယခင်ကဦးတည်ဖော်ပြထားခဲ့ပါသည်။ အများပြည်သူနှင့်ဆိုင်သောဆုံးဖြတ်ချက်များချမှတ်သည့်လုပ်ငန်းများတွင် အမျိုးသမီးများ ပိုမိုပါဝင်လာစေလိုသောရည်ရွယ်ချက်များကို နိုင်ငံသုံးနိုင်ငံလုံးမှဖော်ပြခဲ့သော်လည်း လာအိုနိုင်ငံ၏ *ခုနစ်ကြိမ်မြောက် အမျိုးသားလူမှုစီးပွားဖွံ့ဖြိုးရေးအစီအစဉ် (၂၀၁၁-၂၀၁၅)* တွင် ဒေသအတွင်းနှင့်ကဏ္ဍအလိုက်လုပ်ငန်းအစီအစဉ်ပြင်ဆင်ရေးဆွဲခြင်းနှင့် နိုင်ငံရေးဆိုင်ရာအချေအတင်ဆွေးနွေးမှုများ၌ အမျိုးသမီးများ၏ပါဝင်မှုကိုတိုးမြှင့်ရန် ရည်ရွယ်ချက်များကို အရှင်းလင်းဆုံးဖော်ပြထားပါသည်။

***ဒေသခံပြည်သူများ၏အခွင့်အရေးများဆိုင်ရာ ကုလသမဂ္ဂကြေညာစာတမ်း (The United Nations' Declaration on the Rights of Indigenous People – UNDRIP)*** အပိုဒ်ငယ် ၁ ၏ လိုအပ်ချက်နှင့်အညီ နိုင်ငံသုံးနိုင်ငံလုံး၏ဖွဲ့စည်းပုံအခြေခံဥပဒေများတွင် ဒေသခံပြည်သူများတန်းတူညီမျှအခွင့်အရေးရရှိရေးအတွက်ပါရှိပါသည်။ သို့သော် အောက်ပါ

တို့နှင့်ပတ်သက်သော မူဝါဒပြဋ္ဌာန်းချက်အထောက်အထားများကို မည်သည့်နိုင်ငံတွင်မျှမတွေ့ရသေးပါ - ဒေသခံပြည်သူများ၏မြေယာများ၊ အရင်းအမြစ်များအသိမ်းခံရခြင်း သို့မဟုတ် ဆန္ဒမပါဘဲနေရပ်ရွှေ့ပြောင်းနေရာချထားခံရခြင်းတို့ကို ကာကွယ်ပေးခြင်း (အပိုဒ်ငယ် ၈ နှင့် ၁၀)၊ အပိုဒ်ငယ် ၂၇-၂၉ နှင့် ၃၂ တို့တွင်ထပ်ဆင့်ဖော်ပြထားသော မြေယာနှင့်ပတ်သက်သည့်အခွင့်အရေးများ၊ သို့မဟုတ် ဒေသခံပြည်သူများအနေဖြင့် နိုင်ငံရေးနှင့်ဥပဒေရေးရာအရေးကိစ္စများ၊ အထူးသဖြင့် ၎င်းတို့အပေါ်သက်ရောက်မှုရှိနေသောအရေးကိစ္စများကို နားလည်သဘောပေါက်စေရန်နှင့် ပါဝင်ဆောင်ရွက်နိုင်ရန် နိုင်ငံတော်မှကူညီပေးရန်ပြဋ္ဌာန်းထားသော အပိုဒ်ငယ် ၁၃၊ ၁၈ နှင့် ၁၉။

## အကောင်အထည်ဖော်ခြင်း

အပြည်ပြည်ဆိုင်ရာနိုင်ငံများအကြားချုပ်ဆိုထားသောသဘောတူစာချုပ်များအောက်၌ ကမ္ဘောဒီးယား၊ လာအိုနှင့် ဗီယက်နမ်နိုင်ငံတို့အားလုံးတွင် အမျိုးသမီးများ၏လူ့အခွင့်အရေးများ၊ ကျား/မရေးရာသာတူညီမျှမှုတို့နှင့် ပတ်သက်၍ ဆင်တူသောနိုင်ငံတော်အဆင့်ကတိကဝတ်များရှိကြပါသည်။ ယင်းတို့ကို နိုင်ငံတော်အဆင့်ဥပဒေနှင့်မူဝါဒများတွင် မည်ကဲ့သို့ဖော်ပြပါရှိသည်ဆိုသည့် အချက်မှာမူရောယှက်လျက်ရှိပြီး လာအိုနိုင်ငံသည် ရေအားလျှပ်စစ်လုပ်ငန်း ထူထောင်ရေးနှင့်ကျား/မရေးရာရလဒ်များကို အရှင်းလင်းဆုံးချိတ်ဆက်ဖော်ပြနိုင်ခဲ့ပါသည်။

နိုင်ငံအားလုံး၏ နိုင်ငံတော်အဆင့်မူဝါဒမူဘောင်များတွင် ရေအားလျှပ်စစ်လုပ်ငန်း၌ ကျား/မရေးရာတရားမျှတမှုကို ရရှိစေသောအခွင့်အလမ်းများကိုမြှင့်တင်ဆောင်ရွက်ပေးမည့်ပြဋ္ဌာန်းချက်များရှိပါသည်။ သို့ရာတွင် သီးသန့်ဖြစ်သော ကျား/မရေးရာထည့်သွင်းစဉ်းစားမှုများအတွက် မူဝါဒကွာဟချက်များကို ဖြည့်တင်းခြင်းနှင့် စီမံကိန်းပြင်ဆင်ခြင်း၊ အကောင်အထည်ဖော်ခြင်းနှင့်စောင့်ကြည့်လေ့လာခြင်းလုပ်ငန်းများတွင် မူဝါဒများနှင့်လမ်းညွှန်ချက်များကို ကြိုးစားလိုက်နာကျင့်သုံးခြင်းတို့မှာ အရေးကြီးမည်ဖြစ်ပါသည်။

မဲခေါင်မြစ်ကော်မရှင် (MRC) သည် နိုင်ငံအစိုးရများအကြားဖွဲ့စည်းထားသည့်အဖွဲ့ဖြစ်ပြီး မဲခေါင်မြစ်ဝှမ်းကိုရေရှည်အသုံးပြုနိုင်ရန်နှင့်စီမံခန့်ခွဲရန်တာဝန်ရှိပါသည်။ အားကောင်းသောကျား/မရေးရာဆန်းစစ်ချက်နှင့် ကျား/မရေးရာထည့်သွင်းစဉ်းစားမှုများအတွက် တူညီသောချဉ်းကပ်နည်းများကိုမြှင့်တင်ပေးနိုင်မည့် ယန္တရားတစ်ခုအဖြစ်ဆောင်ရွက်နိုင်ရန် MRC တွင်အခွင့်အလမ်းရှိပါသည်။ အဖွဲ့ဝင်အစိုးရများကဲ့သို့ပင် MRC သည်၎င်း၏ပြဋ္ဌာန်းချက်မဏ္ဍိုင်များအားလုံးတွင် ကျား/မရေးရာနှင့်ပတ်သက်သော ထည့်သွင်းပေါင်းစပ်ခြင်းဆိုင်ရာမဟာဗျူဟာတစ်ရပ်ကို ကျင့်သုံးလျက်ရှိပါသည်။ ယင်းတွင် MRC သည် ကျား/မရေးရာပါဝင်ပတ်သက်မှုအတွက် လမ်းညွှန်ချက်များ၊ နည်းကိရိယာများ၊ စိစစ်ရန်စာရင်းများကိုဖော်ထုတ်ထားပါသည်။ ရေရှည်တည်တံ့သောရေအားလျှပ်စစ်အစပြုလုပ်ငန်းများသည် ယင်းတာဝန်ယူထားရသောကဏ္ဍအတွင်း၌ ကျား/မရေးရာ ပြန်လည်အားကောင်းလာစေရန် ထည့်သွင်းစဉ်းစားထားပါသည်။ ပို၍အရေးကြီးသည်မှာ အခြား MRC ကဏ္ဍများဖြစ်သောရေလုပ်ငန်း၊ သဘာဝပတ်ဝန်းကျင်နှင့် စိုက်ပျိုးရေးတို့ရှိရင်းနှီးမြှုပ်နှံမှုများနှင့်အောင်မြင်မှုဆိုင်ရာသတင်းအချက်အလက်များအပေါ်အခြေခံထားပါသည်။ ဤ အစီရင်ခံစာရေးသားသည့်အချိန်တွင် ရေအားလျှပ်စစ်လုပ်ငန်း၌ ကျား/မရေးရာ ထည့်သွင်းပေါင်းစပ်ခြင်းဆိုင်ရာ နည်းကိရိယာကို ပြန်လည်သုံးသပ်ဆန်းစစ်လျက်ရှိပါသည်။ သို့သော် နိုင်ငံများအကြားရှိ နယ်နိမိတ်နှင့်ဆိုင်သော အခြေအနေအတွင်း သဘာဝပတ်ဝန်းကျင်နှင့် လူမှုရေးအကျိုးသက်ရောက်မှုများကိုဆန်းစစ်ရာတွင် တူညီသော မျှော်မှန်းချက်များဆီသို့ ရောက်ရှိအောင် လုပ်ဆောင်ရသောအလုပ်ကဲ့သို့သော အခြားသောကဏ္ဍများတွင် MRC အဖွဲ့ဝင်နိုင်ငံများအတွက် ကျား/မရေးရာအကျိုးသက်ရောက်မှုဆန်းစစ်ချက်၏တန်ဖိုးနှင့်အရေးကြီးပုံကို မြှင့်တင်ပေးရန် အဓိပ္ပါယ်ရှိသော၊ လက်တွေ့ကျသောအခွင့်အလမ်းများကို တင်ပြထားပါသည်။



ကတော့ငါးဖမ်းပိုက်များအသုံးပြုနေပုံ၊ လာအိုနိုင်ငံ။
ဓါတ်ပုံ - Simon Bush

## ၃။ ကောင်းမွန်သောစီးပွားရေးတစ်ခုအဖြစ် ကျား/မရေးရာ ဂျဲန်ဒါအကျိုးသက်ရောက်မှုဆန်းစစ်ချက်၊ လက်ရှိဖြစ်ပေါ်နေသောအခြေအနေနှင့်အခွင့်အလမ်းများ

ကျား/မရေးရာခွဲခြမ်းစိတ်ဖြာသုံးသပ်မှုနှင့် ကျား/မရေးရာအကျိုးသက်ရောက်မှုဆန်းစစ်ချက်တို့ကို ဆုံးဖြတ်ချက်ချရာတွင် သတင်းအချက်အလက်များရရှိနေစေရန်အတွက် အသုံးပြုသောအခါ သင့်ကုမ္ပဏီနှင့်စီမံကိန်းအနေဖြင့် ခွဲခြားဆက်ဆံမှုများထပ်မံလုပ်ဆောင်ခြင်း သို့မဟုတ် ဆက်လက်လုပ်ဆောင်ခြင်းကိုရှောင်ကြဉ်နိုင်မည်ဖြစ်သည်။ ယင်းအစား စီမံကိန်းသည် အမျိုးသမီးများ၏စွမ်းဆောင်ရည်မြှင့်တင်ခြင်းနှင့် အခွင့်အရေးတို့ကို နားလည်သဘောပေါက်အောင် ကူညီပံ့ပိုးရာတွင် တက်ကြွသောအခန်းကဏ္ဍမှပါဝင်နိုင်မည်ဖြစ်သည်။ အဖွဲ့အစည်း၏ဖွဲ့စည်းတည်ဆောက်ပုံ၊ စီမံကိန်းဖော်ဆောင်ရေးနှင့်စီမံခန့်ခွဲရေးကဏ္ဍများ၏ အဆင့်အားလုံးတွင် ကျား/မရေးရာချဉ်းကပ်နည်းကို အသုံးပြုခြင်းသည် စီးပွားရေးလုပ်ငန်းအတွက်ကောင်းမွန်သောနည်းလမ်းတစ်ခုဖြစ်ပါသည်။

ယခုနှစ်များတွင် ရေစီမံခန့်ခွဲရေးနှင့်ရေအားလျှပ်စစ်ထုတ်ရေးလုပ်ငန်းများ၌ပါဝင်သူအချို့သည် ကျား/မရေးရာကိုနားလည်အောင် ပိုမိုအာရုံစိုက်လုပ်ဆောင်လာကြပြီး အတော်များများမှာကြီးမားသော အခြေခံအဆောက်အဦစီမံကိန်းများကို အပြုသဘောဆောင်သောလူမှုရေးရလဒ်များရရှိအောင် ဖန်တီးပေးနိုင်သည့်ကြားခံအဖြစ် ကြိုးပမ်းထားရှိလာကြပြီဖြစ်ပါသည်။

ကုလသမဂ္ဂအဖွဲ့အစည်းများသည် ကမ္ဘာ့ဘဏ်နှင့် အာရှဖွံ့ဖြိုးရေးဘဏ်အပါအဝင် မူဝါဒနှင့်စီမံကိန်းဖော်ဆောင်ရေးနှင့်နိုင်ငံတကာငွေကြေးဆိုင်ရာအဖွဲ့အစည်းများတွင်အသုံးပြုနိုင်ရန် ကျား/မရေးရာနှင့်ဆိုင်သော အရင်းအမြစ် များစွာထုတ်လုပ်ထားပါသည်။ စီမံကိန်းပြုလုပ်ခွင့်နှင့်စီမံကိန်းအကောင်အထည်ဖော်ခြင်းဆိုင်ရာလိုအပ်ချက်များတွင် ကျား/မရေးရာကို ပေါင်းစပ်ထည့်သွင်းထားကြောင်းသေချာစေရန်အတွက် အရေးကြီးသောနည်းကိရိယာများ၊ မူဝါဒလမ်းညွှန်များနှင့်အရင်းအမြစ်များကို ဖော်ထုတ်ထားပါသည်။ အဖွဲ့အစည်းများ၏မိတ်ဖက်များသည်လည်း ရေအားလျှပ်စစ်လုပ်ငန်းနှင့်သင့်လျော်သော ကဏ္ဍသီးသန့်အရင်းအမြစ်များကိုဖော်ထုတ်ထားပါသည်[11]။ ယင်းတို့နှင့် တိုက်ရိုက်အသင့်လျော်ဆုံးဖြစ်သော အကြောင်းအရာများကိုအောက်တွင်ဆက်လက်ဆွေးနွေးထားပါသည်-

### ၃.၁။ ကျား/မရေးရာ - ရေအခြေခံအဆောက်အဦ၊ ရေအားလျှပ်စစ်ဆန်းစစ်ချက်၊ ထိခိုက်လွယ်မှုနှင့် အကျိုးသက်ရောက်မှုများ

#### ဆည်များဆိုင်ရာကမ္ဘာ့ကော်မရှင် - ဆည်များနှင့်ဖွံ့ဖြိုးရေးအစီရင်ခံစာ

၂၀၀၀ ခုနှစ်တွင် ဆည်များဆိုင်ရာကမ္ဘာ့ကော်မရှင် (World Commission on Dams – WCD) က ရေအခြေခံအဆောက်အဦဆောက်လုပ်သည့်လုပ်ငန်းများတွင် ဆုံးဖြတ်ချက်ချမှတ်ရာ၌ အသုံးပြုနိုင်သောချဉ်းကပ်နည်းအသစ်တစ်ခုကိုဖော်ထုတ်ထားသည့် နောက်ဆုံးအစီရင်ခံစာတစ်စောင်ကို ထုတ်ပြန်ခဲ့ပါသည်။ WCD သည် ရေအားလျှပ်စစ်ဖွံ့ဖြိုးရေးလုပ်ငန်းရှိအတွေ့အကြုံများနှင့်သက်သေအထောက်အထားများစွာကို ထည့်သွင်းစဉ်းစားထားသော ကမ္ဘာ့

[11] ဥပမာ ကမ္ဘာ့ဘဏ်သည် ၁၉၈၃ တွင်ထူထောင်ခဲ့သောအလှူရှင်များစွာပါဝင်သည့် နည်းပညာပံ့ပိုးမှုဆိုင်ရာရန်ပုံငွေတစ်ရပ်ဖြစ်သော စွမ်းအင်ကဏ္ဍစီမံခန့်ခွဲမှုအထောက်အပံ့စီမံချက် (Energy Sector Management Assistance Program – ESMAP) ကိုစီမံခန့်ခွဲပါသည်။ ESMAP တွင် စွမ်းအင်ကုမ္ပဏီများအသုံးပြုရန်အတွက်လမ်းညွှန်ချက်နှင့် ကျား/မရေးရာဂျဲန်ဒါနည်းကိရိယာများပံ့ပိုးပေးထားသော အသုံးဝင်သည့် ကျား/မရေးရာစီမံကိန်းတစ်ခုပါဝင်ပါသည်။ ESMAP ၂၀၁၃၊ *ကျား/မရေးရာ - စွမ်းအင်ကဏ္ဍအတွင်လူမှုရေးအရပါဝင်ပတ်သက်မှု တွင်ကြည့်ပါ။ အွန်လိုင်းအရင်းအမြစ်* http://ww.esmap.org/node/2757 ၁၄ ဩဂုတ် ၂၀၁၃ တွင်ဖတ်ရှုမှီငြမ်းထားသည်။

တစ်ဝှမ်းရှိအကျိုးတူပူးပေါင်းပါဝင်သူများပါဝင်သည့် လုပ်ငန်းစဉ်တစ်ခုဖြစ်ပါသည်။ WCD မူဘောင်အသစ်တွင် အဓိက တန်ဖိုး (၅) ရပ်ကိုဖော်ထုတ်ထားပါသည် -

၁။ သာတူညီမျှဖြစ်ခြင်း
၂။ အကျိုးဖြစ်ထွန်းခြင်း
၃။ အများပူးပေါင်းပါဝင်သောဆုံးဖြတ်ချက်ချခြင်း
၄။ ရေရှည်တည်တံ့ခြင်း
၅။ တာဝန်ခံခြင်း

ယင်းတွင် နည်းဗျူဟာမြောက်ဦးစားပေး (၇) ရပ်ကိုလည်း ထပ်မံ၍အသေးစိတ်ဖော်ပြထားပါသည်။ ဦးစားပေးတစ်ရပ်ချင်းစီကို မူဝါဒစည်းမျဉ်းများကပံ့ပိုးပေးထားပါသည်။ နည်းဗျူဟာမြောက်ဦးစားပေး (၇) ရပ်မှာ -

၁။ အများပြည်သူလက်ခံမှုရယူခြင်း
၂။ ပြီးပြည့်စုံသောနည်းလမ်းများဆန်းစစ်ခြင်း
၃။ ရှိရင်းစွဲဆည်များကို ဦးတည်ဆောင်ရွက်ခြင်း
၄။ မြစ်များနှင့်အသက်မွေးဝမ်းကျောင်းလုပ်ငန်းများကို ရေရှည်တည်တံ့အောင်ထိန်းသိမ်းခြင်း
၅။ ရပိုင်ခွင့်များကိုအသိအမှတ်ပြုခြင်းနှင့်အကျိုးကျေးဇူးများမျှဝေခံစားခြင်း
၆။ စည်းကမ်းချက်အတိုင်းလိုက်နာစေခြင်း
၇။ မြစ်များကို ငြိမ်းချမ်းရေး၊ ဖွံ့ဖြိုးရေးနှင့်ဘေးကင်းလုံခြုံရေးအတွက်မျှဝေအသုံးပြုခြင်း

အဓိကတန်ဖိုး (၅) ရပ်ကို အကောင်အထည်ဖော်ရန် WCD သည် ရေအားလျှပ်စစ်ထုတ်လုပ်ရေးလုပ်ငန်း၏အဓိကဆုံးဖြတ်ချက်များ၊ လုပ်ငန်းစဉ်များနှင့်တန်ဖိုး (၅) ရပ်ကိုချိတ်ဆက်ထိန်းညှိပေးမည့်ချဉ်းကပ်နည်းတစ်ခုကို အကြံပြုထားပါသည်။ တန်ဖိုး(၂)ရပ်ကို ရေနှင့်စွမ်းအင်လုပ်ငန်းဆိုင်ရာ အစီအစဉ်များရေးဆွဲခြင်းအတွက် ဗျူဟာမြောက်စီမံအုပ်ချုပ်ခြင်းနှင့်အစီအစဉ်ရေးဆွဲခြင်းအဆင့်ရှိ ရေနှင့်စွမ်းအင်အတွက်လိုအပ်ချက်များဆန်းစစ်ခြင်းနှင့် ဖြစ်နိုင်ချေရှိသောနည်းလမ်းများရှာဖွေခြင်းတို့နှင့်ချိတ်ဆက်ပေးထားပါသည်။ ကျန် (၃) ရပ်ကိုမူ ရွေးချယ်ထားသော နည်းလမ်းနှင့်ချိတ်ဆက်ပေးထားပြီး စီမံကိန်းပြင်ဆင်ခြင်း၊ အကောင်အထည်ဖော်ခြင်း၊ လည်ပတ်ခြင်းဆိုင်ရာ အဓိကအချိန်များအပေါ်တွင် အာရုံစိုက်အလေးပေးထားပါသည်။

ရေအခြေခံအဆောက်အဦရှိရလဒ်များအပေါ် ညှိနှိုင်းဆွေးနွေးရန်အတွက် အခြေခံအုတ်မြစ်ချမှတ်နိုင်ရန် WCD သည် အခွင့်အရေးများကို အသိအမှတ်ပြုသော၊ ဘေးအန္တရာယ်များကိုဆန်းစစ်နိုင်သော ချဉ်းကပ်နည်းကို အသုံးပြုခြင်း၏ အရေးကြီးပုံကို အဆိုပါလုပ်ငန်းများအားလုံးတွင် မိတ်ဆက်ပေးထားသည်။ ထို့အပြင် WCD သည်ကျယ်ပြန့်လှသော လူမှုရေး၊ ယဉ်ကျေးမှုနှင့်စီးပွားရေးအန္တရာယ်များအတွင်း ကျား/မရေးရာကိုထည့်သွင်းစဉ်းစားခြင်းနှင့် ဆည်တည်ဆောက်ရေးနှင့်ဆက်စပ်လျက်ရှိသောကုန်ကျစရိတ်များနှင့် အကျိုးကျေးဇူးများကိုထည့်သွင်းစဉ်းစားခြင်း၏ အရေးကြီးပုံကို ဖော်ထုတ်ထားသည် (WCD ၂၀၀၀)။

## ရေအားလျှပ်စစ်ကဏ္ဍ၏တုံ့ပြန်မှု

ဆည်များဆိုင်ရာကမ္ဘာ့ကော်မရှင်မှ အကြံပြုထားသော အဓိကတန်ဖိုးများနှင့်ဦးစားပေးများ၏ အရေးကြီးပုံ (HSAF ၂၀၁၁) ကို ရေအားလျှပ်စစ်ကဏ္ဍမှလက်ခံထားသော်လည်း ကဏ္ဍ၌ဦးဆောင်နေသော စီးပွားရေးနှင့်လုပ်ငန်းဆိုင်ရာ

အသင်းအဖွဲ့မှ အခွင့်အရေးနှင့်ဘေးအန္တရာယ်မှုဘောင်ပါအချက်များမှာ လက်တွေ့ကျသောအချက်များမဟုတ်ဟု ဆိုကာငြင်းပယ်ခဲ့ပါသည်။

လက်တွေ့ကျမှုရှိမရှိဟူသော ဤစိန်ခေါ်မှုကိုတစ်စိတ်တစ်ဒေသတုံ့ပြန်သည့်အနေဖြင့် ရေအားလျှပ်စစ်လုပ်ငန်းများတွင် ရေရှည်တည်တံ့မှုကိုဆန်းစစ်နိုင်ရန် ကိုယ်ပိုင်လုပ်ငန်းစဉ်များအစပြုထူထောင်ခြင်း၊ သို့မဟုတ် ကိုယ်ပိုင်နည်းကိရိယာများဖော်ထုတ်ရန်အခြားသောအစပြုလုပ်ငန်းများနှင့်ပူးပေါင်းခြင်းတို့ကို လုပ်ဆောင်ခဲ့ကြပါသည်။ အဆိုပါ နည်းကိရိယာများတွင် ကျား/မရေးရာကိုမည်မျှအသိအမှတ်ပြုအလေးပေးထားသည်ဆိုသည်ကို အောက်တွင် မိတ်ဆက်ဖော်ပြသွားမည်ဖြစ်ပြီး နောက်ဆက်တွဲတွင် အတွင်းကျကျဆက်လက်ဆွေးနွေးတင်ပြသွားပါမည်။

ရေအားလျှပ်စစ်လုပ်ငန်းရှိ အခြားသောပါဝင်ပတ်သက်သူများဖြစ်သည့် EU နှင့် ဂျာမန်အစိုးရတို့သည် စီမံကိန်းများကို ပံ့ပိုးသင့်၊ မပံ့ပိုးသင့်ဟူ၍ဆုံးဖြတ်ရာ၌ WCD ကိုအသုံးပြုကြပါသည်။



မြစ်များမှာ သက်ရှိများ၏ဘဝဖြစ်သည်။ မြစ်ဝှမ်းတစ်လျှောက်ဥယျာဉ်ခြံစိုက်ပျိုးခြင်းသည် မဲခေါင်ဒေသတစ်လျှောက်ရှိ
အရေးပါလှသော အသက်မွေးဝမ်းကျောင်းလုပ်ငန်းတစ်ခုဖြစ်ပါသည်။
ဓါတ်ပုံ - Mark Deasey

## ရေအားလျှပ်စစ်လုပ်ငန်းရေရှည်တည်တံ့မှုဆန်းစစ်ချက်ဆိုင်ရာ လုပ်ထုံးလုပ်နည်း

အပြည်ပြည်ဆိုင်ရာရေအားလျှပ်စစ်အသင်း၏ ရေအားလျှပ်စစ်လုပ်ငန်းရေရှည်တည်တံ့မှုဆန်းစစ်ချက်ဆိုင်ရာ လုပ်ထုံးလုပ်နည်း (HSAP) ၂၀၁၁ တွင် ကျား/မရေးရာဂျဲန်ဒါကို ရေရှည်တည်တံ့မှုကိုတိုင်းတာရာ၌အရေးကြီးသော ကဏ္ဍအားလုံးနှင့်သက်ဆိုင်သည့် အရေးကိစ္စတစ်ခုအဖြစ်သိမှတ်ထားပါသည်။

### ကျား/မရေးရာထည့်သွင်းစဉ်းစားမှုကို အလေ့အကျင့်ကောင်းများတိုင်းတာရာတွင် အရေးကြီးသောလုပ်ငန်းအဖြစ် အကြံပြုထားသည့် HSAP ရေရှည်တည်တံ့မှုဆိုင်ရာခေါင်းစဉ်များ

| ကနဦးအဆင့်ဆန်းစစ်ချက် | ပြင်ဆင်ခြင်းအဆင့်ဆန်းစစ်ချက် | အကောင်အထည်ဖော်ခြင်းအဆင့်ဆန်းစစ်ချက် | လုပ်ငန်းလည်ပတ်ခြင်းအဆင့်ဆန်းစစ်ချက် |
|---|---|---|---|
| လူမှုရေးပြဿနာများနှင့်ဘေးအန္တရာယ်များ (ခေါင်းစဉ် ၇) | | | |
| | ဆက်သွယ်ပြောဆိုခြင်းနှင့်တိုင်ပင်ညှိနှိုင်းခြင်း | ဆက်သွယ်ပြောဆိုခြင်းနှင့်တိုင်ပင်ညှိနှိုင်းခြင်း | ဆက်သွယ်ပြောဆိုခြင်းနှင့်တိုင်ပင်ညှိနှိုင်းခြင်း |
| | သဘာဝပတ်ဝန်းကျင်နှင့်လူမှုရေးအကျိုးသက်ရောက်မှုဆန်းစစ်ချက်နှင့်စီမံခန့်ခွဲခြင်း | | |
| | | သဘာဝပတ်ဝန်းကျင်နှင့်လူမှုရေးပြဿနာများစီမံခန့်ခွဲခြင်း | သဘာဝပတ်ဝန်းကျင်နှင့်လူမှုရေးပြဿနာများစီမံခန့်ခွဲခြင်း |
| | စီမံကိန်းကြောင့် ထိခိုက်သွားသောလူထုနှင့်အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ | စီမံကိန်းကြောင့် ထိခိုက်သွားသောလူထုနှင့်အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ | စီမံကိန်းကြောင့် ထိခိုက်သွားသောလူထုနှင့်အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ |
| | ပြန်လည်နေရာချထားခြင်း | ပြန်လည်နေရာချထားခြင်း | ပြန်လည်နေရာချထားခြင်း |
| | လုပ်အားနှင့်လုပ်ငန်းအခြေအနေများ | လုပ်အားနှင့်လုပ်ငန်းအခြေအနေများ | လုပ်အားနှင့်လုပ်ငန်းအခြေအနေများ |
| | ပြည်သူ့ကျန်းမာရေး | ပြည်သူ့ကျန်းမာရေး | ပြည်သူ့ကျန်းမာရေး |

(HSAP ၂၀၁၁) မှထုတ်နုတ်မှီငြမ်းထားသည်။

စီမံကိန်းတစ်ခုစီ၌ဖြစ်စေ၊ စီမံကိန်းအတွဲများ၌ဖြစ်စေ ရေရှည်တည်တံ့မှုကိုတိုင်းတာရန် HSAP ကိုအသုံးပြုပါသည်။ ဆိုလိုသည်မှာ HSAP သည်မြစ်ဝှမ်းတစ်လျှောက်လုံးဆန်းစစ်မှုပြုလုပ်ရန်အတွက် တည်ဆောက်ထားခြင်းမဟုတ်ဘဲ ကျား/မရေးရာအကြောင်းကိုထည့်သွင်းစဉ်းစားသင့်သော ရေရှည်တည်တံ့မှုဆိုင်ရာကဏ္ဍအများအပြားကို ဖော်ထုတ်ပေးပါသည်။ သို့သော်လည်း ကျား/မရေးရာကိုရေရှည်တည်တံ့မှုအတွက် သီးသန့်ဦးစားပေးကဏ္ဍအဖြစ် အားပေးမြှင့်တင်နိုင်ခဲ့ခြင်းမရှိပါ။ ယင်းအစား အသုံးပြုသူများအတွက် မည်သည့်လူမှုရေးခေါင်းစဉ်များတွင် ကျား/မ ရေးရာကိုထည့်သွင်းစဉ်းစားသင့်သည်ဆိုသည့်လုပ်ထုံးလုပ်နည်းများနှင့်ပတ်သက်သော *လမ်းညွှန်မှတ်စုများ* ပေးအပ်ထားပါသည်။ လုပ်ထုံးလုပ်နည်းတွင် ရေရှည်တည်တံ့မှုဆိုင်ရာစွမ်းဆောင်ရည်များကိုတိုင်းတာနိုင်ရန် အမှတ်ပေးစနစ်ကို အသုံးပြုထားပါသည်။ သို့သော် ကျား/မရေးရာစွမ်းဆောင်ရည်များနှင့်ပတ်သက်၍ ကွာဟချက် တစ်စုံတစ်ရာတွေ့

ရှိခဲ့ပါက ယင်းကိုအခြေခံ၍အမှတ်ပေးနိုင်ရန်အတွက် အမှတ်ပေးရမည့်စာကြောင်းများ သို့မဟုတ် ဆန်းစစ်နည်းများနှင့် ပတ်သက်၍ရှင်းလင်းသော အခြေခံအချက်များဖော်ပြမထားပါ။

## မြစ်ဝှမ်းတစ်လျှောက်ရေအားလျှပ်စစ်ရေရှည်တည်တံ့ရေးအမြန်ဆန်းစစ်မှုနည်းကိရိယာ

မဲခေါင်ဒေသမြစ်ဝှမ်းတစ်လျှောက်အတွက် (HSAP နှင့်ခြားနားသောအချက်) သီးသန့်ဖော်ထုတ်ထားသော မြစ်ဝှမ်းတစ်လျှောက် ရေအားလျှပ်စစ်ရေရှည်တည်တံ့ရေး အမြန်ဆန်းစစ်မှုနည်းကိရိယာ(RSAT)သည် ကျား/မရေးရာအကြောင်း ပါဝင်စေရန် ပေါင်းစပ်ထည့်သွင်းသောချဉ်းကပ်နည်းကိုပင်အသုံးပြုထားပါသည်။ RSAT တွင် ခေါင်းစဉ်အချို့နှင့် ရေရှည်တည်တံ့မှုစံနှုန်းများကို ထည့်သွင်းစဉ်းစားထားပြီး အကျိုးတူပူးပေါင်းဆောင်ရွက်သူများစုံလင်စွာဆွေးနွေးညှိနှိုင်းခြင်းကိုဦးဆောင်ပံ့ပိုးပေးနိုင်ရန် ယင်းကိုပုံဖော်ရေးဆွဲထားပါသည်။ RSAT အားဖြင့်လုပ်ငန်း ဖော်ဆောင်သူများ၊ အစိုးရဘက်မှပါဝင်ပတ်သက်သူများ၊ ဘဏ်များ၊ မဲခေါင်မြစ်ကော်မရှင်၊ မြစ်ဝှမ်းဆိုင်ရာအဖွဲ့အစည်းများနှင့် နိုင်ငံတော်အဆင့်မြစ်ဝှမ်းကော်မရှင်များအားလုံးကို အတူတကွစုစည်းစေနိုင်မည်ဖြစ်ပြီး RSAT တွင် အကျိုးတူပူးပေါင်း ဆောင်ရွက်သူများစုံလင်စွာပါဝင်နိုင်ရန် ရည်ရွယ်ထားပါသည်။ RSAT ကို အချိန်နှင့်တပြေးညီ ပြင်ဆင်မွမ်းမံလာခဲ့သည်မှာ အကြိမ်အရေအတွက် အတော်အသင့်ရှိခဲ့ပြီဖြစ်ပြီးလက်ရှိတွင် အရပ်ဘက်လူ့အဖွဲ့အစည်းများပါပူးပေါင်းပါဝင်လာစေရန် ကြိုးပမ်းဆောင်ရွက်လျက်ရှိပါသည်။

RSAT ပါကဏ္ဍများသည် HSAP ပါအကြောင်းအရာများနှင့် နည်းမျိုးစုံအားဖြင့်ချိတ်ဆက်လျက်ရှိပါသည်။ သို့သော် RSAT သည်မဲခေါင်အခြေအနေအတွက် ပို၍သီးသန့်အလေးပေးထားသောနည်းကိရိယာတစ်ခုဖြစ်ပါသည်၊ ဥပမာ ရေလုပ်ငန်းအကြောင်းဆန်းစစ်ခြင်းအပေါ်တွင် အသေးစိတ်အလေးပေးထားခြင်း။ ဆန်းစစ်မှုအတွက်အသုံးပြုထားသော စံနှုန်းများတွင် ကျား/မရေးရာအတွက် သီးသန့်မီခြမ်းကိုးကားမှုများပါဝင်ပါသည်။

HSAP နှင့်မတူသည့်အချက်မှာ RSAT အသုံးပြုသူများကို ကျား/မရေးရာ ကွဲပြားမှုများနှင့် ကျား/မရေးရာ "စွမ်းဆောင်ရည်" များကိုအမှတ်ပေးရန်အတွက်စာကြောင်းစံနှုန်းများဖြင့် လမ်းညွှန်ပေးထားပါသည်။ RSAT တွင် ကျား/မရေးရာနှင့် အမျိုးသမီးများထိခိုက်လွယ်မှုဆိုင်ရာ အရေးကိစ္စများကိုဖော်ထုတ်ထားသော အာရှဖွံ့ဖြိုးရေးဘဏ်ကဲ့သို့သော အခြားအဖွဲ့အစည်းများမှအဓိပ္ပါယ်ဖွင့်ဆိုချက်များကို မွေးစားအသုံးပြုထားပါသည်၊ ဥပမာ - "အဓိပ္ပါယ်ရှိသော ညှိနှိုင်းဆွေးနွေးအတိုင်ပင်ခံမှု"[12]။

RSAT ကိုနောက်ဆက်တွဲတွင်ပို၍နက်နက်နဲနဲလေ့လာဖော်ထုတ်ထားပါသည်။

[12] အဓိပ္ပါယ်ပြည့်ဝသောညှိနှိုင်းဆွေးနွေးအတိုင်ပင်ခံခြင်း ဆိုသည်မှာ (၁) စီမံကိန်းစက်ဝန်းတွင်စောလျင်စွာစတင်သည်၊ (၂) သင့်လျော်သော သတင်းအချက်အလက်များကို လုံလုံလောက်လောက်နှင့်အချိန်မီထုတ်ဖော်ပြောကြားပေးသည်၊ ယင်းကို ထိခိုက်ခံရသောလူထုအနေဖြင့် နားလည်လွယ်ပြီး အဆင်သင့်လက်လှမ်းမီသည်၊ (၃) ခြိမ်းခြောက်မှုကင်းသော၊ ဖိအားကင်းသောအခြေအနေတွင်ပြုလုပ်ခြင်းဖြစ်သည်၊ (၄) ကျား/မရေးရာပါဝင်သော၊ အလေးပေးသောလုပ်ငန်းဖြစ်ပြီး အားနည်းသောသူများ၊ ထိခိုက်လွယ်သောသူများ၏လိုအပ်ချက်များနှင့်အညီ လုပ်ဆောင်ထားသည်၊ (၅) စီမံကိန်းဒီဇိုင်း၊ အန္တရာယ်လျှော့ချရေးလုပ်ငန်းများ၊ ဖွံ့ဖြိုးရေးအခွင့်အလမ်းများနှင့် အကျိုးကျေးဇူးများဝေမျှခြင်းနှင့် အကောင်အထည်ဖော်ခြင်းဆိုင်ရာအရေးကိစ္စများစသည်တို့ကဲ့သို့သော ဆုံးဖြတ်ချက်ချသည့်နေရာများတွင်ထိခိုက်ခံစားနေရသူများအားလုံး၊ အခြားသော အကျိုးတူပူးပေါင်းဆောင်ရွက်သူများအားလုံးထံမှ ဆီလျော်မှုရှိသော ထင်မြင်ချက်များအားလုံးကိုပေါင်းစပ်ခွင့်ပေးထားသည့် ဖြစ်စဉ်တစ်ခုဖြစ်ပါသည်။ ချို့တဲ့အားနည်းသောသူများ သို့မဟုတ် ထိခိုက်လွယ်သူများ၊ အထူးသဖြင့် အခြေခံစားဝတ်နေရေးအတွက် အနည်းဆုံးလိုအပ်သော တစ်ရက်ဝင်ငွေအောက်လျော့၍ရရှိသူများ၊ မြေယာမဲ့များ၊ သက်ကြီးရွယ်အိုများ၊ အမျိုးသမီးအိမ်ထောင်ဦးစီးများ၊ အမျိုးသမီးများနှင့်ကလေးသူငယ်များ၊ ဒေသခံပြည်သူများနှင့် ဥပဒေအကြောင်းအရ မြေယာပိုင်ဆိုင်ခွင့်မရှိသူများ၏လိုအပ်ချက်များအပေါ် အထူးအလေးပေးမှုများရှိပါသည်။ (ADB ၂၀၀၉၊ စာ ၂၆)

## ကျား/မရေးရာနှင့် ဒေသခံပြည်သူများ

မဲခေါင်ဒေသနှင့်အခြားသောဖွံ့ဖြိုးဆဲနိုင်ငံအများအပြား၏နိုင်ငံအခြေအနေအရ အရေးကြီးသောအချက်တစ်ချက်မှာ ဒေသခံပြည်သူများ၏အရင်းအမြစ်များ၊ မြေများ၊ ပိုင်နက်များ၊ ရေများကိုအသုံးပြု၍ ရေအားလျှပ်စစ်လုပ်ငန်းများကို မည်ကဲ့သို့ဖော်ဆောင်မည်ဆိုသည့်အချက်ပင်ဖြစ်ပါသည်။ ကျား/မရေးရာ အကျိုးသက်ရောက်မှုဆန်းစစ်ချက်ကို နားလည်သဘောပေါက်ခြင်းနှင့်ယင်းတွင် ဒေသခံပြည်သူများပါဝင်စေခြင်းသည် စီမံကိန်းနှင့်ပတ်သက်၍ ပြည်သူတို့ ထံမှသဘောတူခွင့်ပြုချက်ရယူရန်အတွက်အရေးကြီးသောအခွင့်အလမ်းတစ်ခုဖြစ်ပြီး စီမံကိန်းကို အမျိုးသမီးများ၊ အမျိုးသားများ၏ စိတ်ပါဝင်စားမှုများ၊ အခွင့်အရေးများတန်းတူထည့်သွင်းစဉ်းစားကာဖော်ထုတ်ထားကြောင်း သေချာ စေမည်ဖြစ်သည်။ ဤအခြေအနေအတွင်းတွင် ကုမ္ပဏီအနေဖြင့်စီမံကိန်းကြောင့်ဖြစ်ပေါ်လာနိုင်သော အနုတ်သဘော ဆောင်သည့်ကျား/မရေးရာအခန်းကဏ္ဍများနှင့်ပတ်သက်ဆက်နွယ်မှုဆိုင်ရာ ဘေးအန္တရာယ်များကို ရှောင်ရှား နိုင်မည်၊ လျှော့ချနိုင်မည်ဖြစ်သည်။

ဒေသခံပြည်သူများသည်ကမ္ဘာပေါ်တွင် အဆင်းရဲဆုံး၊ ပစ်ပယ်အထားခံရဆုံးသူများအတွင်းတွင်ပါဝင်နေတတ်ပါသည်။ ထို့ပြင် မိမိဆန္ဒမပါဘဲ မြေယာနှင့်အရင်းအမြစ်များအသိမ်းခံရဖူးသောသူများအနက် ဒေသခံအမျိုးသမီးများမှာ ထပ်မံ၍ ခွဲခြားဆက်ဆံခံရပြီး ၎င်းတို့၏လူ့အခွင့်အရေးများကိုအပြည့်အဝခံစားခွင့်များဆုံးရှုံးနေကြပါသည်။ ဒေသခံအမျိုးသမီး များသည်အများအားဖြင့် ပညာရေး၊ ကျန်းမာရေးစောင့်ရှောက်မှုနှင့်အလုပ်အကိုင်တို့ရရှိနိုင်မှုမှာလည်း ပိုမိုနိမ့်ကျလျက် ရှိပါသည်။ ဒေသခံပြည်သူများအတွင်းရှိအမျိုးသမီးများ၏အခြေအနေမှာ ဖိနှိပ်မှုအမျိုးမျိုးနှင့်ပစ်ပယ်မှုအမျိုးမျိုးကို ခံစား နေကြရပါသည်။ မီရိုးဖလာထိန်းသိမ်းလာခဲ့သောမြေများနှင့်အရင်းအမြစ်များကို ဒေသခံများထံမှသိမ်းယူပြီး လူထု အတွင်းရှိဖွဲ့စည်းတည်ဆောက်ပုံများအပေါ် အကျိုးသက်ရောက်စေသော ရေအားလျှပ်စစ်လုပ်ငန်းများထူထောင် သည့်အခြေအနေတွင် သဘောတူညီမှုများအတွက် ညှိနှိုင်းမှုများပြုလုပ်ခြင်း၊ အိမ်ထောင်စုနှင့်လူထုအတွက် အကျိုး အမြတ်များနှင့်အခြားသောအကျိုးကျေးဇူးများအား ထိန်းချုပ်ခြင်းတို့ကိုလုပ်ဆောင်သူများမှာ အများအားဖြင့် အမျိုးသား များသာဖြစ်ပါသည်။

ဤအခြေအနေမျိုးတွင်အနုတ်သဘောဆောင်သောအကျိုးသက်ရောက်မှုများကိုရှောင်ရှားနိုင်ရန် ကုမ္ပဏီအနေဖြင့် များစွာလုပ်ဆောင်နိုင်ပါသည်။ ဒေသခံပြည်သူများအနေဖြင့် စီမံချက်မတိုင်မီသတင်းအချက်အလက်များ အခမဲ့ ရရှိနေ ပြီး ၎င်းတို့၏သဘောတူညီမှုပေးအပ်ပိုင်ခွင့် သို့မဟုတ် ငြင်းဆန်ပိုင်ခွင့်တို့အပေါ်လေးစားမှုပြသခြင်းမှာ စီမံကိန်း၏ ရှင်းလင်းသောသန္နိဋ္ဌာန်တစ်ခုဖြစ်ရပါမည်။ ရေအားလျှပ်စစ်ကုမ္ပဏီများအနေဖြင့်အမျိုးသမီးများအားခွဲခြားဆက်ဆံခြင်း များကြုံတွေ့လာပါက လျစ်လျူရှုခြင်း၊ သည်းခံခြင်း သို့မဟုတ် ကိုယ်တိုင်ကျူးလွန်ခြင်းများမလုပ်ဆောင်သင့်ဘဲ စီမံချက်မတိုင်မီသတင်းအချက်အလက်များအခမဲ့ဖြန့်ဝေပြီး သဘောတူညီမှုရယူသည့်လုပ်ငန်းစဉ်များ (Free, Prior and Informed Consent - FPIC) တွင် ဒေသခံအမျိုးသမီးများပါဝင်လာအောင် ဆောင်ရွက်ခြင်းအားဖြင့် ရေအားလျှပ်စစ်လုပ်ငန်းကြောင့်ဖြစ်ပေါ်လာနိုင်သော ကျား/မရေးရာ အကျိုးသက်ရောက်မှုများကို ရှောင်ရှားနိုင်ရန် ကြိုးစားလုပ်ဆောင်သင့်ပါသည်။ ထိုသို့လုပ်ဆောင်ရာ၌ ပြည်သူတို့၏သဘောတူခွင့်ပြုချက်များကို လုပ်ငန်းအသွင် ဖန်တီးယူရာတွင် လူထုအားလုံး၏အခွင့်အရေးများနှင့်လျော်ညီစေမည့်ပုံစံမျိုးဖြင့်လုပ်ဆောင်ကာ ဒေသခံအမျိုးသမီး များ၏ကြိုးပမ်းမှုများကို အသိအမှတ်ပြုခြင်း၊ ထောက်ခံအားပေးခြင်းအားဖြင့်အကောင်းဆုံးလုပ်ဆောင်နိုင်ပါသည်။ တန်းတူညီမျှရေး၊ ခွဲခြားဆက်ဆံမှုမရှိရေးနှင့်သာတူညီမျှရှိရေးတို့အပေါ်အခြေခံ၍ဆုံးဖြတ်ချက်ချမှတ်သည့်လုပ်ငန်းစဉ် များ၊ FPIC လုပ်ငန်းစဉ်များတွင်အမျိုးသမီးများမည်ကဲ့သို့ပါဝင်သင့်သည်၊ မည်သည့်အချိန်တွင်ပါဝင်သင့်သည်ဟူ၍ ဆုံးဖြတ်ရမည့်သူများမှာ (အခြားသူများ၏ဖိအားပေးမှုများမပါဝင်ဘဲ) ဒေသခံအမျိုးသမီးများသာ ဖြစ်သင့်ပါသည်။

ဤလက်စွဲကို ဆုံးဖြတ်ချက်ချရာတွင် အမျိုးသမီးများနှင့်အမျိုးသားများ ညီတူညီမျှပါဝင်နေကြောင်း သေချာအောင် လုပ်ဆောင်ရာတွင်သော်လည်းကောင်း၊ စီမံကိန်းတစ်ခုဖော်ဆောင်ရာတွင် ယင်းလည်ပတ်မည့်ဒေသပတ်ဝန်းကျင်၏ ကျား/မရေးရာအခြေအနေများကိုနားလည်ပြီးလုပ်ဆောင်နေကြောင်း သေချာအောင်လုပ်ဆောင်ရာတွင်သော်လည်း ကောင်း ကုမ္ပဏီများအတွက်အကူဖြစ်စေရန်အသုံးပြုနိုင်ပါသည်။

## ကုလသမဂ္ဂ၊ လူ့အခွင့်အရေးနှင့်စီးပွားရေး - ရေအားလျှပ်စစ်လုပ်ငန်းအတွက် ဒေသအခြေအနေ

အမျိုးသမီးများ၏အခွင့်အရေးများမှာ အပြည်ပြည်ဆိုင်ရာလူ့အခွင့်အရေးမူဘောင်၏ ဗဟိုအစိတ်အပိုင်းတစ်ခုဖြစ်ပြီး အချို့သောကြေညာစာတမ်းများနှင့်သဘောတူညီမှုပဋိညာဉ်စာချုပ်များတွင် အသိအမှတ်ပြုဖော်ပြထားပါသည်။ အခန်း ၆ တွင် မဲခေါင်ဒေသအစိုးရများမှ အဆိုပါနည်းကိရိယာများကိုမည်ကဲ့သို့ထောက်ခံအားပေးသည်၊ ယင်းတို့ကို မဲခေါင် ဒေသတွင်မည်ကဲ့သို့သဘောပေါက်နားလည်ထားသည် စသည့်အချက်များကိုဆန်းစစ်ထားပါသည်။

လတ်တလောနှစ်များတွင် ကုလသမဂ္ဂမှဦးဆောင်၍ လူ့အခွင့်အရေးနည်းကိရိယာများကို စီးပွားရေးနယ်ပယ်တွင် မည်ကဲ့သို့အသုံးပြုနိုင်မည်ဆိုသည့်အချက်ကိုဆုံးဖြတ်နိုင်ရန် ပုဂ္ဂလိကကဏ္ဍနှင့်အားကောင်းသော ဆွေးနွေးမှုများရှိခဲ့ပါသည်။

ကုလသမဂ္ဂ၏ *စီးပွားရေးနှင့်လူ့အခွင့်အရေးဆိုင်ရာ အကာအကွယ်၊ လေးစားမှုနှင့် လျော်ကြေးမူဘောင် (Protect, Respect and Remedy Framework on Business and Human Rights)* တွင် စီးပွားရေးနှင့်ဆက်စပ်နေသော လူ့အခွင့်အရေချိုးဖောက်မှုများကိုကာကွယ်ခြင်း၊ ဦးတည်ဖြေရှင်းခြင်းနှင့်စပ်လျဉ်း၍ အစိုးရနှင့်စီးပွားရေးကဏ္ဍနှစ်ရပ် စလုံး၏အခန်းကဏ္ဍများနှင့်တာဝန်ဝတ္တရားများကိုဖော်ပြထားပါသည်။ ဤမူဘောင်သည် အစိုးရအဖွဲ့များ၊ စီးပွားရေး လုပ်ငန်းများနှင့်အရပ်ဘက်လူ့အဖွဲ့အစည်းတို့၏ ထောက်ခံပံ့ပိုးမှုများရရှိထားပါသည်။ ယင်းတွင်အချင်းချင်းဆက်နွယ် နေသော မဏ္ဍိုင် (၃) ခုပါရှိပါသည် -

၁။ စီးပွားရေးလုပ်ငန်းအပါအဝင်ကြားနေအဖွဲ့များမှလူ့အခွင့်အရေးချိုးဖောက်မှုများကို သင့်လျော်သောမူဝါဒများ၊ စည်းမျဉ်းစည်းကမ်းများနှင့်စီရင်ဆုံးဖြတ်မှုများအားဖြင့်ကာကွယ်ပေးရန် နိုင်ငံတော်၏တာဝန်၊

၂။ လူ့အခွင့်အရေးအပေါ်လေးစားရန် အဖွဲ့အစည်းများ၏တာဝန် - ဆိုလိုသည်မှာ စီးပွားရေးလုပ်ငန်းများ အနေဖြင့် အခြားသူများ၏အခွင့်အရေးများကိုချိုးဖောက်ခြင်းကိုရှောင်ရှားရန်နှင့် ၎င်းတို့ပါဝင်ပတ်သက်နေသော အခြေအနေ အတွင်းဖြစ်ပေါ်လာသည့် ဆိုးကျိုးများကိုဦးတည်ဖြေရှင်းရန် ဂရုတစိုက်ကြိုးပမ်းသင့်သည်။

၃။ စီးပွားရေးနှင့်ဆက်စပ်၍လူ့အခွင့်အရေးချိုးဖောက်ခံရသူများသည် တရားဥပဒေအကြောင်းအရဖြစ်စေ၊ တရား ဥပဒေနှင့်မဆိုင်သောအလျော်အစားဖြစ်စေ ထိရောက်သောနစ်နာကြေးတစ်ခုခုကိုပို၍လက်လှမ်းမီရန်လိုအပ်မှု။

အကာအကွယ်၊ လေးစားမှုနှင့် လျော်ကြေးမူဘောင်ကို အထောက်အကူဖြစ်စေရန်ဖော်ထုတ်ထားသော *စီးပွားရေးနှင့် လူ့အခွင့်အရေးဆိုင်ရာကုလသမဂ္ဂလမ်းညွှန်စည်းမျဉ်းများ*တွင် လူ့အခွင့်အရေးများကိုလေးစားရမည့်အဖွဲ့အစည်းများ ၏တာဝန်ဆိုသည်မှာ စီးပွားရေးလုပ်ငန်းများသည်၎င်းတို့၏စီးပွားရေးဆက်နွယ်မှုများမှတဆင့်ဖြစ်ပေါ်လာသောဆိုးကျိုး များအပါအဝင် လူ့အခွင့်အရေးအပေါ်ဆိုးကျိုးသက်ရောက်စေသောလုပ်ငန်းများတွင်ပါဝင်ခြင်းကိုရှောင်ကြဉ်ရမည်ဟူ၍ ရှင်းလင်းဖော်ပြထားပါသည်။ တစ်နည်းဆိုသော် စီးပွားရေးလုပ်ငန်းများသည် ဘေးအန္တရာယ်များမပြုလုပ်သင့်ပေ။

လက်တွေ့၌ စီးပွားရေးလုပ်ငန်းများတွင် လူ့အခွင့်အရေးအားလုံးကို လေးစားလိုက်နာရန် ကတိကဝတ်ထားရှိစေမည့် လူ့အခွင့်အရေးဆိုင်ရာမူဝါဒတစ်ရပ်လိုအပ်ပါသည်။ ထို့ပြင် လုံလောက်သော ကြိုးပမ်းအားထုတ်မှုများပါဝင်သည့် လူ့အခွင့်အရေးလုပ်ငန်းစဉ်တစ်ရပ်ကိုလည်းအကောင်အထည်ဖော်ရန်လိုအပ်ပါသည်။ ယင်းတွင် ၎င်းတို့သည် လူ့ အခွင့်အရေးများကိုလေးစားကြောင်းသိရှိရန်နှင့်ပြသရန် ကျား/မရေးရာအရေးကိစ္စများကိုရှင်းလင်းတိကျစွာ ထည့်သွင်း စဉ်းစားရန်လိုအပ်ပါသည် (အကျိုးသက်ရောက်မှုများကိုဖော်ထုတ်ရန်နှင့်ဆန်းစစ်ရန်လိုအပ်ခြင်း၊ အဆိုပါ ဆန်းစစ်ချက်

များ၏အဖြေများကို အဖွဲ့၏လုပ်ငန်းစဉ်အားလုံးတွင်ပေါင်းစပ်ထည့်သွင်းခြင်း၊ လူ့အခွင့်အရေးဆိုင်ရာ စွမ်းဆောင်ရည်များကို စောင့်ကြည့်စစ်ဆေးခြင်းနှင့်ယင်းနှင့်ပတ်သက်၍ဆက်သွယ်ဆောင်ရွက်ခြင်း)။ ၎င်းအပြင် ၎င်းတို့ဖြစ်စေခဲ့သော၊ ဖြစ်စေရန်ပံ့ပိုးမိခဲ့သော ဆိုးကျိုးတစ်စုံတစ်ရာအတွက်အလျော်အစားပေးအပ်နိုင်ရန် ကြိုးပမ်းသင့်ပါသည်၊ ဥပမာ - တရားဝင်မကျေနပ်ချက်များကို ဖြေရှင်းပေးသည့်နည်းလမ်းမှတဆင့်ဖြေရှင်းပေးခြင်း။

## ၃.၂။ ရေအားလျှပ်စစ်နှင့်ကျား/မရေးရာ - အခွင့်အလမ်း

(၂၁) ရာစုတွင်ရေအားလျှပ်စစ်လုပ်ငန်းများထူထောင်ခြင်းကို အများအားဖြင့် ဖွံ့ဖြိုးရေးလုပ်ငန်းတစ်ခုအဖြစ် သတ်မှတ်လာကြသည်။ ဤသည်မှာ ဆည်တွင်ရင်းနှီးမြှုပ်နှံခြင်းကို နိုင်ငံအတွက် သို့မဟုတ် မြစ်ဝှမ်းဒေသအတွက် ဖွံ့ဖြိုးရေးဆိုင်ရာကျယ်ပြန့်သောရလဒ်များယူဆောင်လာမည့်အခွင့်အရေးတစ်ခုအဖြစ်ဖော်ထုတ်ထားသော စီမံကိန်းဖြစ်တည်ရခြင်း၏အကြောင်းရင်းတစ်ရပ်ကို အတိုဆုံးနည်းဖြင့်ရှင်းပြခြင်းသာဖြစ်သည်။ ဆိုလိုသည်မှာ ဆည်ကိုယ်၌သည်ပင်ကျယ်ပြန့်သောဖွံ့ဖြိုးရေးနှင့်ရင်းနှီးမြှုပ်နှံမှုများ - လမ်းများ၊ ဝန်ဆောင်မှုများ၊ ဆေးရုံများအစရှိသည်တို့ - အတွက် ခြေကုပ်တစ်ခုသဖွယ်ရှိနေနိုင်သည်။ အဆိုပါဖွံ့ဖြိုးရေးရလဒ်များကိုရရှိအောင်လုပ်ဆောင်ရန် လိုအပ်မည်ဆိုပါက အမျိုးသမီးများအားစွမ်းဆောင်ရည်မြှင့်တင်ခြင်းသည်လည်း အရေးကြီးသောရည်ရွယ်ချက်တစ်ရပ်ဖြစ်သင့်ပါသည်။

အစိုးရအတော်များများသည် အပြည်ပြည်ဆိုင်ရာလူ့အခွင့်အရေးသဘောတူညီချက်များအပေါ် ကတိကဝတ်များထားရှိခြင်းအားဖြင့် ကျား/မရေးရာကိုနားလည်သဘောပေါက်ရန်၊ ဂရုစိုက်အလေးထားရန်လိုအပ်ပါသည်။ မဲခေါင်မြစ်ဝှမ်းအောက်ပိုင်းဒေသရှိအစိုးရအားလုံးသည် အမျိုးသမီးများ၏အခွင့်အရေးများကိုအသိအမှတ်ပြုမြှင့်တင်ပေးထားသောအဓိကလူ့အခွင့်အရေးနည်းကိရိယာများအပေါ် ကတိကဝတ်ထားရှိကြပါသည်။

လူ့အခွင့်အရေးများအားလေးစားခြင်းမှာ အစိုးရများကဲ့သို့ပင် ကုမ္ပဏီများ၏တာဝန်ဝတ္တရားလည်းဖြစ်ပါသည်။

ရေအားလျှပ်စစ်လုပ်ငန်းထူထောင်ခြင်း၊ လည်ပတ်ခြင်းလုပ်ငန်းစဉ်တွင် ရိုးရှင်းသော၊ တိုးမြှင့်ထားသောကျား/မရေးရာရလဒ်များကိုထည့်သွင်းခြင်းသည် စီးပွားရေးကဏ္ဍ၏အလေ့အကျင့်ကောင်းတစ်ခုဖြစ်ပါသည်။ ယင်းကို လက်ရှိစီမံကိန်းစီမံခန့်ခွဲရေးအလေ့အကျင့်များအတွင်းတွင် ထည့်သွင်းလုပ်ဆောင်နိုင်ပြီး ကုမ္ပဏီအနေဖြင့်မမျှော်လင့်ထားသောဘေးအန္တရာယ်များနှင့်ကုန်ကျစရိတ်များကို ရှောင်ကြဉ်နိုင်ရန် ယင်းကကူညီပေးနိုင်မည်ဖြစ်ပါသည်။

*သတ္တုတွင်းလုပ်ငန်းများသည်လည်း အကျိုးသက်ရောက်မှုများ၊ လုပ်ငန်းလည်ပတ်ရန်အတွက် လူမှုရေးလိုင်စင်များရရှိရန်နှင့် ထိန်းသိမ်းထားရန်အရေးကြီးမှုစသော အခန်းကဏ္ဍများတွင် ရေအားလျှပ်စစ်ကုမ္ပဏီများကဲ့သို့ပင် တူညီသောစိန်ခေါ်မှုများကို ရင်ဆိုင်နေရပါသည်။*

*၂၀၀၉ ခုနှစ်တွင်နိုင်ငံပေါင်းစုံပါဝင်သောသတ္တုတွင်းကုမ္ပဏီ Rio Tinto သည် "မည်သည့်အတွက်ကြောင့် ကျား/မရေးရာသည်အရေးကြီးရသနည်း - Rio Tinto တွင်လူထုလုပ်ငန်းများလုပ်ကိုင်ရာ၌ ကျား/မရေးရာဆိုင်ရာစဉ်းစားမှုများပေါင်းစပ်ထည့်သွင်းရန်အတွက်လမ်းညွှန်" ကိုရေးသားခဲ့ပါသည်။*

*ယင်းတွင် Rio မှလုပ်သားများအတွက် Rio မူဝါဒများနှင့်လိုအပ်ချက်များ၊ အသုံးဝင်သောနည်းကိရိယာများနှင့်မိုငြမ်း ကိုးကားချက်များနှင့်ပတ်သက်၍လမ်းညွှန်ချက်များပါဝင်ပါသည်။ ယင်းမှာ ကုမ္ပဏီလုပ်ငန်းများတွင် ကျား/မရေးရာ၏ အရေးကြီးပုံကို ဖော်ပြထားသော အဖွဲ့၏ရှင်းလင်းသည့်ကြေညာစာတမ်းတစ်စောင်ဖြစ်ပါသည်။*

*Rio Tinto တွင်ဖော်ပြထားသည်မှာ -*

- *"ကျွန်ုပ်တို့၏လုပ်ရပ်များကြောင့် ကျွန်ုပ်တို့လုပ်ငန်းလုပ်ကိုင်သည့်လူထုအတွင်း ရှိရင်းစွဲမညီမျှမှုများ ပိုမိုဆိုးရွားမသွားစေရန် Rio Tinto တွင်ရှိသော ကျွန်ုပ်တို့တွင်တာဝန်ရှိပါသည်။ ရေရှည်တည်တံ့သောဖွံ့ဖြိုးရေးနှင့်လူ့အခွင့်အရေးတို့အတွက် Rio Tinto ၏ ကတိကဝတ်များအရ ကျွန်ုပ်တို့သည် ကျွန်ုပ်တို့၏လုပ်ငန်း*

*အခြေစိုက်ရာဒေသ အားလုံးရှိထိခိုက်ခံစားနေရသောသူများ၊ အကျိုးသက်ရောက်နေသောသူများ - အမျိုးသမီးများနှင့်အမျိုးသားများ၊ မိန်းကလေးများနှင့်ယောကျ်ားကလေးများ - ၏ ဘဝအရည်အသွေးနှင့် လူမှုစီးပွားအခြေအနေများ တိုးတက်စေမည့် အခြေအနေများသို့ရောက်ရှိရန် လုပ်ဆောင်သွားရန်လိုအပ်ပါသည်။"* (Rio Tinto ၂၀၀၉၊ စာ ၂၂)

- *"ဆိုးကျိုးများနှင့်လူမှုရေးဆိုင်ရာဘေးအန္တရာယ်များကို လျှော့ချနိုင်ရန်နှင့် လူထုအတွင်းရှိမည်သည့်အုပ်စုအပေါ်ကိုမျှ မမျှမတမပြုလုပ်မိစေရန် Rio Tinto တွင်တာဝန်ရှိပါသည်။ အချို့သောအခြေအနေများတွင် အမျိုးသမီးများသည် သတ္တုတွင်းလုပ်ငန်းများကြောင့် အထူးထိခိုက်လွယ်ကြကြောင်း ရှင်းလင်းသော အထောက်အထားများရှိပါသည်။"* (Rio Tinto ၂၀၀၉၊ စာ ၈၁)
- *"ကျား/မရေးရာကို သတ္တုတွင်းလုပ်ငန်းအဆင့်အားလုံးရှိ စီမံကိန်းနှင့်စီမံချက်ဖော်ဆောင်ခြင်းနှင့်အကောင်အထည်ဖော်ခြင်းတို့တွင်ပေါင်းစပ်ထည့်သွင်းရန်ကြိုးပမ်းနေသောကုမ္ပဏီတစ်ခုအနေဖြင့် ကျွန်ုပ်တို့ကြုံတွေ့ရသောစိန်ခေါ်မှုများကို အသိအမှတ်ပြုရန်အရေးကြီးပါသည်။ ကျွန်ုပ်တို့ပူးပေါင်းပါဝင်သောလုပ်ငန်းစဉ်များတွင် ကျား/မရေးရာထည့်သွင်းစဉ်းစားမှုများကို ပေါင်းစပ်အသုံးပြုသွားရန် ဆက်လက်အာရုံစိုက်သင့်ပါသည်။"* (Rio Tinto ၂၀၀၉၊ စာ ၇၂)

*Rio Tinto မှ အသုံးပြုထားသော ဤချဉ်းကပ်နည်းမှာ ကျား/မရေးရာကိုထည့်သွင်းပေါင်းစပ်ရန်အတွက် ပို၍ပြီးပြည့်စုံသော၊ မူဝါဒနှင့်တသမတ်တည်းဖြစ်သောချဉ်းကပ်နည်းတစ်ခု အကောင်အထည်ဖော်ရန် ရှာဖွေနေသည့် ရေအားလျှပ်စစ်ကုမ္ပဏီများအတွက် စံနမူနာတစ်ခုသဖွယ်ဖြစ်စေပါသည်။ ယင်းကို*

*http://www.riotinto.com/documents/reportspublications/rio_tinto_gender_guide.pdf တွင် ရယူနိုင်သည်။*



ငါးဈေးအတွင်းရှိအမျိုးသမီးများ၊ An Giang ဒေသ၊ ဗီယက်နမ်/
ဓါတ်ပုံ - Gary Lee/Oxfam

## ၄။ ကျား/မရေးရာအကျိုးသက်ရောက်မှုဆန်းစစ်ချက် - လုပ်ငန်းဆောင်ရွက်သူများအတွက် မရှိမဖြစ်နည်းကိရိယာတစ်ခု

### ၄.၁။ ကျား/မရေးရာအကျိုးသက်ရောက်မှုဆန်းစစ်ချက်ဆိုသည်မှာအဘယ်နည်း။

ကျား/မရေးရာအကျိုးသက်ရောက်မှုဆန်းစစ်ချက်ဆိုသည်မှာ စီမံကိန်းအတွင်းရှိ ဆုံးဖြတ်ချက်ချမှတ်သူများနှင့် အကျိုးတူပူးပေါင်းလုပ်ဆောင်သူများအား စီမံကိန်း၏သက်ရောက်မှုများရှိနိုင်သည့် လက်ရှိအခြေအနေများနှင့် ဒေသအခြေအနေများနှင့် အဆိုပါစီမံကိန်းအပေါ်အခြေခံ၍ မည်သည့်ပြောင်းလဲမှုများ၊ မည်သည့်ရလဒ်များထွက်ပေါ် လာနိုင်သည်ဆိုသည်ကို သိရှိသဘောပေါက်စေသည့်လုပ်ငန်းစဉ်တစ်ခုဖြစ်ပါသည်။ ထိုသို့ကြိုတင်မှန်းဆထားသော၊ သဘောပေါက်နားလည်ထားသောအကျိုးသက်ရောက်မှုများတွင် အချက်အလက်များထပ်မံပြည့်စုံစေရန် ကျား/မ ရေးရာ စံနှုန်းများကို အသုံးပြုထားပါသည်။

ကျား/မရေးရာအကျိုးသက်ရောက်မှုဆန်းစစ်ချက်သည် စီမံကိန်းထူထောင်သူများ (အစိုးရ၊ လုပ်ငန်းရှင်များနှင့် ကုမ္ပဏီများအပါအဝင်) အနေဖြင့် အမျိုးသားများနှင့်အမျိုးသမီးများအကြား ကျား/မရေးရာပတ်သက်ဆက်နွယ်မှုများနှင့် အမျိုးသားများ၊ အမျိုးသမီးများအပေါ် စီမံကိန်းမှမည်ကဲ့သို့အကျိုးသက်ရောက်စေသည်ဆိုသည်ကို ထည့်သွင်းစဉ်းစားနိုင်ရန် ကူညီပေးသည်။ ဆန်းစစ်ချက်အားဖြင့် စီမံကိန်းကြောင့်ပိုမိုဆိုးရွားသွားဖွယ်ရှိသော အမျိုးသားများနှင့် အမျိုးသမီးများအကြားရှိအင်အားဆက်နွယ်မှုများ၏ရှုထောင့်အများအပြားကိုနားလည်သဘောပေါက်စေပြီး တန်းတူညီမျှသောရလဒ်များ ထွက်ပေါ်လာစေနိုင်သည်။ ဤသို့အားဖြင့် စီမံကိန်းအကျိုးသက်ရောက်မှုများကြောင့် ပို၍ထိခိုက်လွယ်သော အမျိုးသမီးများသည်စီမံကိန်းမတိုင်မီအခြေအနေထက်ပို၍ ကောင်းမွန်သောဘဝများကို ရရှိနိုင်မည်ဖြစ်သည်။

ကျား/မရေးရာအကျိုးသက်ရောက်မှုဆန်းစစ်ချက်သည် လူ့အသိုင်းအဝိုင်းအဆင့်အားလုံးတွင် အမျိုးသားများနှင့် အမျိုးသမီးများ တစ်ဦးနှင့်တစ်ဦးမည်ကဲ့သို့ဆက်နွယ်နေသည်၊ အပြန်အလှန်ဆက်သွယ်နေသည်ဆိုသည်နှင့် ပတ်သက်သောအသေးစိတ်သတင်းအချက်အလက်များကိုပေးနိုင်ပြီး လုပ်ငန်းများအနေဖြင့် အမျိုးသားများကိုဖြစ်စေ၊ အမျိုးသမီးများကိုဖြစ်စေ ပို၍ဆိုးကျိုးမခံစားရစေရန်ကြိုးပမ်းလုပ်ဆောင်ရာတွင်အသုံးပြုနိုင်သည်။ ကျား/မရေးရာ ခွဲခြမ်းစိတ်ဖြာသုံးသပ်မှုများပြုလုပ်ခြင်းအားဖြင့် ဖွံ့ဖြိုးရေးဆုံးဖြတ်ချက်များကို အမျိုးသားများနှင့်အမျိုးသမီးများအကြားရှိ ဆက်နွယ်မှုများနှင့်ပတ်သက်သောအချက်အလက်များ၊ ၎င်းတို့၏မတူညီသောအခြေအနေများနှင့် လိုအပ်ချက်များအပေါ်တွင် အခြေခံ၍ချမှတ်နိုင်မည်ဖြစ်သည်။

စီမံကိန်းစက်ဝန်းတွင် ကျား/မရေးရာအကျိုးသက်ရောက်မှုဆန်းစစ်ချက်ကိုအသုံးပြုခြင်းအားဖြင့် စီမံကိန်းစတင်သူအနေဖြင့် အမျိုးသားများနှင့်အမျိုးသမီးများအပေါ် ကျရောက်နိုင်သောဘေးအန္တရာယ်များနှင့်အခွင့်အလမ်းများကို ဆန်းစစ်နိုင်ပြီး အန္တရာယ်များကိုရှောင်ရှားရန်နှင့် ကျား/မရေးရာတန်းတူညီမျှမှုပိုမိုရှိလာစေရန် ပြောင်းလဲမှုများ၊ ကတိကဝတ်များ၊ ဆုံးဖြတ်ချက်များပြုလုပ်နိုင်မည်ဖြစ်သည်။

### ၄.၂။ မည်သည့်အတွက်ကြောင့် ကျား/မရေးရာ အကျိုးသက်ရောက်မှုဆန်းစစ်ချက်ပြုလုပ်ရန် လိုအပ်ရသနည်း။

***"ရေအားလျှပ်စစ်စီမံကိန်းများ အကောင်အထည်ဖော်ရာတွင် ကျား/မရေးရာအရေးကိစ္စများကို ထည့်သွင်းစဉ်းစား ခြင်းမှာ စီမံကိန်းရေရှည်တည်တံ့ရန်အတွက် အရေးကြီးလှပါသည်။ ရေအားလျှပ်စစ်ဖွံ့ဖြိုးရေးစီမံကိန်းများမှာ သဘာဝပတ်ဝန်းကျင်ဆိုင်ရာ အကျိုးဆက်များ သိသိသာသာဖြစ်ပေါ်လေ့ရှိပါသည်။ သက်ရောက်မှုများမှာ အကျိုးဖြစ်ထွန်းသည်ဖြစ်စေ၊ အကျိုးယုတ်စေသည်ဖြစ်စေ၊ စီမံကိန်းဒေသတွင် နေထိုင်ကြသော လူတန်းစားအသီးသီး၊ လူမျိုးအသီးသီး၏ဘဝများအပေါ် သက်ရောက်မှုရှိမည်ဖြစ်ပါသည်။ စီမံကိန်းအကောင်အထည်ဖော်ရာတွင် ဖြစ်ပေါ်တတ်***

*သောဆိုးကျိုးများသည်အမျိုးသမီးများ၊ ထိခိုက်လွယ်သောလူတန်းစားများနှင့်မျိုးနွယ်စုများ၏ဘဝများအပေါ်တွင်အဓိက သက်ရောက်မှုရှိနေတတ်ပြီး အမျိုးသားများမှာမူအကျိုးကျေးဇူးအများစုကိုခံစားရဖွယ်ရှိပါသည်။" (လျှပ်စစ်ဓါတ်အား ထုတ်လုပ်ရေးဦးစီးဌာန၊ ၂၀၁၅၊ စာ ၁)*

ကျား/မရေးရာ အကျိုးသက်ရောက်မှုဆန်းစစ်ချက်၏ ပန်းတိုင်မှာ နေရာဒေသအခြေအနေနှင့်အချိန်အခါတို့အပေါ်မူ တည်၍ ကွဲပြားနိုင်ပါသည်။ ယေဘုယျအားဖြင့် ကျား/မရေးရာအကျိုးသက်ရောက်မှုဆန်းစစ်ချက်ကို စီမံကိန်းဖြစ်နိုင်ချေဆန်းစစ်မှု၊ စီမံကိန်းကနဦးဆန်းစစ်ချက်တို့နှင့်အတူ ပူးတွဲလုပ်ကိုင်လေ့ရှိပါသည်။ ယင်းတို့၏ရလဒ်များသည် စီမံခန့်ခွဲရေးအစီအစဉ်များနှင့်ရသုံးမှန်းခြေလျာထားခြင်းတို့အတွက် သတင်းအချက်အလက်များဖြစ်စေမည်ဖြစ်ပါသည်။ ထိုသို့လုပ်ဆောင်ခြင်းအားဖြင့်ရရှိလာနိုင်ဖွယ်ရှိသော ရလဒ်များတွင်အောက်ပါတို့ပါဝင်ပါသည် -

- စီမံကိန်းသည် အမျိုးသား၊ အမျိုးသမီးတို့အပေါ်မည်ကဲ့သို့ကွဲပြားစွာအကျိုးသက်ရောက်နေကြောင်း စီမံကိန်းဖော်ဆောင်သူများနားလည်သဘောပေါက်လာခြင်း၊ ထိုသို့နားလည်လာခြင်းမှနေ၍ -
- စီမံကိန်းဖော်ဆောင်သူများသည် အဓိကလုပ်ငန်းစဉ်များ တွင် အမျိုးသမီးများပါဝင်လာရန်နှင့် ကျား/မရေးရာအကျိုးသက်ရောက်မှုများကို ကျယ်ကျယ်ပြန့်ပြန့်စဉ်းစားတတ်လာခြင်း၊ ယင်းက (အန္တရာယ်ဆန်းစစ်ခြင်း၊ ဒေသခံပြည်သူများအတွက် သို့မဟုတ် ပြန်လည်နေရာချထားပေးရန်လိုအပ်သောအခြေအနေများကဲ့သို့သော အခြားသောအကျိုးသက်ရောက်မှုဆန်းစစ်ချက်များ လုပ်ဆောင်ခြင်းနှင့် သက်ဆိုင်ရာဆန်းစစ်မှုများပြုလုပ်ခြင်း၊ ရသုံးမှန်းခြေလျာထားခြင်း၊ အရင်းအမြစ်များစီမံခန့်ခွဲခြင်း၊ အချိန်ဇယားရေးဆွဲခြင်း၊ ဆန်းစစ်ခြင်း စသည်တို့အပါအဝင်) နောင်တွင်ပြုလုပ်မည့် စီမံကိန်းဆုံးဖြတ်ချက်များအတွက် သတင်းအချက်အလက်များ ရစေသည်၊ ထိုသို့လုပ်ဆောင်ခြင်းအားဖြင့် -
- စီမံကိန်းဆုံးဖြတ်ချက်များသည် ကျား/မရေးရာတန်းတူညီမျှမှုကို ပို၍ဦးတည်ထားကြောင်း စီမံကိန်းဖော်ဆောင်သူများမှ သေချာအောင်လုပ်ဆောင်နိုင်လာသည်။
- ဘေးအန္တရာယ်ဆန်းစစ်မှုနှင့် အသုံးစရိတ်/အကျိုးအမြတ်ခွဲခြမ်းစိတ်ဖြာသုံးသပ်ချက်သည် ပို၍ပြီးပြည့်စုံမှုရှိပြီး စီမံကိန်းမှ ကျား/မရေးရာဆက်နွယ်မှုများအပေါ် ယခုနှင့်နောင်တွင် မည်ကဲ့သို့သက်ရောက်မှုရှိနေမည်ဆိုသည်ကို တိတိကျကျသုံးသပ်နိုင်လာသည်။ ယင်းတွင် လူထုမှ ကျား/မရေးရာ အသိအမြင်ရှိလာခြင်း၊ စီမံကိန်းကြောင့်ထိခိုက်နိုင်သော ဂေဟစနစ်ဆိုင်ရာ ဝန်ဆောင်မှုများကိုအသုံးပြုခြင်းတို့ပါဝင်ပြီး ယင်းတို့သည် အောက်ပါတို့ အတွက် အကူအညီဖြစ်စေနိုင်ပါသည် -
- စီမံကိန်းအတွင်း အမျိုးသားများနှင့်အမျိုးသမီးများ အများဆုံးပါဝင်လာနိုင်မည့်အခွင့်အလမ်းများရရှိလာအောင် လုပ်ဆောင်ပေးခြင်းနှင့် အကျိုးကျေးဇူးများကို ညီတူညီမျှ မျှဝေအသုံးပြုရမည်ဖြစ်ကြောင်းနားလည်သဘောပေါက်လာခြင်း။

စီမံကိန်းဖော်ဆောင်သူများ၊ ၎င်းတို့ကိုငွေကြေးအားဖြင့်ကျောထောက်နောက်ခံပြုသူများနှင့် အစိုးရမိတ်ဖက်များသည် ကျား/မရေးရာအကျိုးသက်ရောက်မှုဆန်းစစ်ချက်လုပ်ဆောင်ခြင်းဖြင့် ၎င်းတို့စီမံကိန်းများ၏တန်ဖိုးများ မြင့်တက်လာမည်ဖြစ်သည်။ ကျား/မရေးရာနှင့် ယင်းအပေါ်စီမံကိန်း၏အကျိုးသက်ရောက်မှုများကိုထည့်သွင်းစဉ်းစားခြင်း၊ ယင်းနောက် ကျား/မရေးရာတန်းတူညီမျှမှုရရှိစေရန် စီမံကိန်းကိုလိုက်လျောညီထွေအကောင်အထည်ဖော်ခြင်းတို့သည် ရေအားလျှပ်စစ်စီမံကိန်းများရေရှည်တည်တံ့စေရန် ထည့်သွင်းစဉ်းစားရမည့်အရေးကြီးသောရှုထောင့်များ ဖြစ်ပါသည်။

စီမံကိန်းအနေဖြင့် ကျား/မရေးရာအကျိုးသက်ရောက်မှုဆန်းစစ်ချက်ကိုအသုံးပြုနေခြင်း၊ စီမံကိန်းဖော်ဆောင်ရာတွင်၊ လုပ်ငန်းလည်ပတ်ရာတွင် ကျား/မရေးရာဆက်နွယ်မှုများကို ဆက်လက်တန်ဖိုးထားခြင်းနှင့် စောင့်ကြည့်လေ့လာခြင်းတို့ လုပ်ဆောင်နေမည်ဆိုပါက စီမံကိန်းကိုထောက်ခံအားပေးသူများအနေဖြင့် ၎င်းတို့စီမံကိန်းများ၏ဘေးအန္တရာယ်

များကို ပိုမိုစီမံခန့်ခွဲနိုင်မည်ဖြစ်ပါသည်။ စီမံကိန်းကိုထောက်ခံအားပေးသူများသည် အကျိုးသက်ရောက်မှုများကို အမျိုးသားများနှင့်အမျိုးသမီးများမှ ကွဲပြားစွာတွေ့ကြုံရင်ဆိုင်ရကြောင်း၊ အဆိုပါအကျိုးသက်ရောက်မှုများသည် တစ်ဦးချင်းစီ၏ မိသားစုအတွင်းနှင့်လူထုအတွင်းရှိ ဆက်ဆံရေးများအပေါ် မည်ကဲ့သို့သက်ရောက်နေစေကြောင်းကိုလည်း ထည့် သွင်းစဉ်းစားသင့်ပါသည်။

အလေ့အကျင့်ကောင်းတစ်ခု၏အစိတ်အပိုင်းအဖြစ် အမျိုးသမီးများအတွက် ရေရှည်တည်တံ့သောရလဒ်ကောင်းများနှင့်အကျိုးကျေးဇူးများရရှိစေရန်မှာ အမျိုးသမီးများစွမ်းဆောင်ရည်မြှင့်တင်ခြင်းအပေါ် အာရုံစိုက်အလေးပေးရန် လိုအပ်ပါသည်။

အမျိုးသမီးများစွမ်းဆောင်ရည်မြှင့်တင်ရန် သို့မဟုတ် အပြောင်းအလဲတစ်ရပ်ဖြစ်စေရန် စီမံကိန်းအနေဖြင့်ပါဝင်ပံ့ပိုးရမည်ဆိုပါက အမျိုးသမီးများသည် လူ့အသိုင်းအဝိုင်းအတွင်းရှိ အားနည်းသူအုပ်စုများ သို့မဟုတ် အပစ်ပယ်ခံအုပ်စုများ (ဒေသခံပြည်သူများ၊ ဆင်းရဲသားများ၊ မသန်စွမ်းသူများစသည်ဖြင့်) အတွင်းရှိအုပ်စုတစ်စုမဟုတ်ဘဲ၊ အဆိုပါအုပ်စုများအားလုံးတွင်ပါဝင်နေကြောင်းကို နားလည် သဘောပေါက်ရန်အရေးကြီးပါသည်။ ထို့ပြင်မိသားစုနှင့်အိမ်ထောင်စုများသည် အမျိုးသမီးများအား အားနည်းစေသောအဓိကအချက်များဖြစ်ကြောင်းကိုနားလည်ရမည်ဖြစ်ပါသည်။

အထက်ဖော်ပြပါအချက်များကြောင့် စီမံကိန်းကြောင့်ဖြစ်ပေါ်လာသောအကျိုးသက်ရောက်မှုကို ဦးတည်ဖြေရှင်းပေးမည့်စီမံခန့်ခွဲရေးနည်းဗျူဟာများသည် အမျိုးသားများနှင့်အမျိုးသမီးများအကြားရှိအပြန်အလှန်ဆက်သွယ်မှုများအပေါ် သက်ရောက်မှုရှိနေမည်ဖြစ်ပါသည်။ ဤအချက်မှာ စီမံကိန်းရှိသည့်နေရာအားလုံးတွင် မတူညီသောယဉ်ကျေးမှုများ၊ ဘာသာစကားများ၊ လူမှုစီးပွားရေးအခြေအနေများနှင့်လူမျိုးစသည်တို့အပေါ်မူတည်၍ ကွဲပြားသွားမည်ဖြစ်ပါသည်။ စီမံကိန်းသည် လူ့အသိုင်းအဝိုင်း၊ လူထုအတွင်းရှိဖွဲ့စည်းတည်ဆောက်ပုံ၊ အလုပ်အကိုင်၊ မိသားစုတို့အပေါ်တွင်လည်း သက်ရောက်မှုများဖြစ်စေမည်ဖြစ်ပြီး ဤသို့အားဖြင့် အမျိုးသားများနှင့်အမျိုးသမီးများ အပြန်အလှန်ဆက်သွယ်နေရသောအခြေအနေများအပေါ် သက်ရောက်မှုရှိနေမည်ဖြစ်ပါသည်။ မူဝါဒများနှင့်စီမံကိန်းလုပ်ငန်းများသည် အိမ်ထောင်စုအဆင့် ဆက်နွယ်မှုများနှင့်တာဝန်ဝတ္တရားများအပေါ်မည်ကဲ့သို့သက်ရောက်နေကြောင်း စဉ်းစားရန်မှာ အရေးကြီးလှပါသည်။ ထို့ပြင်နစ်နာမှုများအတွက်အလျော်အစားပေးရန် သို့မဟုတ် လူထုနှင့်အကျိုးအမြတ်များမျှဝေရန် ကြိုတင်တွေးဆထားသည့်အချက်များအား ဆန်းစစ်ရာတွင် ဩဇာအာဏာနှင့်အရင်းအမြစ်များနှင့်ပိုင်ဆိုင်မှုများအပေါ် ထိန်းချုပ်နိုင်စွမ်းတို့အပြင် အမျိုးသမီးစွမ်းဆောင်ရည်မြှင့်တင်ခြင်းအပေါ်သက်ရောက်နေသော အဖွဲ့အစည်းဆိုင်ရာ အခွင့်အလမ်းများကိုပါ ဆန်းစစ်ဝေဖန်သွားသင့်ပါသည်။

စီမံကိန်းဖော်ဆောင်နေစဉ်တစ်လျှောက်တွင် အောက်ပါတို့ကိုထည့်သွင်းစဉ်းစားသွားသင့်ပါသည် -

- မကျေနပ်မှုများ သို့မဟုတ် တရားမမျှတမှုများကိုတိုင်ကြားသည့်လုပ်ငန်းစဉ်များ
- ပြန်လည်နေရာချထားခံရသောလူထုအတွက် အရင်းအမြစ်များ၊ မြေယာနှင့်ရေဆိုင်ရာအခွင့်အရေးများ ညှိနှိုင်းပေးခြင်း
- ကျောင်းများ၊ ကျန်းမာရေးဆေးခန်းများ၊ ဈေးများကဲ့သို့သော ဆုံးရှုံးသွားသည့်အခြေခံအဆောက်အဦများနှင့် ပိုင်ဆိုင်မှုများကိုအစားထိုးပေးခြင်း
- စီမံကိန်းကြောင့်အသက်မွေးဝမ်းကျောင်းလုပ်ငန်းများထိခိုက်သွားသောလူထုအတွက် အသုံးပြုခွင့်များ သတ်မှတ်ပေးခြင်း
- စီမံကိန်းတစ်လျှောက်အတိုင်ပင်ခံဆွေးနွေးခြင်းနှင့်လူထုမှဆုံးဖြတ်ချက်ချမှတ်သည့်လုပ်ငန်းစဉ်များ
- စီမံကိန်းဒီဇိုင်းနှင့်အကျိုးသက်ရောက်မှုလျော့နည်းစေသည့်အစီအစဉ်များ (ပြန်လည်နေရာချထားရေး၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး၊ အကျိုးအမြတ်မျှဝေရန်သဘောတူညီချက်များ စသည်ဖြင့်)

- လူထုဖွံ့ဖြိုးရေးစီမံကိန်းများ


## ၄.၃။ မည်သည့်အချိန်တွင်ကျား/မရေးရာအကျိုးသက်ရောက်မှုဆန်းစစ်ချက်များကိုလုပ်ဆောင်သင့်ပါသနည်း။

ကျား/မရေးရာခွဲခြမ်းစိတ်ဖြာသုံးသပ်မှုနှင့် အကျိုးသက်ရောက်မှုဆန်းစစ်ချက်များကို မြစ်ဝှမ်းဒေသနှင့်ပတ်သက် သော နည်းဗျူဟာမြောက်အစီအစဉ်ရေးဆွဲခြင်းလုပ်ငန်းတွင် ပါဝင်ပတ်သက်သူများစိတ်ပါဝင်စားလာအောင် လုပ်ဆောင်ကြ သည့်လုပ်ငန်းများ၏ တစ်စိတ်တစ်ပိုင်းအဖြစ် ထည့်သွင်းထားသင့်ပါသည်။ ထိုမှနေ၍ မြစ်ပေါ်တွင် လုပ်ဆောင်သော ဖွံ့ဖြိုးရေးစီမံကိန်းများအတွက် နည်းလမ်းများပေါ်ထွက်လာမည်ဖြစ်သည်။ အနုတ်သဘောဆောင်သော ကျား/မရေးရာ သက်ရောက်မှုများကိုရှောင်ရှားခြင်းသည် နည်းလမ်းများ၏ရေရှည်တည်တံ့မှုနှင့် အလားအလာတို့ကိုဆန်းစစ်ရန် အတွက် ဆုံးဖြတ်ချက်ချရာတွင် အရေးကြီးသောစံနှုန်းတစ်ခုဖြစ်သင့်ပါသည်။

တွေ့ရှိပြီးသားရေအားလျှပ်စစ်စီမံကိန်းတစ်ခုအတွက်မူ ကျား/မရေးရာအကျိုးသက်ရောက်မှုဆန်းစစ်ချက်နှင့် ကျား/မ ရေးရာသဘောတရားများကို ကျွမ်းကျင်မှုတို့မှာ စီမံကိန်းဖော်ဆောင်သည့် ကနဦးအဆင့်များတွင် စတင်ပါဝင်နိုင်မည် ဆိုပါက အသုံးအဝင်ဆုံးပင်ဖြစ်ပါသည်။ ထိုအချိန်မှာ အရေးကြီးသောဆုံးဖြတ်ချက်များ မချမှတ်ရသေးသည့် အချိန် ဖြစ်သည့်အတွက် စီမံကိန်းဒီဇိုင်းနှင့်စီမံခန့်ခွဲမှုအစီအစဉ်များကို ကျား/မရေးရာ နားလည်သဘောပေါက်မှုများ အပေါ် အခြေခံကာ ပြုပြင်ပြောင်းလဲယူနိုင်ပြီး ကျား/မရေးရာခွဲခြမ်းစိတ်ဖြာမှုအပေါ်အခြေခံ၍ ရသုံးမှန်းချေနှင့် ရင်းနှီး မြှုပ်နှံမှုများကို သင့်လျော်သလိုခွဲဝေနေရာချထား နိုင်မည်ဖြစ်သည်။ E/SIA အတွင်းကျား/မရေးရာ အကျိုးသက် ရောက်မှုဆန်းစစ်ချက်ကို ထည့်သွင်းခြင်းသည် အဓိကနည်းလမ်းတစ်ခုဖြစ်ပါသည်။

ကျား/မရေးရာကျွမ်းကျင်မှု၊ အမျိုးသမီးများ၊ ကျား/မရေးရာဂျဲန်ဒါအကျိုးသက်ရောက်မှုဆန်းစစ်ချက်တို့ ထည့်သွင်းနိုင် သော၊ ထည့်သွင်းရန်သင့်လျော်သောအဓိကအချိန်များကိုအောက်ပါပုံတွင်ပြသထားပါသည်။ ယင်းတွင် စံအလေ့ အကျင့်ကောင်းများ၊ လူမှုရေးနှင့်သဘာဝပတ်ဝန်းကျင်ဆန်းစစ်ခြင်းဆိုင်ရာလုပ်ငန်းစဉ်များကို အလေးပေးထားပါသည်။

## E/SIA နှင့်စီမံကိန်းလုပ်ငန်းစဉ်များရှိ ကျား/မရေးရာဂျဲန်ဒါ



## ၄.၄။ ကျား/မရေးရာဆန်းစစ်မှုနှင့်ပတ်သက်လာလျှင် အခြေခံအလေ့အကျင့်ကောင်းဆိုသည်မှာအဘယ်နည်း။

အသုံးဝင်သောအစပြုနည်းလမ်းတစ်ခုမှာ စီမံကိန်းဖော်ဆောင်သူများအနေဖြင့် ကျား/မရေးရာ အကျိုးသက်ရောက်မှုများကိုလူ့အခွင့်အရေးပြဿနာများအဖြစ် ရှုမြင်ကြရန်ဖြစ်သည်။ အမျိုးသားများရော၊ အမျိုးသမီးများတွင်ပါ အခွင့်အရေးများရှိကြပါသည်။ အဆိုပါအခွင့်အရေးများကိုနားလည်သဘောပေါက်ခြင်းဖြင့် နေအိမ်အတွင်း၊ လူ့အသိုင်းအဝိုင်းအတွင်းတွင် သတ်မှတ်ထားသော၊ မျှော်လင့်ထားသောအခန်းကဏ္ဍများနှင့်တာဝန်ဝတ္တရားများ ပေါ်ထွန်းလာစေပါသည်။ ယင်းတို့ကိုယဉ်ကျေးမှုစံနှုန်းများ၊ အလေ့အကျင့်များတွင်လည်းဖော်ပြနိုင်ပါသည်။

ကျား/မရေးရာဆန်းစစ်ချက်များမှာ ဖွံ့ဖြိုးရေးလုပ်ငန်းများကြောင့်အမျိုးသားများရော၊ အမျိုးသမီးများပါ ဆိုးကျိုးများကို မခံစားရစေရန် အာမခံချက်ပေးနိုင်သော အပြုသဘောဆောင်သောဆန်းစစ်ချက်များဖြစ်နိုင်ပါသည်။ ထို့ပြင်ဘေးအန္တရာယ်လျှော့ချခြင်း၊ အလျော်အစားပေးခြင်း၊ အကျိုးအမြတ်ဝေမျှခြင်းစီမံချက်ဒီဇိုင်းများရေးဆွဲရာတွင် သတင်းအချက်အလက်များရရှိစေရန် ကူညီပံ့ပိုးပေးနိုင်ပါသည်။

ရေအားလျှပ်စစ်စီမံကိန်းတစ်ခုတွင် ကျား/မရေးရာအကျိုးသက်ရောက်မှုများအမြဲရှိတတ်ပါသည်။ ယင်းတို့ကို မည်ကဲ့သို့ရှောင်ရှားနိုင်မည်၊ လျှော့ချနိုင်မည်၊ စီမံခန့်ခွဲနိုင်မည်စသည့်အချက်များအပေါ်မူတည်၍ အကျိုးသက်ရောက်မှုများမှာအပေါင်းဘက်သို့ဦးတည်နိုင်သကဲ့သို့ အနုတ်ဘက်သို့လည်းဦးတည်သွားနိုင်ပါသည်။

အချို့သောအရေးကိစ္စများမှာကြိုတင်မှန်းဆနိုင်သော်လည်း အကျိုးသက်ရောက်မှုအချို့မှာမူ စီမံကိန်းတစ်ခုချင်းစီ၏ အခြေအနေပေါ်မူတည်၍အမြဲတစေတမူထူးခြားစွာဖြစ်ပေါ်နေနိုင်ပါသည်။ အကျိုးသက်ရောက်မှုများနှင့်ဘေးအန္တရာယ်ကိုနားလည်သဘောပေါက်ရန်နှင့်စီမံခန့်ခွဲနိုင်ရန် သင့်အနေဖြင့် ကျား/မခွဲခြားထားသောအချက်အလက်များရရှိရန်လိုအပ်ပြီး ယင်းတို့ကိုလေ့လာသွားရန်၊ မှန်ကန်သောမေးခွန်းများမေးတတ်ရန်လိုအပ်ပါသည် -

- စီမံကိန်းသည် ထိခိုက်ခံစားနေရသောလူထုတစ်စု သို့မဟုတ် ထိုထက်ပိုသောအုပ်စုများနှင့် မြစ်၊ သဘာဝအရင်းအမြစ်များကိုလူထုမှအသုံးပြုခြင်းစသည့်အရေးကိစ္စများအပေါ် စိတ်ဝင်စားမှုရှိပါသလား။
- စီမံကိန်းအနေဖြင့် လူထုအတွင်းရှိမတူညီသောလူအားလုံးတို့၏နေ့စဉ်ဘဝအပေါ် မည်ကဲ့သို့သက်ရောက်မှုရှိစေမည်နည်း။
- အခန်းကဏ္ဍများနှင့်တာဝန်ဝတ္တရားများ၊ အရင်းအမြစ်များအားလက်လှမ်းမီခြင်းနှင့်ထိန်းချုပ်စီမံခြင်း၊ လိုအပ်ချက်များနှင့်စိတ်ဝင်စားမှုများ၊ ဆုံးဖြတ်ချက်ချရာတွင်ပါဝင်နိုင်စွမ်းစသည့်အချက်များကိုထည့်သွင်းစဉ်းစားမည်ဆိုပါက အမျိုးသမီးများနှင့်အမျိုးသားများမှာ မည်ကဲ့သို့ကွဲပြားစွာတွေ့ကြုံရင်ဆိုင်ကြရမည်နည်း။

## ၄.၅။ ပူးပေါင်းပါဝင်ခြင်း

ကျား/မရေးရာနှင့်ပတ်သက်၍ဗဟုသုတရစေသောလုပ်ငန်းစဉ်များ၊ ဆန်းစစ်မှုများတွင် ထိခိုက်ခံစားနေရသော သူများ - အမျိုးသားများ၊ အမျိုးသမီးများ၊ ကလေးသူငယ်များ၊ သက်ကြီးရွယ်အိုများ - မည်ကဲ့သို့ပါဝင်သည်ဆိုသည်မှာ အခြေခံအလေ့အကျင့်ကောင်းများအတွက် အရေးကြီးသောအချက်တစ်ချက်ဖြစ်ပါသည်။ ကျား/မခွဲခြားထားသော သတင်းအချက်အလက်များကောက်ယူရန် ဒီဇိုင်းရေးဆွဲခြင်း၊ အကောင်အထည်ဖော်ခြင်းတို့တွင် လူထုအတွင်းရှိမတူညီသောလူအုပ်စုများ၊ အမျိုးသားများနှင့် အမျိုးသမီးများကိုပါဝင်လုပ်ဆောင်စေသင့်ပါသည်။ အဆိုပါ မတူညီသောအုပ်စုများကို ဒီဇိုင်းရေးဆွဲခြင်း၊ အချက်အလက်ကောက်ယူခြင်းနှင့်ဆန်းစစ်ခြင်းလုပ်ငန်းစဉ်များတွင် အဓိပ္ပါယ်ပြည့်ဝစွာပါဝင်စေသင့်ပါသည်။ ဘာသာစကားနှင့် သတင်းအချက်အလက်များနှင့်အခွင့်အလမ်းများကိုလက်လှမ်းမီမှုတို့ကိုလည်း စီမံကိန်းအစောပိုင်းအစီအစဉ်ရေးဆွဲသည့်အဆင့်၌ပင် ထည့်သွင်းစဉ်းစားသင့်ပါသည်။ သို့မှသာ မသန်စွမ်းသူများ၊

ဘာသာစကားမတူညီသူများနှင့်ပညာအရည်အချင်းမတူညီသူများအားလုံးတို့သည် ညီတူညီမျှပါဝင်ခွင့်၊ ထင်မြင်ချက်များပေးအပ်ခွင့်ရရှိနိုင်ကြမည်ဖြစ်သည်။

**အောက်တွက် အလေ့အကျင့်ကောင်းတစ်ခုနှင့်ပတ်သက်သော ရိုးရှင်းသောစာရင်းတစ်ခုကိုဖော်ပြပေးထားပါသည် -**

အောက်ပါလုပ်ငန်းများအတွက် အထူးဂရုပြုသွားရမည်ဖြစ်သည် -

- ☐ အမျိုးသမီးများနှင့်အမျိုးသားများပါဝင်နိုင်စေရန်အတွက် အစည်းအဝေးများနှင့်လုပ်ငန်းစဉ်များကို သင့်လျော်သည့် အချိန်များတွင်ကျင်းပသွားရန်၊
- ☐ တွေ့ဆုံမေးမြန်းမှုများစီစဉ်ခြင်း၊ အဖွဲ့များဖွဲ့ခြင်းတို့တွင်အမျိုးသားများရော၊ အမျိုးသမီးများပါအတူတကွပါဝင်နိုင်အောင် ကြိုးပမ်းရန်၊ သို့သော် အမျိုးသမီးများကိုသီးခြားတွေ့ဆုံနိုင်ရန်အတွက်လည်းဦးဆောင်စီစဉ်ပေးရန်၊
- ☐ ဘာသာစကားမှာအမျိုးသမီးများနားလည်နိုင်သောဘာသာစကားဖြစ်ကြောင်းသေချာနေစေရန်၊
- ☐ စီမံကိန်းအဖွဲ့များအတွင်းတွင် အမျိုးသမီးဦးဆောင်ပံ့ပိုးသူများနှင့်အမျိုးသမီးဘာသာပြန်များပါဝင်စေရန်၊
- ☐ စီမံကိန်းအဖွဲ့တွင်အမျိုးသမီးများပါဝင်နေစေရန်နှင့် စီမံကိန်းအဖွဲ့ဝင်အားလုံးတွင် ကျား/မရေးရာခွဲခြမ်း စိတ်ဖြာမှုနှင့်ပတ်သက်၍ အထူးကျွမ်းကျင်မှုများရှိနေစေရန်၊
- ☐ အချက်အလက်ကောက်ခံရာတွင် ငယ်ရွယ်သူများနှင့်အသက်အရွယ်ကြီးရင့်သူများ၏ အမြင်နှစ်မျိုးစလုံးကို ကောက်ယူရန်၊ အမျိုးသားများနှင့်အမျိုးသမီးများ၏အမြင်နှစ်မျိုးစလုံးကိုလည်းညီတူညီမျှကိုယ်စားပြုပါဝင်နေစေရန်၊
- ☐ ဆန်းစစ်မှုအဖြေများအားပြန်လည်တုံ့ပြန်ပြောကြားရာတွင် အမျိုးသမီးများအတွက်သီးသန့်တင်ပြမှုများ၊ အမျိုးသမီးများနှင့်အမျိုးသားများကို အတူတကွပြန်လည်တင်ပြမှုများစီစဉ်ပေးရန်၊ ခွဲခြမ်းစိတ်ဖြာသုံးသပ်မှုများနှင့်ပတ်သက်၍တူညီသောနားလည်မှုများရရှိစေရန် အချက်အလက်များပြန်လည်သုံးသပ်ခြင်းလေ့ကျင့်ခန်းများ ပြုလုပ်ထားရန်၊
- ☐ တွေ့ရှိချက်များအား သုံးသပ်ခြင်းနှင့် အစီရင်ခံတင်ပြခြင်း၊ ခွဲခြမ်းစိတ်ဖြာခြင်းတို့တွင် အမျိုးသမီးများပါဝင်ကြောင်း သေချာနေစေရန်၊
- ☐ လူထုအတွင်းရှိ မတူညီသောယဉ်ကျေးမှု၊ လူမျိုးစု (သို့မဟုတ်) လူမှုစီးပွားကျောထောက်နောက်ခံရှိသူများအနက်မှ ကိုယ်စားပြုနိုင်သူများပါဝင်စေရန်၊
- ☐ လုပ်ငန်းစဉ်တစ်လျှောက်တွင် ဒေသခံ (သို့မဟုတ်) လူနည်းစုများအတွင်းမှအမျိုးသား၊ အမျိုးသမီးများပါဝင်စေရန်နှင့် ၎င်းတို့၏ထင်မြင်ချက်များကိုလည်း တန်းတူညီမျှကိုယ်စားပြုပါဝင်နေစေရန်၊
- ☐ အမျိုးသမီးများပါဝင်မှုကိုအနှောင့်အယှက်ဖြစ်စေသော လက်တွေ့ဆန်သည့်အဟန့်အတားများ၊ ယဉ်ကျေးမှုဆိုင်ရာအဟန့်အတားများနှင့် ယင်းတို့ကိုကျော်လွှားနိုင်မည့်နည်းလမ်းများကိုဖော်ထုတ်ရန်၊

စာ ၁/၁

ဤသည်မှာနမူနာစာရင်းတစ်ခုသာဖြစ်ပါသည်။ ဇယားပုံစံကို www.oxfam.org.au/giamanual တွင်ရယူနိုင်ပါသည်။



စပါးပင်ပေါက်များကိုရွှေ့ပြောင်းစိုက်ပျိုးခြင်း၊ ဗီယမ်ကျင်းဒေသ၊ လာအို
ဓါတ်ပုံ - Jerry Galea/OxfamAUS

## ၅။ မြစ်ဝှမ်းတစ်လျှောက်ရှိ ကျား/မရေးရာ - စီမံကိန်းမတိုင်မီ

ဆည်တစ်ခုမဖြစ်ပေါ်လာမီ အဆိုပါနေရာ၌ မြစ်တစ်စင်းရှိပြီး ယင်းမြစ်ကိုမှီခိုအသုံးပြုနေကြရသောလူများလည်း ရှိပါသည်။ အမျိုးသား၊ အမျိုးသမီးတို့သည် အဆိုပါမြစ်ကိုမတူညီသောနည်းလမ်းများဖြင့်အသုံးပြုနေကြမည်ဖြစ်ပါသည် - မြစ်နှင့်မြစ်အတွင်းရှိ အရင်းအမြစ်များကိုလည်း မတူညီသောနည်းလမ်းများဖြင့် တန်ဖိုးထားမြတ်နိုးကြမည်ဖြစ်သည်။ ၎င်းတို့တွင် မြစ်နှင့်ဆက်စပ်လျက်ရှိသော မတူညီသည့်အခန်းကဏ္ဍများနှင့် တာဝန်ဝတ္တရားများရှိနေမည်ဖြစ်ပြီး မြစ်အတွင်းရှိအရင်းအမြစ်များကို လက်လှမ်းမှီခြင်း၊ ထိန်းချုပ်စီမံခြင်းတို့မှာလည်းတူညီကြမည်မဟုတ်ပေ။ ဘာသာစကားတူညီသောအဖွဲ့များနှင့် လူထုအကြားတွင်လည်းကောင်း၊ မတူညီသောလူထုအကြားတွင်လည်းကောင်း အချင်းချင်းမည်ကဲ့သို့ပတ်သက်ဆက်နွယ်ကြသည်ဆိုသည့်အချက်မှာလည်း ကွဲပြားနိုင်ပါသည်။ ရေစီမံခန့်ခွဲရေး၊ စိုက်ပျိုးရေး၊ မြေယာနှင့် အရင်းအမြစ်စီမံခန့်ခွဲရေး၊ ရေလုပ်ငန်း၊ စီမံကိန်းရေးဆွဲသူစသည့်လုပ်ငန်းများကိုတာဝန်ယူထားရသော အစိုးရဝန်ကြီးဌာနများသည် ဤအခြေအနေများကိုနားလည်သဘောပေါက်ထားရန်အရေးကြီးပါသည်။

နည်းဗျူဟာမြောက်သဘာဝပတ်ဝန်းကျင်ဆန်းစစ်မှုများနှင့် ပေါင်းစပ်အကျိုးသက်ရောက်မှုဆန်းစစ်ချက်များအပါအဝင် မြစ်ဝှမ်းဒေသဆိုင်ရာနည်းဗျူဟာမြောက် အစီအစဉ်ရေးဆွဲခြင်းသည် ကျား/မအမျိုးအစားခွဲခြားထားသည့်ခိုင်မာသော အချက်အလက်များရရှိစေရန်နှင့် လူထု၊ အသက်မွေးဝမ်းကျောင်းလုပ်ငန်းများနှင့် မြစ်ဝှမ်းတစ်လျှောက်ရှိ မတူညီသောဘဝများအကြောင်းကို ကျား/မရေးရာရှုထောင့်အရ နားလည်သဘောပေါက်နိုင်ရန် စသည်တို့အတွက် အရေးကြီးသောအခွင့်အလမ်းများကိုတင်ပြပေးသည်။ အစိုးရများနှင့်မြစ်ဝှမ်းဒေသရှိအာဏာပိုင်များအနေဖြင့် အခြေခံအဆောက်အဦနှင့်ရင်းနှီးမြှုပ်နှံမှုဆိုင်ရာဆုံးဖြတ်ချက်များမချမှတ်မီ အဆိုပါအသုံးပြုမှုပုံစံများစွာနှင့် မတူညီသောပါဝင်ပတ်သက်သူများ၏ သဘောထားရှုထောင့်များကို စုစည်းတင်ပြပေးနိုင်မည်ဆိုပါက အနုတ်သဘောဆောင်သော အကျိုးသက်ရောက်မှုများကို ရှောင်ရှားနိုင်မည့်အခွင့်အလမ်းများပိုများနိုင်ပြီး ပြောင်းလဲမှုရှိသော ကျား/မရေးရာအခွင့်အလမ်း များကိုလည်း နားလည်သဘောပေါက်လာမည်ဖြစ်သည်။

*"အဆိုပါ မြစ်ဝှမ်းများ (မဲခေါင်မြစ်ဝှမ်းငယ်များ) တွင် ရေအားလျှပ်စစ်လုပ်ငန်းများအလျင်အမြန်ထွက်ပေါ်လာခြင်းသည် မြစ်ဝှမ်းများစီမံခန့်ခွဲရန်အတွက်တာဝန်ယူထားရသည့် အပြိုင်အဆိုင်ဖြစ်ပေါ်လျက်ရှိသော လိုအပ်ချက်များကြောင့် အခက်အခဲဖိအားများရှိနှင့်နေပြီးဖြစ်သော နိုင်ငံတော်အစိုးရများအတွက် သိသာထင်ရှားသောစိန်ခေါ်မှုတစ်ရပ်ဖြစ်ပါသည်။ ဖွံ့ဖြိုးမှုမရှိသေးသောမြစ်ဝှမ်းဒေသများတွင် အများအားဖြင့် ဆင်းရဲနွမ်းပါးမှုနှုန်းမြင့်မားခြင်း၊ အသက်မွေးဝမ်းကျောင်းအတွက် သဘာဝအရင်းအမြစ်များကို များစွာမှီခိုနေရခြင်းတို့ရှိတတ်ပါသည်။ ရေအားလျှပ်စစ်လုပ်ငန်းမှာ ဆင်းရဲနွမ်းပါးမှုမှလွတ်မြောက်နိုင်ရန်နှင့်နိုင်ငံ၏စီးပွားရေးဖွံ့ဖြိုးတိုးတက်စေရန်အတွက် အရေးပါသောအခွင့်အလမ်းများယူဆောင်ပေးနိုင်သော်လည်း သိသာထင်ရှားသော လူမှုရေးနှင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ အန္တရာယ်များကို ဖြစ်ပေါ်စေနိုင်ကြောင်း ကျယ်ကျယ်ပြန့်ပြန့်သိရှိထားကြပါသည်။*

*ရေရှည်တည်တံ့သောဖွံ့ဖြိုးမှုဖြစ်စေရေးအတွက် စီးပွားရေး၊ လူမှုရေးနှင့်သဘာဝပတ်ဝန်းကျင်ဆိုင်ရာ တန်ဖိုးများ အကြားသင့်တင့်သော ပေါင်းစပ်မှုနှင့် အပေးအယူများရှိရန်လိုအပ်ပါသည်။ လူမှုရေး၊ သဘာဝပတ်ဝန်းကျင်နှင့် စီးပွားရေးတန်ဖိုးများအကြား ထိန်းညှိမှုများလုပ်ဆောင်သင့်ပြီး ထိုသို့ညှိညီမျှမျှဖြစ်နေစေရန် ကျယ်ပြန့်သောဗဟုသုတ၊ ရှုထောင့်ပေါင်းစုံနှင့် ဆန်းသစ်တီထွင်မှုများ စသည်တို့ကို ကောင်းစွာအသုံးချ၍ ပွင့်လင်းမြင်သာသော၊ တာဝန်ခံမှုရှိသောပုံစံဖြင့် ဆောင်ရွက်သွားသင့်ပါသည်။" (RSAT ၂၀၁၀၊ စာ ၇)*

**စီမံကိန်းမတိုင်မီ - အခြေအနေကို နားလည်သဘောပေါက်ခြင်း - အချက်အလက်များကောက်ခံခြင်းနှင့် ကျား/မရေးရာအခြေခံအနေအထားတစ်ရပ်ဖော်ထုတ်ခြင်း**

အလေ့အကျင့်ကောင်းတစ်ခုမှာ မြစ်တစ်မြစ်သည်နယ်နိမိတ်ပိုင်းခြားထားသောမြစ်ဖြစ်ပါကနယ်စပ်ဒေသတစ်လျှောက် သဘောတူထားသော ဗျူဟာမြောက်စီမံခန့်ခွဲရေးအစီအစဉ်များထားရှိခြင်းဖြစ်သည်။ သို့ရာတွင်နိုင်ငံအများအပြားတွင် ထိုသို့သော အထက်ပိုင်းအဆင့်သဘောတူညီချက်များရှိမနေပေ (သို့မဟုတ်) ဖွံ့ဖြိုးရေးနှင့်ရင်းနှီးမြှုပ်နှံမှုဆုံးဖြတ်ချက်များ ချမှတ်ပြီးသောအခါတွင်မှ ပြုလုပ်လေ့ရှိသည်။

စီမံကိန်းဖော်ဆောင်ရန်စိတ်ဝင်စားသောကုမ္ပဏီများ သို့မဟုတ် စီမံကိန်းအတွက်သဘာဝပတ်ဝန်းကျင် သို့မဟုတ် လူမှုရေးအကျိုးသက်ရောက်မှုဆန်းစစ်ချက်များလုပ်ဆောင်ရန် အလုပ်ခန့်အပ်ခံရသောသူများအနေဖြင့် လူထု၊ မြစ်ကို အသုံးပြုသူများနှင့် မြစ်ဝှမ်းနှင့်ပတ်သက်သောအခြေအနေများကို ကျား/မရေးရာအမြင်ဖြင့် ကျယ်ကျယ်ပြန့်ပြန့် နားလည်သဘောပေါက်အောင်ပြုလုပ်ထားရန်အရေးကြီးပါသည်။ ထိုသို့သောအသိအမြင်များတည်ဆောက်ယူပြီး သွားပါက အစီအစဉ်ရေးဆွဲခြင်း၊ စီမံခန့်ခွဲခြင်းတို့နှင့်ပတ်သက်သောအနာဂတ်တွင်ချမှတ်မည့်ဆုံးဖြတ်ချက်များတွင် ကျား/မရေးရာရလဒ်များ၊ ဆက်နွယ်မှုများကိုထည့်သွင်းစဉ်းစားပြီးဖြစ်နေပေလိမ့်မည်။

မြစ်ဝှမ်းဒေသစီမံခန့်ခွဲရေးအတွက် အခြေခံစစ်တမ်းကောက်ယူသည့်နည်းလမ်းများနှင့် အချက်အလက်ကောက်ယူသည့်နည်းလမ်းများတွင် ကျား/မရေးရာအကျိုးသက်ရောက်မှုဆန်းစစ်ချက်များ ပေါင်းစပ်ခြင်းအားဖြင့် ဖြစ်နိုင်ချေနှင့်လုပ်ငန်းအစီအစဉ်ရေးဆွဲရန်အတွက် အရေးကြီးသောဆုံးဖြတ်ချက်များချမှတ်ရာတွင် ခိုင်မာသောကျား/မရေးရာနားလည်မှုများရှိနေနိုင်သည့် အလားအလာပိုများပါသည်။ ဤသည်မှာ အခြေခံအလေ့အကျင့်ကောင်းတစ်ရပ် ဖြစ်ပါသည်။

ဤအခန်းတွင် မြစ်ဝှမ်းဒေသနှင့် ယင်းတွင်နေထိုင်ကြသူများအတွက် ကျား/မရေးရာအခြေခံအနေအထားတစ်ရပ်ဖော်ထုတ်ရာတွင် ထည့်သွင်းစဉ်းစားသင့်သောအဓိကမေးခွန်းအချို့ကို ခြုံငုံဖော်ပြထားပါသည်။

ထို့ပြင် ကျား/မရေးရာကို အစီအစဉ်ရေးဆွဲခြင်းဆိုင်ရာဆုံးဖြတ်ချက်များချမှတ်သည့်အလေ့အကျင့်ကောင်းများတွင် ထည့်သွင်းစဉ်းစားနိုင်ရန်အတွက် အရေးကြီးသောအခွင့်အလမ်းအချို့ကိုဖော်ပြထားပြီး ဆုံးဖြတ်ချက်ချမှတ်သည့် အခြေအနေများကို ဆန်းစစ်ပေးထားပါသည်။ နောက်ဆုံးအနေဖြင့် ဤအခန်းတွင် မြစ်ဝှမ်းများပြောင်းလဲခြင်းကြောင့် ထွက်ပေါ်လာနိုင်သော ကျား/မရေးရာအကျိုးသက်ရောက်မှုများ၏ အခြေအနေများကိုဖော်ပြထားပြီး မည်သည့်နေရာများတွင် အဆိုပါအကျိုးသက်ရောက်မှုများကို အများဆုံးတွေ့ကြုံခံစားရနိုင်ကြောင်း အကြံပေးထားပါသည်။

### စီမံကိန်းဖော်ဆောင်ခြင်းကိုလမ်းညွှန်ရန်နှင့် အကျိုးတူပူးပေါင်းပါဝင်သူများပါဝင်လာစေရန် ကျား/မရေးရာ အကျိုးသက်ရောက်မှုဆန်းစစ်ချက်ကိုအသုံးပြုခြင်း

ရေအားလျှပ်စစ်လုပ်ငန်း၏အကျိုးသက်ရောက်မှုများအတွက်အခြေအနေများနှင့် မြစ်အကြောင်းကိုနားလည်နိုင်ရန် အောက်ပါ မေးခွန်းများကို ထည့်သွင်းစဉ်းစားရမည်ဖြစ်သည် -

- မြစ်ဝှမ်းဒေသတွင်နေထိုင်သူများမှ အဆိုပါမြစ်နှင့်ယင်း၏အရင်းအမြစ်များကို မည်ကဲ့သို့အသုံးပြုနေကြောင်း ရှင်းရှင်းလင်းလင်းနားလည်ပါသလား။ နားလည်သည်ဟုဆိုရာ၌ အမျိုးသားများနှင့်အမျိုးသမီးများမှတာဝန်ယူထားရသော မတူညီသည့် အခန်းကဏ္ဍများနှင့်လုပ်ငန်းများအကြောင်းပါဝင်ပါသလား။
- စီမံကိန်းမတိုင်မီဆန်းစစ်မှုကို မြစ်ပေါ်နှင့် မြစ်အနီးတွင်နေထိုင်သူများနှင့် မိမိအသက်မွေးဝမ်းကျောင်းလုပ်ငန်းအတွက်မြစ်ကိုအသုံးပြုနေသူများအတွက် လုပ်ဆောင်ထားပါသလား။ မြစ်နှင့်ယင်းအတွင်းရှိ အရင်းအမြစ်များကို အမျိုးသားများနှင့်အမျိုးသမီးများမှ မည်ကဲ့သို့ကွဲပြားစွာအသုံးပြုလျက်ရှိကြောင်း နားလည်ပါသလား။ ယင်းတွင် အမျိုးသားများနှင့်အမျိုးသမီးများ၏အလေးထားမှုများ၊ မျှဝေလုပ်ကိုင်လျက်ရှိသော တိုက်ရိုက်စီးပွားရေးလုပ်ငန်းများ (ဥပမာ - ငါးဖမ်းခြင်း၊ လယ်လုပ်ခြင်း၊ ရေထွက်သတ္တဝါများနှင့်ပစ္စည်းများအား ရယူခြင်း)၊ အိမ်တွင်းရှိ နေ့စဉ်လုပ်ငန်းများ (ဥပမာ - အဝတ်လျှော်ခြင်း၊ ရေခပ်ခြင်း၊ သယ်ယူပို့ဆောင်ခြင်း၊ ကစားခြင်း)

နှင့်လူမှုရေးနှင့် ယဉ်ကျေးမှုဆိုင်ရာလုပ်ငန်းများ (ဥပမာ - ဘာသာရေး သို့မဟုတ် ဝိညာဉ်ရေးရာပွဲများနှင့် အရေးကြီးသောနေရာများ) စသည်တို့ပါဝင်သင့်ပါသည်။

- စီမံကိန်းမတိုင်မီဆန်းစစ်မှုများတွင် နှစ်တစ်နှစ်၏မတူညီသောရာသီချိန်များ၌ မြစ်ကိုအသုံးပြုနေကြသူများကို ထည့်သွင်းစဉ်းစားထားပါသလား။
- စီမံကိန်းမတိုင်မီဆန်းစစ်မှုတွင် မြစ်ဝှမ်းအနီး၌အခြေချနေထိုင်နေသောလူထုအပြင် နှစ်တစ်နှစ်၏အချို့သော အချိန်များ၌သာမြစ်သို့လာရောက်ငါးဖမ်းကြသောသူများကဲ့သို့သောယာယီအသုံးပြုသူများကိုထည့်သွင်း စဉ်းစားထားပါသလား။ ယင်းတွင် အမျိုးသားများနှင့်အမျိုးသမီးများမှမြစ်နှင့် ယင်း၏အရင်းအမြစ်များကို အသုံး ပြုခြင်းနှင့် တာဝန်ဝတ္တရားများကို နားလည်သဘောပေါက်မှုများပါဝင်ပါသလား။
- စီမံကိန်းမတိုင်မီဆန်းစစ်မှုတွင် စီမံကိန်း၏သက်ရောက်မှုကိုခံစားနေရသောလူထုနှင့်ဂေဟစနစ်တို့၏ ရှုထောင့် အားလုံးရှိမတူညီသောအခြေအနေများကိုထည့်သွင်းစဉ်းစားထားပါသလား။ ဆိုလိုသည်မှာ စီမံကိန်းမတိုင်မီ ဆန်းစစ်မှုတွင် နယ်စပ်ဒေသရှိလူထုနှင့်၎င်းတို့၏လူနေမှုဘဝပုံစံများကိုထည့်သွင်းဆန်းစစ်ထားပါသလား။ ယင်း တွင် အချက်အလက်များကိုကျား/မအမျိုးအစားခွဲခြား၍ကောက်ယူထားပါသလား။

စာ ၁/၁

ဤသည်မှာနမူနာစာရင်းတစ်ခုသာဖြစ်ပါသည်။ ဇယားပုံစံကို www.oxfam.org.au/giamanual တွင်ရယူနိုင်ပါသည်။

**မြစ်ဝှမ်းဒေသများအတွက် မဟာဗျူဟာကျကျ အစီအစဉ်ရေးဆွဲသည့်အဆင့်တွင် အောက်ပါလုပ်ငန်းစဉ်များနှင့် လုပ်ငန်းများကို အသုံးပြုကာ ကျား/မရေးရာအကျိုးသက်ရောက်မှုများနှင့် လိုအပ်ချက်များကို ထည့်သွင်းစဉ်းစား သွားရန်အရေးကြီးပါသည်။**

**နည်းလမ်းများအားဆန်းစစ်ခြင်း** - မြစ်များပေါ်တွင်ပြုလုပ်မည့်ဖွံ့ဖြိုးရေးအစီအစဉ်များအတွက် နည်းလမ်းများ ဆန်းစစ်ရာတွင် ပြီးပြည့်စုံသောဆန်းစစ်မှုတစ်ခုဖြစ်ရန်အတွက် ဂေဟစနစ်ကောင်းမွန်စေရန်နှင့် ဒေသခံပြည်သူများ၏ အသက်မွေးဝမ်းကျောင်းလုပ်ငန်းများနှင့် ယဉ်ကျေးမှုဆိုင်ရာလုပ်ငန်းများအတွက် ရေကိုအသုံးပြုခြင်းနှင့် ပေးဝေလိုက် သောလျှပ်စစ်ဓါတ်အားကို အသုံးပြုသူအမျိုးမျိုးတို့မှမည်ကဲ့သို့ရရှိနိုင်မည်ဆိုသည့်အချက်တို့ကို ဂရုတစိုက်အချိန်ယူ၍ ထည့်သွင်းစဉ်းစားရန်လိုအပ်ပါသည်။ ဤအဆင့်တွင် ဆည်မဆောက်ဘဲနေမည်ဟူသောနည်းလမ်းများမှာ ဖွံ့ဖြိုးရေး အစီအစဉ် ရေးဆွဲခြင်း၏အရေးကြီးသောအစိတ်အပိုင်းတစ်ခုဖြစ်ပါသည်။ စွမ်းအင်နှင့်ရေလိုအပ်ချက်များကိုပြည့်မီစေ ရန် လက်ရှိအခြေခံအဆောက်အဦများ၏ရှိရင်းစွဲစွမ်းဆောင်ရည်ကိုမြှင့်တင်ပေးနိုင်မည့် နယ်ပယ်များလည်းအထိုက် အလျောက်ရှိနေနိုင်ပါသည်။

**ဝန်ဆောင်မှုအသုံးပြုလိုသူများဘက်ကို စီမံခန့်ခွဲခြင်း** - သုံးစွဲမှုလျှော့ချခြင်း၊ ပြန်လည်အသုံးပြုခြင်း၊ စွမ်းအင်ကိုအကျိုး ရှိရှိအသုံးပြုခြင်းတို့တွင် ကျား/မရေးရာအကျိုးသက်ရောက်မှုများနှင့်အခွင့်အလမ်းများကိုထည့်သွင်းစဉ်းစားခြင်း ဖြင့် ကျား/မရေးရာဆိုင်ရာနည်းဗျူဟာမြောက်အကျိုးကျေးဇူးများရရှိအောင်ဆောင်ရွက်ရာတွင် အထောက်အကူဖြစ်စေမည် ဖြစ်ပါသည်။

**ဝန်ဆောင်မှုပေးမည့်သူများဘက်ကို စီမံခန့်ခွဲခြင်း** - မတူညီသောအသုံးပြုသူများအတွက် လိုအပ်လျက်ရှိနေသော ရေနှင့်စွမ်းအင်တို့ပေးဝေနိုင်မည့်နည်းလမ်းများကို ဂရုတစိုက်အချိန်ယူစဉ်းစားခြင်းသည်အရေးကြီးပါသည်။ ဥပမာ - ဝေးလံခေါင်ဖျားသောကျေးရွာအဆင့်တွင် အများအားဖြင့် ဗဟိုထိန်းချုပ်မှုကင်းသောဒေသအဆင့် ပြန်လည်ထုတ်ယူ အသုံးပြုနိုင်သည့်အသေးစားစွမ်းအင်ကို လျှပ်စစ်ကြိုးများသွယ်တန်းထားသောအကြီးစားစနစ်များထက် ပို၍လိုလားကြ မည်ဖြစ်သည်။

**သဘာဝပတ်ဝန်းကျင်ဆိုင်ရာ/ရေစုန်စီးဆင်းမှု** - တွင် ကျား/မရေးရာအခန်းကဏ္ဍ၊ တာဝန်ဝတ္တရားများနှင့် နယ်စပ်ဒေသရှိအခြေအနေများကိုထည့်သွင်းစဉ်းစားကာ၊ ရေစီးရေလာပြောင်းလဲမှု၊ ရေထုထည်နှင့်ရေထုတ်လွှတ်သည့်အချိန်ဇယားစသည်တို့သည် သဘာဝပတ်ဝန်းကျင်ဆိုင်ရာလုပ်ငန်းစဉ်များနှင့်မည်ကဲ့သို့ဆက်စပ်နေကြောင်းကို သိရှိရန်၊ မြစ်အောက်ပိုင်းတွင်နေထိုင်သူများနှင့်မြစ်၊ ရေလွှမ်းလွင်ပြင်တို့အကြားဆက်နွယ်မှုများကိုနားလည် သဘောပေါက်ရန်အတွက် ဂေဟစနစ်ထိန်းသိမ်းပေးသည့်ရေစီးဆင်းမှုမျိုးရရှိအောင်လုပ်ဆောင်ရာတွင် ကျား/မရေးရာ လိုအပ်ချက်များကို ဆန်းစစ်ရမည်ဖြစ်သည်။

**တည်နေရာနှင့်ဒီဇိုင်း** - တည်နေရာနှင့်ဒီဇိုင်းအတွက်ဖြစ်နိုင်ချေရှိသောနည်းလမ်းများကိုဆန်းစစ်ရာတွင်ကျား/မရေးရာ အကျိုးသက်ရောက်မှုများကိုထည့်သွင်းစဉ်းစားခြင်းသည် ရေအားလျှပ်စစ်ကြောင့်ဖြစ်ပေါ်လာနိုင်သောကျား/မရေးရာ အကျိုးသက်ရောက်မှုများကိုရှောင်ရှားနိုင်သော သို့မဟုတ် လျှော့ချနိုင်သော နည်းပညာဟာအကျဆုံးနည်းလမ်းများ အနက်တစ်ခုဖြစ်ပါသည်။

**လူမှုရေးအကျိုးသက်ရောက်မှုဆန်းစစ်ချက်များ (SIA)** - ကနဦးအဆင့်ဖြစ်နိုင်ချေဆန်းစစ်မှုတွင် လူမှုရေး ဆန်းစစ်မှုများ လုပ်ဆောင်ရန်ဒီဇိုင်းရေးဆွဲခြင်း၊ အကောင်အထည်ဖော်ခြင်းတို့မှာ အမျိုးသမီးများပါဝင်နိုင်ရန်နှင့် ကျား/မရေးရာ အကျိုးသက်ရောက်မှုများထည့်သွင်းစဉ်းစားရန်အတွက် အစောဆုံးနှင့်အထိရောက်ဆုံးသောစမှတ်တစ်ခုဖြစ်ပါသည်။ အများအားဖြင့် ယင်းတို့ကို သဘာဝပတ်ဝန်းကျင်ဆိုင်ရာအကျိုးသက်ရောက်မှုဆန်းစစ်ချက်များနှင့်အတူ လုပ်ဆောင်နိုင်ပါသည်။

**သဘာဝပတ်ဝန်းကျင်ဆိုင်ရာအကျိုးသက်ရောက်မှုဆန်းစစ်ချက်များ (EIA)** – SIA နှင့်အတူ၊ သဘာဝပတ်ဝန်းကျင်ဆိုင်ရာအကျိုးသက်ရောက်မှုဆန်းစစ်ချက်များ၏ဒီဇိုင်းနှင့်အကောင်အထည်ဖော်ခြင်းတို့သည်လည်း အမျိုးသမီးများ၏ ထင်မြင်ချက်များကိုကြားသိနိုင်ရန်နှင့် လက်တွေ့ကျသော၊ နည်းပညာဟာကျသော ကျား/မရေးရာလိုအပ်ချက်များကိုဖော်ထုတ်နိုင်ရန် အရေးကြီးသောအခွင့်အလမ်းတစ်ခုကိုဖြစ်စေပါသည်။ E/SIA တို့တွင် ကျား/မရေးရာကို ထည့်သွင်းစဉ်းစားခြင်းမှာ အမျိုးသမီးများပါဝင်နိုင်ရန်အတွက် အဓိပ္ပါယ်ပြည့်ဝသောအခွင့်အလမ်းများကို ပံ့ပိုးပေးနိုင်သောကြောင့်အရေးကြီးပါသည်။

**SIA နှင့် EIA နှစ်မျိုးစလုံးတွင် မြစ်ဝှမ်းတစ်ခုလုံးရှိအကျိုးသက်ရောက်မှုများကိုထည့်သွင်းစဉ်းစားသင့်ပါသည်။ မဲခေါင်ဒေသတွင်မူ အများအားဖြင့် နိုင်ငံများ၏နယ်နိမိတ်တစ်လျှောက်ဖြစ်နိုင်ပါသည်။**

### ဆုံးဖြတ်ချက်ချမှတ်ရာတွင် ကျား/မရေးရာဂျန်ဒါ

### မည်သူတို့သည်ဆုံးဖြတ်ချက်များကိုချမှတ်နေကြသနည်း။

မြစ်ကြောင်းဖွံ့ဖြိုးရေး၏အစောပိုင်းအဆင့်များရှိဆုံးဖြတ်ချက်များကို ရေအရင်းအမြစ်နှင့်ပတ်သက်၍တိုက်ရိုက်တာဝန်ရှိ သူအစိုးရအဖွဲ့များမှတိုက်ရိုက်ချမှတ်ပါသည်။ အချို့သော ကိစ္စရပ်များတွင် မြစ်ဝှမ်းဒေသအာဏာပိုင်အဖွဲ့တစ်ဖွဲ့ထူထောင်၍ အဆိုပါတာဝန်များကိုထမ်းဆောင်စေပါသည်။ သို့သော်ကိစ္စရပ်အများစုတွင် နိုင်ငံတော်ကသာ ဆုံးဖြတ်ချက်များကို ထိန်းချုပ်စီမံလေ့ရှိပါသည်။ ဆုံးဖြတ်ချက်ချမှတ်သူများတွင် အများအားဖြင့် ရေ၊ သဘာဝပတ်ဝန်းကျင်၊ ကျေးလက်ဖွံ့ဖြိုးရေး သို့မဟုတ် သဘာဝအရင်းအမြစ်များဆိုင်ရာဝန်ကြီးဌာနများပါဝင်ကြပါသည်။ ကျား/မရေးရာ လက်စွဲနှင့်စိစစ်ရန်စာရင်းများတွင် မြစ်ဝှမ်းဒေသဆိုင်ရာအစီအစဉ်ရေးဆွဲခြင်းနှင့် ဆုံးဖြတ်ချက်ချမှတ်ခြင်းတို့အတွက် အောက်ပါအခြေအနေရပ်များ၌ ကျား/မရေးရာပါဝင်အောင်ဆောင်ရွက်နိုင်ရန် အစိုးရအဖွဲ့များအတွက် အသုံးဝင်နိုင်မည့်အစပြုလုပ်ငန်းများကို ဖော်ပြထားပါသည်။

- မြစ်တစ်စင်း၏ဥပဒေရေးရာအခြေအနေကိုသိရှိနားလည်ထားရန်အရေးကြီးပါသည်။ ယင်းကိုစီမံခန့်ခွဲရာတွင်၊ အသုံးပြုရာတွင် မည်သည့်ဥပဒေများနှင့်စည်းမျဉ်းစည်းကမ်းများရှိနေသည်၊ ယင်းတို့မှာနိုင်ငံနယ်နိမိတ် တစ်လျှောက်မည်ကဲ့သို့ကွဲပြားနေသည် သို့မဟုတ် တသမတ်တည်းဖြစ်နေသည်စသည့်အချက်များမှာ အရေးကြီးသော ထည့်သွင်းစဉ်းစားစရာများဖြစ်ပါသည်။
- ဤဥပဒေရေးရာအခြေအနေသည် အသုံးပြုသူ သို့မဟုတ် မြစ်အတွင်းဖွံ့ဖြိုးရေးလုပ်ဆောင်သူမည်သူ့ကိုမဆို (ရေစီးဆင်းမှုနှင့်ရေအရည်အသွေးကဲ့သို့သော) အရင်းအမြစ်များနှင့်ပတ်သက်၍ သေချာသောအချက်အလက်အချို့ကိုရရှိစေမည်ဖြစ်ပါသည်။ သို့မှသာ ၎င်းတို့ အနေဖြင့်အစီအစဉ်များကို သင့်လျော်သလိုရေးဆွဲနိုင်မည်ဖြစ်ပါသည်။ ကုန်ကြမ်းထုတ်လုပ်သော သို့မဟုတ် ကုန်ချောထုတ်လုပ်သောအဖွဲ့အစည်းများ၊ သို့မဟုတ် အာဏာပိုင်များမှ အရင်းအမြစ်များအပေါ်တွင်ဖြစ်ပေါ်စေသောပြောင်းလဲမှု သို့မဟုတ် ဖြစ်ပေါ်စေနိုင်ချေရှိသောပြောင်းလဲမှု အားလုံးသည် မြစ်ဖွံ့ဖြိုးရေး သို့မဟုတ် မြစ်နှင့်ပတ်သက်သောရင်းနှီးမြှုပ်နှံမှုများ၊ သို့တည်းမဟုတ် မြစ်အတွင်းရှိအရင်းအမြစ်များအပေါ်မှီခိုနေကြရသူများအတွက် အချို့သောဘေးအန္တရာယ်များကိုဖြစ်ပေါ်စေသည်။ ဤအခြေအနေမှာရေအား လျှပ်စစ်ထုတ်ယူသည့်လုပ်ငန်းအတွက်သာဖြစ်ပါသည်။

မြစ်အနာဂတ်အတွက်အရေးကြီးသော ဆုံးဖြတ်ချက်မျိုးတွင်အောက်ပါတို့ပါဝင်နိုင်ပါသည် -

- မြစ်နှင့်မြစ်ဝှမ်းတို့၏အခြေအနေမှာမည်ကဲ့သို့ရှိသနည်း (သဘာဝပတ်ဝန်းကျင်၊ စီးပွားရေး၊ လူမှုရေး၊ နိုင်ငံရေး)။
- ယင်းကိုအာဏာပိုင်တစ်ဖွဲ့တည်းက စီမံအုပ်ချုပ်နေပါသလား၊ သို့မဟုတ် နိုင်ငံအများအပြားနှင့်နယ်နိမိတ်ထိစပ်နေပါသလား။
- လက်ရှိအသုံးပြုနေသူများအနေဖြင့် မြစ်နှင့်ယင်းအတွင်းရှိအရင်းအမြစ်များကို ဆက်လက်အသုံးပြုနိုင်မည်လား။ အသုံးပြုခြင်းနှင့်ပတ်သက်၍ အခြေအနေမှာမည်ကဲ့သို့ဖြစ်သွားနိုင်သနည်း (မြစ်နှင့်ယင်းအတွင်းရှိအရင်းအမြစ်များ ကိုအသုံးပြုသူများအနေဖြင့်ယင်းတို့ကိုလက်လှမ်းမီခြင်း၊ အသုံးပြုခြင်းနှင့်ပတ်သက်၍အခွင့်အရေးများရှိပါသလား)
- မြစ်နှင့်ယင်းအတွင်းရှိအရင်းအမြစ်များကိုအသုံးပြုခြင်းကိုလမ်းညွှန်ပေးနိုင်မည့် မည်သည့်အစီအစဉ် သို့မဟုတ် နည်းဗျူဟာကို လုပ်ဆောင်ထားပါသနည်း။
- အနာဂတ်တွင် သဘာဝအရင်းအမြစ်များ (ရေဝေသစ်တော၊ မြစ်ကမ်းပါး၊ စိမ့်မြေ၊ စိမ့်တောများ၊ သို့မဟုတ် မြစ်ကြမ်းပြင်) ကိုမည်ကဲ့သို့ နယ်မြေပိုင်းခြားသတ်မှတ်မည်နည်း။
- အကာအကွယ်ပေးခြင်း၊ အများပိုင်အရင်းအမြစ်များအဖြစ်အသုံးပြုခြင်း၊ (စက်မှုဆိုင်ရာဖွံ့ဖြိုးမှု၊ ဆည်ရေထုတ်ယူခြင်းနှင့်ပြန်လည်ဖြန့်ဝေခြင်း၊ သတ္တုတူးဖော်ခြင်း၊ ရေအားလျှပ်စစ်ကဲ့သို့သော) အချို့သောအသုံးပြုသူများအတွက် ပုဂ္ဂလိကပိုင်ဖြစ်စေခြင်းအစရှိသော စီမံခန့်ခွဲမှုဆိုင်ရာနယ်ပယ်များအပါအဝင် အရင်းအမြစ်များကို မည်ကဲ့သို့ စီမံခန့်ခွဲမည်နည်း။
- ဥပဒေအရအခွင့်အရေးများ - မြစ်နှင့်ရေဝေကုန်းတန်းများရှိအရင်းအမြစ်များကို ဥပဒေအရမည်ကဲ့သို့အကာအကွယ်ပေးထားသနည်း။ ပုဂ္ဂလိကပိုင်ပြုလုပ်ထားပါသလား၊ လူထုမှလက်လှမ်းမီအသုံးပြုနိုင်ပါသလား၊ ထိုသို့ လူထုမှလက်လှမ်းမီအသုံးပြုရန်အတွက် ပြဋ္ဌာန်းထားသောစည်းကမ်းများမှာ အဘယ်နည်း။
- လက်လှမ်းမီခြင်းနှင့်အသုံးပြုခြင်းဆိုင်ရာအခွင့်အရေးများ - မည်သူတို့ထံတွင်မြစ်အတွင်းရှိအရင်းအမြစ်များကို လက်လှမ်းမီအသုံးပြုခွင့်ရှိသနည်း။

စာ ၁/၁

ဤသည်မှာနမူနာစာရင်းတစ်ခုသာဖြစ်ပါသည်။ ဇယားပုံစံကို www.oxfam.org.au/giamanual တွင်ရယူနိုင်ပါသည်။

အောက်တွင်ဖော်ပြမည့်ဇယားတွင် မြစ်တစ်စင်းတွင်ဖြစ်ပေါ်သောပြောင်းလဲမှုများသည် အမျိုးသားများနှင့်အမျိုးသမီးများအပေါ် မည်ကဲ့သို့မတူညီစွာသက်ရောက်မှုရှိနေကြောင်း ဖော်ပြထားပါသည်။ အချို့သောပြောင်းလဲမှုများမှာ ရေအားလျှပ်စစ်လုပ်ငန်းများထူထောင်ခြင်းကြောင့်ဖြစ်ပေါ်လာခြင်းဖြစ်ပြီး အချို့မှာမူ ရေအားလျှပ်စစ်စီမံကိန်းတစ်ခု

ဖြစ်နိုင်ချေရှိမရှိဟူသောအချက်အပေါ် သက်ရောက်နေသည့် အခြားသောအကြောင်းရင်းများကြောင့်ထွက်ပေါ် လာခြင်းဖြစ်ပါသည်။

**မြစ်တစ်စင်းအတွက်ဖြစ်နိုင်ချေရှိသောပြောင်းလဲမှုများနှင့် ယင်းတို့က ရေအားလျှပ်စစ်လုပ်ငန်းအတွက် မည်သည့်အဓိပ္ပါယ်ကိုဆောင်နေ ပုံများကို ကျား/မရေးရာ ရှုထောင့်မှ ကြည့်ခြင်း**

| သဘာဝစနစ်တွင် ဖြစ်ပေါ် နေသော ပြောင်းလဲမှု | အရင်းအမြစ်များအပေါ် ကျရောက်သော အကျိုးသက်ရောက်မှု | ရေအားလျှပ်စစ်ဆည်များ အတွက်အကျိုး သက်ရောက်မှု | ကျား/မရေးရာ ထည့်သွင်းစဉ်းစားမှုများ |
|---|---|---|---|
| မြစ်ညာဘက်မှရေကို ထုတ်ယူသည် (ဥပမာ အခြားသောဆည်များမှ၊ ဆည်မြောင်းအတွက်၊ ရေပေးဝေရန်အတွက်) | ရေနည်းသွားသည် | အစီအစဉ်ရေးဆွဲထားသော ရေအားလျှပ်စစ်ဆည်၏ စီးပွားရေးအရ ရပ်တည်နိုင်မှု သို့မဟုတ် ဖြစ်နိုင်ချေတို့အပေါ် သက်ရောက်မှုရှိနိုင်သည် | အမျိုးသားများ၊ အမျိုးသမီးများနှင့်လူထု၏ စိုက်ပျိုးထုတ်လုပ်မှုများအပေါ် သက်ရောက်မှုရှိနိုင်သည်။<br>ရေလုပ်ငန်းနှင့် အမျိုးသား/အမျိုးသမီးများ၏အခန်းကဏ္ဍများအပေါ် သက်ရောက်မှုရှိနိုင်သည်။ |
| အခြားသောစက်မှုလုပ်ငန်းများကြောင့် ရေအရည်အသွေးမှာ မြစ်ညာပိုင်းတွင် ထိခိုက်မှုရှိနိုင်သည်။ | မြစ်ညာပိုင်းရှိလုပ်ငန်းများကြောင့် ရေအရည်အသွေးမှာ လျော့ကျသွား မည် သို့မဟုတ် အမျိုးမျိုး ပြောင်းလဲနေမည်။ | တာဗိုင်များနှင့်စီးပွားရေးလုပ်ငန်းများကို ထိခိုက်နိုင်သည်။ | အိမ်သုံးရန်၊ ရေချိုးရန်၊ ဆေးကြောရန်၊ ဥယျာဉ်ခြံအတွက် အသုံးပြုရန် စသည်တို့ကဲ့သို့ သော အသေးစားအသုံးပြုမှုများတွင်အကျိုးသက်ရောက်မှုရှိနိုင်သည်။ |
| သစ်တောများကို ရှင်းလင်းခုတ်ထွင်လိုက်သည်။ | ရေအရည်အသွေးကျဆင်းသွားသည်။ | တာဗိုင်များနှင့်စီးပွားရေးလုပ်ငန်းများကို ထိခိုက်နိုင်သည်။ | သစ်တောထွက်အပင်များ၊ တိရိစ္ဆာန်များကို ရယူရန် အလို့ငှာ သစ်တောကို အသုံးပြုနေသူများအတွက် ထိခိုက်မှုရှိနိုင်သည်။ |
| ဆည်များဖြင့်ရေများကို သိုလှောင်ထားပြီး ရေအားလျှပ်စစ်အတွက်ပြန်လည်ထုတ်လွှတ်ပေးသည်။ | မြစ်ရေအတက်အကျရှိနိုင်သည်။ ရေစီးကြောင်းမှာ အချိန်အခါမဟုတ်ဘဲ မြင့်တက်ခြင်း၊ ကျဆင်းခြင်းတို့ဖြစ်နိုင်သည်။ ရေတွင်အောက်ဆီဂျင်ပါဝင်မှု မရှိတော့ပေ။ | ကြိုတင်မှန်းဆထားခြင်းမရှိဘဲရေလွှတ်လိုက်ပါက မြစ်အောက်ပိုင်းဒေသတွင် လုပ်ကိုင်သူများ အပေါ် သက်ရောက်မှုရှိနိုင်သည်။ | အမျိုးသားများနှင့်အမျိုးသမီးများမှ အိမ်ထောင်စုနှင့် စီးပွားရေး တာဝန်များအတွက် မြစ်ကိုမည်ကဲ့သို့ အသုံးချနေသည်ဆိုသည့် အပေါ် သက်ရောက်မှုရှိနိုင်သည်။ အထူးသဖြင့် မြစ်ကို ချိုးရန်၊ အဝတ်လျှော်ရန်၊ အစားအစာရယူရန်အသုံးပြုနေသော အမျိုးသမီးများအား ထိခိုက်စေနိုင်သည်။ |

| | | | |
|---|---|---|---|
| လျှပ်စစ်ဓါတ်အားထုတ်လုပ်ရန်အတွက်ရေကို စနစ်တစ်ခုမှအခြားစနစ်တစ်ခုသို့ ထုတ်ယူသည်။ | စနစ်တစ်ခုတွင် ရေစီးနည်းသွားမည်။ အခြားစနစ်များတွင် အချိန်ရာသီ မဟုတ်ဘဲ ရေတက်ခြင်း သို့မဟုတ် အမြဲတမ်းရေတက်ခြင်းတို့ ဖြစ်နိုင်သည်။ | ရေစီးများသော စနစ်တွင် ဆည်များဆောက်လုပ်နိုင်သည်။ ရေစီးနည်းသောအခြေ အနေအမြဲဖြစ်ပေါ်နေပါက အခြားသော စီမံချက်များ လုပ်ဆောင်ရန်မဖြစ်နိုင်ပေ။ | ကုန်ထုတ်လုပ်မှုဆိုင်ရာလုပ်ငန်းများအတွက်မှု အထက်တွင်ဖော်ပြထား သည့် အခက်အခဲများ အတိုင်းကြုံတွေ့ရနိုင်သည်။ ရေတက်ခြင်း၊ ရေကျခြင်းတို့သည် ကျေးရွာများ သို့ နေအိမ်များ၏အသက်ရှင်ရပ်တည်မှုအပေါ် သက်ရောက်မှုရှိနိုင်သည်။ |
| မြစ်အောက်ပိုင်းရှိ စိမ့်မြေများမှာ ၎င်းတို့၏ ဇီဝဖြစ်စဉ်ကို ထိန်းသိမ်းထားနိုင်လောက်သော လုံလောက်သည့် ရေပမာဏကိုမရရှိပေ။ | စိမ့်မြေများခန်းခြောက်သွားမည်။ ရေလွှမ်းသွားသောသစ်တောများလည်း ပြန်လည်ရှင်သန်နိုင်ခြင်းမရှိတော့ပေ။ ရေလုပ်ငန်းနှင့်အခြားသော မျိုးစိတ်များထိခိုက်နိုင်သည်/ သေဆုံးနိုင်သည်။ | | စိမ့်မြေနှင့်ဆက်စပ်လျက်လုပ်ကိုင်နေသော အမျိုးသားများနှင့် အမျိုးသမီးများ၏ လုပ်ငန်းများထိခိုက်နိုင် သည်။ ရေလုပ်ငန်းနှင့် စျေးကွက်ထိခိုက်နိုင်သည်။ အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ ထိခိုက်နိုင်သည်။ |
| မြစ်ဝကျွန်းပေါ် ဂေဟစနစ်များထိခိုက်သွားပြီး ရေချို/ရေငန် ထိန်းညှိထားနိုင်စွမ်း ပြောင်းလဲသွားနိုင်သည်။ | ဒေသအတွင်းတွင် ရေများပို၍ငန်လာမည်/ အငန်လျော့နည်းလာမည်။ မြစ်ဝကျွန်းပေါ်ရှိနုန်းမြေများနှင့် သဲကမ်းပါးများ ပြောင်းလဲလာမည်။ | | ကုန်ထုတ်လုပ်မှုဆိုင်ရာလုပ်ငန်းများအတွက်မှု အထက်တွင် ဖော်ပြထားသည့် အခက်အခဲများ အတိုင်းကြုံတွေ့ရနိုင်သည်။ ကျေးရွာ သို့ အိမ်ထောင်စုများ၏အသက်မွေးဝမ်းကျောင်းလုပ်ငန်းများကို ထိခိုက်နိုင်သည်။ |

### မြစ်များ၊ သဘာဝအရင်းအမြစ်များနှင့်ပတ်သက်သော ဆုံးဖြတ်ချက်များနှင့်စီမံခန့်ခွဲမှုများအတွက် သတင်းအချက်အလက်များရရှိနေစေရန် စီမံကိန်းမတိုင်မီဆန်းစစ်မှုကို အသုံးပြုခြင်း

ကျား/မအမျိုးအစားခွဲခြားထားသော အချက်အလက်များအခိုင်အမာပါရှိသည့် စီမံကိန်းမတိုင်မီလေ့လာဆန်းစစ်မှုတစ်ခု လုပ်ဆောင်ပြီးသွားပါက ယင်းကိုမည်သည့်နေရာတွင်မည်ကဲ့သို့အသုံးပြုမည်နည်း။

မြစ်နှင့်မြစ်အတွင်းရှိအရင်းအမြစ်များနှင့်ပတ်သက်၍ အမျိုးသားများ၊ အမျိုးသမီးများနှင့်လူထုတို့၏မတူညီသောအသုံးပြုပုံများကို စီမံကိန်းမတိုင်မီလေ့လာဆန်းစစ်မှုမှတဆင့် နားလည်သဘောပေါက်စေသည်။ ထို့ပြင် တွေ့ရှိထားသော အချက်များမှာ မတူညီသောအခြေအနေများရှိ လူထုများအတွင်းမည်ကဲ့သို့တူညီနေကြောင်း၊ သို့မဟုတ် မည်ကဲ့သို့ ကွဲပြားနေကြောင်းနားလည်သဘောပေါက်စေသည်။ မတူညီသောအခြေအနေများတွင် အောက်ပါတို့ပါဝင်နိုင်ပါသည် -

- မြစ်နှင့်မြစ်ဝှမ်းစနစ်အတွင်းရှိ တည်နေရာ

- လူထု၏အခြေခံသတင်းအချက်အလက်များ
- လူထု၏လူမှု-စီးပွားအခြေအနေများ
- အဆိုပါလူထုနှင့် မြစ်၊ မြစ်အတွင်းရှိအရင်းအမြစ်များအကြား ဆက်နွယ်မှုများ
- အဆိုပါဆက်နွယ်မှုများနှင့် မြစ်၊ မြစ်အတွင်းရှိအရင်းအမြစ်များအပေါ် မှီခိုနေမှုတို့၏ဥပဒေရေးရာအခြေအနေ
- ဆက်နွယ်မှုများနှင့်မှီခိုမှုတို့မှာ အချိန်နှင့်အမျှမည်ကဲ့သို့ပြောင်းလဲသွားသည်၊ ကွဲပြားသွားသည် - ရာသီအလိုက်နှင့် တစ်နှစ်မှတစ်နှစ်
- မြစ်နှင့်အရင်းအမြစ်များကို အသုံးပြုနေသောအခြားသူများက ဒေသလူထု၏ အသုံးပြုမှုနှင့် လက်လုပ်မီးမှုတို့အပေါ် မည်ကဲ့သို့ အကျိုးသက်ရောက်စေသနည်း

မြစ်စီမံခန့်ခွဲခြင်း၊ အုပ်ချုပ်ခြင်းတို့နှင့်ပတ်သက်၍ ချမှတ်လိုက်သောဆုံးဖြတ်ချက်များတွင် အဆိုပါကွဲပြားသောရှုထောင့်တစ်ခုစီကိုထည့်သွင်းစဉ်းစားသင့်ပါသည်။





## ၆။ ကျား/မရေးရာအကျိုးသက်ရောက်မှုဆန်းစစ်ချက်လုပ်ငန်းစဉ်

ဤအခန်းတွင် ကျား/မရေးရာအကျိုးသက်ရောက်မှုဆန်းစစ်ချက်လုပ်ငန်းစဉ်ကိုဖော်ပြထားသည်။ စီမံကိန်းဖော်ဆောင်သူများနှင့် အစိုးရအဖွဲ့များအနေဖြင့် ကျား/မစာရင်းခွဲခြားထားသောအချက်အလက်များ ကောက်ယူရာတွင် အထောက်အကူဖြစ်စေရန် နည်းကိရိယာများနှင့် စိစစ်ရန်စာရင်းဥပမာများကို မိတ်ဆက်ပေးထားသည်။ ထို့ပြင် စီမံကိန်းအဆင့်ဆုံးဖြတ်ချက်ချမှတ်ခြင်းနှင့် စီမံခန့်ခွဲမှုဆိုင်ရာအစီအစဉ်ရေးဆွဲခြင်း၊ လုပ်ငန်းအကောင်အထည်ဖော်ခြင်းတို့တွင် အဆိုပါအချက်အလက်များကို မည်ကဲ့သို့အသုံးပြုနိုင်ကြောင်း မီးမောင်းထိုးဖော်ပြထားသည်။ လုပ်ငန်းစဉ်ကို စီမံကိန်းစက်ဝန်းတစ်လျှောက်လုံး၊ စီမံကိန်းဖြစ်နိုင်ချေ ရှိမရှိဆန်းစစ်သည့်ကနဦးအဆင့်မှ စီမံကိန်းအတွက် အစီအစဉ်

ရေးဆွဲခြင်း၊ အကောင်အထည်ဖော်ခြင်း၊ လုပ်ငန်းလည်ပတ်ခြင်းစသောအဆင့်များအထိ ဆီလျော်မှုရှိအောင် ဒီဇိုင်းရေးဆွဲထားသည်။

GIA လုပ်ငန်းစဉ်ကို တစ်ဆင့်ပြီးတစ်ဆင့်လုပ်ဆောင်ရသောရိုးရှင်းသည့် လမ်းညွှန်တစ်ခုသဖွယ် ဖွဲ့စည်းတည်ဆောက်ထားသည်။

**လက်စွဲသည် ဝန်ထမ်းများကိုစီမံကိန်းစက်ဝန်းတစ်လျှောက် - ဆန်းစစ်ခြင်း၊ အစီအစဉ်ရေးဆွဲခြင်း၊ စောင့်ကြည့်လေ့လာခြင်း - လမ်းညွှန်ပေးသွားမည်ဖြစ်သည်။**




## ၆.၁။ ဖြစ်နိုင်ချေ ရှိ မရှိ ဆန်းစစ်ခြင်း၊ ဒီဇိုင်းရေးဆွဲခြင်းနှင့် အစီအစဉ်ရေးဆွဲခြင်းအဆင့်များရှိ ကျား/မရေးရာ ဆန်းစစ်မှု

စီမံကိန်းတစ်ခုစတင်ရေးဆွဲပြီးနောက် ဖြစ်နိုင်ချေရှိမရှိဆန်းစစ်သည့်အဆင့်နှင့် အစီအစဉ်ရေးဆွဲသည့်အဆင့်များ ဆက်လက်လုပ်ဆောင်ရန် သဘောတူခွင့်ပြုချက်ရရှိပြီးသောအခါ ကျား/မရေးရာဆန်းစစ်မှုများကိုလည်း စိတ်ကျေနပ်အားရသည်အထိ လုပ်ဆောင်ပြီးခြင်းရှိမရှိပြန်လည်ဆန်းစစ်ရမည့်အချိန်ဖြစ်ပါသည်။ ဤအဆင့်တွင် စီမံကိန်းအကျိုးသက်ရောက်မှုများနှင့်ပတ်သက်၍ ကျား/မရေးရာသဘောအရ နားလည်သဘောပေါက်မှုရရှိသွားသောအခါ ဒီဇိုင်းရေးဆွဲခြင်း၊ ရသုံးမှန်းခြေတွက်ချက်ခြင်း၊ အစီအစဉ်ရေးဆွဲခြင်း၊ လုပ်ငန်းလည်ပတ်ခြင်းတို့နှင့်ပတ်သက်၍ အနာဂတ်တွင်ချမှတ်မည့်ဆုံးဖြတ်ချက်များသည် သတင်းအချက်အလက်ပြည့်ပြည့်စုံစုံရရှိနေပြီးသော စမှတ်တစ်ခုမှ စတင်နိုင်ပြီဖြစ်ကြောင်း သေချာနေမည်ဖြစ်သည်။ ယင်းက စီမံကိန်းအပေါ်ကျရောက်နိုင်သော ဘေးအန္တရာယ်များကို အနည်းဆုံးဖြစ်အောင်လုပ်ဆောင်ပေးနိုင်မည်ဖြစ်သည်။

### စီမံကိန်းရှိကျား/မရေးရာအကျိုးသက်ရောက်မှုများကို ဦးတည်ဆောင်ရွက်ခြင်း

သင့်ရည်ရွယ်ချက်မှာ အဆိုပါအဆင့်များနှင့် ယင်းတို့၏ရလဒ်များကို စီမံခန့်ခွဲမှုဆိုင်ရာ အခြားသောအစီအစဉ်များအတွက် သတင်းအချက်အလက်အနေဖြင့်အသုံးပြုရန်၊ ပေါင်းစပ်ထည့်သွင်းနိုင်ရန်စသည်တို့ဖြစ်သင့်ပါသည်။ သို့ရာတွင် စီမံကိန်းအနေဖြင့်ကျား/မရေးရာဆက်နွယ်မှုများ၊ စီမံကိန်းသက်ရောက်မှုရှိနေသောလူထုအတွင်းနှင့်ပို၍ကျယ်ပြန့်သော စီမံကိန်းဒေသများအတွင်းရှိ ကျား/မရေးရာအခြေအနေတို့၏ လက်ရှိအခြေအနေများနှင့်ပတ်သက်၍ ကောင်းစွာ

နားလည်သဘောပေါက်ထားရန်အရေးကြီးပါသည်။ ဤသို့ ကျား/မရေးရာအရ နားလည်သဘောပေါက်မှုကို အကျိုးသက်ရောက်မှုများအား ဦးတည်ဖြေရှင်းပေးမည့်အစီအစဉ်များအတွက် သတင်းအချက်အလက်များရရှိစေရန်နှင့် ကျား/မရေးရာပြောင်းလဲမှုများအတွက် အခွင့်အလမ်းများအားနားလည်သဘောပေါက်စေရန် ဆက်လက်၍ အသုံးပြုနိုင်ပါသည်။

အောက်တွင်ဖော်ပြထားသောအခန်းတွင် ရေအားလျှပ်စစ်စီမံကိန်းတစ်ခုအတွင်းရှိ ကျား/မရေးရာ အကျိုးသက်ရောက်မှုများကိုနားလည်သဘောပေါက်စေရန် ရိုးရှင်းသောမူဘောင်ဆိုင်ရာချဉ်းကပ်နည်းတစ်ခုကို မိတ်ဆက်ပေးထားပါသည်။ ယင်းတွင် အဆင့်ဆင့်ပါဝင်သောချဉ်းကပ်နည်းတစ်ခုကို အကြံပြုထားပြီး ကမ္ဘာအနှံ့ရှိ ရေအားလျှပ်စစ်လုပ်ငန်းနှင့် ယင်းနှင့်ဆက်စပ်နေသောအခြားကဏ္ဍများတွင် အတိုင်ပင်ခံများနှင့်ကုမ္ပဏီအချို့မှအသုံးပြုလျက်ရှိသောရှိရင်းစွဲနည်းကိရိယာများနှင့်မူဘောင်များအပေါ်တွင် အခြေခံထားပါသည်။

ဤလက်စွဲသောအသုံးပြုသော ကုမ္ပဏီများအတွက်အားတက်စေသောအရာတစ်ခုမှာ အဆိုပါနည်းကိရိယာများမှာ ကောင်းစွာဖော်ထုတ်ထားပြီးသောကိရိယာများဖြစ်ကြပါသည်။ အဆိုပါ နည်းကိရိယာနှင့်အနည်းငယ်သာကွဲလွဲသော နည်းကိရိယာများကို မဲခေါင်ဒေသနှင့် ရေလုပ်ငန်း၊ စိုက်ပျိုးရေး သို့မဟုတ် ရေနှင့်ပတ်ဝန်းကျင်သန့်ရှင်းရေး စသော အခြားကဏ္ဍများတွင်အသုံးပြုလျက်ရှိပါသည်။ ဤတွင် မဲခေါင်ဒေသရှိရေအားလျှပ်စစ်လုပ်ငန်းများအတွက် သီးသန့်ဖြစ်သောဥပမာများနှင့် လမ်းညွှန်မေးခွန်းများပါဝင်စေရန်အတွက် ကျား/မရေးရာမူဘောင်များကို လိုက်လျောညီထွေပြုပြင်ရေးသားထားပါသည်။


အကျိုးသက်ရောက်မှုပြန်လည်သုံးသပ်သည့်လေ့ကျင့်ခန်းတစ်ခုတွင် အမျိုးသမီးများဆွေးနွေးနေစဉ်၊ လာအို
ဓါတ်ပုံ - Lee Fitzroy/OxfamAUS

## အဆင့် (၁) - သတင်းအချက်အလက်များကောက်ခံခြင်း - ကျား/မရေးရာအကြောင်းခွဲခြမ်းစိတ်ဖြာသုံးသပ် ထားသော စီမံကိန်းသီးသန့်အခြေခံအချက်အလက်များကောက်ခံခြင်း

ဖြစ်နိုင်ချေရှိမရှိဆန်းစစ်ရာတွင်ကောက်ခံသော အခြေခံအချက်အလက်များသည် ကျား/မရေးရာအခြေအနေကို နားလည်သဘောပေါက်စေရန်အတွက် ပြီးပြည့်စုံမှုရှိမရှိစစ်ဆေးပါ။ စီမံကိန်းဖော်ဆောင်ရာတွင်လစ်ဟာမှုများရှိခဲ့ပါက ပြီးခဲ့သောအခန်းတွင်ဖော်ပြထားခဲ့သော အချက်အလက်ကောက်ယူသည့်လုပ်ငန်းစဉ်ကို လုပ်ဆောင်ရန်၊ ပြင်ဆင်ရန် သို့မဟုတ် အချိန်ကာလနှင့်အညီမွမ်းမံရန်လိုအပ်ပါသည်။

သဘာဝပတ်ဝန်းကျင်နှင့်လူမှုရေးဆန်းစစ်မှုများကို အသေးစိတ်ခြုံငုံမိထားသောအခြေအနေမျိုးနှင့် သတ်မှတ်တာဝန်နှင့်လုပ်ပိုင်ခွင့်များ အကြမ်းဖျင်းပြင်ဆင်ပြီးနေသောအခြေအနေမျိုးတွင် ကျား/မရေးရာခွဲခြမ်းစိတ်ဖြာမှုနှင့် ကျွမ်းကျင်မှုများကို ပေါင်းစပ်ထည့်သွင်းသွားမည်ဆိုပါက အဖိုးတန်သောရလဒ်များကိုရရှိစေနိုင်မည်ဖြစ်ပါသည်။ အောက်ပါအဆင့်များသည် စီမံကိန်းဖွံ့ဖြိုးမှု၏ကနဦးအဆင့်များတွင် ခွဲခြမ်းစိတ်ဖြာသုံးသပ်ခြင်းနှင့်အစီအစဉ်ရေးဆွဲခြင်းတို့အတွက် ကျား/မရေးရာသတင်းအချက်အလက်များကောက်ခံရန်နှင့် စီစဉ်ရန်အသုံးအများဆုံးသော နည်းကိရိယာများ အနက်မှ အချို့ကိုအကြံပြုထားပါသည်။

စီမံကိန်းဖြစ်နိုင်ချေရှိမရှိဟူသော နည်းပညာရှုထောင့်များကို နားလည်သဘောပေါက်စေရန်အလို့ငှာ၊ ကျား/မစာရင်းခွဲခြားထားသောအချက်အလက်များပါဝင်ပြီး မြစ်နှင့်ယင်းပတ်ဝန်းကျင်ရှိလူများအကြောင်းဆန်းစစ်ထားသော စီမံကိန်းမတိုင်မီလေ့လာ ဆန်းစစ်မှုတစ်ခုလိုအပ်ပါလိမ့်မည်။ ယင်းက လူထုပါဝင်စေရန်၊ စီမံကိန်းဆုံးဖြတ်ချက်များချမှတ်နိုင်ရန် သတင်းအချက်အလက်များပေးမည်ဖြစ်ပါသည်။

ကျား/မရေးရာအခြေအနေကိုနားလည်ရမည့်အပြင် မြစ်ဝှမ်းဒေသနှင့်စီမံကိန်းသက်ရောက်မှုရှိသော နယ်ပယ်အတွင်းတွင် အခြားသောသွင်ပြင်လက္ခဏာများစွာကိုလည်းထည့်သွင်းစဉ်းစားရန်လိုအပ်ပါသည်။ ယင်းတွင် လူမျိုးနှင့် ဘာသာစကားတူရာအဖွဲ့များ၊ လူမှုစီးပွားရေးအခြေအနေ၊ ပညာရေး၊ စာတတ်မြောက်မှု၊ ယဉ်ကျေးမှုဓလေ့ထုံးစံများ၊ ဆုံးဖြတ်ချက်ချမှတ်သည့်လုပ်ငန်းစဉ်များ၊ အပစ်ပယ်ခံဖြစ်မှု၊ လူမှုရေးထုံးစံများနှင့်အိမ်တွင်းအကြမ်းဖက်မှုများ၊ မသန်စွမ်းခြင်း၊ ထိခိုက်လွယ်သည့်ပုံစံမျိုးစုံတို့သည် ကျား/မရေးရာနှင့်မည်ကဲ့သို့ ပေါင်းစပ်နေသည် စသည့်အချက်များ ပါဝင်ပါသည်။

စီမံကိန်းတစ်ခုအနေဖြင့် လုပ်ငန်းဖြစ်နိုင်ချေနှင့်အကျိုးသက်ရောက်မှုအတွက် ပို၍ပြီးပြည့်စုံသော ဆန်းစစ်ချက်များဆက်လက်လုပ်ဆောင်ရန်ခွင့်ပြုချက်ရရှိပြီးနောက်ပိုင်းတွင် လုပ်ငန်းစဉ်များနှင့်ဆုံးဖြတ်ချက်ချရာတွင် ကျား/မရေးရာကိုမည်ကဲ့သို့ပေါင်းစပ်ထည့်သွင်းသွားနိုင်မည်ဆိုသည့်အချက်ကို စဉ်းစားသင့်ပါသည်။

စာမျက်နှာ ၄၄ ပါ E/SIA ဖြစ်စဉ်ပြပုံတွင် ကျား/မရေးရာကျွမ်းကျင်မှုနှင့်ဆန်းစစ်မှုတို့ ပေါင်းစပ်နိုင်ရန်အတွက် အဓိကလုပ်ငန်းစဉ်ဆိုင်ရာအခွင့်အလမ်းများကို လမ်းညွှန်ဖော်ပြထားပါသည်။

## အဆင့် (၂) - အခြေအနေကိုနားလည်သဘောပေါက်ခြင်း

ရေအားလျှပ်စစ်စီမံကိန်းနှင့်ပတ်သက်သော အခြေအနေများကိုအသေးစိတ်ခွဲခြမ်းစိတ်ဖြာသုံးသပ်ခြင်းဖြင့် ကုမ္ပဏီနှင့် ယင်းအားငွေကြေးထောက်ပံ့သူများနှင့်နိုင်ငံတော်အစိုးရတို့အနေဖြင့် ဆည်ကြောင့်ထိခိုက်ခံစားရမည့်လူထု၊ ၎င်းတို့ကို မည်ကဲ့သို့ဖွဲ့စည်းထားသည်၊ ၎င်းတို့သည်မည်ကဲ့သို့လုပ်ငန်းလုပ်ဆောင်နေကြပြီး အခြားသောသူများ၊ ထိခိုက်ခံရမည့် သဘာဝပတ်ဝန်းကျင်များနှင့်မည်ကဲ့သို့ အပြန်အလှန်ဆက်သွယ်နေကြသည်ဆိုသည်ကို နားလည်သဘောပေါက်ရန် အထောက်အကူဖြစ်စေမည်ဖြစ်သည်။ အလေ့အကျင့်ကောင်းဆိုသည်မှာ ထိခိုက်ခံစားနေရသောလူထုနှင့် မြစ်အသုံးပြု

သူအဖွဲ့များအတွင်းရှိအမျိုးသားများနှင့်အမျိုးသမီးများ၏ အခန်းကဏ္ဍများ၊ တာဝန်ဝတ္တရားများနှင့်ပတ်သက်ဆက်နွယ်မှုများကို ရှင်းရှင်းလင်းလင်းသဘောပေါက်နားလည်ခြင်းကိုဆိုလိုပါသည်။

ဤအခြေအနေခွဲခြမ်းစိတ်ဖြာသုံးသပ်မှုတွင် အမျိုးသမီးများနှင့်အမျိုးသားများ၏လက်တွေ့လိုအပ်ချက်များနှင့် အကျိုးကျေးဇူးများကိုစဉ်းစားသင့်ပါသည်။ ဆက်လက်ဖော်ပြမည့်စာမျက်နှာများတွင် စီမံကိန်းမှ လူထုအပေါ်မည်ကဲ့သို့ သက်ရောက်မှုရှိနေမည်ဆိုသည့်အခြေအနေကို ကုမ္ပဏီများနားလည်ရန်အတွက် အထောက်အကူဖြစ်စေမည့် အဓိကနည်းကိရိယာအချို့ကိုဖော်ပြပေးထားပါသည်။

### အမျိုးသမီးများနှင့်အမျိုးသားများ၏အခန်းကဏ္ဍများနှင့် ၎င်းတို့အကြားအလုပ်ခွဲဝေမှု

လူမှုရေးအကျိုးသက်ရောက်မှုဆန်းစစ်သည့်လုပ်ငန်းစဉ်သည် လုပ်ငန်းများစာရင်းကိုဖော်ထုတ်ပေးပါသည်။ ယင်းက အမျိုးသားများနှင့်အမျိုးသမီးများသည် ၎င်းတို့အိမ်ထောင်စုများ၊ ရွာများအတွင်း၊ မြစ်အတွင်းနှင့်ပတ်ဝန်းကျင်ရှိ မြေယာများပေါ်၌ မည်သည့်လုပ်ငန်းများလုပ်ဆောင်နေကြသည်ဆိုသည်ကို စီမံကိန်းဖော်ဆောင်သူများ နားလည်သဘောပေါက်စေရန်ကူညီပေးသည်။ လုပ်ငန်းများစာရင်းသည် ကျေးရွာတစ်ရွာ၏ နေ့စဉ်၊ ရာသီအလိုက်နှင့် တစ်နှစ်ပတ်လုံးရှိလုပ်ငန်းများကို ကြိုတင်မှန်းဆနိုင်ရန်ကူညီပေးပါသည်။ ယင်းကို စီမံကိန်းဖော်ဆောင်သူများနှင့်လူထုအကြား ပြောဆိုဆက်ဆံရာတွင် အဓိကနည်းကိရိယာတစ်ခုအဖြစ်အသုံးပြုနိုင်ပါသည်။ ထို့ကြောင့် အမျိုးသားများနှင့်အမျိုးသမီးများ၏လုပ်ငန်းများနှင့်ပတ်သက်၍ အချက်အလက်ပြည့်ပြည့်စုံစုံကောက်ခံရန်အထူးအရေးကြီးပါသည်။

လုပ်ငန်းဆန်းစစ်မှုကောက်ခံရာတွင် အောက်ပါတို့ကိုထည့်သွင်းစဉ်းစားသင့်ပါသည် -

- ရာသီအလိုက်ပြောင်းလဲမှုများ
- အချိန်ခွဲဝေအသုံးပြုပုံများ (လုပ်ငန်းတစ်ခုသည်မည်မျှကြာမြင့်သနည်း၊ လုပ်ငန်းသို့သွားရောက်ရန်/ လုပ်ငန်းမှပြန်လာရန်အချိန်မည်မျှကြာမြင့်သနည်း)
- အသက်အရွယ်အလိုက် အမျိုးသား၊ အမျိုးသမီးတို့၏အခန်းကဏ္ဍများ (ယောက်ျားလေးများ/မိန်းကလေးများ၊ အမျိုးသမီးများ/အမျိုးသားများနှင့်သက်ကြီးရွယ်အိုများ မည်သည့်လုပ်ငန်းများကိုလုပ်ကိုင်ကြသနည်း)
- လုပ်ငန်းကိုမည်သည့်နေရာတွင်လုပ်ကိုင်ကြသနည်း
- မသန်စွမ်းမှု (မသန်စွမ်းသူများအတွက် သီးသန့်အခန်းကဏ္ဍများနှင့်တာဝန်ဝတ္တရားများရှိပါသလား၊ မသန်စွမ်းသူများလုပ်ငန်းများလုပ်ဆောင်ရန်အတွက် အဟန့်အတားများရှိပါသလား)
- ဘာသာစကားနှင့်စာတတ်မြောက်မှု၊ ယင်းတို့မှာ အချို့သောလုပ်ငန်းများလုပ်ဆောင်ရန်အတွက် အဟန့်အတား သို့မဟုတ် ကန့်သတ်ချက်တစ်ခုဖြစ်နေနိုင်ပြီး နောက်ဆုံး၌ကုမ္ပဏီများနှင့်အစိုးရများမှ ဒေသခံကိုယ်စားလှယ်များနှင့်မည်ကဲ့သို့ အပြန်အလှန်ဆက်သွယ်သည်ဆိုသည့်အချက်အပေါ်တွင် သက်ရောက်မှု ရှိနေနိုင်ပါသည်။ မည်သူတို့သည်မည်သည့်ဘာသာစကားများကိုပြောဆိုကြသည်၊ မည်သည့်အုပ်စုခွဲများက မည်သည့်ဘာသာစကားကို အသုံးပြုသည်စသည့်အချက်များကို ဖော်ထုတ်ထားရန်လိုအပ်ပါသည်။ မည်သူတို့သည် မည်သည့်ဘာသာစကားများကိုရေးနိုင်သည်၊ ဖတ်နိုင်သည်ဆိုသည်ကိုရှင်းရှင်းလင်းလင်းသိမြင်နိုင်ရန် အမျိုးသားများနှင့်အမျိုးသမီးများ၏ ဘာသာစကားစွမ်းရည်ကိုဆန်းစစ်ခြင်းမှာလည်း အရေးကြီးပါသည်။

## လုပ်ငန်းစဉ် စိစစ်ရန်စာရင်း

- ☐ လူထုအတွင်းရှိ အမျိုးသမီးများ၊ အမျိုးသားများ နှင့် သီးသန့်စီဖြစ်စေ၊ အတူတကွဖြစ်စေ တိုင်ပင်ဆွေးနွေးပြီးပြီလား။
- ☐ လူထုနှင့်ပတ်သက်သော ကျား/မစာရင်း ခွဲခြားထားသည့်အချက်အလက်များကို ရှာဖွေပြီးပြီလား။
- ☐ အမျိုးသားများနှင့်အမျိုးသမီးများ၊ ယောက်ျားလေးများနှင့်မိန်းကလေးများနှင့်ပတ်သက်သော သတင်းအချက်အလက်များကိုရှာဖွေပြီးပြီလား၊ (၎င်းတို့၏အမြင်များနှင့်ရှုထောင့်များကို မှတ်တမ်းတင်ပြီးပြီလား)။
- ☐ စီမံကိန်းသတင်းအချက်အလက်များကို လူထုထံဝေမျှပြီးပြီလား။ ယင်းတို့ကိုဝေမျှရာတွင် အမျိုးသားများနှင့်အမျိုးသမီးများ၊ စာရေးနိုင်ဖတ်နိုင်သူများနှင့်မရေးတတ်မဖတ်တတ်သူများ အားလုံး အဆင်ပြေစေမည့်နည်းလမ်းများကို အသုံးပြုခဲ့ပါသလား။
- ☐ လူမှုရေးအကျိုးသက်ရောက်မှုဆန်းစစ်ချက်နှင့် အချက်အလက်စုဆောင်းသည့်လုပ်ငန်းစဉ်များတွင် မတူညီသောဒေသခံပြည်သူများ သို့မဟုတ် တိုင်းရင်းသားလူနည်းစုများကို အလေးပေး တုံ့ပြန်ထားပါသလား။
- ☐ လုပ်ငန်းများတွင်ပါဝင်ရန်အတွက် ရှိနေသော အဟန့်အတားများကိုဖော်ထုတ်ပြီးပြီလား၊ ယင်းတို့ကိုလျှော့ချနိုင်မည့်နည်းဗျူဟာများကို အမျိုးသားများ၊ အမျိုးသမီးများအပြင် အထူးလိုအပ်ချက်များရှိနေသောအမျိုးသားများ၊ အမျိုးသမီးများနှင့် ညှိနှိုင်းသဘောတူပြီးပြီလား။
- ☐ ကျား/မရေးရာထည့်သွင်းစဉ်းစားမှုများနှင့် အမျိုးသားများ၊ အမျိုးသမီးများ၏ အမြင်များကိုပေါင်းစပ်ထည့်သွင်းကာ လူထု၊ ဈေးကွက်နှင့် နိုင်ငံတော်အဆင့်များရှိ အဖွဲ့အစည်းဆိုင်ရာ အရေးကိစ္စများကို ထည့်သွင်းစဉ်းစားထားပါသလား။

စာ ၁/၁

## လုပ်ငန်းဆန်းစစ်မှုပြုလုပ်သောအခါ အောက်ပါတို့ကို ထည့်သွင်းစဉ်းစားပါ

- ☐ ရာသီအလိုက်ပြောင်းလဲမှုများ
- ☐ အချိန်ခွဲဝေအသုံးပြုပုံများ (လုပ်ငန်းတစ်ခုသည် မည်မျှကြာမြင့်သနည်း၊ လုပ်ငန်းသို့သွားရောက်ရန်/ လုပ်ငန်းမှ ပြန်လာရန်အချိန်မည်မျှ ကြာမြင့်သနည်း)
- ☐ အသက်အရွယ်အလိုက် အမျိုးသား၊ အမျိုးသမီးတို့၏အခန်းကဏ္ဍများ (ယောက်ျားလေးများ/ မိန်းကလေးများ၊ အမျိုးသမီးများ/အမျိုးသားများ နှင့်သက်ကြီးရွယ်အိုများ မည်သည့်လုပ်ငန်းများကိုလုပ်ကိုင်ကြသနည်း)
- ☐ လုပ်ငန်းကိုမည်သည့်နေရာတွင်လုပ်ကိုင်ကြသနည်း
- ☐ မသန်စွမ်းမှု (မသန်စွမ်းသူများအတွက် သီးသန့်အခန်းကဏ္ဍများနှင့်တာဝန်ဝတ္တရားများ ရှိပါသလား၊ မသန်စွမ်းသူများလုပ်ငန်းများ လုပ်ဆောင်ရန်အတွက် အဟန့်အတားများ ရှိပါသလား)
- ☐ ဘာသာစကားနှင့်စာတတ်မြောက်မှု (ယင်းတို့မှာ အချို့သောလုပ်ငန်းများလုပ်ဆောင်ရန်အတွက် အဟန့် အတား သို့မဟုတ် ကန့်သတ်ချက်တစ်ခု ဖြစ်နေနိုင်ပြီး နောက်ဆုံး၌ကုမ္ပဏီများနှင့် အစိုးရများမှ ဒေသခံ ကိုယ်စားလှယ်များနှင့်မည်ကဲ့သို့ အပြန်အလှန်ဆက်သွယ်သည်ဆိုသည့်အချက် အပေါ်တွင် သက်ရောက်မှု ရှိနေနိုင်ပါသည်။ မည်သူတို့သည်မည်သည့်ဘာသာစကားများကို ပြောဆိုကြသည်၊ မည်သည့်အုပ်စုခွဲများက မည်သည့်ဘာသာစကားကိုအသုံးပြုသည်စသည့်အချက်များကိုဖော်ထုတ်ထားရန်လိုအပ်ပါသည်။ မည်သူတို့သည် မည်သည့်ဘာသာစကားများကို ရေးနိုင်သည်၊ ဖတ်နိုင်သည်ဆိုသည်ကို ရှင်းရှင်းလင်းလင်းသိမြင်နိုင်ရန် အမျိုးသားများနှင့် အမျိုးသမီးများ၏ဘာသာစကားစွမ်းရည်ကို ဆန်းစစ်ခြင်းမှာလည်း အရေးကြီးပါသည်)

စာ ၁/၁

ဤသည်မှာနမူနာစာရင်းတစ်ခုသာဖြစ်ပါသည်။ ဇယားပုံစံကို www.oxfam.org.au/giamanual တွင်ရယူနိုင်ပါသည်။

## လုပ်ငန်းစာရင်းပြုစုရန် နည်းကိရိယာ (Activity Profile Tool)

**ရည်ရွယ်ချက်** - ဤနည်းကိရိယာသည် အမျိုးသားများနှင့်အမျိုးသမီးများလုပ်ကိုင်လေ့ရှိသော မတူညီသည့်လုပ်ငန်းများကိုနားလည်နိုင်ရန်၊ ထိုလုပ်ငန်းများကို မည်သည့်နေရာနှင့်မည်သည့်အချိန်တွင်လုပ်ကိုင်သည်ဆိုသည်ကို စဉ်းစားနိုင်ရန်ကူညီပေးပါလိမ့်မည်။ သို့မှသာ အခကြေးငွေရသောအလုပ်ဖြစ်စေ၊ မရသောအလုပ်ဖြစ်စေ လုပ်ငန်းအားလုံးကို ရှင်းရှင်းလင်းလင်းခွဲခြမ်းစိတ်ဖြာသုံးသပ်နိုင်မည်ဖြစ်သည်။ အချက်အလက်များကောက်ယူရန်နှင့် ရာသီအလိုက်ပြောင်းလဲမှုများကိုထည့်သွင်းစဉ်းစားနိုင်ရန် အထူးဂရုပြုရမည်ဖြစ်သည်။ အကြောင်းမှာ အဖြစ်အပျက်အတော်များများတွင် နှစ်တစ်နှစ်၏မတူညီသောအချိန်များနှင့် မတူညီသောရာသီများအလိုက် အမျိုးသားများနှင့်အမျိုးသမီးများ၏ အလုပ်များမှာ ကွဲပြားမှုများစွာရှိတတ်သောကြောင့်ဖြစ်ပါသည်။

**အဓိကမေးခွန်းများ** - ဒေသအတွင်းတွင် အမျိုးသမီးများနှင့်အမျိုးသားများသည် မည်သည်တို့ကိုလုပ်ကိုင်နေကြပါသနည်း။ အိမ်ထောင်စုအတွင်းရှိ ၎င်းတို့၏တာဝန်ဝတ္တရားများမှာ မည်သည်တို့ဖြစ်သနည်း။ ၎င်းတို့သည် ဒေသအတွက် မည်သည့်လုပ်ငန်းများကိုအတူတကွလုပ်ကိုင်လေ့ရှိပါသနည်း။

| **လုပ်ငန်းစာရင်း -** | | | | |
|---|---|---|---|---|
| **ကျေးရွာအမည် -** | | | **နေ့စွဲ -** | |
| လုပ်ငန်းများ | အမျိုးသမီးများ/ မိန်းကလေးများ | အမျိုးသားများ/ ယောကျ်ားလေးများ | မည်သည့်နေရာ | မည်သည့်အချိန်နှင့် မည်မျှကြာသည် |
| **ကုန်ထုတ်လုပ်မှုဆိုင်ရာလုပ်ငန်းများ** | | | | |
| ငါးဖမ်းခြင်း | | | | |
| ငါးရောင်းခြင်း | | | | |
| ဝင်ငွေရသီးနှံများ | | | | |
| တိရိစ္ဆာန်များထိန်းကျောင်းခြင်း | | | | |
| **မျိုးဆက်ပွားလုပ်ငန်းများ** | | | | |
| သားသမီးများအားပြုစုစောင့်ရှောက်ခြင်း | | | | |
| မိသားစုအတွက်ချက်ပြုတ်ခြင်း | | | | |
| ရေခပ်ခြင်း | | | | |
| ဝမ်းစာဖူလုံရေး/အစာထုတ်လုပ်ခြင်း | | | | |
| မိသားစုကျန်းမာရေးစောင့်ရှောက်ခြင်း | | | | |
| **လူထုအတွင်းရှိလုပ်ငန်းများ** | | | | |
| ကျေးရွာစီမံခန့်ခွဲရေးလုပ်ငန်းများ | | | | |
| ကျေးရွာအတွင်းရှိနိုင်ငံရေးလုပ်ငန်းများ | | | | |
| ကျေးရွာအတွင်းရှိရာသီအလိုက်လုပ်ငန်းများ | | | | |

| | | | | |
|---|---|---|---|---|
| ကျေးရွာအတွင်းရှိ ဘာသာရေးလုပ်ငန်းများ | | | | |
| အိမ်နီးချင်းများ၊ ပြင်ပနှင့်ဆက်သွယ် ပေါင်းဖော်ခြင်း | | | | |
| ကျေးရွာအတွင်းလုပ်အားပေးခြင်း | | | | |
| **ပညာရေးနှင့်အခြားလုပ်ငန်းများ** | | | | |
| ကျောင်း သို့မဟုတ် တက္ကသိုလ်ကောလိပ် | | | | |
| သင်တန်း | | | | |

From Harvard Analytical Framework

စာ ၁/၁

ဤသည်မှာ နမူနာနည်းကိရိယာတစ်ခုသာဖြစ်ပါသည်။ ဇယားပုံစံကို www.oxfam.org.au/giamanual တွင် ရယူနိုင်ပါသည်။

## လက်လှမ်းမှီခြင်းနှင့် ထိန်းချုပ်စီမံခြင်းဆိုင်ရာ နည်းကိရိယာ (Access and Control Profile Tool)

**ရည်ရွယ်ချက်** - ဤနည်းကိရိယာသည် အရင်းအမြစ်များလက်လှမ်းမှီခြင်းနှင့်ပတ်သက်၍ အမျိုးသားများနှင့် အမျိုးသမီးများ၏ လက်ရှိအလေ့အကျင့်များနှင့် အခန်းကဏ္ဍများကို နားလည်သဘောပေါက်စေရန် ကူညီပံ့ပိုးပေးမည်ဖြစ်ပါသည်။ နည်းကိရိယာအားဖြင့် ဒေသတစ်ခုလုံး၏ခြုံငုံသုံးသပ်ချက်ကို မြင်ရမည်ဖြစ်သည်။ သို့သော်လည်း ကျား/မ အမျိုးအစားအလိုက်ခွဲခြမ်းကြည့်နိုင်ရန်လည်း ကူညီပေးနိုင်မည်ဖြစ်သည်။ အဆိုပါအရင်းအမြစ်များကို မည်သူကထိန်းချုပ်ထားသည်ဆိုသည့်အချက်ကို ဆန်းစစ်ပေးသွားမည်ဖြစ်သည်။ ဆိုလိုသည်မှာ အရင်းအမြစ်များ၊ ယင်းတို့ကိုအသုံးပြုမှုများ စသည်တို့နှင့်ပတ်သက်၍ မည်သူကဆုံးဖြတ်ချက်များချမှတ်သည်၊ ဥပဒေအကြောင်းအရနှင့်/ သို့မဟုတ် အိမ်ထောင်စုနှင့်လူထုအတွင်းရှိ အလေ့အကျင့်များအရ မည်သူ့ထံတွင် လုပ်ပိုင်ခွင့်ရှိသည် စသည်တို့ကိုဆန်းစစ်ပေးသွားမည်ဖြစ်သည်။

**အဓိကမေးခွန်းများ** - လူထုအတွင်းရှိမည်သူက အရင်းအမြစ်များကို အသုံးပြုနေသနည်း။ သဘာဝ အရင်းအမြစ်များ၊ လူတို့ပြုလုပ်သောအရင်းအမြစ်များစသည်တို့နှင့် ပတ်သက်သောဆုံးဖြတ်ချက်များချမှတ်ရန် မည်သူတို့က ထိန်းချုပ်ထားသနည်း။ အဆိုပါအရင်းအမြစ်များအသုံးပြုခြင်း၊ ရောင်းချခြင်း သို့မဟုတ် အလွဲသုံးခြင်းတို့မှရရှိလာသော အကျိုးအမြတ်များ (ငွေကြေးများ) ကိုမည်သူတို့ကထိန်းချုပ်ထားသနည်း။

| **လက်လှမ်းမှီခြင်းနှင့်ထိန်းချုပ်စီမံခြင်းဆိုင်ရာအချက်အလက်များ** | | | | |
|---|---|---|---|---|
| | **လက်လှမ်းမှီခြင်း** | | **ထိန်းချုပ်စီမံခြင်း** | |
| | **အမျိုးသမီးများ** | **အမျိုးသားများ** | **အမျိုးသမီးများ** | **အမျိုးသားများ** |
| **ကျေးရွာနှင့်/သို့မဟုတ် အိမ်ထောင်စုအတွင်းရှိ အရင်းအမြစ်များ** | | | | |
| ဝမ်းစာဖူလုံရေးအတွက်လယ်ယာစိုက်ပျိုးရန်မြေ | | | | |
| ဝင်ငွေရသီးနှံများအတွက် မြေ | | | | |

| | | | | |
|---|---|---|---|---|
| လုပ်အား | | | | |
| ငါးမျှားလှေနှင့်စက်ပစ္စည်းများ | | | | |
| အိမ်ထောင်စုအတွင်းရှိတန်ဖိုးရှိသောပစ္စည်းများ - အသုံးအဆောင်များ၊ နည်းပညာများ | | | | |
| လူသားနှင့်ဆိုင်သောအဖိုးတန်အရည်အချင်းများ - ကျန်းမာရေး စောင့်ရှောက်မှု | | | | |
| အများသုံးအရင်းအမြစ်များကိုအသုံးပြုခြင်းနှင့် လက်လှမ်းမီခြင်း<br>• သစ်တောများ<br>• မြစ်ကမ်းပါး<br>• စိမ့်မြေများ | | | | |
| **အရင်းအမြစ်များအသုံးပြုခြင်းမှရလာသောအကျိုးကျေးဇူးများ** | | | | |
| ဝင်ငွေရသီးနှံများရောင်းချခြင်းမှရလာသောဝင်ငွေ | | | | |
| ငါးနှင့်ရေထွက်သတ္တဝါများရောင်းချခြင်းမှရလာသောဝင်ငွေ | | | | |
| သီးနှံများရိတ်သိမ်းရူးဆွတ်ရာမှရလာသောဝင်ငွေ | | | | |
| အဖိုးတန်ပစ္စည်းများပိုင်ဆိုင်မှု | | | | |
| ပညာသင်ယူရန်အခွင့်အလမ်းများ | | | | |

စာ ၁/၁

ဤသည်မှာနမူနာနည်းကိရိယာတစ်ခုသာဖြစ်ပါသည်။ ဇယားပုံစံကို www.oxfam.org.au/giamanual တွင် ရယူနိုင်ပါသည်။

### အချက်အလက်ကောက်ယူခြင်း၊ ခွဲခြမ်းစိတ်ဖြာသုံးသပ်ခြင်းတို့တွင် လမ်းညွှန်တစ်ခုအနေဖြင့်ထည့်သွင်းနိုင်သော မေးခွန်းများ

ကဏ္ဍအားလုံးနှင့်သက်ဆိုင်သော ဤမေးခွန်းများကို မတူညီသောလူထုများအတွင်း၌ပုံမှန်အသုံးပြုသွားသင့်ပါသည်။ အဘယ်ကြောင့်ဆိုသော် လူထုတစ်ရပ်ချင်းစီတွင် မတူညီသောအခြေအနေများနှင့်အမြင်များရှိနေနိုင်ပြီး အခြားသူများနှင့်မတူသော သီးခြားကျား/မရေးရာအကျိုးသက်ရောက်မှုများလည်း ကြုံတွေ့နိုင်ပါသည်။ ဤမေးခွန်းများကို မေးမြန်းခြင်းဖြင့် စီမံကိန်းမှထွက်ပေါ်လာမည့်မတူညီသောအကျိုးသက်ရောက်မှုများ၊ ကုန်ကျစရိတ်များနှင့်အကျိုး ကျေးဇူးများကိုနားလည်နိုင်မည်ဖြစ်သည်။ သင်အချက်အလက်များကောက်ယူရာတွင် မေးခွန်းများကို စိစစ်ရန်စာရင်းတစ်ခုအနေဖြင့်အသုံးပြုနိုင်ပါသည်။ မေးခွန်းများကို ဒေသအခြေအနေနှင့်လိုက်လျောညီထွေဖြစ်အောင်လည်း ပြုပြင်ပြောင်းလဲယူသင့်ပါသည်။

**မိတ်ဆက်မေးခွန်းများ**

- ငါးဖမ်းခြင်း၊ ရေထွက်ပစ္စည်းထုတ်ယူခြင်းတို့ရှိ အမျိုးသားများနှင့် အမျိုးသမီးများ၊ ယောက်ျားလေး

- လူထုမှ ၎င်းတို့၏ဦးစားပေးများအဖြစ်မည်သည့်အရာများကိုဖော်ပြကြပါသနည်း။ ယင်းတို့ကို မည်ကဲ့သို့မှတ်တမ်းတင်ထားသနည်း၊ မည်ကဲ့သို့သိရှိနိုင်မည်နည်း။
- အိမ်နီးချင်းရွာများ၊ ဒေသအတွင်းရှိမြို့၊ ဈေးများနှင့်လူထု (အမျိုးသားများနှင့်အမျိုးသမီးများ) အကြားမည်သည့်အပြန်အလှန်ဆက်ဆံမှုများရှိသနည်း။
- လက်ရှိတွင် ကျေးရွာအတွင်း၌လုပ်ကိုင်နိုင်သောကာယလုပ်ငန်းများမှာ မည်သည်တို့ဖြစ်သနည်း။ ဆည်သည် လူထုအတွင်းရှိထိုလုပ်ငန်းများအပေါ်မည်ကဲ့သို့သက်ရောက်မှုရှိနိုင်သနည်း။ အမျိုးသားများနှင့်အမျိုးသမီးများ၏လုပ်ငန်းများအပေါ်မည်သည့်အကျိုးသက်ရောက်မှုများရှိမည်နည်း။ ယင်းကိုသင်မည်ကဲ့သို့ ဖော်ထုတ်နိုင်ပါသနည်း။
- ထိခိုက်ခံစားနေရသောလူထုအတွက် စီမံကိန်းမှမည်သည့်အရာများပံ့ပိုးပေးနိုင်သနည်း။
- အဆိုပါရလဒ်မျိုးရရှိအောင် မည်သည့်အရင်းအမြစ်များလိုအပ်သနည်း။
- ပြန်လည်နေရာချထားပေးရန် စဉ်းစားထားပါသလား (စဉ်းစားထားပါက ဤစီမံကိန်းအတွက်ပြန်လည်နေရာချထားပေးရေးလုပ်ငန်းအစီအစဉ်ကိုဖော်ထုတ် ရန်လိုအပ်ပါသည်။ ဤအဆင့်မှာသင့်အနေဖြင့် ကျား/မရေးရာအထူးကျွမ်းကျင်သူများနှင့် အရင်းအမြစ်များပါဝင်အောင်လုပ်ဆောင်ရမည့်အရေးကြီးသောအဆင့်တစ်ဆင့်ဖြစ်ပါသည်)။
- ဆည်တွင်အလုပ်လုပ်ကိုင်ခွင့်ရရှိစေနိုင်မည့်နည်းလမ်းများမှာမည်သည်တို့ဖြစ်သနည်း။ ယင်းတို့အတွက်အချိန်ကာလအပိုင်းအခြားမှာမည်မျှဖြစ်သနည်း။ ဆိုလိုသည်မှာ စဉ်ဆက်မပြတ်ရရှိနေမည့်အခွင့်အလမ်းများရှိနိုင်မည်လား၊ သို့တည်းမဟုတ်ဆောက်လုပ်သည့်အဆင့်၌သာ အလုပ်လုပ်ကိုင်ခွင့်ရရှိမည်လား။
- လုပ်သားများကိုမည်ကဲ့သို့ထောက်ပံ့ပေးမည်နည်း (အိမ်ရာ၊ ဒေသမှစီမံကိန်းနေရာသို့သွားရေးလာရေး၊ အစားအစာ)။
- လူထုကိုမည်ကဲ့သို့ထောက်ပံ့ပေးမည်နည်း (ကျန်းမာရေး ဆေးခန်းများ၊ လမ်းများပြုပြင်ပေးခြင်း၊ ကျောင်းများ၊ ပိုနစ်သက်သောဈေးကွက် တင်သွင်းမှု၊ လုပ်သားများနှင့်လူထုတို့အပြန်အလှန်ဆက်ဆံကြရန်အတွက်စည်းမျဉ်းစည်းကမ်းများနှင့်များနှင့်မိန်းကလေးများ၏အခန်းကဏ္ဍများမှာမည်ကဲ့သို့သက်ရောက်ခံနေရပါသနည်း။
- မည်သည့်အရင်းအမြစ်များ (အိမ်ထောင်စု အတွင်း၊ ကျေးရွာအတွင်းရှိ) အပေါ်အကျိုးသက်ရောက်မှုရှိနေသနည်း။
- စီမံကိန်းအတွက်မည်သည့်မြေများလိုအပ်မည်နည်း။ ရွေးချယ်စရာနည်းလမ်းများမှာ မည်သည်တို့ဖြစ်သနည်း။ ယင်းတို့ကိုလူထုထံသို့ရှင်းပြပြီးပြီလား။
- ဆည်လုပ်ငန်းလည်ပတ်သည့်စနစ်သည် သဘာဝစနစ်များ၊ လူတို့မြစ်နှင့်မြစ်ကမ်းပါးများကိုအသုံးပြုပုံ၊ ရေလွှမ်းလွင်ပြင်တို့အပေါ် မည်ကဲ့သို့သက်ရောက်နေသနည်း။
- အမျိုးသားများ၊ အမျိုးသမီးများနှင့်ပတ်သက်၍ပြုလုပ်ထားသောကြိုတင်ယူဆချက်များမှာမည်သည်တို့ဖြစ်သနည်း။ အပေါင်းလက္ခဏာဆောင်သောရလဒ်များအတွက် အဟန့်အတားအချို့မှာမည်သည်တို့ဖြစ်နိုင်သနည်း။

## မဲခေါင်ဒေသ သီးသန့်

- ဆည်ကြောင့်ငါးဖမ်းလုပ်ငန်းကို မည်ကဲ့သို့သက်ရောက်မှုရှိနိုင်သနည်း။
- ဆည်ကြောင့် ရေထွက်အပင်များနှင့်သတ္တဝါများထုတ်ယူအသုံးပြုခြင်းကို မည်ကဲ့သို့သက်ရောက်မှုရှိနိုင်သနည်း (မြစ်ငယ်များအတွင်း၊ စပါးစိုက်ခင်းများအတွင်း၊ စိမ့်မြေများအသုံးပြုပုံ၊ မြစ်အသုံးပြုပုံစသည်တို့ကိုထည့်သွင်းစဉ်းစားပါ)။
- ဆည်ကြောင့် မြစ်ကမ်းပါးနှင့်စိုက်ပျိုးရေးလုပ်ငန်းများအပေါ် မည်ကဲ့သို့သက်ရောက်မှုရှိနိုင်သနည်း။
- ဆည်ကြောင့် မြစ်ရေအသုံးပြုနေသော အခြားအသက်မွေးဝမ်းကျောင်းလုပ်ငန်းများအပေါ်မည်ကဲ့သို့သက်ရောက်မှုရှိနိုင်သနည်း (အသေးစားသတ္တုတွင်းလုပ်ငန်း၊ သဲထုတ်ယူသည့်လုပ်ငန်း၊ မြစ်အတွင်းရှိမှော်ပင်များထုတ်ယူသည့်လုပ်ငန်းစသည်)
- ဆည်ကြောင့် အစားအစာနှင့်မပတ်သက်သောအိမ်ထောင်စုလုပ်ငန်းများ အပေါ်မည်ကဲ့သို့သက်ရောက်မှုရှိနိုင်သနည်း (ဆေးကြောခြင်း၊ ရေချိုးခြင်း၊ သုံးရေ)။
- ဆည်ကြောင့် အခြားသောအသက်မွေးဝမ်းကျောင်းလုပ်ငန်းများအပေါ်မည်ကဲ့သို့သက်ရောက်မှုရှိနိုင်သနည်း (သယ်ယူပို့ဆောင်ရေးဝန်ဆောင်မှုများ၊ မွေးမြူရေးတိရစ္ဆာန်များအတွက် သောက်ရေ)။

အရင်းအမြစ်များကို ၎င်းတို့လက်လှမ်းမှီခြင်း၊ မမှီခြင်းစသည်တို့အတွက်စည်းမျဉ်းစည်းကမ်းများ)။

- ဆည်သည် ဒေသစိုက်ပျိုးရေးအလေ့အကျင့်များကို မည်ကဲ့သို့အကျိုးသက်ရောက်စေမည်နည်း (ဆည်ဆောက်လုပ်ခြင်း၊ ဆည်နေရာ၊ လုပ်ငန်းလည်ပတ်ရာတွင် မြစ်နှင့်ရေဝေကုန်းတန်းများအပေါ် အကျိုးသက်ရောက်မှု)
- ဆည်ကြောင့် ရေနှင့်သစ်တောတို့အားလက်လှမ်းမှီအသုံးပြုနိုင်ခြင်းအပေါ် မည်ကဲ့သို့သက်ရောက်မှုရှိနိုင်သနည်း။ ယင်းမှာရာသီအလိုက်ပြောင်းလဲမှုရှိနိုင်ပါသလား။ ရေစီးကြောင်းပုံစံအသစ်များဖြစ်ပေါ်လာနိုင်ချေရှိပါသလား။

စာ ၁/၁

ဤသည်မှာနမူနာစာရင်းတစ်ခုသာဖြစ်ပါသည်။ ဇယားပုံစံကို www.oxfam.org.au/giamanual တွင် ရယူနိုင်ပါသည်။

### ကျား/မရေးရာအခန်းကဏ္ဍများ၊ အလုပ်ခွဲဝေလုပ်ကိုင်ခြင်းနှင့် အရင်းအမြစ်များလက်လှမ်းမှီခြင်းနှင့်ထိန်းချုပ်စီမံခြင်းတို့အပေါ် လွှမ်းမိုးနေသောအချက်များ

### အချက်အလက်ကောက်ယူခြင်း၊ ခွဲခြမ်းစိတ်ဖြာသုံးသပ်ခြင်းတို့တွင် လမ်းညွှန်တစ်ခုအနေဖြင့် ထည့်သွင်းနိုင်သောနိဒါန်းမေးခွန်းများ

မတူညီသောလူထုအတွင်းတွင် မတူညီသောပတ်ဝန်းကျင်အခြေအနေများနှင့် တုံ့ပြန်မှုများရှိနိုင်သောကြောင့် မတူညီသောလူထုအားလုံးကို အောက်ပါမေးခွန်းများ ပုံမှန်မေးမြန်းသွားသင့်ပါသည်။ လုပ်ငန်းစာရင်း၊ အရင်းအမြစ်များနှင့် ထိန်းချုပ်စီမံနိုင်မှုစာရင်းစသည်တို့ဖော်ထုတ်ရန် ကျေးရွာအဆင့်လေ့လာဆန်းစစ်မှုများပြုလုပ်သောအခါ ကျား/မရေးရာ ဆက်နွယ်မှုများနှင့်အခန်းကဏ္ဍများကို ဆုံးဖြတ်ပေးနေသော၊ သို့မဟုတ် သက်ရောက်မှုရှိနေသော အခြားအကြောင်းအချက်များကိုပါ ထည့်သွင်းစဉ်းစားရန်လိုအပ်ပါသည်။

အမျိုးသားများနှင့်အမျိုးသမီးများ အရင်းအမြစ်များကိုလက်လှမ်းမှီပြီးထိန်းချုပ်စီမံခြင်းနှင့်ပတ်သက်၍ ကွဲပြားနေသောအချက်များမှာ ၎င်းတို့အကြားအင်အားမညီမျှခြင်းကိုပြသနေသောအညွှန်းကိန်းတစ်ခုဖြစ်နိုင်ချေရှိပါသည်။

လူ့အဖွဲ့အစည်းတစ်ခုအတွင်းနှင့်လူ့အဖွဲ့အစည်းတစ်ရပ်နှင့်တစ်ရပ်အကြားရှိ ကျား/မရေးရာဆက်နွယ်မှုများနှင့် အခန်းကဏ္ဍများကို တိတိကျကျနားလည်စေရန် အောက်ပါတို့အပါအဝင် အခြားအချက်များကို ထည့်သွင်းစဉ်းစားရန်လိုအပ်ပါသည် -

- ဈေးကွက်နှင့်ငွေကြေးဆိုင်ရာစီးပွားရေးလုပ်ငန်းများတွင် ဒေသခံပြည်သူမှမည်မျှပါဝင်လျက်ရှိသနည်း။ ဒေသခံများနှင့်အခြား သူများအကြား အပြန်အလှန်ဆက်သွယ်မှုများရှိပါက မည်သူကမည်သည့်လုပ်ငန်းများအတွက် တာဝန်ရှိပါသနည်း (ဆိုလိုသည်မှာ မည်သူက ကုန်ပစ္စည်းများကိုဈေးသို့ယူဆောင်သွားပေးသနည်း၊ ဝင်ငွေရအလုပ် အကိုင်များအတွက် မည်သူတို့သည်ဒေသမှထွက်ခွာသွားကြသနည်း။
- ဒေသတွင်မည်သည့်လူမျိုးများနေထိုင်ကြသနည်း။
- အိမ်နီးချင်းဒေသများ (သို့မဟုတ်) လွှမ်းမိုးနေသောလူအုပ်စုများနှင့်မည်ကဲ့သို့ခြားနားသနည်း။
- ဒေသတွင်းရှိလူများမှာ ဒေသခံပြည်သူများဟုတ်ပါသလား၊ သို့မဟုတ် ဘာသာစကားမျိုးစုံပြောသော ဒေသခံများပါဝင်နေပါသလား။
- ဒေသတွင်းရှိလူများ၏လူမှုစီးပွားအခြေအနေများအား အမျိုးအစားခွဲခြားခြင်း။
- အိမ်ထောင်စုအတွင်းရှိ ဖွဲ့စည်းပုံများအားနားလည်ခြင်း - အမျိုးသမီးအိမ်ထောင်ဦးစီး၊ မုဆိုးမများ၊ မျိုးဆက်တစ်ဆက်မက ပါဝင်နေသောမိသားစုများ စသည်တို့အပါအဝင်။
- အသက်အပိုင်းအခြားများ၊ တာဝန်ဝတ္တရားများအား နားလည်သဘာပေါက်ခြင်း။

- လက်လှမ်းမှီမှုနှင့် မသန်စွမ်းမှုတို့အားထည့်သွင်းစဉ်းစားခြင်း။

ဤခွဲခြမ်းစိတ်ဖြာသုံးသပ်မှု၏ရလဒ်တစ်ခုအဖြစ်၊ အိမ်ထောင်စုနှင့် လူ့အဖွဲ့အစည်းအတွင်းရှိ ဖွဲ့စည်းတည်ဆောက်ပုံများကို နားလည်သဘောပေါက်သွားမည်ဖြစ်သည်။ မည်သူ့ထံတွင် အင်အားနှင့် အခွင့်အာဏာရှိသနည်း။ ဆက်နွယ်မှုများ၊ အဆိုပါဆက်နွယ်မှုများအတွင်းတွင် မည်သူ့ထံတွင် မည်သည့်အင်အားနှင့် မည်သည့်အခွင့်အာဏာများရှိသည်ဆိုသည်ကို နားလည်သဘောပေါက်ခြင်းသည် ကျား/မရေးရာ အကျိုးသက်ရောက်မှုများကို နားလည်သဘောပေါက်စေနိုင် မည့်အရေးကြီးသောအဆင့်တစ်ဆင့်ဖြစ်ပါသည်။ ဤခွဲခြမ်းစိတ်ဖြာသုံးသပ်မှုပြုလုပ်ခြင်းအားဖြင့် ကျား/မရေးရာ မညီမျှမှုများကိုဖြစ်စေသောအကြောင်းရင်းများကို အိမ်ထောင်စုအတွင်း၌ရော၊ လူထုအတွင်း၌ပါတွေ့နိုင်ကြောင်း သိနားလည်လာစေပါသည်။

စာ၁/၁

ဤသည်မှာနမူနာစာရင်းတစ်ခုသာဖြစ်ပါသည်။ ဇယားပုံစံကို www.oxfam.org.au/giamanual တွင် ရယူနိုင်ပါသည်။

လက်လှမ်းမှီခြင်းနှင့်ထိန်းချုပ်စီမံခြင်းဆိုင်ရာနည်းကိရိယာများကို မည်သူတို့သည် ဆည်စီမံကိန်းမှရရှိလာနိုင်ဖွယ်ရှိသောအကျိုးကျေးဇူးများအားလက်လှမ်းမှီ၍ ထိန်းချုပ်စီမံနိုင်မည်ဆိုသည့်အချက်ကိုစဉ်းစားရာတွင် အသုံးပြုနိုင်မည်ဖြစ်ပါသည်။ အလေ့အကျင့်ကောင်းများပြုလုပ်နိုင်မည်ဆိုပါက ရရှိလာမည့်အဆိုပါအကျိုးကျေးဇူးများကို အကျိုးကျေးဇူးမျှဝေသည့်သဘောတူညီချက်ပြုလုပ်၍ မျှဝေအသုံးပြုနိုင်မည်ဖြစ်သည်။ အဆိုပါသဘောတူညီချက်တွင် ရရှိလာသောအမြတ်များ၏ရာခိုင်နှုန်းအချို့ကိုလူထုရန်ပုံငွေအတွင်းသို့ထည့်ဝင်ခြင်း၊ အသက်မွေးဝမ်းကျောင်းလုပ်ငန်းများတိုးတက်စေသော စီမံကိန်းများ၊ အလုပ်အကိုင်အခွင့်အလမ်းများနှင့် လူထုတိုးတက်ရေးအတွက်စီမံကိန်းများ ပါဝင်နိုင်ပါသည်။

ဆည်ကြောင့် ပိုင်ဆိုင်မှုပစ္စည်းများဆုံးရှုံးပျက်စီးခြင်း၊ မြေယာများဆုံးရှုံးခြင်း၊ အခြားအခွင့်အရေးများဆုံးရှုံးခြင်းတို့အားပြန်လည်အလျော်အစားပေးခြင်းမှာ အကျိုးသက်ရောက်မှုတိုင်းအတွက် မဖြစ်မနေလုပ်ဆောင်ပေးရမည့်စံလုပ်ငန်းတစ်ရပ်ဖြစ်သည်ကို သတိပြုမိရန်အရေးကြီးပါသည်။ ထိုသို့အလျော်အစားပေးသည့်လုပ်ငန်းများအပြင် အကျိုးအမြတ်ခွဲဝေသည့်လုပ်ငန်းကိုလည်း လုပ်ဆောင်သင့်ပါသည်။

ဆည်တည်ဆောက်ခြင်း၏ရလဒ်အဖြစ် မြေယာများသိမ်းခြင်း၊ ရေအရည်အသွေးပြောင်းလဲခြင်း၊ ရေရရှိခြင်းနှင့်သဘာဝပတ်ဝန်းကျင်ပျက်စီးဆုံးရှုံးခြင်းများသည် အမျိုးသမီးများ၏မိသားစုအတွက် သန့်ရှင်းသောရေနှင့်အစားအစာပေးအပ်နိုင်စွမ်းကို လျော့ကျစေပါသည်။ တစ်နည်းဆိုသော် ထိုအချက်များက အမျိုးသမီးများကိုအလုပ်ပိုစေပါသည်။ သဘာဝအရင်းအမြစ်များကိုလက်လှမ်းမှီသည့်နေရာတွင် (ဥပမာ ရေ သို့မဟုတ် မြစ်ကမ်းပါး) အခကြေးငွေပေးရသောဝန်ဆောင်မှုများ အစားထိုးဝင်ရောက်လာသောအခါ အိမ်ထောင်စုများကိုပို၍ဝန်ပိစေပြီးအိမ်ထောင်စုကုန်ကျစရိတ်များလည်းတိုးစေပါသည်။

ရရှိလာသောလျော်ကြေးငွေများနှင့် အကျိုးအမြတ်များဖြင့်ထူထောင်ထားသည့်ရန်ပုံငွေများစီမံခန့်ခွဲခြင်းကို အမျိုးသားများကထိန်းချုပ်မည်ဆိုပါက အမျိုးသမီးများသည် ရေအားလျှပ်စစ်မှရရှိလာသော ငွေကြေးဆိုင်ရာအကျိုးအမြတ်များကို လက်လှမ်းမှီခွင့်၊ ထိန်းချုပ်စီမံခွင့်မရရှိဘဲဖြစ်နေနိုင်ပါသည်။ ယင်းက ကျား/မရေးရာပတ်သက်ဆက်နွယ်မှုများတွင် အနုတ်သဘောဆောင်သောအကျိုးများဖြစ်ပေါ်စေပြီး အမျိုးသမီးများ၏အမျိုးသားများအပေါ် ငွေကြေးဆိုင်ရာမှီခိုမှုများများလာစေသည်။ လုပ်ငန်းအစီအစဉ်၊ လက်လှမ်းမှီခြင်းနှင့်ထိန်းချုပ်စီမံခြင်းအစီအစဉ် နည်းကိရိယာနှစ်မျိုးစလုံးကို အသုံးပြုခြင်းဖြင့် ရေအားလျှပ်စစ်စီမံကိန်း၏အကျိုးအမြတ်များနှင့် လျော်ကြေးများနှင့်ပတ်သက်၍ အစီအစဉ်များအကောင်အထည်ဖော်ရာတွင် အမျိုးသားများနှင့်အမျိုးသမီးများအကြား မျှတသော အကျိုးအမြတ်ခွဲဝေမှုများဖြစ်ပေါ်စေမည်ဖြစ်ပါသည်။

## နိုင်ငံတော်၊ ဈေးကွက်နှင့်လူထုဆိုင်ရာအဖွဲ့အစည်းများ၏ လွှမ်းမိုးနေသောအခန်းကဏ္ဍများ

လူမှုရေးပတ်သက်ဆက်နွယ်မှုများ၏ ဖွဲ့စည်းတည်ဆောက်ပုံဆိုင်ရာနှင့်အဖွဲ့အစည်းဆိုင်ရာများကို နားလည်သဘော ပေါက်ခြင်းဖြင့် ရေအားလျှပ်စစ်စီမံကိန်းများမှ လူထုနှင့်ကျား/မရေးရာပတ်သက်ဆက်နွယ်မှုများအပေါ် မည်ကဲ့သို့ အကျိုးသက်ရောက်နေကြောင်းစဉ်းစားနိုင်ရန် အခြေခံအုတ်မြစ်တစ်ခုကိုရရှိမည်ဖြစ်သည်။ လူထုနှင့်နိုင်ငံတော်၏ မတူ ညီသောအဖွဲ့အစည်းများ၊ လုပ်ငန်းစဉ်များမည်ကဲ့သို့တွေ့ဆုံသည်ဆိုသည့်အချက်မှာ ထည့်သွင်းစဉ်းစားရန် အရေးကြီး သောအချက်တစ်ချက်ဖြစ်ပါသည်။ နိုင်ငံတော်ဖြစ်စေ၊ ဈေးကွက်ဖြစ်စေ၊ စီးပွားရေးလုပ်ငန်းဖြစ်စေ၊ ပြင်ပရှိ လုပ်ငန်း စဉ်များ၊ အဖွဲ့အစည်းများနှင့်ပတ်သက်ဆက်ဆံရသည့်အခါမျိုးတွင် အမျိုးသားများနှင့်အမျိုးသမီးများ၏ တာဝန်ဝတ္တရား များနှင့်အခွင့်အလမ်းများမှာ ခြားနားမှုရှိပါသည်။ အဖွဲ့အစည်းဆိုင်ရာပါဝင်လုပ်ဆောင်သူများနှင့် တွေ့ဆုံရသည့်အခါ မည်သူတို့သည် လူထုစိတ်ဝင်စားမှုများနှင့်လူထုဆုံးဖြတ်ချက်များကို ကိုယ်စားပြုနိုင်ပါသနည်း။ အမျိုးသားများလား၊ အမျိုးသမီးများလား၊ သို့မဟုတ် အမျိုးသား၊ အမျိုးသမီးနှစ်မျိုးလုံးပါဝင်နေသောအဖွဲ့များလား။

အစိုးရလုပ်ငန်းစဉ်များနှင့်မူဝါဒများအားနည်းနေသော၊ တသမတ်တည်းမရှိနေသောအခြေအနေမျိုးတွင် စီမံကိန်းဖော် ဆောင်သူများအနေဖြင့် အထက်ဖော်ပြပါအချက်များမှာလူထုနှင့်လူမှုရေးလုပ်ငန်းစဉ်များနှင့်မည်ကဲ့သို့ အပြန်အလှန် ဆက်နွယ်နေကြောင်း နားလည်သဘောပေါက်ရန်အထူးဂရုပြုရမည်ဖြစ်ပါသည်။ ထိုအချက်များက ကျား/မ ရေးရာသာ တူညီမျှမှုကိုပျက်ပြားစေနိုင်ပြီး စီမံကိန်းအသစ်တစ်ရပ်ထပ်မံမိတ်ဆက်ပေးလိုက်ခြင်းဖြင့် ရှိရင်းစွဲ အခြေအနေကို အလွယ်တကူဆိုးရွားသွားစေနိုင်ပါသည်။ ဆန့်ကျင်ဘက်အားဖြင့် ထိုအခြေအနေများသည် စီမံကိန်းအတွက် အပြု သဘောဆောင်သောကျား/မရေးရာရလဒ်များရရှိအောင်လုပ်ဆောင်နိုင်မည့်အခွင့်အလမ်းတစ်ခုလည်း ဖြစ်နိုင်ပါသည်။

ဤသည်ကို နားလည်သဘောပေါက်စေရန်အတွက် လမ်းညွှန်ပေးနိုင်မည့် ကဏ္ဍအားလုံးနှင့်သက်ဆိုင်သောမေးခွန်း များတွင် အောက်ပါတို့ပါဝင်နိုင်ပါသည် -

- မည်သည့်အဖွဲ့အစည်းများသည် လူထုလိုအပ်ချက်များနှင့်ဆီလျော်မှုရှိသနည်း။ မည်သည့်အဖွဲ့အစည်းများသည် လက်ရှိတွင်လူထုနှင့်အပြန်အလှန်ဆက်သွယ်နေပါသနည်း။ အဆိုပါအပြန်အလှန်ဆက်သွယ်မှုများကို အသုံးပြု ခြင်း၊ လက်လှမ်းမှီခြင်း၊ လမ်းညွှန်ခြင်းတို့တွင် မည်သူတို့ပါဝင်နေပါသနည်း။
- လူထုလုပ်ငန်းများနှင့်ပတ်သက်၍ မည်သည့်အစိုးရဌာနများနှင့်အဖွဲ့အစည်းများတွင် အခွင့်အာဏာရှိသနည်း။ ဥပမာ - တရားစီရင်ရေး၊ တပ်မတော်၊ ရဲဌာန၊ ရေလုပ်ငန်းနှင့်စိုက်ပျိုးရေးဦးစီးဌာနများ၊ ကျေးလက်ဖွံ့ဖြိုးရေး၊ အမျိုး သမီးများနှင့်လူငယ်သမဂ္ဂများ။
- အစိုးရအဖွဲ့၏မည်သည့်အဆင့်များသည် လူထု သို့မဟုတ် မြစ်ဝှမ်းဒေသများနှင့်ပတ်သက်လျှင် အတက်ကြွဆုံး၊ လှုပ်ရှားမှုအရှိဆုံးဖြစ်သနည်း - ခရိုင်အဆင့်၊ ဒေသအဆင့်၊ နိုင်ငံတော်အဆင့်။
- လူထုအတွင်းတွင် ငွေကြေးကိုမည်ကဲ့သို့အသုံးပြုနေသနည်း၊ စီမံခန့်ခွဲနေသနည်း။ ငွေကြေးရရှိနိုင်သောအရင်း အမြစ်များကို မည်သူတို့ကစီမံထိန်းချုပ်သနည်း၊ မည်သူတို့က ငွေကြေးများကို "ရှာဖွေ" ပေးနိုင်သနည်း။ ဘဏ် စနစ်နှင့်ငွေကြေးဆိုင်ရာအဖွဲ့အစည်းများကို လူထုမှအသုံးပြုနေပါသလား။
- လူထုသည် စိုက်ပျိုးရေးပစ္စည်းများကိုရောင်းချခြင်း၊ ဝယ်ယူခြင်း၊ ငါးများ သို့မဟုတ် စိုက်ပျိုးရေးထုတ်ကုန်များ ရောင်းချရန် ဈေးကွက်နှင့်ချိတ်ဆက်ခြင်းကဲ့သို့သော ဈေးကွက်နှင့်အပြန်အလှန်ဆက်သွယ်မှုများကို မည်ကဲ့သို့ လုပ်ဆောင်နေပါသနည်း။ မည်သည့်လူထုအဖွဲ့အစည်းများရှိပါသနည်း။ ဥပမာ - လူထုသမဝါယမအဖွဲ့များ၊ လူထု အခြေပြုအဖွဲ့အစည်းများ၊ လူထုအခြေပြုငါးလုပ်ငန်းကော်မတီများ၊ မြေယာအသုံးပြုသူများအဖွဲ့၊ ရေအသုံးပြုသူ များအဖွဲ့စသည်ဖြင့်။

စာ ၁/၁

ဤသည်မှာနမူနာစာရင်းတစ်ခုသာဖြစ်ပါသည်။ ဇယားပုံစံကို www.oxfam.org.au/giamanual တွင် ရယူနိုင်ပါသည်။

## အဖွဲ့အစည်းဆိုင်ရာခွဲခြမ်းစိတ်ဖြာသုံးသပ်မှုပြုလုပ်ရန်နည်းကိရိယာ (Institutional Analysis Tool)

လူမှုရေးအကျိုးသက်ရောက်မှုဆန်းစစ်ချက်တစ်ရပ်၏အစိတ်အပိုင်းတစ်ခုအဖြစ် အဖွဲ့အစည်းဆိုင်ရာခွဲခြမ်းစိတ်ဖြာသုံးသပ်မှုကိုအသုံးပြုခြင်းဖြင့် စီမံကိန်းဖော်ဆောင်သူများသည် အဖွဲ့အစည်းများအတွင်းရှိအခွင့်အာဏာအလိုက် ဖွဲ့စည်းတည်ဆောက်ပုံများ၊ စည်းမျဉ်းများ၊ အလေ့အကျင့်များ၊ မူဝါဒများ၊ လုပ်ငန်းများနှင့်လွှမ်းမိုးမှုများကို ဖော်ထုတ်နိုင်မည်ဖြစ်ပါသည်။ အဖွဲ့အစည်းဆိုင်ရာခွဲခြမ်းစိတ်ဖြာသုံးသပ်ခြင်းအားဖြင့် မတူညီသောအဖွဲ့အစည်းများ သို့မဟုတ် နည်းလမ်းများမှ ကျား/မရေးရာပတ်သက်ဆက်နွယ်မှုများအပေါ် မည်ကဲ့သို့ လွှမ်းမိုးနေကြောင်း၊ တန်းတူညီမျှမှုရရှိရန် သို့မဟုတ် မညီမျှနေသောအခြေအနေကိုပိုမိုဆိုးရွားစေရန် ယင်းတို့သည် မည်ကဲ့သို့ပါဝင်ပံ့ပိုးပေးနေကြောင်း သိရှိနိုင်မည်ဖြစ်သည်။ စီမံကိန်းဖော်ဆောင်သူများအနေဖြင့် ၎င်းတို့တည်ဆောက်မည့်ဆည်သည် ရှိရင်းစွဲအခြေအနေကို မည်ကဲ့သို့ပါဝင်ပံ့ပိုးနိုင်မည်ဖြစ်ကြောင်း ဆန်းစစ်နိုင်မည်ဖြစ်ပြီး ထိုသို့လုပ်ဆောင်ခြင်းအားဖြင့် စီမံကိန်းဆုံးဖြတ်ချက်များအတွက် သတင်းအချက်အလက်များရရှိကာ ကျား/မရေးရာဂျဲန်ဒါမညီမျှမှုများကို ရှောင်ရှားနိုင်မည်၊ သို့မဟုတ် အနည်းဆုံးဖြစ်အောင်လုပ်ဆောင်နိုင်မည်ဖြစ်သည်။

**ရည်ရွယ်ချက်** - ဤနည်းကိရိယာသည် လူထုနှင့်ကျား/မရေးရာပတ်သက်ဆက်နွယ်မှုများအပေါ် လွှမ်းမိုးနေသော အဓိကအဖွဲ့အစည်းများနှင့်လုပ်ငန်းစဉ်များ (သို့) နည်းလမ်းများကို သိရှိအောင်လုပ်ဆောင်ရာတွင်အသုံးပြုနိုင်သည်။ အမျိုးသားများ၊ အမျိုးသမီးများနှင့်လူထုအတွက် အဖွဲ့အစည်းအားလုံးကိုရှာဖွေဖော်ထုတ်ထားပြီးကြောင်း သေချာစေရန် လုပ်ငန်းစာရင်းကို ပြန်လည်စိစစ်သည့်စာရင်းတစ်ခုအဖြစ်အသုံးပြုနိုင်သည်။

**အဓိကမေးခွန်းများ** - သင် နိစ္စဓူဝအကူအညီရစေရန် မည်သည့်ဝန်ဆောင်မှုများရရှိနေပါသနည်း။ မည်သူတို့က အဆိုပါဝန်ဆောင်မှုများကို ပေးအပ်နေပါသနည်း။ သင့်လုပ်ငန်းများကိုအကောင်အထည်ဖော်ရန် သင်လက်တွဲလုပ်ဆောင်သောသူများ သို့မဟုတ် အဖွဲ့အစည်းများရှိပါသလား။ သင့်လုပ်ငန်းနှင့်ပတ်သက်သောစည်းကမ်းများ သို့မဟုတ် ဥပဒေများကြောင့် သက်ရောက်မှုခံစားရပါသလား။ အဆိုပါဥပဒေများနှင့်စည်းကမ်းများမှာ မည်သည်တို့ ဖြစ်သနည်း၊ ယင်းတို့ကိုသင်မည်ကဲ့သို့သိရှိပါသနည်း။ ယင်းတို့ကို စနစ်တကျအတည်ပြုပြဌာန်းအကောင်အထည်ဖော်လျက်ရှိပါသလား။ အဆိုပါအဖွဲ့အစည်းများသည် ကျား/မရေးရာမညီမျှမှုများကိုဖြစ်ပေါ်စေပါသလား။

| နည်းကိရိယာ - အဖွဲ့အစည်းဆိုင်ရာခွဲခြမ်းစိတ်ဖြာသုံးသပ်မှု | | | | | |
|---|---|---|---|---|---|
| အဖွဲ့အစည်း ၁ | ဌာန သို့မဟုတ် အဖွဲ့အစည်း | မူဝါဒ သို့မဟုတ် နည်းလမ်း | လူထုနှင့်အပြန်အလှန်ဆက်နွယ်မှု | | |
| | | | အမျိုးသား | အမျိုးသမီး | ရပ်ရွာလူထု |
| **နိုင်ငံတော် နှင့် ဒေသဆိုင်ရာ** | | | | | |
| စိုက်ပျိုးရေး ဦးစီးဌာန | စိုက်ပျိုးရေးနည်းပညာများ ပေးအပ်သည့်အရာရှိများ | • မျိုးစေ့များဆိုင်ရာ နိုင်ငံတော်မူဝါဒ<br>• SRI လမ်းကြောင်း | | | |
| ကျန်းမာရေး ဦးစီးဌာန | ကျန်းမာရေးဆေးပေးခန်း ဝန်ထမ်းများ<br><br>ဆေးရုံဝန်ထမ်းများ | • ငှက်ဖျားရောဂါအတွက် ပြည်သူ့ကျန်းမာရေး လှုပ်ရှားမှုများ | | | |
| ရေလုပ်ငန်း ဦးစီးဌာန | ရေလုပ်ငန်းသုတေသန<br><br>ရေလုပ်ငန်းစည်းမျဉ်းများ | • လူထုရေလုပ်ငန်းဆိုင်ရာ ဥပဒေခွဲ<br>• လင်းပိုင်ကာကွယ်ရေး | | | |

| | | | | | |
|---|---|---|---|---|---|
| | | နယ်မြေများ | | | |
| သဘာဝသယံဇာတ နှင့် သဘာဝ ပတ်ဝန်းကျင်ဆိုင်ရာ ဝန်ကြီးဌာန | E/SIA ဌာန<br>ရေအရင်းအမြစ်ဌာန | • EIA ဥပဒေ<br>• လူထုပါဝင်မှုဆိုင်ရာ လမ်းညွှန်ချက်များ | | | |
| မဲခေါင်မြစ် ကော်မရှင် | နိုင်ငံတော်အဆင့် မဲခေါင် ကော်မတီ | • ရေလုပ်ငန်းစီမံချက်<br>• ရေရှည်တည်တံ့သော ရေအားလျှပ်စစ်လုပ်ငန်း<br>• အသိပေးရန်၊ ကြိုတင် ညှိနှိုင်းဆွေးနွေးရန်နှင့် သဘောတူညီမှုရယူရန် လုပ်ထုံးလုပ်နည်းများ | | | |
| ရဲ | | • ဥပဒေအကောင်အထည်ဖော်ဆောင်ခြင်း | | | |

စာ ၁/၂

| လူထု | | | | | |
|---|---|---|---|---|---|
| လူထုရေလုပ်ငန်း ကော်မတီ | ရေလုပ်ငန်းဦးစီးဌာန | • အကာအကွယ်ပေးမည့် ဒေသများနှင့် ပတ်သက်သော သဘောတူညီချက်<br>• တရားမဝင်ငါးဖမ်း လုပ်ငန်းစောင့်ကြည့် လေ့လာခြင်း၊ စစ်ဆေးခြင်း စီမံချက်<br>• ရာသီအလိုက် ငါးဖမ်းခြင်းဆိုင်ရာ စည်းမျဉ်းစည်းကမ်းများ | | | |
| ရေအသုံးပြုသူများအဖွဲ့ | သဘာဝသယံဇာတ နှင့် သဘာဝ ပတ်ဝန်းကျင်ဆိုင်ရာ ဝန်ကြီးဌာန | • အများသုံးအိမ်သာ အသုံးပြုမှုနှင့် ပတ်ဝန်းကျင် သန့်ရှင်းရေး<br>• သုံးရေ သို့မဟုတ် ကျေးရွာအတွင်းရှိ ရေတိုင်ကီအား လက်လှမ်းမီခြင်း<br>• ရေတိုင်ကီနှင့် ရေသွင်းမြောင်းများ စီမံခန့်ခွဲသည့် အဖွဲ့ | | | |
| ဘာသာရေးအဖွဲ့များ | ဘုရားစေတီများ | • ဘုရားပရဝုဏ်ကို အစည်းအဝေး | | | |

| | | | | | |
|---|---|---|---|---|---|
| | ဘုန်းကြီးများနှင့် သီလရှင်များ | ပြုလုပ်ရာနေရာအဖြစ် အသုံးပြုခြင်း<br>• ကောက်ရိတ်သည့်အချိန်တွင်ပြုလုပ်သော ဘာသာရေးပွဲများ သို့မဟုတ် ရာသီအလိုက်ပွဲများ | | | |
| လယ်သမားများအသင်း | | • မျိုးစေ့ဘဏ် | | | |
| **ဈေးကွက်** | | | | | |
| ငွေချေးခြင်းဆိုင်ရာ အသင်းအဖွဲ့ | | • ကျေးရွာအဆင့် နှုန်းထား<br>• လက်ကိုင်ဖုန်းဖြင့် ငွေချေးနိုင်သော နည်းလမ်း | | | |
| ဘဏ်များ | | • လူထုအားငွေချေးသည့် နည်းလမ်း<br>• ချေးငွေဆိုင်ရာအတိုး | | | |
| စိုက်ပျိုးစီးပွား ကုမ္ပဏီများ | | • စာချုပ်စနစ်ဖြင့် လယ်ယာလုပ်ကိုင်ခြင်း | | | |
| အခြားသော ရေအားလျှပ်စစ် ကုမ္ပဏီများ | လူထုနှင့်ဆက်ဆံရေး အလုပ်သမားများ | • ပြန်လည်နေရာချထားရေး လုပ်ငန်းအစီအစဉ်<br>• မြစ်ဝှမ်းဆိုင်ရာကော်မတီများ<br>• ရေဝေကုန်းတန်းစီမံခန့်ခွဲသည့်စည်းမျဉ်းများ<br>• နစ်နာချက်/မကျေနပ်ချက် များတိုင်တန်းသည့်နည်း လမ်းများ | | | |
| သတ္တုတွင်း ကုမ္ပဏီများ | လူထုနှင့်ဆက်ဆံရေး အလုပ်သမားများ | • နစ်နာချက်/မကျေနပ်ချက် များတိုင်တန်းသည့်နည်း လမ်းများ<br>• လူထုရန်ပုံငွေကော်မတီ | | | |
| ငွေချေးသူများ | | • လူထု<br>• ပြင်ပမှငွေချေးသူများ | | | |

စာ ၂/၂

ဤသည်မှာ နမူနာနည်းကိရိယာတစ်ခုသာဖြစ်ပါသည်။ ဇယားပုံစံကို www.oxfam.org.au/giamanual တွင် ရယူနိုင်ပါသည်။

### အဆင့် (၃) - ဆည်ကြောင့်ဖြစ်ပေါ်လာသောပြဿနာရပ်များအားဖော်ထုတ်ခြင်း

အခြေအနေခွဲခြမ်းစိတ်ဖြာသုံးသပ်မှု၏ရလဒ်တစ်ခုအနေဖြင့် စီမံကိန်းဖော်ဆောင်သူများသည် ဆည်ကြောင့်ဖြစ်ပေါ်လာသောပြောင်းလဲမှုများကိုတုံ့ပြန်နိုင်သည့် အမျိုးသားများနှင့်အမျိုးသမီးများ၏ စွမ်းဆောင်ရည်များအပေါ် ရှင်းရှင်းလင်း

လင်း နားလည်သဘောပေါက်ထားသင့်ပါသည်။ ကနဦးအနေဖြင့်လူထုနှင့်တိုင်ပင်ညှိနှိုင်းခြင်း၊ လူထုပေါင်းစပ်ပါဝင်စေခြင်းလုပ်ငန်းများမှတဆင့် အမျိုးသားများ၊ အမျိုးသမီးများနှင့် လူထုအတွင်းရှိတန်ဖိုးရှိသောပစ္စည်းများ၊ အရင်းအမြစ်များ၊ အားသာချက်များနှင့် ထိခိုက်လွယ်မှုများ စသည်တို့နှင့် ပတ်သက်သောအရာများကို ကြိုတင်မှန်းဆချက်ပုံစံဖြင့် ဖော်ထုတ်ထားနိုင်ပါသည်။ လူထုပါဝင်လာစေရန်အတွက် နောက်ထပ်လုပ်ငန်းစဉ်တစ်ခုထပ်မံလုပ်ဆောင်သင့်ပြီး သို့မှသာ ကြိုတင်မှန်းဆထားသည့်အချက်များကိုလူထု၊ အမျိုးသားအဖွဲ့များ၊ အမျိုးသမီးအဖွဲ့များနှင့်ပြန်လည်ဆန်းစစ် အတည်ပြုနိုင်မည်ဖြစ်ပါသည်။

အများအားဖြင့် ရေအားလျှပ်စစ်ဆည်များမှာ အတိုင်းအတာအားဖြင့်ကြီးမာကျယ်ပြန့်ပြီး မြစ်တစ်စင်း၏သဘာဝအခြေအနေများကိုပြောင်းလဲပစ်တတ်သောကြောင့် အကျိုးသက်ရောက်မှုများမှာ ဆည်တည်နေရာနှင့်အနီးတဝိုက်တွင်ရှိသောသူများအပေါ်တွင်သာမက ကျယ်ပြန့်သော လူ့အဖွဲ့အစည်းအပေါ်၌လည်း သက်ရောက်မှုရှိနေတတ်ပါသည်။ ကျွန်ုပ်တို့ဆွေးနွေးပြီးခဲ့သည့်အတိုင်း အချို့သောအကျိုးသက်ရောက်မှုများမှာအပေါင်းလက္ခဏာဆောင်နိုင်သော်လည်း အခြားသောသက်ရောက်မှုများမှာ မြစ်နှင့် ယင်း၏ရေဝေကုန်းတန်းတစ်လျှောက်ရှိ အရင်းအမြစ်များကို မှီခို၍ဘဝရပ်တည်နေကြရသောသူများအပေါ်တိုက်ရိုက် သို့မဟုတ် လက်လှမ်းမမှီနိုင်သောသက်ရောက်မှုများရှိနေတတ်ပါသည်။

အဆိုပါပြဿနာများကို အပြည့်အစုံနားလည်သဘောပေါက်ခြင်းနှင့် အနည်းဆုံးဖြစ်အောင်လုပ်ဆောင်နိုင်ခြင်းသည် ဆည်တည်ဆောက်ရန်ခွင့်ပြုချက်ချမှတ်သည့်လုပ်ငန်းစဉ်များ၏အရေးကြီးသောအချက်တစ်ချက်ဖြစ်ပါသည်။ ပြဿနာရပ်များနှင့် စီမံကိန်းကြောင့်ထိခိုက်ခံစားနေရသော လူထုအတွင်းရှိ ကျား/မရေးရာအခန်းကဏ္ဍများ၊ ပတ်သက်ဆက်နွယ်မှုများ မည်ကဲ့သို့ဆုံတွေ့နိုင်သည် ဆိုသည့်နေရာများကို ပြည့်ပြည့်ဝဝနားလည်သဘောပေါက်ထားခြင်းသည် ကျား/မရေးရာအကျိုးသက်ရောက်မှု ဆန်းစစ်ချက်၏ နောက်အဆင့်တစ်ဆင့်ဖြစ်ပါသည်။

ဤအဆင့်ကိုသီးသန့်အဆင့်တစ်ဆင့်အဖြစ် ဤနေရာတွင်ဖော်ပြထားသော်လည်း ဤလုပ်ငန်းစဉ်ကိုအဆင့် (၂) နှင့်တပြိုင်နက်ယှဉ်တွဲလုပ်ဆောင်နိုင်ပါသည်။

အမျိုးသားများနှင့် အမျိုးသမီးများအနေဖြင့် ကွဲပြားစွာတွေ့ကြုံရပြီး ရေအားလျှပ်စစ်စီမံကိန်းအတော်များများတွင်အတွေ့ရများသည့်ပြဿနာများတွင်အောက်ပါတို့ပါဝင်ပါသည် -

- ကာယကံရှင်ဆန္ဒမပါဘဲ အတင်းအကျပ်ပြောင်းရွှေ့နေရာချထားခြင်း။
- ပိုင်ဆိုင်မှုများဆုံးရှုံးခြင်း - ဥပမာ နေအိမ်များ၊ သစ်သီးပင်များ၊ အိမ်ခြံဥယျာဉ်များ၊ စပါးဘကျီများ၊ လူထုအတွင်းရှိအဆောက်အဦများ။
- မြေနှင့်ကုန်ထုတ်လုပ်နိုင်စွမ်းသောအရင်းအမြစ်များ ဆုံးရှုံးခြင်း။
- ရေအရည်အသွေးပြောင်းလဲသွားခြင်း။
- လေထု၊ အသံ၊ ရေထု၊ မြေထု ညစ်ညမ်းခြင်း။
- ရေလုပ်ငန်းများဆုံးရှုံးခြင်း - ဆည်များသည်မြစ်အတွင်း၌ အဆီးအတားတစ်ခုအနေဖြင့် လုပ်ငန်းလုပ်ဆောင်သောကြောင့် ငါးများရွှေ့ပြောင်းသွားလာခြင်းကို ရပ်ဆိုင်းစေသည်။ ဒေသခံမျိုးစိတ်များနေထိုင်ကျက်စားရာနေရာများရေလွှမ်း သွားခြင်းကြောင့် ငါးများနေထိုင်ကျက်စားသည့်နေရာများပျောက်ဆုံးသွားစေသည်။ လျှပ်စစ်ထုတ်လွှင့်သည့်နေရာများကိုရေများခွဲဝေပေးရသောကြောင့် မြစ်အတွင်းရေပမာဏလျော့နည်းသွားသည်။
- ကျန်းမာရေးပြဿနာများ - သဘာဝပတ်ဝန်းကျင်အခြေပြုသောအကျိုးသက်ရောက်မှုများအပါအဝင် အကျိုးသက်ရောက်မှုမျိုးစုံပါဝင်ပြီး ပြောင်းရွှေ့ဝင်ရောက်လာသောလုပ်သားထုကြောင့်လည်း ကျန်းမာရေးပြဿနာများမြင့်တက်လာနိုင်သည်၊ ဥပမာ - လိင်မှတဆင့်ကူးစက်တတ်သောရောဂါများ။
- လိင်ပိုင်းဆိုင်ရာနိုင့်ထက်စီးနင်းပြုကျင့်မှုနှင့်အကြမ်းဖက်မှုအန္တရာယ်များနှင့်
- ယဉ်ကျေးမှုဆိုင်ရာမြေများ၊ နေရာများ၊ နေရာနှင့်ဆက်သွယ်မှုများဆုံးရှုံးသွားခြင်း။

*မဲခေါင်ဒေသတွင် ဆည်ကြောင့်ဖြစ်ပေါ်သော ဘေးအန္တရာယ်များနှင့်အကျိုးသက်ရောက်မှုများကို ဆည်တည်နေရာ၏ အထက်မြစ်ညာဘက်တွင်ရှိသော သို့မဟုတ် မြစ်အောက်ဘက်တွင်ရှိသောအိမ်နီးချင်းနိုင်ငံများအားလုံး တွေ့ကြုံနိုင်ပါသည်။ ထင်ရှားသောဘေးအန္တရာယ်အချို့မှာ -*

- *ရေမျက်နှာပြင်နှင့်ရေထုထည်ပြောင်းလဲမှုများနှင့် ယင်းတို့ကသဘာဝစနစ်များအပေါ်မည်ကဲ့သို့ သက်ရောက်နိုင်သည်၊ ဥပမာ - Tonle Sap ကန်၊ ထိုင်းနိုင်ငံမြောက်ပိုင်းရှိ မြစ်ဝကျွန်းပေါ် သို့မဟုတ် ငါးဖမ်းသည့်နေရာများ၊*
- *မြစ်ကြောင်းအတွင်းရှိ အနည်ကျခြင်းနှင့် သတ္တုဓါတ်များစီးဆင်းပုံပြောင်းလဲသွားခြင်းနှင့် ယင်းတို့က စိမ့်မြေများ၊ မြစ်အောက်ပိုင်းရှိစိုက်ပျိုးရေးနှင့် မြစ်ဝကျွန်းပေါ်ဂေဟစနစ်များ၊ စိုက်ပျိုးရေးကဏ္ဍတို့အပေါ်မည်ကဲ့သို့ သက်ရောက်နိုင်သည်၊*
- *Tonle Sap နှင့် အဓိကမြစ်လက်တက်အထက်ပိုင်းများအကြားတွင် ငါးများရွှေ့ပြောင်းသွားလာခြင်းနှင့်ပေါက်ပွားခြင်းအပေါ် သက်ရောက်မှုရှိနေသောအဟန့်အတားများ။*

ဤအဆင့်တွင် သင့်အနေဖြင့်စီမံကိန်းအပေါ် လွှမ်းမိုးနေသောအချက်များစွာနှင့် စီမံကိန်းပတ်ဝန်းကျင်အပေါ် သက်ရောက်နေနိုင်သည့်အလားအလာများ၊ အထူးသဖြင့် စီမံကိန်းကြောင့်ထိခိုက်မှုရှိနိုင်သည့်လူထုသည် ဤအကြောင်းအရာများကို မည်ကဲ့သို့ကြုံတွေ့ခံစားရနိုင်သည်ဆိုသည့် အချက်ကိုနားလည်ထားရန်လိုအပ်ပါသည်။

ဆည်တစ်ခုတည်ဆောက်လိုက်ခြင်းဖြင့် လူထုအားဖိအားပေး၍ ဤအကျိုးသက်ရောက်မှုများနှင့်ကြုံတွေ့စေသကဲ့သို့ ဖြစ်စေနိုင်သည်။ ဤနည်းအားဖြင့် စီမံကိန်းကြောင့်ဖြစ်ပေါ်လာသော ဘေးအန္တရာယ်များကို လူထုမှခံရသကဲ့သို့ ဖြစ်စေသည် (WCD ၂၀၀၀)။ စီမံကိန်းနှင့်အတူပါလာသောပြောင်းလဲမှုများသည် လူထုအတွင်းနှင့်လူထုတစ်ရပ်နှင့်တစ်ရပ် အကြားရှိ လူမှုရေးအရပတ်သက်ဆက်နွယ်မှုများနှင့် အခန်းကဏ္ဍများအပေါ် သက်ရောက်မှုရှိစေသည်။ လူထုအတွင်းရှိ ဖွဲ့စည်းတည်ဆောက်ပုံများသည်လည်း စီမံကိန်းကြောင့်ပျက်စီးသွားနိုင်ပြီး မဲခေါင်ဒေသရှိ ဒေသခံပြည်သူများအတွက်မူ ယင်းက အသက်မွေးဝမ်းကျောင်းမှုဆိုင်ရာ နည်းဗျူဟာများနှင့် စီးပွားရေးအရ ဖူလုံမှုတို့အပေါ် တိုက်ရိုက်သက်ရောက်မှုရှိစေသည်။ နေရာပြန်လည်ချထားခြင်းသည်လည်း ဒေသခံလူများကို ၎င်းတို့၏ ဘိုးဘွားပိုင်မြေများမှ ဖယ်ရှားပစ်သကဲ့သို့ ဖြစ်စေပြီး အဆိုပါနေရာ၊ ပိုင်ဆိုင်မှုများနှင့် ယဉ်ကျေးမှုအရ ဆက်နွယ်မှုများကိုပျက်စီးစေသည်။

သို့ဖြစ်ရာ စီမံကိန်းများကြောင့်ဖြစ်ပေါ်လာသော အဆိုပါပြောင်းလဲမှုများ အချင်းချင်းဆုံတွေ့နိုင်သည့်နေရာများကို ရှာဖွေဆန်းစစ်ခြင်းဖြင့် ဘေးအန္တရာယ်များကို မည်ကဲ့သို့ရှောင်ရှားနိုင်မည်၊ လျော့ချနိုင်မည်၊ အနည်းဆုံးဖြစ်အောင် လုပ်ဆောင်နိုင်မည်ဆိုသည့်အချက်ကို ဖော်ထုတ်ရာတွင်အထောက်အကူဖြစ်စေနိုင်မည်ဖြစ်ပါသည်။ ယင်းတွင် တိုက်ရိုက်အကျိုးသက်ရောက်မှုများနှင့်ဘေးအန္တရာယ်များသာမက ဆည်တည်ရှိရာအနီးအနားပတ်ဝန်းကျင်မဟုတ် သောနေရာများတွင်ကြုံတွေ့ရနိုင်သော တိုက်ရိုက်မဟုတ်သည့် အကျိုးသက်ရောက်မှုများကို ထည့်သွင်းစဉ်းစားခြင်းများလည်း ပါဝင်သင့်ပါသည်။

စီမံကိန်းကြောင့်ထွက်ပေါ်လာသော ပြဿနာတစ်ရပ်နှင့်တစ်ရပ်ဆုံတွေ့သည့် ဆုံမှတ်များရှိအရေးကိစ္စများကို အပြည့်အဝနားလည်သဘောပေါက်နိုင်ရန် ထိခိုက်ခံစားနေရသောလူထုအတွင်းရှိ အမျိုးသားများနှင့်အမျိုးသမီးများ အားလုံးပါဝင်သင့်ပါသည်။

ထည့်သွင်းစဉ်းစားရာတွင် ရေအားလျှပ်စစ်စီမံကိန်းတစ်ခုသည် အောက်ပါတို့နှင့်မည်ကဲ့သို့အပြန်အလှန်ဆက်စပ်နေနိုင်ပြီး အောက်ပါတို့အပေါ် မည်ကဲ့သို့အကျိုးသက်ရောက်စေနိုင်သည်ဆိုသည့်အချက်များကိုပါထည့်သွင်းစဉ်းစားရပါမည် -

- လူထုတွင်းရှိကျား/မရေးရာနှင့်ပါဝါပတ်သက်ဆက်နွယ်မှုများ
- ကျား/မရေးရာအခန်းကဏ္ဍများနှင့်တာဝန်ဝတ္တရားများ
- အမျိုးသားများနှင့်အမျိုးသမီးများအကြား အလုပ်ခွဲဝေမှုနှင့်အမျိုးသမီးများ၏အလုပ်တာဝန်များ (ဝင်ငွေရအလုပ်၊ ဝင်ငွေမရသောအလုပ်နှစ်မျိုးစလုံးကိုထည့်သွင်းစဉ်းစားရမည်)
- ရေအားလျှပ်စစ်စီမံကိန်းမှရရှိလာမည့်အကျိုးကျေးဇူးများ (အကျိုးကျေးဇူးမျှဝေခြင်း) အပါအဝင် အမျိုးသမီးများ၏ အရင်းအမြစ်များအပေါ် လက်လှမ်းမှီမှုနှင့်ထိန်းချုပ်စီမံနိုင်မှု
- လူထုအတွင်းရှိစီမံခန့်ခွဲမှုလုပ်ငန်းများဖွဲ့စည်းတည်ဆောက်ပုံနှင့်လုပ်ငန်းစဉ်များ၊ အမျိုးသမီးများသည် ရေအားလျှပ်စစ်စီမံကိန်းများတွင်ယေဘုယျအားဖြင့်မည်ကဲ့သို့ပါဝင်နေသနည်း သို့မဟုတ် ပါဝင်နိုင်သနည်း၊ စီမံကိန်းနှင့်ပတ်သက်သောဆန်းစစ်မှုများ၊ ဆုံးဖြတ်ချက်များချမှတ်ရာတွင်မည်ကဲ့သို့ပါဝင်နေသနည်း၊ သို့မဟုတ် မည်ကဲ့သို့ပါဝင်နိုင်သနည်း
- လူထု၏ကျန်းမာသုခ၊ အသက်မွေးဝမ်းကျောင်းလုပ်ငန်းများနှင့်ဝန်ဆောင်မှုများ၊ ဥပမာ - ကျန်းမာရေးနှင့် ပညာရေး

## နည်းကိရိယာ - အကျိုးသက်ရောက်မှုနှင့်ပြဿနာရပ်ဇယား (Impact and Issue Log)

| အကျိုးသက်ရောက်မှုနှင့်ပြဿနာရပ် ဇယား | | | | |
|---|---|---|---|---|
| ပြဿနာရပ်/ အကျိုးသက်ရောက်မှု | အခြေအနေ | | | တုံ့ပြန်မှု/ အရေးယူဆောင်ရွက်မှု |
| | အမျိုးသားများ | အမျိုးသမီးများ | လူထု | |
| သဘာဝပတ်ဝန်းကျင်ဆိုင်ရာ | | | | |
| | | | | |
| | | | | |
| | | | | |
| | | | | |
| လူမှုရေးဆိုင်ရာ | | | | |
| | | | | |
| | | | | |
| | | | | |
| | | | | |
| စီးပွားရေးဆိုင်ရာ | | | | |
| | | | | |
| | | | | |
| | | | | |
| | | | | |
| အခြား | | | | |
| | | | | |
| | | | | |
| | | | | |
| | | | | |

စာ ၁/၁

ဤသည်မှာနမူနာနည်းကိရိယာတစ်ခုသာဖြစ်ပါသည်။ ဇယားပုံစံကို www.oxfam.org.au/giamanual တွင် ရယူနိုင်ပါသည်။

### မဲခေါင်ဒေသရှိထိခိုက်လွယ်မှုများ

### မဲခေါင်ဒေသရှိ ကျား/မရေးရာ၊ အသက်မွေးဝမ်းကျောင်းလုပ်ငန်းများနှင့် သဘာဝပတ်ဝန်းကျင်

ကျား/မရေးရာဆန်းစစ်မှုများပြုလုပ်ရာတွင် စိစစ်ရန်စာရင်းကိုအသုံးပြုခြင်းသည် စီမံကိန်းလုပ်ငန်းစဉ်များစွာကို ပြုလုပ်ရသော စီမံကိန်းဝန်ထမ်းများအတွက် အထောက်အကူဖြစ်စေနိုင်ပါသည်။ ဥပမာ အာရှဖွံ့ဖြိုးရေးဘဏ်သည် ဝန်ထမ်းများနှင့်အတိုင်ပင်ခံများ အဖွဲ့၏ ကျား/မရေးရာနှင့်ပတ်သက်သော မူဝါဒများနှင့်ဦးတည်ချက်များအတိုင်း လိုက်နာရာတွင် အထောက်အကူဖြစ်စေရန်၊ အဖွဲ့၏စီမံကိန်းများမှာ ဘေးအန္တရာယ်မဖြစ်စေကြောင်း သေချာစေရန်၊ အပေါင်းလက္ခဏာဆောင်သောကျား/မရေးရာရလဒ်များအတွက် အခွင့်အရေးများကိုအမြင့်မားဆုံးဖြစ်စေရန် စသည်တို့အတွက် လွန်စွာအသုံးဝင်သော ကဏ္ဍအလိုက်ကျား/မရေးရာ စိစစ်ရန်စာရင်းများကိုဖော်ထုတ်ထားပါသည်။ အောက်ပါစာရင်းများတွင် မဲခေါင်ဒေသရှိရေအားလျှပ်စစ်လုပ်ငန်းများအတွက် အဓိကထိခိုက်လွယ်သော အခြေအနေများကို လွှမ်းခြုံမိစေရန် အလားတူပုံစံကို အသုံးပြုထားပါသည်။

### ငါးဖမ်းလုပ်ငန်းများ

ကမ္ဘောဒီးယားအစိုးရ၏ ကုန်းတွင်းငါးဖမ်းလုပ်ငန်းဆိုင်ရာ သုတေသနနှင့်ဖွံ့ဖြိုးရေးတက္ကသိုလ်က မကြာသေးမီကမှ ပြုလုပ်ခဲ့သောလေ့လာဆန်းစစ်မှုတစ်ခုတွင် အောက်ပါအတိုင်းအတည်ပြုဖော်ပြထားပါသည်။

*"ကမ္ဘောဒီးယားပြည်သူများ၏ အစားအစာဖူလုံရေးနှင့်အာဟာရတို့အတွက် ရေထွက်အရင်းအမြစ်များ၊ အထူးသဖြင့် ငါးများ၏အထူးအရေးကြီးပုံ ...လေ့လာဆန်းစစ်မှုအရ ကမ္ဘောဒီးယားပြည်သူများ အသားစားသုံးမှု၏ ၇၆%၊ အသားဓါတ် (ပရိုတင်း) စားသုံးမှု၏ ၃၇%၊ သံဓါတ်စားသုံးမှု၏ ၃၇%၊ အဆီဓါတ်စားသုံးမှု၏ ၂၈% ကို ငါးနှင့် ရေထွက်အရင်းအမြစ်များမှရရှိကြောင်းတွေ့ရှိရပါသည်။ ငါးလုပ်ငန်းကဏ္ဍသည်ကမ္ဘောဒီးယားပြည်သူများအတွက် အင်အား၊ အသားဓါတ်၊ သံဓါတ်တို့၏အဓိကအရင်းအမြစ်ဖြစ်ပါသည် ... မြစ်ကြောင်းမကြီးတစ်လျှောက်တွင် ဆည်ဆောက်လုပ်ခြင်းသည် ပြည်သူတို့၏အာဟာရအပေါ် အဆိုးရွားဆုံးသောသက်ရောက်မှုများရှိစေမည်ဖြစ်သည် ... ကလေးသူငယ်များနှင့်ကိုယ်ဝန်ဆောင်အမျိုးသမီးများသည် ၎င်းတို့၏ ခန္ဓာကိုယ်အလေးချိန်နှင့်အရပ်အမောင်းအချိုးအစားအရ အင်အား၊ အသားဓါတ်၊ အဆီဓါတ်၊ သံဓါတ်များစွာလိုအပ်သောကြောင့် အဆိုပါအုပ်စုဝင်များသည် အသားဓါတ်ချို့တဲ့မှုကိုအများဆုံးခံစားရနိုင်ချေရှိပါသည်။" (IFREDI ၂၀၁၃၊ စာ ၁-၂)*

မဲခေါင်ဒေသတွင် ငါးဖမ်းလုပ်ငန်းများမှာစီးပွားရေးနှင့်အသက်ရှင်ရပ်တည်မှုအတွက် အဓိကသော့ချက်ဖြစ်နေပါသည်။ ငါးဖမ်းခြင်းမှာအာဟာရနှင့်အစားအစာဖူလုံမှုအတွက် အရေးကြီးပါသည်။ မဲခေါင်ဒေသရှိ ငါးအမျိုးအစားအမြောက်အမြားသည် ယင်းတို့၏ဘဝသံသရာအတွက် ရွှေ့ပြောင်းသွားလာခြင်းမှာ မရှိမဖြစ်အရေးကြီးသောလုပ်ငန်းတစ်ခုဖြစ်ပါသည်။ ဆည်များက ငါးများ၏ရွှေ့ပြောင်းသွားလာမှုကိုပိတ်ဆို့နေပြီး ငါးမျိုးစိတ်မျိုးကွဲမြောက်မြားစွာရွှေ့ပြောင်းသွားလာမှုကိုထိခိုက်စေသည့်အချက်မှာ မဲခေါင်ဒေသ၊ အထူးသဖြင့် မဲခေါင်မြစ်၏ပင်မရေစီးကြောင်းတစ်လျှောက်သာမက ကမ္ဘောဒီးယားအရှေ့မြောက်ရှိ စီဆန်မြစ်အောက်ပိုင်းကဲ့သို့သော မြစ်လက်တက်များရှိ အဓိကနေရာများတွင်ရှိသော ဆည်များအတွက်ပါ အကြီးမားဆုံးသောစိန်ခေါ်မှုများပင်ဖြစ်ပါသည်။ စီမံကိန်းများသည် လူထုမှရေနှင့်ရေထွက်အရင်းအမြစ်များကိုလက်လှမ်းမှီခြင်း၊ ယင်းတို့ကိုအသုံးပြုရန်စီမံခန့်ခွဲခြင်း စသည်တို့နှင့်ဆိုင်သော ချဉ်းကပ်နည်းများအပေါ် အကျိုးသက်ရောက်မှုရှိနေမည်လား။ စီမံကိန်းဖော်ဆောင်သူများအနေဖြင့် ကျား/မရေးရာအခန်းကဏ္ဍများ၊ တာဝန်ဝတ္တရားများနှင့်ပတ်သက်၍ အောက်ပါအချက်များနှင့် ဆည်များသည် ယင်းတို့အပေါ် မည်ကဲ့သို့သက်ရောက်မှုရှိနေမည်ဆိုသည့်အချက်များကိုထည့်သွင်းစဉ်းစားသင့်ပါသည်။

- မြစ်ရေကို ငါးမျှားရန်အတွက် လက်လှမ်းမှီခြင်း၊ ထိန်းချုပ်စီမံနိုင်ခြင်း၊
- ရေလွှမ်းနေသော သစ်တောများနှင့်စိမ့်မြေများကို ငါးမျှားရန်အတွက် လက်လှမ်းမှီခြင်း၊ ထိန်းချုပ်စီမံနိုင်ခြင်း၊
- ငါးများအားစီမံပြုပြင်သည့်လုပ်ငန်းများ (prahok[13] (ငါးပိ) လုပ်ကိုင်သည့်လုပ်ငန်းကဲ့သို့)ရှိ အခန်းကဏ္ဍများနှင့် တာဝန်ဝတ္တရားများ၊
- ငါးဈေးကွက်၊
- ငါးဖမ်းခြင်း၊ ငါးနှင့်အခြားရေထွက်သတ္တဝါများဖမ်းယူခြင်း - စိမ့်မြေ၊ စပါးခင်းနှင့်ကန် ငါးမွေးမြူရေးလုပ်ငန်း။
- ငါးမွေးမြူရေးလုပ်ငန်း၊
- ငါးဖမ်းလုပ်ငန်းအတွင်းရှိ အများပိုင်ပစ္စည်းများအသုံးပြုခြင်းကို မည်သူက ထိန်းချုပ်စီမံနေပါသနည်း၊
- ငါးဖမ်းခြင်း၊ ငါးများမျိုးပွားခြင်းအတွက် ဒေသပတ်ဝန်းကျင်များကို လိုက်လျောညီထွေဖန်တီးယူခြင်း။

စာ ၁/၃

ဤသည်မှာနမူနာစာရင်းတစ်ခုသာဖြစ်ပါသည်။ ဇယားပုံစံကို www.oxfam.org.au/giamanual တွင် ရယူနိုင်ပါသည်။

[13] "prahok" ဆိုသည်မှာ ကမ္ဘောဒီးယားဘာသာစကားဖြင့် ငါးပိကိုခေါ်ခြင်းဖြစ်သည်။ ယင်းသည်ကမ္ဘောဒီးယားလူမျိုးများ၊ အထူးသဖြင့်ဆင်းရဲသားလူတန်းစားအတွက် အထူးအရေးကြီးသော၊ အသားဓါတ် ရရှိစေသည့်အဓိကအရင်းအမြစ်တစ်ခုလည်းဖြစ်သည်။

## စိုက်ပျိုးရေး

စိုက်ပျိုးထုတ်လုပ်မှုပုံစံမျိုးစုံသည် ကျေးလက်ဒေသအသက်မွေးဝမ်းကျောင်းလုပ်ငန်းများကို ကျောထောက်နောက်ခံပြုလျက်ရှိပါသည်။ ဆည်များတည်ဆောက်ခြင်း၊ ယင်းတို့လည်ပတ်စေရန် လုပ်ဆောင်ရသည့်လုပ်ငန်းများကြောင့် စိုက်ပျိုးရေးလုပ်ငန်းများမှာ အများအားဖြင့် ပြောင်းလဲခံလိုက်ရသည်၊ သို့မဟုတ် ဖျက်ဆီးခံလိုက်ရသည်။ စီမံကိန်းသည် စိုက်ပျိုးရေးဆိုင်ရာကုန်ထုတ်လုပ်မှုလုပ်ငန်းများရှိ အမျိုးသမီးများပါဝင်မှု၊ ယင်းတို့ကို ထိန်းချုပ်စီမံမှုနှင့် အခွင့်အာဏာတို့အပေါ် မည်ကဲ့သို့ သက်ရောက်စေသည်ဆိုသည့်အချက်ကိုအလေးပေးကာ ကျား/မ ရေးရာ အခန်းကဏ္ဍများနှင့် တာဝန်ဝတ္တရားများကို နားလည်သဘောပေါက်ထားရန် လိုအပ်ပါသည်။ သို့မှသာ ကျား/မရေးရာ အကျိုးသက်ရောက်မှုများကိုရှောင်ရှားနိုင်မည်၊ သို့မဟုတ် လျော့ချနိုင်မည်။ ဥပမာ အောက်ပါအချက်များကို ဦးတည်၍ ထည့်သွင်းစဉ်းစားမှုများလုပ်ဆောင်သင့်ပါသည် -

- အိမ်ခြံဥယျာဉ်အတွက် ဘေးအန္တရာယ်ကင်းသော၊ မြေဆီသြဇာကောင်းသောမြေများကိုလက်လှမ်းမှီခြင်း၊
- ခြောက်သွေ့ရာသီများတွင် ရေခမ်းခြောက်သွားသောမြစ်ကမ်းပါးများတွင် ဥယျာဉ်စိုက်ပျိုးရန်အတွက် အဆိုပါ မြစ်ကမ်းပါးများကိုလက်လှမ်းမှီအသုံးပြုနိုင်ခြင်း၊
- မွေးမြူထားသောတိရိစ္ဆာန်များ၏ စားကျက်မြေအတွက် မြေများကိုအသုံးပြုခြင်း၊
- သီးနှံများစိုက်ပျိုးရန်အတွက် ရေကိုလက်လှမ်းမှီခြင်း၊
- စိမ့်မြေနှင့်ရေလွှမ်းလွင်ပြင်များကို စိုက်ပျိုးရေးအတွက်အသုံးပြုခြင်း၊
- ရွှေ့ပြောင်းတောင်ယာအတွက်မြေများအသုံးပြုခြင်း၊ ဥယျာဉ်ခြံရှင်းလင်းခြင်း၊ စိုက်ပျိုးခြင်း၊ ထိန်းသိမ်းခြင်း၊ ရိတ်သိမ်းခြင်းစသောလုပ်ငန်းများရှိ ကျား/မရေးရာအခန်းကဏ္ဍများ၊
- အိမ်ခြံဥယျာဉ်၊ သစ်သီးပင်များစိုက်ပျိုးခြင်းနှင့်အခြားသီးပင်များမျိုးပွားခြင်းနှင့်ရိတ်သိမ်းခြင်းတို့ရှိ အခန်းကဏ္ဍများ၊
- မွေးမြူရေးလုပ်ငန်းလုပ်ကိုင်ခြင်း၊
- စိုက်ပျိုးရေးထုတ်ကုန်များအတွက် ဂေဟစနစ်အသုံးပြုခြင်းနှင့်ပတ်သက်သောယဉ်ကျေးမှုဓလေ့ထုံးစံများနှင့် ဖွဲ့စည်းတည်ဆောက်ပုံများ၊ နှင့်
- စိုက်ပျိုးရေးထွက်ကုန်များကို ဈေးကွက်သို့တင်ပို့ခြင်းနှင့်ရောင်းချခြင်း

## ရေဝေကုန်းတန်းနေရာများ

ဆည်များတည်ဆောက်ရာတွင်အများအားဖြင့် ဆည်အထက်ပိုင်းရှိရေဝေကုန်းတန်းနေရာများအား လက်လှမ်းမှီအသုံးပြုခြင်းကို ပိတ်ပင်ရန်လိုအပ်တတ်ပါသည်။ ယင်းမှာ ရေဝေကုန်းတန်းများရှိ သစ်တောများအားရှင်းလင်းခြင်း၊ အလွဲသုံးစားပြုလုပ်ခြင်းတို့မှ "အကာအကွယ်ပေးရန်" ဖြစ်ပါသည်။ သို့မှသာ ရေလှောင်ကန်နှင့် ဓါတ်အားပေးစက်ရုံရှိ ရေအရည်အသွေးအပေါ် အနုတ်သဘောဆောင်သောသက်ရောက်မှုများရှိကာ ပျက်စီးဆုံးရှုံးခြင်းမှ လျော့ချပေးနိုင်မည်ဖြစ်သည်။ ရေလှောင်ကန်ဒေသရှိ သစ်တောများ၊ အရင်းအမြစ်များနှင့်မြေများကို အမျိုးသားများ၊ အမျိုးသမီးများနှင့်လူထုမှ အသုံးပြုနေခြင်းမှာ မည်ကဲ့သို့ထိခိုက်မှုရှိနိုင်သနည်း။ ဝင်ငွေရအလုပ်၊ ဝင်ငွေမရသော အလုပ်နှစ်မျိုးစလုံးကို ထည့်သွင်းစဉ်းစားရန် လိုအပ်ပါသည်။ ဥပမာ -

- အိမ်တွင်စားသုံးရန် သစ်တောထွက်အစားအစာများစုဆောင်ခြင်း၊
- တောကောင်များဖမ်းခြင်း၊ မုဆိုးလိုက်ခြင်း၊
- ကျွန်းသစ်မဟုတ်သောသစ်တောထွက်ပစ္စည်းများကို ရောင်းချရန်၊ အသုံးပြုရန် သို့မဟုတ် လဲလှယ်ရန် စုဆောင်းခြင်း၊
- ထင်းရှာဖွေခြင်း၊
- သစ်တောမြေ (သို့မဟုတ်) ရေလှောင်ကန်ဒေသရှိအချို့သောမြေများကိုအသုံးပြုကျင့်ပသော ရိုးရာ(သို့မဟုတ်)ယဉ်ကျေးမှုလုပ်ငန်းများ၊
- ရှင်းလင်းခြင်း၊ စိုက်ပျိုးခြင်း၊ ထိန်းသိမ်းခြင်း၊ ရိတ်သိမ်းခြင်းအခန်းကဏ္ဍများအပါအဝင် ရွှေ့ပြောင်းစိုက်ပျိုးခြင်း၊

- ဒေသများ၊ သစ်ပင်များ (သို့မဟုတ်) သက်ရှိပစ္စည်းများကို ရာသီအလိုက်အသုံးပြုခြင်းနှင့် စိုက်ပျိုးမြေများကို နစ်ပေါင်းများစွာလဲလှယ်အသုံးပြုခြင်း၊ သစ်တောထွက်ပစ္စည်းများကိုအသုံးပြုခြင်း။

## ရေလှောင်ကန်

မြစ်ကြောင်းပေါ်တွင်ဆည်တစ်ခုတည်ဆောက်ခြင်းဖြင့် ဆည်မှရေများကိုထိရောက်စွာထိန်းသိမ်းသိုလှောင်ပေးထားနိုင်သော ရေလှောင်ကန်တစ်ခုပုံမှန်အားဖြင့်ပေါ်ပေါက်လာပါသည်။ (လည်ပတ်မှုစနစ်အရ ဆည်အောက်ပိုင်းတွင်ရေစီးရေလာနည်းသွားခြင်း သို့မဟုတ် ရာသီအလိုက်ရေတက်ရေကျမရှိတော့ခြင်းတို့ဖြစ်စေနိုင်ပါသည်။) ယင်းကြောင့် ဆည်အထက်ပိုင်းနှင့် အောက်ပိုင်းရှိရေနေသတ္တဝါများ၏ ပတ်ဝန်းကျင်အခြေအနေကိုပြောင်းလဲသွားစေပြီး ရာသီအလိုက်ဖြစ်ပေါ်လေ့ရှိသော ရေတိမ်ခြင်း၊ ရေစီးသန်ခြင်း၊ သဲသောင်များ၊ ရေနက်အိုင်များ၊ ရေကြီးခြင်း၊ မိုးခေါင်ခြင်း၊ ရေဝပ်တောနှင့် စိမ့်မြေများတွင် တည်ရှိနေသောကွဲပြားမှုများအားလုံးလည်းမရှိနိုင်တော့ပေ။ အသစ်ပေါ်ပေါက်လာသောရေလှောင်ကန်သည် ရေအခြေအနေကိုပြောင်းလဲပစ်နိုင်ပြီး အေးစက်သောရေများ (ရေနက်သောကြောင့်)၊ အောက်ဆီဂျင်မပါသောရေများကို ထုတ်လုပ်ပေးသည်။ ဆည်၏လည်ပတ်ပုံအချိန်ဇယားများကြောင့် ရေစီးရေလာကိုလည်းထိခိုက်စေနိုင်သည်။ ဥပမာ သိုလှောင်ထားသောရေများကို "ရာသီမဟုတ်ဘဲ" ထုတ်လွှတ်ခြင်း၊ ဓါတ်အားပေးစက်ရုံများသို့ပို့လွှတ်ခြင်း၊ အခြားမြစ်များ/ရေဝေကုန်းတန်းများသို့လွှဲပြောင်းပေးပို့ခြင်း (ထိုအခါအဆိုပါနေရာများတွင်မြစ်ရေတက်ခြင်းဖြစ်ပေါ်ပြီး ပင်မမြစ်အတွင်း၌ရေခမ်းခြောက်မှုများဖြစ်ပေါ်တတ်သည်)။ ငါးများရေစုန် ရေဆန်ကူးခတ်သွားလာခြင်းမှာလည်း တားဆီးခံရပြီး အသစ်ပေါ်ပေါက်လာသောရေလှောင်ကန်အတွင်းရှိရေမှာလည်း နက်ပြီးရေသေဖြစ်သောကြောင့် ငါးမျိုးစိတ်အမြောက်အမြားအတွက်မသင့်လျော်ပေ။ အထက်တွင်ဖော်ပြသွားခဲ့သည့်အတိုင်း ပြောင်းလဲမှုအားလုံးမှာ စိုက်ပျိုးရေး၊ ငါးဖမ်းလုပ်ငန်း၊ စိမ့်မြေပတ်ဝန်းကျင်စသည်တို့ကို လက်လှမ်းမှီခြင်း၊ အသုံးပြုခြင်းတို့အပေါ်သက်ရောက်မှုရှိနိုင်ပါသည်။ မြစ်နှင့်မြစ်အတွင်းရှိအရင်းအမြစ်များကို အသုံးပြုခြင်း၊ ထိန်းချုပ်စီမံခြင်း၊ တာဝန်ဝတ္တရားများစသည်တို့နှင့်ပတ်သက်သောအမျိုးသားများ၊ အမျိုးသမီးများနှင့်လူထုအကြားရှိ မတူညီသောအချက်များကိုနားလည်သဘောပေါက်နိုင်ရန် အောက်ပါမေးခွန်းများအားဖြင့် ဖော်ထုတ်နိုင်ပါသည် -

စာ ၂/၃

ဤသည်မှာနမူနာစာရင်းတစ်ခုသာဖြစ်ပါသည်။ ဇယားပုံစံကို [www.oxfam.org.au/giamanual](http://www.oxfam.org.au/giamanual) တွင် ရယူနိုင်ပါသည်။

- ဆည်သည် သဘာဝအလျောက်တည်ရှိနေသောမြစ်ဝှမ်းဒေသရှိဂေဟစနစ်ကိုမည်ကဲ့သို့ပြောင်းလဲနိုင်သနည်း၊ အမျိုးသမီးများနှင့်အမျိုးသားများသည် အဆိုပါဂေဟစနစ်များကိုမည်ကဲ့သို့အသုံးပြုနေကြသနည်း။
- အမျိုးသမီးများနှင့်အမျိုးသားများသည် ရေလှောင်ကန်ပတ်ဝန်းကျင်ကို အသုံးပြုခွင့်ရရှိမည်လား၊ ရေထွက်သတ္တဝါများကိုလက်လှမ်းမှီအသုံးပြုခွင့်ရရှိမည်လား။
- ရေပမာဏနှင့်အရည်အသွေးတို့မှာမည်ကဲ့သို့ထိခိုက်နိုင်သနည်း၊ မြစ်နှင့်မြစ်ရေကိုလက်ရှိသုံးစွဲနေမှုများအပေါ်မည်ကဲ့သို့အကျိုးသက်ရောက်မှုရှိနေမည်နည်း။
- ရပ်ရွာလူထုကို ရေလှောင်ကန်ပတ်ဝန်းကျင်မှ အတင်းအကျပ်ပြောင်းရွှေ့ခိုင်းမည်လား။ အမျိုးသမီးများ၊ အမျိုးသားများနှင့်ရပ်ရွာလူထုကို ၎င်းတို့၏မြေများ၊ ရေများ၊ ပိုင်နက်များကိုအသုံးပြုခြင်း၊ ရယူခြင်းအတွက် တိုင်ပင်ဆွေးနွေးသင့်ပါသည်။ ၎င်းတို့သည် အရင်းအမြစ်များနှင့်ပတ်သက်သောဆုံးဖြတ်ချက်များချရာတွင်ကြိုတင်၍ သတင်းအချက်အလက်များအပြည့်အဝရရှိကာ လွတ်လပ်စွာသဘောတူပိုင်ခွင့်၊ ငြင်းဆိုပိုင်ခွင့်ရှိပါသည်။

## မြစ်အောက်ပိုင်း

မြစ်အောက်ပိုင်းပတ်ဝန်းကျင်နှင့် ဆည်မှသဘာဝစနစ်နှင့် လူတို့၏အသက်မွေးဝမ်းကျောင်းလုပ်ငန်းအပေါ်သက်ရောက်

နေသည့်အချက်များမှာ အများအားဖြင့် သတိမမူမိဘဲ၊ ဆန်းစစ်မှုများလည်းပြုလုပ်သင့်သလောက်မပြုလုပ်ဖြစ်ဘဲ ကျန်နေခဲ့တတ်ပါသည်။

ဆည်သည်မြစ်ကြောင်းတစ်လျှောက်အစုန်အဆန်ကူးခတ်နေသောငါးများ၏လှုပ်ရှားသွားလာမှုကို ပိတ်လိုက်သကဲ့သို့ ဖြစ်စေပြီး မြစ်အထက်ပိုင်းနှင့်အောက်ပိုင်းစိမ့်မြေ၊ မြစ်ဝကျွန်းပေါ်တို့အကြား သဘာဝအနည်အနစ်များနှင့် သတ္တုဓါတ်များရွေ့လျားစီးဆင်းမှုကိုလည်း ရပ်တန့်စေပါသည်။ ထို့ပြင် Tonle Sap အတွင်းရှိ ရေစီးဆင်းမှုကို ပြောင်းပြန်ဖြစ်စေနိုင်သောရေကြီးနိုင်သည့်ရေစီးဆင်းနှုန်း (flood pulses) ကို ဖယ်ရှားပစ်လိုက်သည်၊ သို့မဟုတ် လျော့နည်းသွားစေသည်၊ သို့မဟုတ် ရေတက်ရေကျမရှိဘဲ တသမတ်တည်းဖြစ်သွားစေပြီး မြေနိမ့်ပိုင်း ဒေသများကို နှစ်စဉ်နှစ်တိုင်းမိုးရေများဖြင့်စွတ်စိုဖုံးလွှမ်းစေသည်။ အထက်ပါအချက်များအားလုံးမှာ မဲခေါင်ဒေသ အသက်မွေးဝမ်းကျောင်းလုပ်ငန်းများအတွက် အရေးကြီးသော ရှုထောင့်များဖြစ်ပြီး ကျား/မရေးရာအခန်းကဏ္ဍများနှင့် တာဝန်ဝတ္တရားများရှိပါသည်။ စီမံကိန်းတစ်ခုမှ မြစ်အောက်ပိုင်းပတ်ဝန်းကျင်အပေါ် မည်ကဲ့သို့သက်ရောက်နိုင်သည်ဆိုသည့် နည်းလမ်းများကို နားလည်သဘောပေါက်ရန်လိုအပ်ပြီး ထိုသို့နားလည်သဘောပေါက်ခြင်းမှာ နယ်စပ်ဒေသ တစ်လျှောက်ရှိနိုင်ငံများနှင့် ဘာသာစကားမတူညီသောအုပ်စုများအားလုံးတွင်ရှိသင့်ပါသည်။ ထည့်သွင်းစဉ်းစားသင့်သောအချို့သောကဏ္ဍများမှာ -

- ဆည်ဒီဇိုင်းနှင့်လည်ပတ်သည့်အချိန်ဇယားတို့သည် မြစ်အောက်ပိုင်းရေစီးဆင်းမှုအပေါ်မည်ကဲ့သို့ သက်ရောက်နိုင်သနည်း။ ထိုသက်ရောက်မှုသည် ရာသီအမျိုးမျိုးတွင် မည်ကဲ့သို့ဖြစ်နိုင်သနည်း။ အဆိုပါ ပြောင်းလဲမှုများသည် အမျိုးသမီးများ၊ အမျိုးသားများ၊ ငယ်ရွယ်သူများ၊ သက်ကြီးရွယ်အိုများနှင့် ဒေသတွင်းလူထုတို့မှမြစ်နှင့် ရေကိုအသုံးပြုခြင်း၊ လက်လှမ်းမှီခြင်းတို့အပေါ် မည်ကဲ့သို့သက်ရောက်မှုရှိနိုင်သနည်း။ မသန်စွမ်းသူများ (သို့မဟုတ်) အထူးလိုအပ်ချက်များရှိနေသော အခြားသူများ အရင်းအမြစ်များနှင့်ပစ္စည်းများ လက်လှမ်းမှီရန်၊ ထိန်းချုပ်စီမံရန်အတွက် လိုအပ်နေသောအချက်များအပေါ် ပြောင်းလဲမှုများကမည်ကဲ့သို့ သက်ရောက်နေသနည်းဆိုသည့်အချက်များကို ထည့်သွင်းစဉ်းစားထားပါသလား။
- လူတို့သည် မြေများ သို့မဟုတ် ကုန်ထုတ်လုပ်နိုင်သောအရင်းအမြစ်များကို အသုံးပြုခွင့်ဆုံးရှုံးသွားမည်လား။
- မြစ်ရေစီးဆင်းပုံသည် နေ့တစ်နေ့၏မတူညီသောအချိန်များ၊ မတူညီသောရာသီများတွင် လူတို့မှမြစ်ရေကို မည်ကဲ့သို့အသုံးပြုသည်၊ လက်လှမ်းမှီသည်ဆိုသည့်အချက်များကိုပြောင်းလဲစေနိုင်မည်လား။
- ဆည်စီမံခန့်ခွဲသည့်နည်းလမ်းများကြောင့် မြစ်ရေမည်ကဲ့သို့ပြောင်းလဲစီးဆင်းသည်၊ မြစ်နှင့် ယင်း၏ မြစ်ကမ်းပါးများ၊ စိမ့်မြေများ၊ သဘာဝနှင့်ကုန်ထုတ်လုပ်နိုင်သောစနစ်များ မည်ကဲ့သို့ဆုံးရှုံးသည်ဆိုသည့် အချက်များအပေါ် သက်ရောက်မှု ဖြစ်စေမည်လား။
- မြစ်နှင့်ပတ်သက်၍ပြောင်းလဲသွားသောစနစ်များကြောင့် ယဉ်ကျေးမှု သို့မဟုတ် လူမှုရေးလုပ်ငန်းများကို ရပ်တန့်သွားစေမည်လား (သို့မဟုတ်) သဘာဝအတိုင်းဖြစ်ပေါ်နေသော သို့မဟုတ် တည်ဆောက်ယူထားသောပတ်ဝန်းကျင်တို့ကိုလက်လှမ်းမှီနေခြင်းမှ ရပ်တန့်သွားမည်လား (ရေတက်ခြင်းကြောင့် သယ်ယူပို့ဆောင်ရေးအတွက်အသုံးပြုရာတွင် ဘေးကင်းလုံခြုံမှုမရှိဖြစ်စေနိုင်သည်)။ သို့တည်းမဟုတ် ကြိုတင်ခန့်မှန်း၍မရသောမြစ်၏သဘောသဘာဝများက ကလေးသူငယ်များ၊ သက်ကြီးရွယ်အိုများ၊ အိမ်မှုကိစ္စများ လုပ်ဆောင်နေရသော အမျိုးသမီးများအတွက် အသက်အန္တရာယ်ဖြစ်စေနိုင်မည်လား။
- မြစ်လည်ပတ်စီးဆင်းပုံသည် မြစ်ကမ်းပါးကို ဥယျာဉ်ခြံစိုက်ခြင်း၊ ငါးဖမ်းပစ္စည်းများနှင့်လှေများသိုလှောင်ခြင်း စသည်တို့အတွက်အသုံးပြုခြင်းတို့အပေါ် အန္တရာယ်ဖြစ်စေနိုင်မည်လား။
- ဆည်တည်ဆောက်ခြင်း၊ ဆည်လည်ပတ်ခြင်းတို့၏ရလဒ်အဖြစ် လူတို့သည်နေအိမ်များ၊ လယ်မြေများ သို့မဟုတ် အများပြည်သူပိုင်မြေများဆုံးရှုံးသွားနိုင်ပါသလား (လျှပ်စစ်ဓါတ်အားထုတ်လုပ်သည့်နေရာအောက်ပိုင်းရှိ မြစ်ရေများမြင့်တက်ခြင်းကြောင့်)။

စာ ၃/၃

ဤသည်မှာနမူနာစာရင်းတစ်ခုသာဖြစ်ပါသည်။ ဇယားပုံစံကို www.oxfam.org.au/giamanual တွင် ရယူနိုင်ပါသည်။

## အဆင့် (၄) အမျိုးသမီးများ (နှင့်အမျိုးသားများ) ၏လိုအပ်ချက်များနှင့်မျှော်မှန်းချက်ဆန္ဒများအားနားလည်သဘောပေါက်ခြင်း

*"ဆည်များသည် ၎င်းတို့ကြောင့်အကျိုးသက်ရောက်မှုများရှိစေမည့်နေရာများရှိလူနေမှုအဆင့်အတန်းများကိုမြှင့်တင်ပေးနိုင်မည်ဆိုပါက ကျား/မရေးရာတန်းတူညီမျှမှုအပေါ်တွင်လည်း အပေါင်းလက္ခဏာဆောင်သော သက်ရောက်မှုများကူးစက်စေနိုင်သည်" (WCD ၂၀၀၀၊ စာ ၁၁၈)*

စီမံကိန်းမတိုင်မီဆန်းစစ်မှုများပြုလုပ်ခြင်း၊ ကျား/မ စာရင်း ခွဲခြားထားသောအချက်အလက်များကောက်ယူခြင်း၊ စီကိန်းကြောင့်ဖြစ်ပေါ်လာနိုင်သော ပြဿနာရပ်များအား ကျား/မရေးရာရှုထောင့်မှနေ၍ ထုတ်ဖော်ခြင်းတို့ လုပ်ဆောင်ပြီးသွားသောအခါ၊ ယခုအချိန်သည် အမျိုးသမီးများ၏လိုအပ်ချက်များနှင့် စိတ်ပါဝင်စားမှုများကို နားလည်သဘောပေါက်စေရန် လုပ်ငန်းစဉ်တစ်ခုကိုပြည့်ပြည့်စုံစုံလုပ်ဆောင်ရန် အခွင့်အရေးကောင်းတစ်ခုဖြစ်ပါသည်။ ထိုမှတဆင့် အဆိုပါလိုအပ်ချက်များကို စီမံကိန်းမှမည်ကဲ့သို့တုံ့ပြန်နိုင်မည်ဆိုသည်ကို စဉ်းစားနိုင်မည်ဖြစ်သည်။

ဤတွင်အမျိုးသမီးများ၏ လက်တွေ့ဘဝလိုအပ်ချက်များအား ဆန်းစစ်ခြင်းအပြင် အမျိုးသမီးများနှင့် လူထု၏လိုအပ်ချက်များကို စီမံကိန်းမှအပြုသဘောဆောင်၍ဖြေရှင်းပေးနိုင်မည့် အခြေအနေများကို ဆန်းစစ်ခြင်းလုပ်ငန်းများပါ ပါဝင်သွားမည်ဖြစ်ပါသည်။

ကျား/မရေးရာဆန်းစစ်မှုပြုလုပ်ခြင်းအားဖြင့် စီမံကိန်းသည်အောက်ပါတို့ကိုလည်းဆန်းစစ်ပြီးဖြစ်လိမ့်မည် -

- အမျိုးသမီးများသည် ၎င်းတို့၏အခန်းကဏ္ဍများနှင့်တာဝန်ဝတ္တရားများအတွက် မည်သည့်အကူအညီများ လိုအပ်နေပါသနည်း။ (အမျိုးသမီးများ၏လက်တွေ့ဘဝကျား/မရေးရာလိုအပ်ချက်များ)
- လူထုအတွင်းတွင်ပို၍ တန်းတူညီမျှမှုရရှိစေရန် အမျိုးသမီးများသည်မည်သည့်အရာများလိုအပ်နေပါသနည်း၊ မည်သည့်အဖွဲ့အစည်းဆိုင်ရာသို့မဟုတ် ဖွဲ့စည်းတည်ဆောက်ပုံဆိုင်ရာပြောင်းလဲမှုများလိုအပ်နေပါသနည်း။ (ဗျူဟာမြောက်ကျား/မရေးရာစိတ်ဝင်စားမှုများမှာ မည်သည့်အရာများ ဖြစ်သနည်း)။

ဤနည်းအားဖြင့်ဆည်များသည် ကျား/မရေးရာပတ်သက်ဆက်နွယ်မှုများနှင့်အမျိုးသမီးများ၏တန်းတူညီမျှရေးတို့တွင် **ပြောင်းလဲပေးနိုင်သော**အခန်းကဏ္ဍမှလုပ်ဆောင်ပေးနိုင်သည့်အလားအလာရှိပါသည်။ ရလဒ်များသည်ရေရှည်တည်တံ့ပြီးယဉ်ကျေးမှုအရသင့်လျော်စေရန်အတွက် နည်းဗျူဟာမြောက်စိတ်ဝင်စားမှုများနှင့်လိုအပ်ချက်များကို ခိုင်မာမှုရှိပြီး အများပူးပေါင်းပါဝင်နိုင်သောနည်းလမ်းများ၊ လူထုနှင့်ဆွေးနွေးတိုင်ပင်သည့်နည်းလမ်းများမှတဆင့် ဆန်းစစ်ဆုံးဖြတ်သွားရန်အထူးအရေးကြီးပါသည်။ ထိခိုက်ခံရသောလူထုများ၏မျှော်မှန်းချက်ဆန္ဒများကိုနားလည်သဘောပေါက်စေရန် စီမံကိန်းအနေဖြင့်အရင်းအမြစ်များရရှိအောင်လုပ်ဆောင်ပေးနိုင်ပါသည်။ စီမံကိန်းတစ်ခုလုံး၏ ကုန်ကျစရိတ်နှင့် ယှဉ်ပါက ဤသည်မှာ အလွန်သေးငယ်သောပမာဏသာဖြစ်ပြီး စီမံကိန်းကြောင့်အကျိုးသက်ရောက်မှုများခံစားရမည့် လူထုအတွင်းတွင် စီမံကိန်းလည်ပတ်နိုင်ရန်လူမှုရေးလိုင်စင်တစ်ခု ရရှိအောင်ကြိုးပမ်းရာတွင် များစွာအထောက်အကူဖြစ်စေမည်ဖြစ်ပါသည်။

အမျိုးသမီးများ၏လိုအပ်ချက်များနှင့်ဆန္ဒများကို ကြိုတင်မှန်းဆဖော်ထုတ်ရန် စီမံကိန်းအနေဖြင့် အတိုင်ပင်ခံများ သို့မဟုတ် ကျွမ်းကျင်ဝန်ထမ်းများကိုသာ လုပ်ဆောင်ခိုင်းခြင်းမျိုးမပြုလုပ်သင့်ဘဲ၊ အမျိုးသမီးများ၏အသံများကို အမျိုးသားများနည်းတူ ကြားနိုင်မည့်လုပ်ငန်းစဉ်များနှင့် အခွင့်အလမ်းများကိုဦးဆောင်ပံ့ပိုးပေးသွားသင့်ပါသည်။ ထိုသို့လုပ်ဆောင်ရာတွင်လည်း မတူညီသောလူမျိုးစုများ သို့မဟုတ် ဒေသခံပြည်သူများကိုပါအသိအမှတ်ပြုသည့် အနေအထားဖြင့် လုပ်ဆောင်သင့်ပါသည်။ သို့မှသာ ဒေသခံအမျိုးသမီးများနှင့်အမျိုးသားများ၏အသံများကိုလည်း ဒေသခံမဟုတ်သူများနည်းတူကြားသိနိုင်မည်ဖြစ်ပါသည်။ ဤဆန်းစစ်မှုပြုလုပ်ရန်ပြင်ဆင်ရာတွင် အမျိုးသမီးအိမ်ထောင်စုများ (သို့မဟုတ်) မသန်စွမ်းသူများရှိသောအိမ်ထောင်စုများနှင့်အိမ်ထောင်စုအဆင့် အစည်းအဝေးများ ပြုလုပ်ခြင်းအားဖြင့် အများပြည်သူနှင့်ဆိုင်သောအစည်းအဝေးများကိုလက်လှမ်းမှီရန်အခက်အခဲရှိနေနိုင်သော အခြားသောလူနည်းစုများ သို့မဟုတ် လူထုအတွင်းရှိအဖွဲ့များပါ တက်ကြွစွာပါဝင်နိုင်စေရန် အထူးဂရုပြုရမည်ဖြစ်ပါသည်။

## အမျိုးသမီးပါဝင်ခြင်းအတွက်စိစစ်ရန်အခြေခံစာရင်းများ

- ☐ အမျိုးသမီးများသည် အမျိုးသားများနည်းတူသတင်းအချက်အလက်များကိုလက်လှမ်းမှီစေရန် စာရွက်စာတမ်းများကို အမျိုးသမီးများနားလည်နိုင်မည့် ဘာသာစကားများသို့ ဘာသာပြန်ဆိုထားခြင်း၊ အမျိုးသမီးများနားလည်နိုင်မည့် ပုံစံများကိုအသုံးပြုထားခြင်းမျိုးရှိပါသလား။
- ☐ အမျိုးသမီးအဖွဲ့များနှင့်သီးသန့်တွေ့ဆုံနိုင်မည့်အခွင့်အလမ်းများဖန်တီးထားပါသလား။
- ☐ မတူညီသော လူနေမှုအဆင့်အတန်း၊ အသက်အရွယ်၊ လူမျိုးတို့မှအမျိုးသမီးများအားလုံးနှင့်တွေ့ဆုံနိုင်မည့်အခွင့်အလမ်းများဖန်တီးထားပါသလား၊ လူမှုစီးပွားအဆင့်အတန်းအားလုံးနှင့် လူမျိုးအားလုံးတို့ရှိ အမျိုးသမီးများ၏အသံကို ကြားနိုင်အောင်လုပ်ဆောင်ထားပါရဲ့လား။
- ☐ အမျိုးသမီးဦးဆောင်ပံ့ပိုးသူများ စီစဉ်ပေးထားပါသလား။ ဘာသာစကား၊ ယဉ်ကျေးမှုတို့နှင့်ပတ်သက်၍ အရည်အချင်းပြည့်ဝပြီး ဒေသ/နိုင်ငံနောက်ခံဗဟုသုတများရှိသည့်အမျိုးသမီးများ ပါဝင်ပါသလား။
- ☐ အမျိုးသမီးများသည်ဆုံးဖြတ်ချက်ချမှတ်သည့်အစည်းအဝေးများတွင်အမျိုးသားများနည်းတူပါဝင်နိုင်ပါသလား
- ☐ အမျိုးသမီးများသည် E/SIA သို့မဟုတ် ကျား/မရေးရာအကျိုးသက်ရောက်မှုဆန်းစစ်ချက် လုပ်ငန်းစဉ်များရှိ အစီရင်ခံတင်ပြခြင်းနှင့် ပြန်လည်ဆန်းစစ်ခြင်းလုပ်ငန်းစဉ်များတွင် ပါဝင်ပါသလား။
- ☐ အစည်းအဝေးများကျင်းပသည့်အချိန်သည် ရာသီအလိုက်အလုပ်များသောအချိန်ကာလများ၊ အမျိုးသမီးများ၏ များပြောင်လှသော အလုပ်တာဝန်ဝတ္တရားများစသည်တို့ကို ထည့်သွင်းစဉ်းစားထားပါသလား။
- ☐ တိုင်ပင်ဆွေးနွေးခြင်းနှင့်ဆုံးဖြတ်ချက်ချမှတ်ခြင်းတို့တွင် အမျိုးသမီးအဖွဲ့အစည်းများ သို့မဟုတ် အမျိုးသမီးခေါင်းဆောင်အဖွဲ့များပါဝင်ပါသလား။

စာ ၁/၁

၎င်းသည်မှာနမူနာစာရင်းတစ်ခုသာဖြစ်ပါသည်။ ဇယားပုံစံကို www.oxfam.org.au/giamanual တွင် ရယူနိုင်ပါသည်။

လိုအပ်ချက်ဆန်းစစ်မှုတွင်အမျိုးသမီးများ၏ လက်တွေ့ဘဝလိုအပ်ချက်များကိုသာမက ၎င်းတို့၏ လူမှုအသိုင်းအဝိုင်းအတွင်းရှိအခြေအနေနှင့်ပါဝင်တို့ကိုပါ ဆန်းစစ်ထားပါသည်။ လတ်တလောလိုအပ်ချက်များဆိုသည်မှာ အမျိုးသမီးများလက်ရှိလုပ်ကိုင်လျက်ရှိသောအရာများကို ဆက်လက်လုပ်ကိုင်ခွင့်ပေးနိုင်သောအရာများဖြစ်ပါသည်။ လတ်တလောလိုအပ်ချက်များကိုဖြည့်ဆည်းပေးခြင်းဖြင့် ကျား/မရေးရာပတ်သက်ဆက်နွယ်မှုများရှိလက်ရှိ ရှိရင်းစွဲအခြေအနေကို ထိန်းသိမ်းထားနိုင်မည်ဖြစ်ပါသည်။

နည်းဗျူဟာမြောက်ကျား/မရေးရာစိတ်ဝင်စားမှုများတွင် အမျိုးသမီးများ၏ကိုယ်ပိုင်ဘဝတွင်သော်လည်းကောင်း၊ လူ့အသိုင်းအဝိုင်းအတွင်း၌သော်လည်းကောင်း မိမိကိုယ်ကို ထိန်းချုပ်စီမံပိုင်ခွင့်နှင့်အခွင့်အာဏာပိုမိုရရှိစေရန် မည်သည့်အရာများက ကူညီထောက်ပံ့ပေးနိုင်သည်ဆိုသည်ကို ရှာဖွေဖော်ထုတ်ပေးသည်။ နည်းဗျူဟာမြောက် ကျား/မရေးရာစိတ်ဝင်စားမှုများတွင် အခြေအနေအမျိုးမျိုးရှိအမျိုးသမီးများသည် အမျိုးသားများထက် အခွင့်အာဏာနည်းပါးပြီး လူမှုရေးအဆင့်အတန်းများ ပိုမိုနိမ့်ကျသည်ဟူသောရှုထောင့်မှနေ၍ လုပ်ငန်းများကိုအစပြုလုပ်ဆောင်သည်။ နည်းဗျူဟာမြောက်ကျား/မရေးရာချဉ်းကပ်နည်းကိုအသုံးပြုခြင်းဖြင့် အမျိုးသမီးများ၏အခွင့် အရေးများကို အသိအမှတ်ပြုရာရောက်ပြီး အမျိုးသမီးများမိမိတို့အခွင့်အရေးများကိုနားလည်သဘောမပေါက်စေရန် ကန့်သတ်ဟန့်တားနေသည့် လူ့အသိုင်းအဝိုင်း၊ လူထုနှင့်မိသားစုအတွင်းရှိအင်အားမညီမျှမှုများကို ပြောင်းလဲပေးရာရောက်သည်။

အမျိုးသမီးများအတွက် နည်းဗျူဟာမြောက်လိုအပ်ချက်များနှင့်တကွ လက်တွေ့စိတ်ဝင်စားမှုများကိုဆန်းစစ်ခြင်းဖြင့် စီမံကိန်းတစ်ခုမှ အမျိုးသမီးများအပေါ် မည်ကဲ့သို့သက်ရောက်မှုရှိနေသည်၊ အမျိုးသမီးများနှင့်အမျိုးသားများအကြားရှိ မညီမျှမှုများကို ပိုမိုဆိုးရွားမသွားစေရန် စီမံကိန်းအနေဖြင့်မည်ကဲ့သို့ ရှောင်ရှားနိုင်မည်၊ အမျိုးသမီးများဘဝတွင် အပေါင်းလက္ခဏာဆောင်သောပြောင်းလဲမှုများဖြစ်ပေါ်စေရန် စီမံကိန်းအနေဖြင့်မည်ကဲ့သို့ ပါဝင်ပံ့ပိုးပေးနိုင်မည်ဆိုသည်ကိုစဉ်းစားခွင့်ရရှိမည် ဖြစ်သည်။

ဤသို့အားဖြင့် ကုမ္ပဏီများအတွက် အမျိုးသမီးများ၏ လက်တွေ့နှင့်နည်းဗျူဟာမြောက် လိုအပ်ချက်နစ်ရပ်စလုံးကို နားလည်သဘောပေါက်ခြင်းသည် စီမံကိန်းကြောင့် ဖြစ်ပေါ်လာမည့်အကျိုးသက်ရောက်မှုများကိုဆန်းစစ်ပြီး ဘေး အန္တရာယ်များလျှော့ချရန်ကြိုးပမ်းနေသော စီမံကိန်းလုပ်ငန်းစဉ်များအတွက်အသုံးဝင်ပါသည်။

လက်လှမ်းမှီခြင်းနှင့်ထိန်းချုပ်စီမံနိုင်ခြင်းဆိုင်ရာအချက်အလက်များကဲ့သို့သော အခြားအရေးကြီးသည့်ဆန်းစစ်မှုနည်း ကိရိယာအချို့နှင့်ပူးပေါင်းလုပ်ဆောင်မည်ဆိုပါက ကျား/မရေးရာလိုအပ်ချက်ဆန်းစစ်မှုသည် စီမံကိန်းဝန်ထမ်း များ နည်းဗျူဟာမြောက်လုပ်ငန်းများအတွက်အခွင့်အလမ်းများဖော်ထုတ်ရာတွင် အထောက်အကူဖြစ်စေမည် ဖြစ်ပါသည်။ ဥပမာဆိုရသော်ဖြစ်နိုင်ချေရှိသောအကျိုးအမြတ်မျှဝေသည့်လုပ်ငန်းများနှင့်ပတ်သက်၍ ညှိနှိုင်းဆွေးနွေးခြင်း၊ နယ်ပယ် သတ်မှတ်ခြင်းတို့အတွက် အချက်အလက်များရရှိစေရန်အသုံးပြုနိုင်သည် (သို့မဟုတ်) ကာယကံရှင် ဆန္ဒမပါသောပြန် လည် နေရာချထားခြင်းနှင့်အသက်မွေးဝမ်းကျောင်းလုပ်ငန်းများပြန်လည်ရယူပေးခြင်းဆိုင်ရာ စီမံကိန်းများအတွက် နည်းလမ်းများဖော်ထုတ်ရာတွင်အသုံးပြုနိုင်သည်။

ကုမ္ပဏီနှင့် ဆည်ကြောင့် ထိခိုက်ခံစားရသော လူထုအကြားသဘောတူချမှတ်လိုက်သော စီမံကိန်းဆုံးဖြတ်ချက် အမြောက်အမြားသည် ကျား/မရေးရာ လိုအပ်ချက်ဆန်းစစ်မှုကိုအသုံးပြုခြင်းအားဖြင့် အကျိုးကျေးဇူးများရရှိကြ ဖြစ်ပါသည်။ ထိုသို့ပြုလုပ်ခြင်းအားဖြင့် ကုမ္ပဏီနှင့်အစိုးရဘက်မှတာဝန်ရှိသူများသည် အပေါင်းလက္ခဏာဆောင်သော ကျား/မရေးရာအကျိုးသက်ရောက်မှုများကို နားလည်သဘောပေါက်လာမည်ဖြစ်သည်။

## လိုအပ်ချက်ဆန်းစစ်မှုနှင့် နည်းဗျူဟာမြောက်စိတ်ဝင်စားမှုများဆိုင်ရာနည်းကိရိယာ

**ရည်ရွယ်ချက်** - ဤနည်းကိရိယာကိုအသုံးပြုခြင်းအားဖြင့် အမျိုးသမီးများ၏လိုအပ်ချက်များကို လက်ရှိအခြေအနေတွင် ရှိသည့် အနေအထားအတိုင်းနားလည်သဘောပေါက်နိုင်မည်ဖြစ်သည်။ တစ်ပြိုင်နက်တည်းမှာပင် နေအိမ်၊ လူထု သို့မဟုတ် လူ့အသိုင်းအဝိုင်းရှိ အမျိုးသမီးများ၏စိတ်ဝင်စားမှုများ၊ အခြေအနေနှင့်ပါဝါတို့ကို မြှင့်တင်ပေးနိုင်ရန် ပြောင်းလဲပေးနိုင်မည့်အရာ သို့မဟုတ် ပြောင်းလဲရန်လိုအပ်သောအရာများကို စဉ်းစားဖော်ထုတ်နိုင်မည်ဖြစ်သည်။

ကနဦးအချက်အလက်များကို လုပ်ငန်းစာရင်းများ၊ လက်လှမ်းမှီခြင်းနှင့်ထိန်းချုပ်စီမံနိုင်ခြင်းဆိုင်ရာအချက်အလက်များ ကဲ့သို့သောအခြားသောနည်းကိရိယာများမှထုတ်ယူနိုင်သော်လည်း အမျိုးသမီးများနှင့်အမျိုးသားများထံမှ အကြံဉာဏ် များအပေါ်အခြေခံကာ ထပ်မံဆွေးနွေးပြီးပြုပြင်မွမ်းမံသင့်ပါသည်။ နည်းဗျူဟာမြောက်လိုအပ်ချက်များနှင့်စိတ်ဝင်စားမှု အမြောက်အမြားတွင် ကြိုတင်မှန်းဆချက်များတပါတည်းပူးတွဲပါတတ်သည်ဖြစ်ရာ စီမံကိန်းအကျိုးသက်ရောက်မှုရှိ သည့်ဒေသတွင် မတူညီသောလူမျိုးစုများ၊ ဘာသာစကားများ၊ ယဉ်ကျေးမှုများရှိနေပါက အဆိုပါကြိုတင်မှန်းဆချက် များကို ထပ်မံလေ့လာဖော်ထုတ်ရန်၊ အဓိပ္ပါယ်ဖွင့်ဆိုရန် လိုအပ်ပါသည်။

**အဓိကမေးခွန်းများ** - လက်ရှိနေထိုင်မှုဘဝပုံစံအတိုင်းနေထိုင်နိုင်ရန် အမျိုးသားများနှင့်အမျိုးသမီးများတွင် မည်သည့် အရာများလိုအပ်သနည်း။ ဦးစားပေးများအဖြစ်မည်သည့်အရာများကို အမျိုးသားများကဖော်ထုတ်ထားပါသနည်း။ အမျိုးသမီးများကရော မည်သည့်အရာများကိုဖော်ထုတ်ထားပါသနည်း။ နှစ်ဦးနှစ်ဖက်လုံးလိုအပ်သောအရာများအဖြစ် မည်သည့်အရာများကိုဖော်ထုတ်ထားပါသနည်း။ ရေရှည်ရရှိနိုင်မည့်အကျိုးကျေးဇူးများကို နားလည်သဘောပေါက်ပြီး ယင်းတို့ကိုထိန်းချုပ်စီမံခွင့်ပိုမိုရရှိစေရန် မည်သည့်အရာများကအမျိုးသမီးများကိုကူညီပေးနိုင်မည်နည်း။ အမျိုးသမီး များက အနာဂတ်မျှော်မှန်းချက်ဆန္ဒများအဖြစ်မည်သည့်အရာများကို ဖော်ပြကြသနည်း။

ကျား/မရေးရာလိုအပ်ချက်ဆန်းစစ်မှုကို ရိုးရှင်းသောဇယားပုံစံဖြင့် မှတ်တမ်းတင်နိုင်ပါသည်။ ဤအချက်အလက်များကို အမျိုးသမီးများ၊ အမျိုးသားများနှင့်သီးသန့်သော်လည်းကောင်း၊ အမျိုးသမီး၊ အမျိုးသားနှစ်မျိုးလုံးပါဝင်သော အဖွဲ့ များနှင့်သော်လည်းကောင်း ဆွေးနွေးခြင်းအားဖြင့် ကောက်ယူနိုင်ပါသည်။ အောက်ပါဇယားတွင် ရေအားလျှပ်စစ်စီမံ ကိန်းတစ်ခုတွင် ဆန်းစစ်ရန်လိုအပ်သော၊ ရရှိအောင်ဆောင်ရွက်ပေးရန်လိုအပ်သော လိုအပ်ချက်အမျိုးအစားများ အတွက် ဥပမာအချို့ကိုဖော်ပြထားပါသည်။

<table>
<tr><th colspan="2">ကျား/မရေးရာ လိုအပ်ချက်များဆန်းစစ်မှု</th></tr>
<tr><th>အမျိုးသမီးများ၏ လတ်တလောလိုအပ်ချက်များ</th><th>အမျိုးသမီးများ၏ နည်းဗျူဟာမြောက်လိုအပ်ချက်များ</th></tr>
<tr><td>

- ဥယျာဉ်ခြံစိုက်ပျိုးရန်အတွက်မြစ်ကမ်းပါးကိုအသုံးပြုနိုင်ရန်
- ကျွန်းမဟုတ်သောသစ်တောထွက်ပစ္စည်းများကို စုဆောင်းရန် သစ်တောများကိုအသုံးပြုနိုင်ရန်
- မြစ်နှင့်သန့်ရှင်းသောရေကိုလက်လှမ်းမှီရန်
- ထင်း
- အိမ်ခြံဥယျာဉ်
- ငါးဖမ်းပစ္စည်းများ
- ငါးများကိုကြာရှည်အထားခံအောင်စီမံပြင်ဆင်ရာတွင် လိုအပ်သောအရင်းအမြစ်များ
- မျိုးစေ့များနှင့် ဖြစ်ထွန်းသောအပင်များ (ပြန်လည်နေရာချထားပေးသောနေရာ၌)

**မြစ်စီမံခန့်ခွဲခြင်းနှင့်အုပ်ချုပ်ခြင်းတို့နှင့်ဆက်စပ်လျက်ရှိသောလိုအပ်ချက်များ**

- ငါးများရောင်းချရန်အတွက် ဈေးသို့လက်လှမ်းမှီရန်
- လှေ/သယ်ယူပို့ဆောင်ရေးယာဉ်များကိုလက်လှမ်းမှီရန်
- စီမံကိန်းကြောင့်ဖြစ်ပေါ်လာမည့်ပြောင်းလဲမှုများနှင့် ဆက်စပ်နေသော အထူးသင်တန်းများ (ဥပမာ ပြောင်းလဲသွားသောစိုက်ပျိုးရေးအလေ့အထများ)
- ဝင်ငွေရအလုပ်များ

</td><td>

- အမျိုးသမီးများကိုတန်းတူပါဝင်ခွင့်ပေးထားပြီး ဖြစ်ထွန်းသောမြေများကို လက်လှမ်းမှီအသုံးပြုခွင့်ပေးထားသော လူထုအတွင်းရှိအရင်းအမြစ်ဆိုင်ရာ သဘောတူညီချက်များ
- ငါးဖမ်းကော်မတီများတွင် ကိုယ်စားပြုမှုနှင့် စုပေါင်းအဖွဲ့အစည်းများ
- ကျေးရွာအဆင့်ဆုံးဖြတ်ချက်ချရာတွင် ကိုယ်စားပြုမှုနှင့် စုပေါင်းအဖွဲ့အစည်းများ
- မိမိသဘောထားများကိုထုတ်ဖော်ပြောဆိုခွင့်
- ခေါင်းဆောင်မှုစွမ်းရည်များနှင့် စီမံကိန်း သို့မဟုတ် လူထုအတွင်းရှိ ခေါင်းဆောင်ရာထူးများ
- ပညာသင်ယူနိုင်မည့်အခွင့်အလမ်းများ
- အမျိုးသမီးများမြေယာပိုင်ဆိုင်ခွင့်ရရှိခြင်း
- ငွေကြေး

</td></tr>
</table>

March, Smyth နှင့် Mukhopadhyay ၁၉၉၉၊ စာ ၆၁ မှထုတ်နုတ်ထားသည်။

စာ ၁/၁

ဤသည်မှာနမူနာနည်းကိရိယာတစ်ခုသာဖြစ်ပါသည်။ ဇယားပုံစံကို www.oxfam.org.au/giamanual တွင် ရယူနိုင်ပါသည်။

## အမျိုးသမီးများစွမ်းဆောင်ရည်မြှင့်တင်ခြင်း

*"အစီအစဉ်ရေးဆွဲသည့်လုပ်ငန်းစဉ်တွင် ကျား/မရေးရာအသိအမြင်မရှိခဲ့ပါက ကြီးမားသောဆည်စီမံကိန်းများကို လက်ရှိကျား/မရေးရာ ပတ်သက်ဆက်နွယ်မှုများအတွင်းရှိ မညီမျှမှုများအပေါ်တွင်အခြေခံ၍ လုပ်ဆောင်မိတတ်ပါ သည်။ ထိခိုက်ခံစားရသောလူထုအတွက် ဆည်များသည် အမျိုးသမီးများကိုလူမှုရေးအရဆုံးရှုံးနစ်နာမှုများ မမျှမတ ထပ်ဆောင်းပေးအပ်ခြင်းဖြင့်သော်လည်းကောင်း၊ ရရှိလာသောအကျိုးအမြတ်များကို သာတူညီမျှမှုမရှိဘဲခွဲဝေပေးအပ် ခြင်းဖြင့်သော်လည်းကောင်း ကျား/မရေးရာကွာဟချက်များကို ပိုမိုကြီးမားသွားစေနိုင်ပါသည်။" (WCD ၂၀၀၀၊ စာ ၁၁၄)*

စီမံကိန်းတွင်ကျား/မရေးရာအကျိုးသက်ရောက်မှုများရှိစေရန် ကျွန်ုပ်တို့ဖော်ဆောင်ခဲ့ကြပြီးဖြစ်သည်။ အဆိုပါ သက်ရောက်မှုများသည်လည်း အပေါင်းလက္ခဏာဆောင်မည့်အလားအလာများရှိနေပြီဖြစ်သည်။ သို့သော်လည်း ဆည်များဆိုင်ရာကမ္ဘာ့ကော်မရှင်နှင့်အခြားသောပညာရှင်များ (Scudder, T. ဆည်ကြီးများ၏အနာဂတ်၊ ၂၀၀၅) မီးမောင်းထိုးပြ

ထားသည့်အတိုင်း ရေအားလျှပ်စစ်စီမံကိန်းများသည် ကျား/မရေးရာကွာဟချက်များကို အများအားဖြင့် ပိုမိုဆိုးရွား သွားစေသည်ကို မကြာခဏတွေ့ နေရဆဲဖြစ်ပါသည်။

စီမံကိန်းအနေဖြင့် ဤအချက်ကိုရှောင်ကြဉ်နိုင်ရန် ဆည်စီမံကိန်းများအနေဖြင့် အမျိုးသမီးများ၏ လိုအပ်ချက်များနှင့် စိတ်ဝင်စားမှုများကို မည်ကဲ့သို့တုံ့ပြန်မည်၊ ဆည်စီမံကိန်းဖော်ဆောင်ခြင်းသည် ယင်း၏အကျိုးသက်ရောက်မှုခံစားရ မည့်နယ်ပယ်အတွင်းနှင့်လွှမ်းမိုးမှုရှိနေသည့်ပတ်ဝန်းကျင်အတွင်းရှိ ကျား/မရေးရာပတ်သက်ဆက်နွယ်မှုများ အပေါ် မည်ကဲ့သို့သက်ရောက်မှုရှိနိုင်သည် ဆိုသည့်အချက်များကို ခွဲခြမ်းစိတ်ဖြာသုံးသပ်ရန်အလွန်အရေးကြီးပါသည်။

အဆိုပါလုပ်ငန်းစဉ်အတွက် အသုံးဝင်သောနည်းကိရိယာတစ်ခုမှာ အမျိုးသမီးများစွမ်းဆောင်ရည်မြှင့်တင်ခြင်းဆိုင်ရာမူ ဘောင် (Women's Empowerment Framework – WEF) ပင်ဖြစ်ပါသည်။ ယင်းသည် အမျိုးသမီးများ၏ အခြေ အနေများနှင့်လိုအပ်ချက်များကိုအမျိုးသားများနှင့်နှိုင်းယှဉ်၍ဆန်းစစ်ပေးထားပါသည်။ ဤဆန်းစစ်ခြင်းအားဖြင့် ဖွံ့ဖြိုးမှု ကိုတိုင်းတာသည့်စကေးအတွင်း အမျိုးသားများနှင့်အမျိုးသမီးများသည် မည်သည့်နေရာများတွင်ရှိနေကြသည်ဆို သည့်အချက်ကိုနှိုင်းယှဉ်၍ သဘောပေါက်စေသည်။ WEF ကိုဆင်းရဲမွဲတေမှုကိုတိုင်းတာရာတွင် အများအားဖြင့်သုံး လေ့ရှိပြီး စီမံကိန်းဖော်ဆောင်သူများအနေဖြင့် စီမံကိန်းသည် အမျိုးသားများနှင့်ယှဉ်လျှင် အမျိုးသမီးများအတွက် အပေါင်းလက္ခဏာဆောင်သောရလဒ်များရရှိစေနိုင်ခြင်းရှိမရှိနှင့် ထိုရလဒ်များမည်ကဲ့သို့ရရှိအောင်လုပ်ဆောင်နိုင်မည် ဆိုသည့်အချက်များကိုဆန်းစစ်နိုင်ရန် ပံ့ပိုးပေးသည်။

စီမံကိန်းအနေဖြင့်ဆန်းစစ်နိုင်သောအဆင့် သို့မဟုတ် အုပ်စုခွဲသုံးခုရှိသည်ဟု WEF မှအကြံပြုထားပါသည် -

၁။ အနုတ်လက္ခဏာပြနေသောအဆင့် - စီမံကိန်းသည်အမျိုးသမီးများအပေါ် အနုတ်သဘောဆောင်သော သက် ရောက်မှုများရှိနေသောအဆင့်၊

၂။ မျှခြေအဆင့် - စီမံကိန်းသည် အမျိုးသမီးများနှင့်အမျိုးသားများအပေါ် ညီတူညီမျှသက်ရောက်မှုရှိနေသော အဆင့်၊

၃။ အပေါင်းလက္ခဏာပြနေသောအဆင့် - စီမံကိန်းသည် အမျိုးသမီးများ၏လိုအပ်ချက်များနှင့် စိတ်ဝင်စားမှုများအပေါ် အပေါင်းလက္ခဏာဆောင်သော သက်ရောက်မှုများရှိနေသောအဆင့်၊ စီမံကိန်းသည် အမျိုးသမီးများ၏အနေအထားကို အမျိုးသားများနှင့်နှိုင်းယှဉ်ကာမြှင့်တင်ပေးမည့်အဆင့်။

WEF သည်တန်းတူညီမျှမှုနှင့်စွမ်းဆောင်ရည်မြှင့်တင်မှုတို့ကိုဆန်းစစ်တိုင်းတာရာတွင် အဆင့်များပါဝင်သော ချဉ်းကပ် နည်းကိုအသုံးပြုထားပါသည်။ စွမ်းဆောင်ရည်မြှင့်တင်မှုကို အနိမ့်ဆုံးအဆင့် (သို့မဟုတ် ပြောင်းလဲမှုအနည်းဆုံး အဆင့်)မှစတင်၍ အဆင့် (၅) ဆင့်ဖြင့်ဆန်းစစ်နိုင်ပြီး စီမံကိန်း၏ရလဒ်အဖြစ် ထွက်ပေါ်လာမည့်အမျိုးသမီးများ အတွက် တန်းတူညီမျှမှုရှိမရှိဟူသောအခြေအနေများကို ဆန်းစစ်ရာတွင်အသုံးပြုနိုင်ပါသည်။ စွမ်းဆောင်ရည်မြှင့်တင် ခြင်းဆိုင်ရာအဆင့် (၅) ဆင့်မှာ -

၁။ **ဘဝဖူလုံရေး (Welfare)** - အမျိုးသမီးများသည်ရုပ်ဝတ္ထုဆိုင်ရာနစ်နာကြေး သို့မဟုတ် စီမံကိန်းအကျိုးကျေးဇူးများ ကိုရရှိနေမည်။

၂။ **လက်လှမ်းမီခြင်း (Access)** - အမျိုးသမီးများသည် ဥပဒေအကြောင်းအရအခြေအနေတစ်ရပ်ကိုရရှိနေမည်၊ ကုန်ထုတ်နိုင်စွမ်းသောအရင်းအမြစ်များကိုလက်လှမ်းမီအသုံးပြုခွင့်များကိုပြုပြင်ပြောင်းလဲမှုတစ်ရပ်အနေဖြင့် ရရှိနေပြီး ကုန်ထုတ်လုပ်မှုကိုသက်ရောက်နေသောအချက်များဖြစ်သည့် လုပ်အား၊ သာတူညီမျှမှုနှင့်အရင်းအမြစ်များကိုလည်း အမျိုးသားများနည်းတူလက်လှမ်းမီနေမည်။

၃။ **ခွဲခြားရှုမြင်တတ်သောအသိတရား (Conscientisation)** - အမျိုးသား၊ အမျိုးသမီးတို့၏အခန်းကဏ္ဍများနှင့် ကျား/မ ရေးရာဂျဲန်ဒါအခန်းကဏ္ဍများအကြားကွဲပြားခြားနားချက်များကို နားလည်သဘောပေါက်နေမည်၊ ကျား/မရေးရာဂျဲန်ဒါ အရအလုပ်ခွဲဝေမှု၌ အမျိုးသားများနှင့်အမျိုးသမီးများတွင် တန်းတူညီမျှမှုရှိနေပြီးလွှမ်းမိုးမှုများကိုဖယ်ရှားပြီးဖြစ်နေမည်။

၄။ **ပါဝင်ခြင်း သို့မဟုတ် လှုံ့ဆော်စည်းရုံးခြင်း (Participation or Mobilisation)** - အမျိုးသမီးများသည်စီမံကိန်း အဆင့်ဆုံးဖြတ်ချက်ချခြင်း၊ ဒီဇိုင်းရေးဆွဲခြင်း၊ ဆန်းစစ်ခြင်း၊ စီမံကိန်းလုပ်ငန်းများနှင့်စီမံခန့်ခွဲရေးလုပ်ငန်းစဉ်များတွင် တန်းတူညီမျှပါဝင်နေမည်။

၅။ **ထိန်းချုပ်စီမံခြင်း (Control)** - အမျိုးသမီးများသည်ဆုံးဖြတ်ချက်ချမှတ်ရာတွင်တန်းတူညီမျှပါဝင်နေပြီး ယင်းက အခြား ကျား/မရေးရာအခန်းကဏ္ဍများနှင့်တာဝန်ဝတ္တရားများကိုမျှမျှတတထိန်းချုပ်စီမံနိုင်မှုအပေါ် သက်ရောက်မှုရှိနေ မည်။

ရေအားလျှပ်စစ်စီမံကိန်းအပြောက်အမြားတွင်အမျိုးသမီးများအတွက်ရလဒ်များမှာအဆင့် (၅) ဆင့်အနက်ဘဝဖူလုံရေး ဘက်တွင်သာရှိနေတတ်ပြီး ကာယကံရှင်ဆန္ဒမပါဘဲပြန်လည်နေရာချထားပေးပြီးနောက် အိမ်အသစ်များ၊ ဈေးရောင်း ရန်နေရာအသစ် သို့မဟုတ် အိမ်ခြံဥယျာဉ်ပြန်လည်ထူထောင်နိုင်ရန်မျိုးစေ့များစသည်တို့ကဲ့သို့သောရုပ်ဝတ္ထု "ပစ္စည်း များ"ကို အမျိုးသမီးများ(နှင့်အမျိုးသားများ) အားပေးတတ်ပါသည်။ သို့သော်ကျား/မရေးရာကိုပို၍ ပေါင်းစပ်ထည့် သွင်းထားသော၊ စီမံကိန်းအစီအစဉ်ရေးဆွဲခြင်းနှင့်ဆုံးဖြတ်ချက်ချခြင်းတို့တွင် အမျိုးသမီးများစနစ်တကျနှင့် အဓိပ္ပါယ် ရှိရှိပါဝင်ထားသောစီမံကိန်းများတွင် ပြောင်းလဲမှုဘက်သို့ပို၍ဦးတည်သောသဘောသဘာဝရှိသည့်ရလဒ်များ ရရှိနိုင် မည့်အခွင့်အလမ်းပိုမိုများပြားပါသည်။ ဤသည်ကိုကြည့်ခြင်းအားဖြင့်အမျိုးသမီးများ၏ နည်းဗျူဟာမြောက် စိတ်ဝင်စား မှုများကို စီမံကိန်းတစ်ခုအနေဖြင့်ဦးတည်ဆောင်ရွက်ပေးနိုင်ကြောင်းတွေ့ရပါသည်။

## အမျိုးသမီးများစွမ်းဆောင်ရည်မြှင့်တင်ခြင်းဆိုင်ရာနည်းကိရိယာ

**ရည်ရွယ်ချက်** - ဤနည်းကိရိယာ၏ရည်ရွယ်ချက်မှာ မည်သည့်စီမံကိန်းလုပ်ငန်းများနှင့်အစီအစဉ်များကိုထူထောင်ထား သည်၊ မည်သည့်အတွက်ကြောင့်ထူထောင်ထားသည်ဆိုသည့်အချက်များကိုမှတ်တမ်းတင်ရန်ဖြစ်သည်။ စီမံကိန်း ဝန်ထမ်းများအနေဖြင့် အဆိုပါလုပ်ငန်းများသည်မည်သည့်အတွက်ကြောင့်အရေးကြီးကြောင်းဆန်းစစ်ရာတွင် ရှင်းရှင်း လင်းလင်း၊ တိတိကျကျရှိစေရန်နှင့် အမျိုးသမီးစွမ်းဆောင်ရည်မြှင့်တင်ခြင်းကိုအပြုသဘောအားဖြင့် ပံ့ပိုးပေးနိုင်ရန် လုပ်ငန်းများကိုမည်ကဲ့သို့အားဖြည့်ဆောင်ရွက်နိုင်မည်ဆိုသည်ကိုတွေးတောတတ်ရန် တိုက်တွန်းအားပေးထားသည်။

**အဓိကမေးခွန်းများ** - စီမံကိန်းတုံ့ပြန်မှု သို့မဟုတ် လုပ်ငန်းများထူထောင်ရာတွင်အမျိုးသမီးများနှင့်တိုင်ပင်ဆွေးနွေးခဲ့ ပါသလား။ သတင်းအချက်အလက်များအပြည့်အဝရရှိပြီးရွေးချယ်စရာနည်းလမ်းများအပေါ်အခြေခံထားသောဆုံးဖြတ် ချက်များချမှတ်ရာတွင် အမျိုးသမီးများပါဝင်ပါသလား။ လုပ်ငန်းအတွက်အစီအစဉ်ရေးဆွဲသည့်လုပ်ငန်းစဉ်များတွင် အမျိုးသမီးများပါဝင်ပါသလား။ စီမံကိန်းကြောင့်ထိခိုက်ခံစားနေရသောအမျိုးသမီးများအတွက် အချိန်ကာလကြာလာ သည်နှင့်အမျှ စွမ်းဆောင်ရည်တိုး၍မြှင့်တင်ပေးနိုင်ရန် ကနဦးလုပ်ငန်းများကိုမည်ကဲ့သို့ပံ့ပိုးပေးနိုင်မည်ဆိုသည့်အချက် ကို စီမံကိန်းဝန်ထမ်းများထည့်သွင်းစဉ်းစားထားပါသလား။

WEF ချဉ်းကပ်နည်းကိုရေအားလျှပ်စစ်စီမံကိန်းတစ်ခုတွင်မည်ကဲ့သို့ လိုက်လျောညီထွေပြုပြင်၍အသုံးပြုနိုင်သည်ဆို သည်ကို အောက်ပါဇယားဖြင့်ဥပမာပေးထားပါသည်။ ဥပမာများကို ဒေသအခြေအနေအလိုက်လိုက်လျောညီထွေ ချဲ့ထွင်အသုံးပြုနိုင်ပါသည်။

| အမျိုးသမီးများစွမ်းဆောင်ရည်မြှင့်တင်ခြင်းအတွက် ခွဲခြမ်းစိတ်ဖြာသုံးသပ်ရန်နည်းကိရိယာ | | | | | | |
|---|---|---|---|---|---|---|
| | | အမျိုးသမီးများ၏ဘဝဖူလုံရေးနှင့်ပတ်သက်၍ စိတ်ဝင်စားသောအဆင့်များ | | | | |
| ကဏ္ဍ | စီမံကိန်း တုံ့ပြန်မှု သို့ လုပ်ငန်း | လူမှုဖူလုံရေး | လက်လှမ်း မှီခြင်း | ခွဲခြားရှုမြင် တတ်သော အသိတရား | ပါဝင်ခြင်း သို့ လှုံ့ဆော် စည်းရုံးခြင်း | ထိန်းချုပ် စီမံခြင်း |
| အလုပ်အကိုင်/စီးပွားရေးလုပ်ငန်း | | | | | | |
| အိမ်ခြံဥယျာဉ် | ပြန်လည်နေရာချ ထားပေးသော အိမ်ထောင်စုများ အတွက်ကုမ္ပဏီမှ မျိုးစေ့များပေးခြင်း | | | | | |
| တပိုင်တနိုင် ငါးမွေးမြူရေး လုပ်ငန်း | ကုမ္ပဏီမှပေးသော ငါးသားပေါက်များ | | | | | |
| အမျိုးသမီး လယ်သမားများ အသင်း ထူထောင်ခြင်း | ငွေကြေးဆိုင်ရာ ရန်ပုံငွေ | | | | | |
| ကျေးရွာကော်မတီ များတွင် အမျိုးသမီး များ တန်းတူညီမျှ ကိုယ်စားပြုပါဝင်ခြင်း | အမျိုးသမီးများသည် ၎င်းတို့ပေးရသော အချိန်အတွက် တစ်နေ့တာအသုံး စရိတ်များပြန်လည် ရရှိသည်။<br>အမျိုးသမီးများနှင့် အမျိုးသားများ တန်းတူကိုယ်စားပြု ပါဝင်နိုင်ရန် အစိုးရ နှင့်ပူးပေါင်းလုပ် ဆောင်ခြင်း | | | | | |
| ပညာရေး | | | | | | |
| ကျောင်းဆောက်ခြင်း | ပြန်လည်နေရာချ ထားပေးသော အစီအစဉ်နှင့် ဘတ်ဂျက်တွင် ထည့်သွင်းထားခြင်း | | | | | |

| | | | | | | |
|---|---|---|---|---|---|---|
| တံတားဆောက်ခြင်း | ပြန်လည်နေရာချထားပေးသော အစီအစဉ်နှင့် ဘတ်ဂျက်တွင် ထည့်သွင်းထားခြင်း | | | | | |
| ဘတ်စ်ကား | ကုမ္ပဏီမှပံ့ပိုးပေးခြင်း | | | | | |

စာ ၁/၂

| | | | | | | |
|---|---|---|---|---|---|---|
| ကျောင်းဆရာ/ဆရာမ<br>• ဒေသဘာသာစကားကိုပြောသူ<br>• ကျေးရွာအတွင်းနေထိုင်သူ<br>• အမျိုးသမီး | ဆရာ/ဆရာမများနေထိုင်ရန်အိမ်များကို ကျောင်းနှင့်အတူဆောက်လုပ်ခြင်း၊ ဆရာ/ဆရာမများကိုပံ့ပိုး ကူညီပေးနေကြောင်း သေချာစေရန် အတွက် ဒေသအစိုးရနှင့် လက်တွဲလုပ်ဆောင်ခြင်း | | | | | |
| အရင်းအမြစ်များ | | | | | | |
| မြေယာဆိုင်ရာအခွင့်အရေးများ | လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်များတွင်အမျိုးသားများနှင့်အမျိုးသမီးများ၏အမည်များ ပါဝင်စေရန် အစိုးရနှင့်ပူးပေါင်းလုပ်ဆောင်ခြင်း | | | | | |
| ရေဆိုင်ရာအခွင့်အရေးများ | အမျိုးသမီးရေအဖွဲ့များထူထောင်နိုင်ရန် အရင်းအမြစ်များပံ့ပိုးပေးခြင်း၊ အမျိုးသမီးများ၏ ဦးစားပေးများအား ဖော်ထုတ်ပေးခြင်း | | | | | |

| | | | | | | |
|---|---|---|---|---|---|---|
| သစ်တောလက်လှမ်းမှီအသုံးပြုခွင့် | စိမ့်တောများကို လူထုလက်လှမ်းမှီ အသုံးပြုနိုင်ရန် သီးသန့်ချန်လှပ်ပေးထားခြင်း၊ အမျိုးသားများနှင့် အမျိုးသမီးများ ပါဝင်သော သစ်တောဆိုင်ရာ လူထုကော်မတီများ ထူထောင်ပေးခြင်း | | | | | |
| အိမ်ထောင်စုဆိုင်ရာဝန်ဆောင်မှုများ | | | | | | |
| လျှပ်စစ်မီးသွယ်ပေးခြင်း | ပြန်လည်နေရာချထားပေးသောနေရာရှိ ရွှေ့ပြောင်းလာသူများနှင့်လက်ခံ အိမ်ရှင် အိမ်ထောင်စုများ အားလုံး အတွက် လျှပ်စစ်မီး သွယ်ပေးခြင်း | | | | | |
| ရေတိုင်များ/ ရေတုံကင်များ | အမျိုးသမီးများ၏ ဦးစားပေးများအပေါ် အခြေခံ၍အစီအစဉ် ဖော်ထုတ်ခြင်း | | | | | |
| နေအိမ်ပြန်လည် ဆောက်လုပ်ပေးခြင်း | ဒီဇိုင်းနှင့်ဆုံးဖြတ်ချက်များတွင် အမျိုးသမီးများပါဝင်စေခြင်း | | | | | |
| ဆည်မြောင်းသွယ်တန်းခြင်း | လမ်းကြောင်းရှာဖွေရာတွင် အမျိုးသားများနှင့်အမျိုးသမီးများကိုပါဝင်စေခြင်း၊ အခွင့်အရေးများ/ လက်လှမ်းမှီအသုံးပြုခွင့်တို့ကို ကြိုတင် ညှိနှိုင်းထားခြင်း | | | | | |

စာ ၂/၂

## အဆင့် (၅) ကျား/မရေးရာနည်းဗျူဟာနှင့်လုပ်ငန်းအစီအစဉ်

ကျား/မရေးရာလုပ်ငန်းအစီအစဉ်နှင့် နည်းဗျူဟာကို သီးသန့်ဖော်ထုတ်ရန်အကြံပြုလိုပါသည်။ စီမံကိန်းအမြောက်အမြားသည် ကျား/မရေးရာအချက်အလက်များနှင့် တုံ့ပြန်မှုများကို လူမှုရေးအကျိုးသက်ရောက်မှုစီမံခန့်ခွဲခြင်းဆိုင်ရာအစီအစဉ်များအတွင်း ပေါင်းစပ်ထည့်သွင်းထားလေ့ရှိကြပါသည်။ ကျား/မရေးရာကိုစီမံကိန်းတစ်လျှောက် ပေါင်းစပ်ထည့်သွင်းထားသည်ဆိုပါက ကျား/မရေးရာခွဲခြမ်းစိတ်ဖြာမှုနှင့်နားလည်မှုများကို အခြားစီမံခန့်ခွဲရေး အစီအစဉ်များအတွင်းတွင်လည်း ထည့်သွင်းထားသင့်ပါသည်။ ထိုသို့ပေါင်းစပ်ထည့်သွင်းရန်ရင်းနှီးမြှုပ်နှံမှုမပြုရသေးသော အချိန်မျိုးတွင် သို့မဟုတ် ပေါင်းစပ်ထည့်သွင်းသည့်ချဉ်းကပ်နည်းကိုအပြည့်အဝမလုပ်ဆောင်နိုင်သေးသော အချိန်မျိုးတွင် ဦးစားပေးသင့်သော၊ အကောင်အထည်ဖော်လုပ်ဆောင်သင့်သော၊ အရင်းအမြစ်များ ထားရှိသင့်သော၊ စောင့်ကြည့်လေ့လာသင့်သော အဓိကမူဝါဒနှင့်စီမံခန့်ခွဲရေးကဏ္ဍများဖော်ထုတ်ထားသည့် ကျား/မရေးရာစီမံခန့်ခွဲမှု အစီအစဉ်ကို သီးသန့်ဖော်ထုတ်ရန် အကြံပြုလိုပါသည်။

အဆင့် (၂) မှ (၄) အထိပြုလုပ်ခဲ့သောဆန်းစစ်မှုများသည် အမျိုးသမီးများနှင့်အမျိုးသားများ၏တန်းတူညီမျှမှုနှင့်/ သို့မဟုတ် အခွင့်အရေးများအပေါ်ကျရောက်နေသော သိသာထင်ရှားသည့်အကျိုးသက်ရောက်မှုများကိုဖော်ပြနိုင်မည်ဖြစ်ပြီး ယင်းတို့ကိုမည်ကဲ့သို့ရှောင်ရှားနိုင်မည် (သို့မဟုတ်) အနည်းဆုံးဖြစ်အောင်လုပ်ဆောင်နိုင်မည်ဆိုသည့်အကြံပြုချက်များကို ထည့်သွင်စဉ်းစားရန်လိုအပ်ပါသည်။ ယင်းအတွက်ဖြေရှင်းနည်းများမှာ အကျိုးသက်ရောက်မှုများအတွက် လုံလောက်သောအလျော်အစားပေးနိုင်မည့်နည်းလမ်းများကိုဆန်းစစ်ခြင်းဟူသောရိုးရှင်းသည့်လုပ်ငန်းစဉ်မှစ၍ အကျိုးသက်ရောက်မှု သို့မဟုတ် ဘေးအန္တရာယ်သည်အလွန်ကြီးမားပါက စီမံကိန်းကိုလုံးဝရပ်ဆိုင်းပစ်လိုက်သည်အထိ ဖြေရှင်းနည်းအမျိုးမျိုးရှိနိုင်ပါသည်။ စီမံကိန်းအများစုတွင် အနုတ်သဘောဆောင်သော ကျား/မရေးရာအကျိုး သက်ရောက်မှုများကိုရှောင်ရှားရန်၊ အနည်းဆုံးဖြစ်အောင်လုပ်ဆောင်ရန်၊ လျှော့ချရန် စီမံကိန်းဒီဇိုင်းပြန်လည်ပြင်ဆင်နိုင်လောက်သည့်စွမ်းဆောင်ရည်များရှိကြပါသည်။ အများအားဖြင့် ယင်းတို့ကိုအလျော်အစားပေးခြင်းနှင့် အကျိုးအမြတ်မျှဝေရန် ညှိနှိုင်းခြင်းလုပ်ငန်းစဉ်များနှင့်တပြိုင်နက်တည်း လုပ်ဆောင်လေ့ရှိကြပါသည်။ ကျား/မရေးရာအကျိုး သက်ရောက်မှုဆန်းစစ်ချက်မှတွေ့ရှိချက်များနှင့်အကြံပြုချက်များအပေါ်အခြေခံ၍ လုပ်ဆောင်သောမည်သည့်ပြောင်းလဲမှုကိုမဆို အမျိုးသမီးများအပါအဝင်ပါဝင်ပတ်သက်သူအားလုံးနှင့် ညှိနှိုင်းတိုင်ပင်၍လုပ်ဆောင်သင့်ပါသည်။

ကျား/မရေးရာအကျိုးသက်ရောက်မှုဆန်းစစ်ချက်မှရရှိလာသော သတင်းအချက်အလက်များကိုအသုံးပြုပြီး စီမံကိန်းအတွက် သီးသန့်ဖြစ်သော **ကျား/မရေးရာလုပ်ငန်းအစီအစဉ်**ဖော်ထုတ်ခြင်းဖြင့် စီမံကိန်းတွင် တိကျသော၊ တိုင်းတာ၍ရသော၊ ဦးတည်ချက်ရှိသောလုပ်ငန်းများနှင့်အညွှန်းကိန်းများပါဝင်သည့် ရှင်းလင်းသော လမ်းပြမြေပုံတစ်ခုထားရှိသင့်ပါသည်။ ယင်းတို့သည် ကျား/မရေးရာပတ်သက်ဆက်နွယ်မှုများနှင့် အမျိုးသမီးများ၏အခွင့်အရေးများအပေါ် သက်ရောက်နိုင်သည့် ကြိုတင်မှန်းဆထားသော (သို့မဟုတ်) မျှော်လင့်မထားသော်လည်းဖြစ်နိုင်ချေရှိသော အနုတ်သဘောဆောင်သည့် အကျိုးသက်ရောက်မှုများကို ဦးတည်ဖြေရှင်းနိုင်ရန် ရည်ရွယ်ထားသင့်ပါသည်။

ကျား/မရေးရာအကျိုးသက်ရောက်မှုဆန်းစစ်ချက်နှင့်ကျား/မရေးရာလုပ်ငန်းအစီအစဉ် (GAP) တို့သည် စီမံကိန်းတွင် ဆုံးဖြတ်ချက်ချမှတ်သူများအတွက် လမ်းညွှန်တစ်ခုဖြစ်ပါသည်။ ယင်းတို့တွင် စီမံကိန်းအကောင်အထည်ဖော်ရာတွင် လမ်းညွှန်မှုရရှိစေရန် စီမံကိန်းဖော်ဆောင်သူများ သို့မဟုတ် စီမံကိန်းလည်ပတ်သူများအသုံးပြုနိုင်သော ကျား/မရေးရာစီမံခန့်ခွဲရေးနည်းဗျူဟာများပါဝင်မည်ဖြစ်ပါသည်။ ယင်းတို့သည်စည်းကမ်းထိန်းသိမ်းရေးအဖွဲ့များထံ သတင်းပေးအစီရင်ခံရာတွင်လည်းအသုံးဝင်သောနည်းကိရိယာများဖြစ်လာနိုင်ပြီး လုပ်ငန်းရှင်များသည်လည်း မကြာခဏ လိုအပ်လာနိုင်ပါသည်။ ကျား/မရေးရာလုပ်ငန်းအစီအစဉ်တွင် ရသုံးမှန်းခြေလျာထားငွေ၊ အသုံးပြုမည့် အရင်းအမြစ်များဆိုင်ရာကတိကဝတ်များနှင့်အချိန်ကာလတို့ပါဝင်သင့်ပါသည်။ အချို့သောလုပ်ငန်းများတွင် ကျား/မရေးရာလုပ်ငန်း

အစီအစဉ်ကို အခြားစီမံကိန်းလုပ်ငန်းစဉ်များနှင့်ရလဒ်များကိုကိုယ်စားပြုနေသည့် အစီအစဉ်အဖြစ် ဖော်ထုတ်ရန် လိုအပ်မည်ဖြစ်ပါသည်။ ထိုအခါမျိုးတွင်ဒီဇိုင်းဖော်ထုတ်သည့်အဆင့်၌ပင် ကျား/မရေးရာကို မမေ့လျော့ခဲ့စေရန် သို့မဟုတ် ဦးစားပေးမှုလျော့ကျမသွားစေရန်ဂရုပြုရမည်ဖြစ်ပါသည်[14]။

ကုမ္ပဏီသည် လုပ်ငန်းအစီအစဉ်၏အစိတ်အပိုင်းတစ်ခုအနေဖြင့် ကျား/မရေးရာအန္တရာယ်နှင့်ပတ်သက်သော အသိအမြင်နှင့်လိုက်နာမှုဆိုင်ရာနည်းဗျူဟာ (Gender risk awareness and compliance strategy) တစ်ရပ်ကို ဖော်ထုတ်သင့်ပါသည်။ ယင်းမှာ စီမံကိန်းစက်ဝန်းတစ်လျှောက်အသုံးပြုနိုင်မည်ဖြစ်သောကြောင့် အကျိုးရှိသောရင်းနှီးမြှုပ်နှံမှုတစ်ရပ်ဖြစ်ပါသည်။ နည်းဗျူဟာကိုအနာဂတ်တွင်ဆုံးဖြတ်ချက်များချမှတ်ရာ၌ သတင်းအချက်အလက်များရရှိစေရန်အသုံးပြုနိုင်ပြီး စိစစ်ရန်စာရင်းများထည့်သွင်းထားခြင်းဖြင့် မတူညီသောစီးပွားရေးဌာနများရှိမန်နေဂျာများအနေဖြင့် ၎င်းတို့၏စီးပွားရေးလုပ်ငန်းစဉ်များတွင် ကျား/မရေးရာကိုပေါင်းစပ်ထည့်သွင်းနိုင်ရန်အခွင့်အရေးများနှင့် လိုအပ်ချက်များရှာဖွေဖော်ထုတ်ရာတွင် အထောက်အကူဖြစ်စေမည်ဖြစ်ပါသည်။ စိစစ်သည့်စာရင်းကို ပုံမှန်စောင့်ကြည့်လေ့လာခြင်း၊ ပြန်လည်သုံးသပ်ခြင်း၊ ရေရှည်တည်တံ့မှုဆန်းစစ်ခြင်း သို့မဟုတ် အဖွဲ့အစည်းမှလူမှုရေးအရတာဝန်ယူမှုရှိမရှိစစ်ဆေးသည့်လုပ်ငန်းစဉ်များတွင် အသုံးပြုနိုင်ပါသည်။ စိစစ်သည့်စာရင်းသည်ရလဒ်များကိုသာမကလုပ်ငန်းများကိုပါတိုင်းတာသောစာရင်းမျိုးဖြစ်ရန် ဂရုပြုရမည်ဖြစ်ပြီး ကျား/မရေးရာပတ်သက်ဆက်နွယ်မှုများ၊ အမျိုးသမီးများ၏အခွင့်အရေးများကို သီးသန့်ခွဲခြမ်းစိတ်ဖြာသုံးသပ်မှုများပြုလုပ်ပြီးနောက် ထားရှိသောကတိကဝတ်များနှင့် ပြန်လည်ချိန်ကိုက်စစ်ဆေးနိုင်ရပါမည်။

---

[14] ဥပမာ အာရှဖွံ့ဖြိုးရေးဘဏ်သည် GAP ကိုအခြားစီမံကိန်းစာတမ်းများတွင်ပေါင်းစပ်ထည့်သွင်းထားသောချဉ်းကပ်နည်းကိုအသုံးပြုပါသည်။ ယင်းတွင် "...ရှင်းလင်းသောဦးတည်ချက်များ၊ အချိုးအဆ၊ ကျား/မရေးရာဒီဇိုင်းပုံစံများနှင့် အမျိုးသမီးများပါဝင်ခြင်းနှင့် အမျိုးသမီးများအတွက်အကျိုးကျေးဇူးများကိုသေချာစေမည့် အရေးအတွက်အားဖြင့်ကောက်ခံနိုင်သော စွမ်းဆောင်ရည်အညွှန်းကိန်းများပါဝင်ပါသည်။ လုပ်ငန်းလုပ်ဆောင်သောအဖွဲ့များနှင့်အခြားသောစီမံကိန်းမိတ်ဖက်များထံမှ သဘောတူညီမှုရယူနိုင်ရန် စီမံကိန်းအာမခံချက်များတွင် GAP ၏အဓိကရှုထောင့်များပေါင်းစပ်ထည့်သွင်းထားပါသည်။" (ADB ၂၀၁၃)

**ထိရောက်သော ကျား/မရေးရာလုပ်ငန်းအစီအစဉ်နှင့်နည်းဗျူဟာဖြစ်စေရန် မည်သည့်အရာများက လုပ်ဆောင်ပေးပါသနည်း။ စိစစ်ရန်စာရင်း**

**အရည်အသွေးပြည့်ဝသောလူမှုရေးနှင့်ကျား/မရေးရာခွဲခြမ်းစိတ်ဖြာသုံးသပ်မှု**

- ကျား/မရေးရာအကျိုးသက်ရောက်မှုဆန်းစစ်ချက်အပါအဝင်လူမှုရေးနှင့်လူ့အခွင့်အရေးအကျိုးသက်ရောက်မှုဆန်းစစ်ချက်များကိုလုပ်ဆောင်သင့်ပါသည်။
- အမျိုးသမီးများနှင့်အမျိုးသားများပါဝင်နိုင်ခြင်းအတွက် အဟန့်အတားဖြစ်စေသောအရာများကို ဖော်ထုတ်ထားပါသည်။
- အမျိုးသမီးများနှင့်အမျိုးသားများအတွက် ဖြစ်နိုင်ချေရှိသောကာလတို၊ ကာလရှည်အကျိုးကျေးဇူးများကို ဖော်ထုတ်ထားပါသည်။
- စီမံကိန်းလုပ်ငန်းများကို အမျိုးသမီးများပါဝင်နိုင်သောလုပ်ငန်းမျိုးဖြစ်စေရန်ဖော်ထုတ်ထားပြီး အမျိုးသားများနှင့်အမျိုးသမီးများအတွက်အကျိုးကျေးဇူးများကို နားလည်သဘောပေါက်စေရန်လုပ်ဆောင်ပေးထားပါသည်။

**ကျား/မရေးရာလုပ်ငန်းအစီအစဉ်များ (GAPs) နှင့်အကောင်အထည်ဖော်ရန်အစီအစဉ်များဒီဇိုင်းရေးဆွဲခြင်း**

- ကျား/မရေးရာလုပ်ငန်းအစီအစဉ်များနှင့်နည်းဗျူဟာများသည် စီမံကိန်းဝန်ထမ်းများကိုမျှော်မှန်းချက်များ၊ အခွင့်အလမ်းများ၊ အနည်းဆုံးရှိရမည့်စံနှုန်းများနှင့်ပတ်သက်သောရှင်းလင်းသည့်လမ်းညွှန်ချက်များပေးပါသည်။
- GAP ကိုလူတိုင်းလက်လှမ်းမီသင့်ပါသည်။ ယင်းကိုစီမံကိန်းစီမံခန့်ခွဲရေးအစီအစဉ်များတွင်ပေါင်းစပ်ထည့်သွင်းထားသင့်ပြီး ပုံမှန်စောင့်ကြည့်လေ့လာနေသင့်ပါသည်။
- GAP အကောင်အထည်ဖော်ရေးအစီအစဉ်များမှာ စီမံကိန်းလုပ်ငန်းနှင့်ပတ်သက်သောကတိကဝတ်များနှင့် ဦးတည်ချက်များကို အသေးစိတ်ဖော်ပြပေးပါသည်။ ယင်းတို့ကို ရသုံးမှန်းချေများအတွင်း၌လည်း ထည့်သွင်းရေးဆွဲထားပြီး စီမံကိန်းဆိုင်ရာစီးပွားရေးလုပ်ငန်းစင်တာများ၊ ဌာနများနှင့်အကောင်အထည်ဖော်သော အဖွဲ့များအကြားရှိ တာဝန်ဝတ္တရားများကိုလည်းဖော်ထုတ်ပေးထားပါသည်။
- စီမံကိန်းလုပ်ငန်းများကို အမျိုးသားများနှင့်အမျိုးသမီးများ၏တက်ကြွသောပါဝင်မှုတို့ဖြင့်ဒီဇိုင်းရေးဆွဲထားပြီး အမျိုးသားများ၊ အမျိုးသမီးများနှင့်လူထုတို့၏ အစီအစဉ်များ၊ ဦးစားပေးမှုများကိုထည့်သွင်းစဉ်းစားထားပါသည်။
- GAP ကို စောင့်ကြည့်လေ့လာခြင်းနှင့်ပြန်လည်ဆန်းစစ်ခြင်းတို့တွင် လုပ်ငန်းများသာမက ရလဒ်များကိုပါ ဆန်းစစ်သင့်ပါသည်။

**ယုတ္တိရှိသောဦးတည်ချက်များနှင့် ပုံမှန်စောင့်ကြည့်လေ့လာခြင်း**

- အမျိုးသားများနှင့်အမျိုးသမီးများ သာတူညီမျှအကျိုးကျေးဇူးများရရှိစေမည့်အခွင့်အလမ်းများကို ဖော်ထုတ်သင့်ပါသည်။ ယင်းတို့ကိုလက်ရှိဖွံ့စည်းတည်ဆောက်ပုံများနှင့်လုပ်ငန်းစဉ်များအတွင်းတွင် ရှေးဦးစွာဖော်ထုတ်သင့်ပြီး ရေရှည်ပြောင်းလဲမှုများဖြစ်ပေါ်စေရန် အခွင့်အလမ်းများလည်းရှာဖွေသင့်ပါသည်။
- အမျိုးသားများ၊ အမျိုးသမီးများနှင့် လူထုအတွင်းရှိအချို့သောအဖွဲ့ခွဲများအတွက် သီးသန့်ဦးတည်ချက်များ အပါအဝင် လူထုမှနားလည်နိုင်သော၊ လူထုမှထုတ်ဖော်ပြောဆိုထားသော ဦးတည်ချက်များကိုရှာဖွေသင့်ပါသည်။
- ကျား/မရေးရာနှင့်ဆက်စပ်နေသောဦးတည်ချက်များနှင့်လုပ်ငန်းများကို ပုံမှန်စောင့်ကြည့်လေ့လာမှုပြုလုပ်သင့်ပါသည်။

စီမံကိန်းအဖွဲ့နှင့် အစိုးရ၊ ပုဂ္ဂလိကစာချုပ်ချုပ်ဆိုသူများနှင့် NGO များရှိ စီမံကိန်းအကောင်အထည်ဖော်သောအဖွဲ့များအတွင်း ကျား/မရေးရာစွမ်းဆောင်ရည်တည်ဆောက်ခြင်းနှင့် ကျား/မရေးရာအထူးကျွမ်းကျင်မှုများ

- အသင်းအဖွဲ့မူဝါဒများ (ရှိပါက)နှင့်ပတ်သက်၍ တရားဝင်သင်တန်းများပေးပြီး ကျား/မရေးရာအသိပညာနှင့် ပတ်သက်၍ပို၍ယေဘုယျဆန်သောသင်တန်းများပေးသင့်ပါသည်။ သင်တန်းတွင် ကျား/မရေးရာအကျိုးသက်ရောက်မှုဆန်းစစ်ချက်နှင့်တွေ့ရှိချက်များ၊ ယင်းတို့ကိုစီးပွားရေးစက်ဝန်းနှင့်စီမံကိန်းစီမံခန့်ခွဲရေးတို့တွင် မည်ကဲ့သို့ အသုံးပြုမည်ဆိုသည့်အချက်များကိုထည့်သွင်းသင့်ပါသည်။

- စီမံကိန်းဝန်ထမ်းများ၊ အစိုးရဖက်မှအရာရှိများ၊ ပုဂ္ဂလိကစာချုပ်ချုပ်ဆိုထားသူများနှင့် NGO မှအကောင်အထည်ဖော်သူများအတွက် ပံ့ပိုးမှုများနှင့်နည်းပေးလမ်းပြမှုများစဉ်ဆက်မပြတ်ပြုလုပ်ပေးသင့်ပါသည်။
- စီမံကိန်းအဖွဲ့အတွင်းတွင် ကျား/မရေးရာအထူးကျွမ်းကျင်သူများရှိနေစေရန် ဂရုပြုသင့်ပြီး အဆိုပါဝန်ထမ်းများသည်အခြားသောစီမံခန့်ခွဲရေးကဏ္ဍများ၌လည်း ကျား/မရေးရာလုပ်ငန်းအစီအစဉ်ကိုလုပ်ဆောင်ခွင့်ရှိရပါမည်။
- စီမံကိန်းဝန်ထမ်းများအား အလုပ်ခန့်အပ်သည့်အစီအစဉ်အတွင်း၌ ကျား/မရေးရာနှင့်ပတ်သက်၍ ကောင်းစွာစွမ်းဆောင်နိုင်သူများအတွက် ဆုလာဘ်များတပါတည်းထည့်သွင်းစီစဉ်ထားရပါမည်။

Hunt, Thomas နှင့် Lateef၊ ၂၀၀၇၊ စာ ၅၁ မှထုတ်နုတ်မှီငြမ်းထားသည်။

စာ ၁/၁

ဤသည်မှာနမူနာစာရင်းတစ်ခုသာဖြစ်ပါသည်။ ဇယားပုံစံကို www.oxfam.org.au/giamanual တွင် ရယူနိုင်ပါသည်။

## အဆင့် (၆) ပြန်လည်ဆန်းစစ်ခြင်း၊ စာရင်းစစ်ခြင်းနှင့်တုံ့ပြန်ခြင်း

ဤအခန်းတွင် စောင့်ကြည့်လေ့လာခြင်းနှင့်အစီရင်ခံတင်ပြခြင်းတို့၏အရေးကြီးပုံကို အလေးပေးဖော်ပြထားပါသည်။ ကြိုတင်ပြင်ဆင်ထားသော၊ မျှော်မှန်းထားသောရလဒ်များကို မျှော်မှန်းထားသည့်အတိုင်းရရှိနေခြင်းရှိမရှိ သေချာစေရန် အများပူးပေါင်း ပါဝင်သောလုပ်ငန်းစဉ်များ၏အရေးကြီးပုံကိုအလေးပေးဖော်ပြထားပြီး မည်သည့်နေရာတွင် မျှော်မှန်းချက်များနှင့်ကွဲလွဲသွားသည်ဆိုသည်ကိုသိရှိကာ စီမံကိန်းကိုသဘောတူညီထားသော သို့မဟုတ် ပြန်လည်ညှိနှိုင်းထားသောရလဒ်များနှင့်အညီအလိုက်သင့်ကိုက်ညှိပြုပြင်မှုများ၊ ရင်းနှီးမြှုပ်နှံမှုများလုပ်ဆောင်ရန် အခွင့်အလမ်းများပေးထားသည်။ ထို့ပြင် မမျှော်လင့်ထားသောကျား/မရေးရာအကျိုးသက်ရောက်မှုများကို စောင့်ကြည့်လေ့လာပေးသည်။ ထိုသို့ အများပူးပေါင်းပါဝင်သောနည်းလမ်းများ၊ ပွင့်လင်းမြင်သာမှုရှိသောနည်းလမ်းများနှင့်လုပ်ဆောင်ခြင်းအားဖြင့် စီမံကိန်းဖော်ဆောင်သူများသည် စီမံကိန်းအကျိုးသက်ရောက်မှုရှိနေသောနေရာတစ်လျှောက်ရှိ အမျိုးသားများနှင့် အမျိုးသမီးများအတွက် အပေါင်းလက္ခဏာဆောင်သောရလဒ်များကို အမြင့်မားဆုံးရယူထိန်းသိမ်းပေးထားနိုင်မည့် အခွင့်အလမ်းများပိုမိုများပြားပါသည်။

### ကျား/မရေးရာစာရင်းစစ်ခြင်း (Gender Audit) အားဖြင့်စီမံကိန်းကိုဆန်းစစ်ခြင်း

ကျား/မရေးရာ အကျိုးသက်ရောက်မှုဆန်းစစ်ချက်များလုပ်ဆောင်ပြီး၍ ကျား/မရေးရာလုပ်ငန်းအစီအစဉ် တစ်ခုကိုလည်း ထိခိုက်ခံစားနေရသောအမျိုးသားများ၊ အမျိုးသမီးများနှင့် လူထုအတွင်းရှိအဖွဲ့များနှင့်သဘောတူညီမှု ရယူပြီးသွားသောအခါ လက်တွေ့ရရှိလာသောအကျိုးသက်ရောက်မှုများ၊ ရလဒ်များကိုစောင့်ကြည့်လေ့လာရန်၊ ပြန်လည်ဆန်းစစ်ရန်လိုအပ်ပါသည်။

အစီအစဉ်များနှင့်နည်းဗျူဟာများကို ဆန်းစစ်နိုင်ရန်အတွက် အဖိုးတန်သောနည်းကိရိယာတစ်ခုမှာ ကျား/မရေးရာစာရင်းစစ်ခြင်းပင်ဖြစ်ပါသည်။ ယင်းကို စစ်ဆေးမှုတစ်ခုတည်းသီးသန့်သော်လည်းကောင်း၊ အခြားလုပ်ငန်းစဉ်များနှင့်ချိတ်ဆက်၍သော်လည်းကောင်း ပုံစံနှစ်မျိုးဖြင့်လုပ်ဆောင်နိုင်ပါသည်။

**၁။ ကျား/မရေးရာအထူးကျွမ်းကျင်သူများမှလုပ်ဆောင်သော မှီခိုမှုကင်းသည့်စာရင်းစစ်ခြင်း** - ဤလုပ်ငန်းစဉ်ကို နှစ်ပတ်လည်အစီရင်ခံစာပေးပို့ချိန် သို့မဟုတ် စီမံကိန်းမှတ်တိုင်များအား အစီရင်ခံစာပေးပို့သည့်အချိန်တို့တွင် လုပ်ဆောင်နိုင်ပါသည်။ နောက်ထပ်နည်းလမ်းတစ်ခုမှာ စီမံကိန်းမှတ်တိုင်ဆိုင်ရာဆုံးဖြတ်ချက်များချမှတ်သည့်အချိန်မရောက်မီ မိမိတို့၏ကြိုးစားမှုများကိုစစ်ဆေးသည့်လုပ်ငန်းစဉ်၏တစ်စိတ်တစ်ပိုင်းအဖြစ် အစပြုလုပ်ဆောင်နိုင်ပါသည်။

ထိုသို့ပြုလုပ်ခြင်းအားဖြင့်ကျား/မရေးရာအခွင့်အလမ်းများအားဆန်းစစ်ပြီးကြောင်း၊ ဘေးအန္တရာယ်များကိုအနည်းဆုံး ဖြစ်အောင်လုပ်ဆောင်ရန်၊ လျှော့ချရန်၊ ပြန်လည်အစားထိုးလုပ်ဆောင်နိုင်ရန်သင့်လျော်သော နည်းဗျူဟာများနှင့် အရင်းအမြစ်များရှိကြောင်း စီမံကိန်းမန်နေဂျာများနှင့် စီမံကိန်းဆိုင်ရာလုပ်ငန်းရှင်များကို ယုံကြည်မှုရရှိစေပါသည်။

၂။ **အများပူးပေါင်းပါဝင်သောနည်းလမ်းဖြင့်လုပ်ဆောင်သော ကျား/မရေးရာစာရင်းစစ်ခြင်း-** ကို ထိခိုက်ခံစားနေရသောအမျိုးသမီးများကိုယ်တိုင် ဦးဆောင်ထိန်းချုပ်သည်။ လုပ်ငန်းစဉ်ကို ကုမ္ပဏီမှဦးဆောင်ပံ့ပိုးသင့်သော်လည်း ထိန်းချုပ်မှု၊ ဖိအားပေးမှုကင်းကင်းဖြင့်မှီခိုမှုကင်းစွာလုပ်ဆောင်ရန်လိုအပ်သည်။ မှီခိုမှုကင်းသောစစ်ဆေးမှု၏ အရေးကြီးသည့်အစိတ်အပိုင်းတစ်ခုအနေဖြင့်လုပ်ဆောင်မည်ဆိုပါကလည်း အသုံးဝင်သောနည်းဗျူဟာတစ်ရပ်ဖြစ်ပါသည်။ သို့သော် လူထုအတွင်းရှိအမျိုးသမီးများကိုနည်းကိရိယာများပေးပြီး ကိုယ်ပိုင်စစ်ဆေးမှုများပြုလုပ်တတ်စေရန် သင်တန်းများပေးကာ သီးသန့်လုပ်ငန်းစဉ်တစ်ခုအနေဖြင့်လည်းလုပ်ဆောင်သွားနိုင်ပါသည်။ ဤလုပ်ငန်းစဉ်ကို လူထု/ကုမ္ပဏီဆက်ဆံရေးအတွက် အဓိကမဏ္ဍိုင်တစ်ခုအနေဖြင့်လုပ်ဆောင်သင့်ပြီး ပြဿနာများရှာဖွေဖော်ထုတ်ခြင်း၊ ပြဿနာနှင့်ပတ်သက်သောဆွေးနွေးမှုများပြုလုပ်ခြင်းတို့တွင် အထောက်အကူဖြစ်စေနိုင်ပါသည်။

စစ်ဆေးမှုပြုလုပ်ရာတွင် ရည်ရွယ်ချက်များစွာရှိပါသည် -

- လက်တွေ့အကျိုးသက်ရောက်မှုများကိုဆန်းစစ်ခြင်း၊
- အကျိုးသက်ရောက်မှုများနှင့်ရလဒ်များနှင့်ပတ်သက်၍ ကြိုတင်မှန်းဆထားချက်များ၏ တိကျမှုကိုတိုင်းတာခြင်း၊
- ထိခိုက်ခံစားနေရသောအမျိုးသားများနှင့်အမျိုးသမီးများထံမှ အသံများကြားသိနိုင်ရန်နှင့် ၎င်းတို့၏မတူညီသော ရှုထောင့်များမှမတူညီသောအတွေ့အကြုံများကို နားလည်သဘောပေါက်စေရန် စနစ်တကျဖွဲ့စည်းတည်ဆောက်ထားသောလုပ်ငန်းစဉ်တစ်ခုဖြစ်ခြင်း၊
- အန္တရာယ်လျှော့ချသည့်နည်းလမ်းများ၏ထိရောက်မှုကိုတိုင်းတာခြင်းနှင့် နစ်နာကြေးများ၏ လုံလောက်မှုရှိမရှိကိုဆန်းစစ်ခြင်း၊ ဤအချက်များမှာ လူထုအားပြန်လည်နေရာချထားပေးရသောစီမံကိန်းမျိုးနှင့် အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ မြှင့်တင်ပေးသောအစီအစဉ်များတွင် အထူးအရေးကြီးပါသည်။
- အကျိုးအမြတ်မျှဝေသည့်လုပ်ငန်းများ၊ အထူးသဖြင့်အမျိုးသမီးများအတွက်တန်းတူညီမျှဖြစ်ရေးနှင့်စွမ်းဆောင်ရည်မြှင့်တင်ရေးတို့နှင့်ပတ်သက်၍ ထိရောက်မှု၊ အကျိုးဖြစ်ထွန်းမှုတို့ကိုဆန်းစစ်ခြင်း၊
- အကျိုးအမြတ်ခွဲဝေသည့်လုပ်ငန်းများနှင့် မကျေနပ်ချက်များကိုဖြေရှင်းပေးသည့်လုပ်ငန်းစဉ်များသည်အမျိုးသားများနှင့် အမျိုးသမီးများအတွက် မည်ကဲ့သို့လုပ်ဆောင်ပေးလျက်ရှိနေကြောင်းဖော်ထုတ်ခြင်း။

## မည်သည့်အချိန်တွင်စာရင်းစစ်မှုများလုပ်ဆောင်သင့်ပါသနည်း။

ရေအားလျှပ်စစ်စီမံကိန်းများသည် ကနဦးစတင်သည့်အချိန်မှ နောက်ဆုံးလုပ်ငန်းစတင်လည်ပတ်နိုင်သည့်အချိန်အထိ အချိန်ကာလအတော်အတန်ကြာမြင့်တတ်သည်ကိုတွေ့ရပါသည်။ အကောင်အထည်ဖော်နိုင်ရန်တည်ဆောက်ရသည့်အချိန်မှာ နှစ်ပေါင်းများစွာကြာမြင့်တတ်သော်လည်း အကျိုးသက်ရောက်မှုများကို လုပ်ငန်းများ၏အစောဆုံးအဆင့်၌ပင် စတင်သိရှိခံစားနိုင်ပါသည်။ သို့ရာတွင် ရလဒ်များနှင့်အကျိုးသက်ရောက်မှုများမှာချက်ချင်းပေါ်ထွက်မလာတတ်ဘဲ၊ အကျိုးဖြစ်ထွန်းမှုများကိုတိတိကျကျဆန်းစစ်နိုင်ရန် ပုံမှန်စောင့်ကြည့်လေ့လာမှုများပြုလုပ်သွားရန်လိုအပ်ပါသည်။ ဤအခြေအနေမျိုးတွင် ကျား/မရေးရာအကျိုးသက်ရောက်မှုများနှင့်ရလဒ်များကို စီမံကိန်းစက်ဝန်းတစ်လျှောက်နှင့် လုပ်ငန်းစတင်သည့်နေ့ရက်ကျော်လွန်သွားသည့်တိုင် စောင့်ကြည့်လေ့လာမှုများ ဆက်လက်ပြုလုပ်သင့်ပါသည်[15]။

[15] IFI ချေးငွေအောက်ရှိမူဝါဒဆိုင်ရာလိုအပ်ချက်များတွင် စာရင်းစစ်ခြင်းသည်စီမံကိန်းပိတ်သိမ်းသွားသည့်နေ့ကျော်လွန်သွားသည့်တိုင် သို့မဟုတ် ချေးငွေများကိုအပြည့်အဝပြန်လည်ဆပ်ပြီးသွားသည့်တိုင် အသုံးပြုနိုင်သောအသုံးဝင်သည့်စစ်ဆေးနည်းတစ်နည်းဖြစ်ပါသည်။

အောက်ပါအခြေအနေများတွင် ကျား/မရေးရာအကျိုးသက်ရောက်မှုများအတွက် အဓိကထိခိုက်လွယ်သော အချက်များပါဝင်ပါသည် -

- မြေယာများအသိမ်းခံရပြီး ဘေးအန္တရာယ်လျှော့ချရေးနှင့်နစ်နာကြေးများညှိနှိုင်းဆွေးနွေးပြီးသောအခါ၊
- ပြန်လည်နေရာချထားရေးလုပ်ငန်းများလုပ်ဆောင်ရသောအခါ၊
- ကန်ထရိုက်တာများနှင့်ဆောက်လုပ်ရေးဝန်ထမ်းများမှာ လုပ်ငန်းခွင်နှင့်ဒေသတွင်းတွင်အခြေချနေထိုင်ကြသောအခါ၊

ကျား/မရေးရာလုပ်ငန်းအစီအစဉ်ကို လူထုနှင့်ညှိနှိုင်းသဘောတူပြီးသွားသောအခါ အထက်ဖော်ပြပါအခြေအနေများအပေါ် လုံလောက်သော အလေးပေးမှုများလုပ်ဆောင်ထားခြင်းရှိမရှိ ထည့်သွင်းစဉ်းစားရန်အရေးကြီးပါသည်။

ဒေသတွင်းလူထုသည် ဆည်စီမံကိန်းများကြောင့် နေရပ်မှရွှေ့ပြောင်းပေးရသောအခါ အသက်မွေးဝမ်းကျောင်းလုပ်ငန်းများတိုးမြှင့်ခြင်း သို့မဟုတ် အသက်မွေးဝမ်းကျောင်းလုပ်ငန်းများပြန်လည်ရရှိစေခြင်း စသောစီမံချက်များသည် အကျိုးသက်ရောက်မှုများကိုလျှော့ချပေးနိုင်သည့် အသုံးအများဆုံးသော စီမံကိန်းလုပ်ငန်းအချို့ဖြစ်ပါသည်။ ယင်းတို့မှာ မည်သည့်စောင့်ကြည့်လေ့လာခြင်းနှင့် စာရင်းစစ်ခြင်းလုပ်ငန်းအတွင်း၌မဆို အထူးအလေးပေးသင့်သောအရာများဖြစ်ပါသည်။ အများပူးပေါင်းပါဝင်သော သို့မဟုတ် လူထုမှထိန်းချုပ်စီမံသောစာရင်းစစ်ခြင်းတို့မှာ စီမံကိန်းများကို ကျား/မရေးရာလုပ်ငန်းအစီအစဉ်တွင် ထည့်သွင်းသဘောတူညီထားသည့်ရလဒ်များနှင့် မည်ကဲ့သို့တိုက်ဆိုင်စစ်ဆေးသည်ဆိုသည်ကိုနားလည်သဘောပေါက်စေမည့် အဓိကနည်းကိရိယာများပင်ဖြစ်ပါသည်။

စာရင်းစစ်ခြင်းကို စီမံကိန်းဖော်ဆောင်သောအဆင့်များစွာ၌ အကျိုးရှိရှိလုပ်ဆောင်နိုင်ပါသည်။ ကျား/မရေးရာ စာရင်းစစ်ခြင်းဖြင့် အမျိုးသားများနှင့်အမျိုးသမီးများကြားရှိ အမှန်တရားများကိုတစ်ဖက်ဖက်သို့လွဲချော်ဘက်လိုက် ဖော်ပြထားသော အပေါ်ယံအချက်အလက်များ သို့မဟုတ် ကြိုတင်မှန်းဆထားသည့်အချက်အလက်များအပေါ်တွင် မှီခိုနေမည့်အစား စီမံကိန်းဖော်ဆောင်သူများအနေဖြင့် အမျိုးသားများ၊ အမျိုးသမီးများနှင့်ပတ်သက်၍ သဘောပေါက်နားလည်ထားသောရလဒ်များကိုစိစစ်ရန် အခွင့်အလမ်းတစ်ခုရရှိစေမည်ဖြစ်ပါသည်။ စာရင်းစစ်ခြင်းကို ထပ်ခါထပ်ခါလုပ်ဆောင်ခြင်းအားဖြင့် စီမံကိန်းမန်နေဂျာများသည်စီမံကိန်း၏တိုးတက်မှုနှင့်ပြောင်းလဲမှုများကို သိရှိနိုင်မည်ဖြစ်ပြီး ရေရှည်တည်တံ့သောရလဒ်များအတွက် စနစ်ပိုင်းဆိုင်ရာကွာဟချက်များနှင့် အခွင့်အလမ်းများကိုဖော်ထုတ်နိုင်မည် ဖြစ်သည်။

### စွမ်းဆောင်ရည်တိုးတက်စေရန် စာရင်းစစ်ခြင်းကိုအသုံးပြုခြင်း

စာရင်းစစ်ရာတွင် အမျိုးသားများနှင့်အမျိုးသမီးများ၏ စီမံကိန်းမတိုင်မီအခြေအနေများကို အနီးကပ်ဆန်းစစ်ရန်နှင့် လူထုအတွင်းရှိ မတူညီသောလူစုများ၊ အုပ်စုခွဲများ၏ ကျား/မရေးရာ ပြောင်းလဲမှုများကို စစ်ဆေးရန်လိုအပ်မည်ဖြစ်ပါသည်။ မဲခေါင်ရေအားလျှပ်စစ်နှင့် အမျိုးသားများနှင့်အမျိုးသမီးများအပေါ် အကျိုးသက်ရောက်မှုများဖြစ်ပေါ်စေသောအခြေအနေအတွင်းတွင် အောက်ပါအချက်များမှာကျား/မရေးရာစာရင်းစစ်ခြင်းတွင် ထည့်သွင်းစဉ်းစားသင့်သောအရေးကြီးသည့်အညွှန်းကိန်းအချို့ဖြစ်ပါသည် -

ပြောင်းရွှေ့လာသောသူများကိုလက်ခံထားမည့်အိမ်ရှင်ဒေသများ၊ အထူးသဖြင့် ရွာသစ်များသို့ပြောင်းရွှေ့နေရာချထားခံရသောအခါအသစ် "တည်ဆောက်ယူလိုက်သော" လူထုအတွင်း၌လည်းအဆိုပါအချက်များကိုဆန်းစစ်သင့်ပါသည်။

- မြစ်ကမ်းပါး၊ စိုက်ပျိုးမြေနှင့်သစ်တောမြေများနှင့်တိရစ္ဆာန်အရင်းအမြစ်များကို လက်လှမ်းမှီခြင်းနှင့်ထိန်းချုပ်စီမံနိုင်ခြင်း၊
- ရေ၊ မြစ်အတွင်းရှိအရင်းအမြစ်များနှင့်ရေနေသက်ရှိသတ္တဝါများကို လက်လှမ်းမှီခြင်း၊ မြစ်အတွင်းရှိမျိုးစိတ်များနှင့် ရေအရင်းအမြစ်များ၏ ကျန်းမာရေးနှင့် ပမာဏ၊

- ရေအရည်အသွေး၊
- ရေနှင့်ပတ်သက်၍ ကြိုတင်ခန့်မှန်းထားသော လက်လှမ်းမှီခြင်းနှင့်အသုံးပြုခြင်း၊
- ဝန်ဆောင်မှုအသစ်များကိုလက်လှမ်းမှီခြင်း - လျှပ်စစ်မီး၊ ဈေး၊ ကျန်းမာရေးဝန်ဆောင်မှုများ၊ ရေ၊ ပညာရေး (ကျောင်းနှင့်သင်တန်းများ) - အထူးသဖြင့် ၎င်းတို့ကို အမျိုးသမီးများ၏လက်တွေ့လိုအပ်ချက်များနှင့်နှိုင်းယှဉ်၍ အမျိုးသမီးများ၏နည်းဗျူဟာမြောက်စိတ်ဝင်စားမှုများတွင် မည်ကဲ့သို့လက်လှမ်းမှီအသုံးပြုနေကြောင်း ဆန်းစစ်ပါ။
- အခြေခံအဆောက်အဦတည်ဆောက်ခြင်း - ယင်းကိုမည်ကဲ့သို့အသုံးပြုသနည်း၊ မည်သူတို့သည် မည်သည့် ရည်ရွယ်ချက်များအတွက်အသုံးပြုသနည်း၊ ထိုသို့အသုံးပြုရန်မည်သူကထိန်းချုပ်ထားသနည်း။
- အလုပ်အကိုင်အခွင့်အလမ်းများနှင့်လုပ်ငန်းခွင်အခြေအနေများ - အချိန်ကာလတစ်လျှောက်လုံး၊ လက်ရှိနှင့် အနာဂတ်အတွက်မျှော်မှန်းချက်များ၊
- ကျန်းမာရေးဆိုင်ရာပါဝင်မှုများ - မိခင်နှင့်ကလေးကျန်းမာရေး၊ STD ဖြစ်ပွားနှုန်းစသည်တို့ကိုစီမံကိန်းမတိုင်မီ အခြေအနေများနှင့်နှိုင်းယှဉ်၍၊
- လူထုရွှေ့ပြောင်းသွားလာမှုများ - ရာသီအလိုက်နှင့်တစ်နှစ်ပတ်လုံး၊
- ကျား/မ အခြေပြုအကြမ်းဖက်မှုများ၊
- ပြည်သူ့ကျန်းမာရေးနှင့်လူထု၏ကျန်းမာသုခ - ယင်းတို့အပေါ်စီမံကိန်းမှမည်ကဲ့သို့သက်ရောက်မှုရှိစေသနည်း။
- ညစ်ညမ်းမှုနှင့်အနှောင့်အယှက်များ - လေထု၊ ရေထု၊ အသံ၊ စိုက်ပျိုးရေးဆိုင်ရာနှင့်သစ်သီးဝလံပန်းမန်စိုက်ပျိုးရေး ဆိုင်ရာမြေများ၊

## နိဂုံး

ရေအားလျှပ်စစ်ကုမ္ပဏီများအနေဖြင့် ကျား/မရေးရာအကျိုးသက်ရောက်မှုဆန်းစစ်ချက်များကို ၎င်းတို့၏စီးပွားရေး စက်ဝန်းများအတွင်းအသုံးပြုနိုင်ရန် သိသာထင်ရှားသောအခွင့်အလမ်းများ ပေါ်ထွက်လျက်ရှိပါသည်။ ဤလက်စွဲတွင် ကျား/မရေးရာ အကျိုးသက်ရောက်မှုဆန်းစစ်ချက်အား ကုမ္ပဏီများ၏ စံအလေ့အကျင့်တစ်ခုအဖြစ်ကျင့်သုံးတတ်စေရန်ကူညီထောက်ပံ့ပေးနိုင်မည့်ရိုးရှင်းသောနည်းကိရိယာအချို့ကိုဖော်ပြပေးထားပါသည်။ ဆန်းစစ်မှုကို လူမှုရေးနှင့်လူ့အခွင့်အရေးသက်ရောက်မှုဆန်းစစ်ချက်နှင့် တာဝန်အရကြီးပမ်းလုပ်ဆောင်သင့်သောလုပ်ငန်းစဉ်များ၏ တစ်စိတ်တစ်ပိုင်းအဖြစ် အတတ်နိုင်ဆုံးလက်တွေ့ကျကျလုပ်ဆောင်သွားသင့်ကြောင်းအကြံပြုလိုပါသည်။

ထိုသို့လုပ်ဆောင်ခြင်းအားဖြင့် ကုမ္ပဏီများသည် အမျိုးသမီးများ၏ထင်မြင်ချက်များ၊ လိုအပ်ချက်များနှင့်စိတ်ဝင်စားမှုများနှင့်ပတ်သက်သောအသံများပိုမိုကြားသိနိုင်စေရန် ကူညီပေးနိုင်မည်ဖြစ်သည်။

စီမံခန့်ခွဲရေးဆိုင်ရာချဉ်းကပ်နည်းများနှင့် အရင်းအမြစ်ဆိုင်ရာဆုံးဖြတ်ချက်များအတွက် လိုအပ်သောအချက်အလက်များရရှိစေရန် ကျား/မရေးရာအကျိုးသက်ရောက်မှုဆန်းစစ်ချက်များကိုအသုံးပြုခြင်းဖြင့် ကုမ္ပဏီများသည် ၎င်းတို့၏စီမံကိန်းများကို အမျိုးသမီးများ၏လိုအပ်ချက်များနှင့်စိတ်ဝင်စားမှုများအား ပို၍အလေးပေးသောစီမံကိန်းများအဖြစ် သတ်မှတ်နိုင်မည်ဖြစ်ပါသည်။ ရလဒ်အားဖြင့် စီမံကိန်းကြောင့်ဖြစ်ပေါ်လာမည့်ဘေးအန္တရာယ်များကိုသိသိသာသာလျှော့ချနိုင်မည်ဖြစ်ပြီး စီမံကိန်းကြောင့်ထိခိုက်ခံစားရမည့်သူများအတွက် ပို၍ရေရှည်တည်တံ့သောရလဒ်များဖော်ထုတ်ပေးနိုင်မည်ဖြစ်သည်။ ကုမ္ပဏီများအနေဖြင့် အမျိုးသမီးများ၏အခွင့်အရေးများ၊ ကျား/မရေးရာနှင့် အမျိုးသမီးစွမ်းဆောင်ရည်မြှင့်တင်ခြင်းအပေါ်ထားရှိသော ၎င်းတို့၏ကတိကဝတ်များကိုပြသနိုင်ရန် ကျား/မရေးရာ အကျိုးသက်ရောက်မှုဆန်းစစ်ချက်ကိုအသုံးပြုနိုင်ပါသည်။ ဤသို့အားဖြင့် ရေရှည်တည်တံ့သော စီးပွားရေးအလေ့အကျင့်များနှင့် အဖွဲ့အစည်းဆိုင်ရာတာဝန်ယူမှုများကို ဖော်ဆောင်နိုင်မည်ဖြစ်ပါသည်။

ရေအားလျှပ်စစ်ကုမ္ပဏီများအနေဖြင့် ကျား/မရေးရာအကျိုးသက်ရောက်မှုများကို ရှောင်ရှားရန်နှင့် လျှော့ချနိုင်ရန် ကျား/မရေးရာအကျိုးသက်ရောက်မှုဆန်းစစ်ချက်သည် အောက်ပါအချက်များနှင့်ကိုက်ညီသင့်ကြောင်း အကြံပြုလို ပါသည်။

- ကျား/မအမျိုးအစား ခွဲခြားထားသောအချက်အလက်များအပါဝင် စီမံကိန်းမတိုင်မီကရှိခဲ့သော မြစ်ကြောင်းစနစ်နှင့် ဒေသခံများအကြောင်းနှင့်ပတ်သက်၍ ဂဃနဏနားလည်သဘောပေါက်မှုများအပေါ် အခြေခံထားသည်။
- စီမံကိန်းကြောင့်ထိခိုက်ခံစားနေရသောလူထုအတွင်းရှိအမျိုးသမီးများနှင့်အမျိုးသားများ၏ ကျား/မရေးရာ လိုအပ်ချက်များနှင့်စိတ်ဝင်စားမှုများကို နားလည်သဘောပေါက်သည်။
- ထိခိုက်ခံစားရမည့်လူထုအတွင်း စီမံကိန်းမှဖြစ်ပေါ်စေမည့် ကျား/မရေးရာအကျိုးသက်ရောက်မှုများနှင့် ယင်းတို့ ကိုမည်ကဲ့သို့ရှောင်ရှားနိုင်မည်၊ လျှော့ချနိုင်မည်ဆိုသည်ကိုအသေးစိတ်နားလည်သဘောပေါက်သည်။
- အမျိုးသမီးများ၏လက်တွေ့လိုအပ်ချက်များကို အမျိုးသားများ၏လိုအပ်ချက်များနည်းတူ မြှင့်တင်ပေးရန်သာမက အမျိုးသမီးများ၏နည်းဗျူဟာမြောက် စိတ်ဝင်စားမှုများကိုပါ မြှင့်တင်ပေးရန်အခွင့်အလမ်းများကို ဖော်ထုတ်ပေး သည်။
- အမျိုးသမီးများနှင့်ဆွေးနွေးရာတွင် ကျား/မရေးရာ တန်းတူညီမျှမှုနှင့် အမျိုးသမီးများစွမ်းဆောင်ရည်မြှင့်တင်ရေး အတွက် စီမံကိန်းမှပါဝင်ပံ့ပိုးပေးနိုင်မည့်အခွင့်အလမ်းများကိုရှာဖွေဖော်ထုတ်ပေးသည်။ ကျား/မရေးရာ အကျိုး သက်ရောက်မှုဆန်းစစ်ချက်သည် ထိခိုက်ခံစားနေရသောအမျိုးသားများ၊ အမျိုးသမီးများပါဝင်ခြင်း၊ ၎င်းတို့နှင့်အနီး ကပ်ဆွေးနွေးတိုင်ပင်ခြင်းတို့အားဖြင့်ဖန်တီးထားသည့် ကျား/မရေးရာလုပ်ငန်းအစီအစဉ်များ နှင့်နည်းဗျူဟာများ ဖော်ထုတ်ရာတွင် လိုအပ်သောအချက်အလက်များပေးနိုင်ရမည်ဖြစ်သည်။ ထိုမှတဖန်အခြားသော အရေးကြီး သည့် လုပ်ငန်းစဉ်များဖြစ်သည့် အကျိုးအမြတ်ခွဲဝေခြင်းဆိုင်ရာသဘောတူညီမှုများ၊ နစ်နာကြေးများ၊ လူထု အရင်းအမြစ်ရန်ပုံငွေများနှင့်စီမံကိန်းများအတွက် နယ်ပယ်သတ်မှတ်ခြင်း၊ ညှိနှိုင်းဆွေးနွေးခြင်းတို့အတွက် အချက် အလက်များထပ်ဆင့်ရရှိစေမည်ဖြစ်သည်။ ဤသို့ ကျား/မရေးရာအစီအစဉ်ကိုအခြားသော စီမံခန့်ခွဲရေး အစီ အစဉ်များနှင့် စောင့်ကြည့်လေ့လာရေးလုပ်ငန်းစဉ်များတွင် ပေါင်းစပ်ထည့်သွင်းထားကြောင်း ဂရုပြုခြင်းအားဖြင့် စီမံကိန်းအတွက်သာမက အကျိုးသက်ရောက်ခံရသော အမျိုးသားများနှင့် အမျိုးသမီးများအတွက်ပါ ရေရှည် တည်တံ့သောရလဒ်များပေးအပ်နိုင်ချေပိုမိုများပြားမည်ဖြစ်ပါသည်။



ကမ္ဘောဒီးယားတွင် အဆိုတင်သွင်းထားသော Sambor ဆည်တည်ဆောက်မည့်နေရာအနီးတဝိုက်ရှိ မဲခေါင်မြစ်အား
ငေးကြည့်နေသော Nuy Socheata (အမည်ပြောင်း)၊ စီမံကိန်းဆက်လက်လုပ်ဆောင်မည်ဆိုပါက
သူမနေထိုင်ရာရွာကလေးသည် စီမံကိန်းတွင်ပါဝင်သွားမည်ဖြစ်သည်။
ဓါတ်ပုံ - John Sones/OxfamAUS

## နောက်ဆက်တွဲ - HSAP နှင့် RSAT - အဆိုပါ ရေအားလျှပ်စစ်စက်ရုံသုံးနည်းကိရိယာများတွင် ကျား/မရေးရာကို မည်ကဲ့သို့ပေါင်းစပ်ထည့်သွင်းထားသနည်း။

ဤအခန်းတွင် ရေအားလျှပ်စစ်လုပ်ငန်းရေရှည်တည်တံ့ရေးဆန်းစစ်မှုနည်းကိရိယာနှစ်ခုဖြစ်သော - ရေအားလျှပ်စစ်လုပ်ငန်းရေရှည်တည်တံ့မှုဆန်းစစ်ချက်ဆိုင်ရာလုပ်ထုံးလုပ်နည်း (HSAP) နှင့် မြစ်ဝှမ်းတစ်လျှောက်ရေအားလျှပ်စစ်ရေရှည်တည်တံ့ရေး အမြန်ဆန်းစစ်မှုနည်းကိရိယာ (RSAT) တို့တွင် ကျား/မရေးရာကိုမည်ကဲ့သို့ပေါင်းစပ် ထည့်သွင်းထားကြောင်းဆန်းစစ်ထားသည်။ ယခုအခါ အဆိုပါနည်းကိရိယာနှစ်ခုစလုံးသည် အများပြည်သူနှင့်ဆိုင် သောနယ်ပယ်အတွင်း၌ရရှိနေပြီဖြစ်ပြီး မဲခေါင်ဒေသရှိ ကုမ္ပဏီများနှင့်အစိုးရပိုင်းဆိုင်ရာပါဝင်ပတ်သက်သူများမှလည်း ယနေ့အချိန်တွင် ၎င်းတို့ကိုထည့်သွင်းစဉ်းစားနေကြပြီဖြစ်သည်။

### ဦးတည်ပရိသတ်များနှင့်ခြားနားမှုများ

နည်းကိရိယာနှစ်ခုတွင်တူညီသောအချက်အချို့ရှိသော်လည်း ၎င်းတို့ဦးတည်ထားသောအရာ၊ ၎င်းတို့ကိုလုပ်ငန်းအတွင်း၌ မည်ကဲ့သို့ပေါင်းစပ်အသုံးပြုသည်ဆိုသည့်အရေးကြီးသည့်ပိုင်းများတွင် ခြားနားချက်အချို့ရှိပါသည်။

ရေအားလျှပ်စစ်လုပ်ငန်းကိုကနဦးပရိသတ်အဖြစ်ဦးတည်ကာ HSAP ကိုရေးသားထားပါသည်။ ယင်းသည်စီမံကိန်းတစ်ခုချင်း (သို့မဟုတ်) စီမံကိန်းအတွဲများ (ဥပမာ ဆည်အဆင့်အဆင့်) ကိုဆန်းစစ်ခြင်းအပေါ်၌အာရုံစိုက်ထားပါသည်။ လုပ်ထုံးလုပ်နည်းအရ စီမံကိန်းကို "ခေါင်းစဉ်များ" ဟုခေါ်သော ရေရှည်တည်တံ့မှုဆိုင်ရာထည့်သွင်းစဉ်းစားမှုများနှင့်ယှဉ်၍ဆန်းစစ်ပေးထားပြီး အဆိုပါစီမံကိန်းအတွက် ရေရှည်တည်တံ့မှုစာရင်းများထုတ်လုပ်နိုင်ရန်ကူညီပေးပါသည်။ လုပ်ထုံးလုပ်နည်းတွင် စီမံကိန်းအဆင့်ဆင့်၌အသုံးပြုနိုင်ရန်ဒီဇိုင်းရေးဆွဲထားသော သီးသန့်ဆန်းစစ်မှုနည်း ကိရိယာများပါဝင်ပါသည် - ကနဦးအဆင့်၊ ကြိုတင်ပြင်ဆင်ခြင်း၊ အကောင်အထည်ဖော်ခြင်း၊ လုပ်ငန်းလည်ပတ်ခြင်း အဆင့်များ။

အခြားတစ်ဖက်တွင် RSAT ကို စီမံကိန်းတစ်ခုချင်းစီအတွက်စဉ်းစားပေးထားခြင်းမျိုးမဟုတ်ဘဲ၊ မြစ်ဝှမ်းတစ်လျှောက်လုံးအတိုင်းအတာဖြင့် ရေရှည်တည်တံ့မှုကိုဆန်းစစ်နိုင်ရန် ပုံဖော်ရေးဆွဲထားပါသည်။ ယင်းကို ဖွံ့ဖြိုးရေးအတွက် ရေအရင်းအမြစ်ဆိုင်ရာ ပေါင်းစပ်စီမံခန့်ခွဲမှု (Integrated Water Resources Management – IWRM) ချဉ်းကပ်နည်းအတွင်းပုံဖော်ထားပြီး မဲခေါင်မြစ်ကော်မရှင်၊ ကမ္ဘာ့တောရိုင်းတိရစ္ဆာန်များရန်ပုံငွေ၊ အာရှဖွံ့ဖြိုးရေးဘဏ်တို့မှ ပူးပေါင်း၍ဖော်ထုတ်ထားပါသည်။ မူဘောင်နှစ်ခုအကြားရှိခေါင်းစဉ်များနှင့် အမှတ်ပေးသည့်ချဉ်းကပ်နည်းတို့တွင် ကိုက်ညီသောအချက်များရှိသော်လည်း RSAT သည် နယ်စပ်ဒေသတစ်လျှောက်ဆန်းစစ်မှုနှင့် ကဏ္ဍများ (ဥပမာ ငါးဖမ်းလုပ်ငန်း)ကို ပို၍အဆင့်မြင့်သောခေါင်းစဉ်များအဖြစ်အလေးပေးခြင်းဖြင့် မဲခေါင်အခြေအနေရှိရေရှည်တည်တံ့ရေးဆိုင်ရာ အရေးကိစ္စများကိုသီးသန့်ဦးတည်ထားပါသည် (ဤသည်မှာလည်း အဆိုပါနည်းကိရိယာဖော်ထုတ်ရခြင်း၏ရည်ရွယ်ချက်တစ်ခုဖြစ်ပါသည်)။

အစောပိုင်းစတင်အသုံးပြုခဲ့စဉ်က နည်းကိရိယာနှစ်ခုစလုံးကို အကျိုးတူပူးပေါင်းဆောင်ရွက်သူများအကြား ဆွေးနွေးမှုများဖြစ်ပေါ်စေရန်နှင့် အချို့သောစီမံကိန်းများနှင့်မြစ်ဝှမ်းများအကြောင်းကို နားလည်သဘောပေါက်မှုရရှိစေရန် နည်းလမ်းတစ်ခုအဖြစ် အသုံးပြုခဲ့ကြပါသည်။ ထိုသို့အသုံးပြုရာတွင် ရေရှည်တည်တံ့ရေးခေါင်းစဉ်များကိုကျယ်ကျယ်ပြန့်ပြန့်ထည့်သွင်းစဉ်းစားခဲ့ကြပါသည်။ ၎င်းတို့တွင် ဆန်းစစ်မှုစံနှုန်းများကိုစုစည်းအသုံးပြုထားပြီး ကောင်းသော/အကောင်းဆုံးဖြစ်သောအလေ့အကျင့် သို့မဟုတ် အရည်အသွေးနိမ့်သောစွမ်းဆောင်ရည်စသည့် အဓိပ္ပါယ်များကို ဖော်ထုတ်ကာ ခေါင်းစဉ်ကဏ္ဍများနှင့်ပတ်သက်သော "ရေရှည်တည်တံ့မှုဆိုင်ရာအမှတ်ပေးစနစ်" ကို လမ်းညွှန်ပေး

ထားပါသည်။ ယနေ့အချိန်အထိ RSAT ကိုအများဆုံးအသုံးပြုကြသူများမှာ အစိုးရဘက်မှတာဝန်ရှိသူများဖြစ်ပြီး HSAP ကိုမူ အပြည်ပြည်ဆိုင်ရာရေအားလျှပ်စစ်အသင်းမှအဖွဲ့ဝင်ကုမ္ပဏီများမှ အဓိကအသုံးပြုကြသည်။

## ရေအားလျှပ်စစ် လုပ်ငန်းရေရှည်တည်တံ့မှု ဆန်းစစ်ချက်ဆိုင်ရာလုပ်ထုံးလုပ်နည်း

### HSAP ဆိုသည်မှာအဘယ်နည်း၊ ယင်းသည်မည်ကဲ့သို့လုပ်ငန်းလုပ်ဆောင်ပေးပါသနည်း၊ မည်သည့်အတွက်ကြောင့် ယင်းကိုဖော်ထုတ်ခဲ့ပါ သနည်း။

ရေအားလျှပ်စစ်လုပ်ငန်းရေရှည်တည်တံ့မှုဆန်းစစ်ချက်ဆွေးနွေးပွဲဖိုရမ်ကို အပြည်ပြည်ဆိုင်ရာရေအားလျှပ်စစ်အသင်း၊ ကမ္ဘာ့တောရိုင်းတိရစ္ဆာန်များရန်ပုံငွေနှင့် သဘာဝထိန်းသိမ်းစောင့်ရှောက်ရေးအဖွဲ့တို့မှပူးပေါင်းကာ စတင်ခဲ့ပါသည်။ ကဏ္ဍအမျိုးမျိုး၊ အကျိုးတူပူးပေါင်းပါဝင်သောအဖွဲ့အမျိုးမျိုးတို့မှ အဖွဲ့ဝင် (၁၃) ဖွဲ့[16]၊ ညှိနှိုင်းရေးမှူးနှင့်ဥက္ကဋ္ဌတို့ ပါဝင်သော ဖိုရမ်သည် အကျိုးတူပူးပေါင်းဆောင်ရွက်သူများ စုံလင်စွာပါဝင်သော အစပြုလုပ်ငန်းတစ်ရပ်အသွင်ဖြင့် စတင်လည်ပတ်ခဲ့ပါသည်။ ဖိုရမ်အတွင်းတွင်ဖွံ့ဖြိုးဆဲနိုင်ငံများမှ အစိုးရမဟုတ်သောအဖွဲ့အစည်းများ၊ စီမံကိန်းကြောင့် ထိခိုက်ခံစားနေရသောသူများ သို့မဟုတ် ကာယကံရှင်ဆန္ဒမပါဘဲပြန်လည်နေရာချထားရေးလုပ်ငန်းများနှင့်ဆက်စပ်လျက်ရှိသောသူများကဲ့သို့သော ကျွမ်းကျင်အဖွဲ့ဝင်များမပါဝင်ခဲ့သည့်အတွက် ဝေဖန်ခံခဲ့ရပါသည်။

ဖိုရမ်အတွင်းဆွေးနွေးညှိနှိုင်းမှုများ၏ ကနဦးရလဒ်မှာ ရေအားလျှပ်စစ်လုပ်ငန်းရေရှည်တည်တံ့မှုဆန်းစစ်ချက်ဆိုင်ရာလုပ်ထုံးလုပ်နည်း(HSAP)ပင်ဖြစ်ပါသည်။ လုပ်ထုံးလုပ်နည်းတွင် ကျား/မရေးရာပါဝင်စေရန် ရေအားလျှပ်စစ်လုပ်ငန်းရေရှည်တည်တံ့မှုနှင့်ပတ်သက်၍ အခြားသောအရေးကြီးသည့်ကဏ္ဍများဖြစ်သည့် ရာသီဥတုပြောင်းလဲခြင်းနှင့် လူ့အခွင့်အရေးကဏ္ဍများ၌လုပ်ဆောင်ထားသည့်နည်းအတိုင်း ပေါင်းစပ်ထည့်သွင်းသည့်ချဉ်းကပ်နည်း(Mainstreaming approach)ကိုအသုံးပြုထားပါသည်။ အောက်တွင်ဆက်လက်ဖော်ပြမည့်အခန်းတွင် အဆိုပါချဉ်းကပ်နည်းကို ရှင်းလင်းဖော်ပြထားပြီးကွာဟချက်များနှင့်ယင်းတို့ကိုမည်ကဲ့သို့ပိုမိုကောင်းမွန်အောင်လုပ်ဆောင်နိုင်ကြောင်းဖော်ပြထားပါသည်။

လုပ်ထုံးလုပ်နည်းအပြင် ဖိုရမ်လုပ်ငန်းစဉ်မှ အသုံးဝင်သောရလဒ်များကို IHA ရေရှည်တည်တံ့ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်း အင်တာနက်စာမျက်နာရှိ ဗဟုသုတအခြေခံတွင် ဖော်ပြထားပါသည် (IHA၊ ၂၀၁၁ က)။ အရေးကြီးသည်မှာ HSAP တွင်သဘောတူညီမှုမရရှိသေးသည့်အရေးကြီးသောကဏ္ဍအချို့ကျန်ရှိနေပါသေးသည်။ ယင်းတို့မှာ ကြိုတင်၍ သတင်းအချက်အလက်များအပြည့်အဝရရှိကာ လွတ်လပ်စွာဆန္ဒထုတ်ဖော်ပိုင်ခွင့်နှင့် ကာယကံရှင်ဆန္ဒမပါသော ပြောင်းရွှေ့နေရာချထားရေး (Free, Prior and Informed Consent and Involuntary Resettlement) တို့ရှိ "အခြေခံအလေ့အကျင့်ကောင်း" ဆိုသည်မှာမည်သည့်အရာများဖြစ်သည် ဆိုသည့်အချက်များကိုဆွေးနွေးဆုံးဖြတ်ခြင်းနှင့် ဆက်စပ်လျက်ရှိပါသည်။

လုပ်ထုံးလုပ်နည်းသည် စီမံကိန်းအဆင့်အသီးသီးအတွက်အသုံးဝင်သော ဆန်းစစ်မှုမူဘောင်တစ်ရပ်ဖြစ်ပါသည်။ ယင်းသည် စီမံကိန်းစွမ်းဆောင်ရည်နှင့် ရေရှည်တည်တံ့မှုဆိုင်ရာအရေးကိစ္စအတော်များများရှိရလဒ်များအပေါ် အခြေခံကာ စီမံကိန်းတစ်ခုအတွက်ရေရှည်တည်တံ့မှုဖော်ပြချက်တစေ့တစောင်း ကိုပေးစွမ်းနိုင်ပါသည်။ ယင်းတို့ကို HSAP ၌ "ရေရှည်တည်တံ့မှုခေါင်းစဉ်များ" ဟုခေါ်ပါသည်။

ရေရှည်တည်တံ့မှုခေါင်းစဉ်ကဏ္ဍများကို စာမျက်နှာ ၄၁ တွင်အပြည့်အစုံဖော်ပြထားပါသည်။ သဘာဝပတ်ဝန်းကျင်၊ လူမှုရေး၊ နည်းပညာ၊ စီးပွားရေး/ဘဏ္ဍာရေးနှင့်ပေါင်းစပ်ပါဝင်ရေးရှုထောင့်များကို ပို၍တိကျသောလုပ်ထုံးလုပ်နည်း

[16] ဖိုရမ်အဖွဲ့ဝင်များကို အောက်ပါအဖွဲ့များမှဖိတ်ကြားထားခြင်းဖြစ်ပါသည် - ဖွံ့ဖြိုးဆဲနိုင်ငံများမှအစိုးရများ၊ ဖွံ့ဖြိုးပြီးနိုင်ငံများမှအစိုးရများ၊ ရေအားလျှပ်စစ်လုပ်ငန်း၊ သဘာဝပတ်ဝန်းကျင်နှင့် လူမှုရေး NGO ကဏ္ဍများနှင့် ဘဏ္ဍာငွေထောက်ပံ့ပေးသောကဏ္ဍ။ ဤလက်စွဲကိုရေးသားသူမှာ ဖိုရမ်အတွင်း၌ Oxfam ကိုကိုယ်စားပြုပါဝင်ခဲ့ပါသည်။

ခေါင်းစဉ်များအားဖြင့် ဖော်ထုတ်ထားပါသည်။ အဆိုပါခေါင်းစဉ်များကို တူညီသောချဉ်းကပ်နည်းတစ်နည်းတည်းဖြင့် အဓိပ္ပါယ်ဖွင့်ဆိုထားပြီး အကြောင်းအရာဖော်ပြချက်၊ ရည်ရွယ်ချက်၊ အဆင့်ငါးဆင့်ပါသောအမှတ်ပေးနိုင်သည့် စာကြောင်းတို့ပါဝင်ပါသည်။ အမှတ်ပေးရာတွင် "၅" သည်အကောင်းဆုံးအလေ့အကျင့်၊ "၃" သည် ကောင်းသော အလေ့အကျင့်၊ "၁" သည်စွမ်းဆောင်ရည်မရှိ/ညံ့ဖျင်းသည်ဟူသောအဓိပ္ပါယ်များကိုကိုယ်စားပြုပါသည်။ အမှတ်ပေးနိုင်သည့်စာကြောင်းများကိုဖော်ပြရာတွင် စီမံကိန်း၏သက်ဆိုင်ရာအဆင့်ရှိ သက်ဆိုင်ရာခေါင်းစဉ်အတွက် သီးသန့်ဖြစ်သောစံနှုန်းများကိုအသုံးပြုထားပါသည်။ နောက်ဆုံးအနေဖြင့် ဆန်းစစ်သူများနှင့်ကုမ္ပဏီမှအသုံးပြုသူများအတွက် ခေါင်းစဉ်နှင့်စံနှုန်းများတွင်ညွှန်းဆိုထားသော အဓိကအဓိပ္ပါယ်ဖွင့်ဆိုချက်များ၊ ဥပမာများနှင့်အတွေးအခေါ်များပါဝင်သော ဆန်းစစ်မှုလမ်းညွှန်ချက်ကိုဖော်ပြပေးထားပါသည်။ ယင်းတို့သည် ဆန်းစစ်သူများအမှတ်ပေးရန်အတွက် ပိုင်းခြားဆုံးဖြတ်မှုများပြုလုပ်ရာတွင် လမ်းညွှန်ပေးမည်ဖြစ်ပါသည်။

လုပ်ထုံးလုပ်နည်းကိုမြစ်နှင့်စီမံကိန်းဖွံ့ဖြိုးရေးအဆင့်အသီးသီး - ကနဦးအဆင့် (စီမံကိန်းမဖြစ်ပေါ်မီ)၊ ကြိုတင်ပြင်ဆင်ခြင်း၊ အကောင်အထည်ဖော်ခြင်းနှင့်စီမံကိန်းလည်ပတ်ခြင်းအဆင့်များအတွက်အသုံးပြုနိုင်သောသီးသန့်နည်းကိရိယာများအဖြစ် ဖော်ထုတ်ထားပါသည်။ စီမံကိန်းကိုဦးတည်ထားသောနောက်ဆုံးနည်းကိရိယာသုံးခုတွင် ကောင်းမွန်သော အလေ့အကျင့်မှအကောင်းဆုံးအလေ့အကျင့်ဟူ၍ဖော်ပြထားသောစာကြောင်းများနှင့်နှိုင်းယှဉ်ကာ၊ လုပ်ငန်းခွင်အတွင်းရှိစွမ်းဆောင်ရည်ကို ဆန်းစစ်နိုင်ရန် အဆင့်သတ်မှတ်ထားသောအမှတ်ပေးသည့်စနစ်ကိုဖော်ပြထားပါသည်။

ဆန်းစစ်မှုလုပ်ဆောင်ရာတွင် ရည်ရွယ်ချက်ဆိုင်ရာသက်သေအထောက်အထားများနှင့်ချိန်ထိုးကာ တိုင်းတာရန်လိုအပ်ပြီးမှတ်တမ်းတင်ထားရန်လည်းလိုအပ်ပါသည်။ အမှတ်ပေးရာတွင် ဤသက်သေအထောက်အထားများကိုအခြေခံရမည်ဖြစ်ပြီး မှန်ကန်ရမည်၊ တူညီသောရလဒ်များပြန်လည်ထုတ်ယူနိုင်ရမည်၊ ဓမ္မဓိဋ္ဌာန်ကျရမည်၊ စိစစ်အတည်ပြုနိုင်ရမည်ဖြစ်သည်။ လုပ်ထုံးလုပ်နည်းအတိုင်းလိုက်နာရာတွင်အခက်အခဲများရှိသော်လည်း စီမံကိန်းကြောင့် ထိခိုက်ခံစားနေရသည့်သူများထံမှ ရရှိသောစကားများ၏ကျိုးကြောင်းခိုင်လုံမှုကို အသိအမှတ်ပြုထားပါသည်။ ယင်းမှာ ကျား/မရေးရာအခြေပြုသတင်းအချက်အလက်များအတွက်အရေးကြီးပါသည်။ အမှတ်ပေးရာတွင် ကဏ္ဍ (၆) ခုပါဝင်ပါ သည် - ဆန်းစစ်မှု၊ စီမံခန့်ခွဲမှု၊ အကျိုးတူပူးပေါင်းပါဝင်သူများပါဝင်မှု၊ အကျိုးတူပူးပေါင်းပါဝင်သူများ၏ပံ့ပိုးမှု၊ စံနှုန်းအတိုင်းလေးစားလိုက်နာမှုနှင့်ရလဒ်များ။

အထက်တွင်ဆွေးနွေးခဲ့သည့်အတိုင်း လုပ်ထုံးလုပ်နည်းကို စီမံကိန်းအားရေရှည်တည်တံ့မှုရှိမရှိဆန်းစစ်နိုင်မည့် နည်းကိရိယာတစ်ခုအဖြစ်ဖော်ထုတ်ခဲ့ပါသည်။ ဆည်များဆိုင်ရာ ကမ္ဘာ့ကော်မရှင်က ရေနှင့်ပတ်သက်သောအခြေခံအဆောက်အဦများတည်ဆောက်ခြင်းအတွက် မူဘောင်အသစ်တစ်ခုကိုဦးစွာဖော်ထုတ်ခဲ့ပြီး အခွင့်အရေးများ၊ ဘေးအန္တရာယ်များနှင့်ဆွေးနွေးညှိနှိုင်းထားသောရလဒ်များဟူသောချဉ်းကပ်နည်းကို အကြံပြုခဲ့ပါသည်။ သို့သော်လည်း အဆိုပါမူဘောင်သည် စီမံကိန်းဖော်ဆောင်သူများအတွက် လက်တွေ့ကျသောနည်းကိရိယာတစ်ခုကို ပေးစွမ်းနိုင်ခြင်းမရှိကြောင်း အပြည်ပြည်ဆိုင်ရာရေအားလျှပ်စစ်အသင်းနှင့် အခြားသောအဓိကအကျိုးတူပူးပေါင်းပါဝင်သူ အချို့က တုံ့ပြန်ခဲ့ကြပါသည်[17]။ ဖိုရမ်မှ လုပ်ထုံးလုပ်နည်းဖော်ထုတ်ခဲ့ခြင်းမှာ ဤအခြေအနေတွင်ရှိသောစီမံကိန်းလုပ်ငန်းများအတွက် လက်တွေ့နည်းကိရိယာများရရှိစေရန်ဖြစ်ပါသည်။

[17] Oxfam အနေဖြင့် WCD မူဘောင်သည် သဘာဝပတ်ဝန်းကျင်ကိုကာကွယ်ပေးပြီး ဒေသခံလူထု၏အခွင့်အရေးများကို မြှင့်တင်ပေးသည့်အပြင် မြစ်များအတွက်ရေရှည်တည်တံ့သောဖွံ့ဖြိုးမှုရရှိစေနိုင်သော ပြိုင်ဘက်ကင်းသည့်နည်းကိရိယာတစ်ခုဖြစ်ကြောင်းထောက်ခံပါသည်။ Oxfam အနေဖြင့် WCD ချဉ်းကပ်နည်းကို HSAP တွင်ထင်ဟပ်နေစေရန်ဟူသောရည်ရွယ်ချက်ဖြင့် HSAF လုပ်ငန်းစဉ်တွင်ပါဝင်ခဲ့ပါသည်။ လုပ်ထုံးလုပ်နည်းအတွင်းရှိ သဘောတူညီမှု မရရှိခဲ့သောကဏ္ဍများသည် Oxfam ၏အဆိုပါရည်ရွယ်ချက်မပြည့်မီသည့်နေရာများကိုဖော်ပြပေးနေပါသည်။ HSAF သည်လုပ်ထုံးလုပ်နည်းအတွင်းရှိအဆိုပါကဏ္ဍများကို အနာဂတ်တွင်ပြန်လည်ဆန်းစစ်ရန်နှင့်ပြင်ဆင်ရန် ဦးစားပေးများအဖြစ်ဖော်ထုတ်ထားပါသည်။

**ကျား/မရေးရာ အတွက် HSAP ချဉ်းကပ်နည်း - လုပ်ထုံးလုပ်နည်းသည် ကျား/မရေးရာကိုမည်ကဲ့သို့ ဦးတည်ဖြေရှင်းပေးထားပါသနည်း**

HSAP တွင်ကျား/မရေးရာ အတွက်ကဏ္ဍအားလုံးနှင့်သက်ဆိုင်သောချဉ်းကပ်နည်းကိုအသုံးပြုထားပါသည်။ လူ့အခွင့်အရေး၊ ရာသီဥတုပြောင်းလဲခြင်း၊ အကျင့်ပျက်ခြစားခြင်း၊ မကျေနပ်မှုများကိုတိုင်တန်းခြင်း၊ IWRM၊ နယ်စပ်ဒေသတစ်လျှောက်ရှိအရေးကိစ္စများ၊ ပွင့်လင်းမြင်သာမှုစသည်တို့နှင့်အတူ ကျား/မရေးရာသည် လုပ်ထုံးလုပ်နည်းအားဖြင့် ဖော်ထုတ်ထားသော "အရေးကြီးသောအရေးကိစ္စ"အချို့ဖြစ်ပါသည်။ အရေးကြီးသောအကြောင်းအရာများဖြစ်သော်လည်း ၎င်းတို့ကိုရေရှည်တည်တံ့ရေးခေါင်းစဉ်များအဖြစ်ဖော်ထုတ်မထားဘဲ မူဘောင်တစ်လျှောက် လုံးတွင်ပါဝင်သောကဏ္ဍမျိုးစုံတွင်ထည့်သွင်းစဉ်းစားရန် ဖော်ပြထားပါသည်။ လုပ်ထုံးလုပ်နည်းတွင်မည်သည့်နေရာများ၌ ကျား/မရေးရာကိုထည့်သွင်းထားသည်ဆိုသည့်အကျဉ်းချုပ်ဖော်ပြချက်ကို စာမျက်နှာ ၁၉ တွင် ဖော်ပြထားပါသည်။

လက်တွေ့တွင်မူ စွမ်းဆောင်ရည်နှင့်ပတ်သက်၍အမှတ်များပေးရာတွင် မည်သည့်အရာသည်အရေးကြီးသည်ဆိုသည့်အချက်ကို စဉ်းစားသည့်လုပ်ငန်းစဉ်အတွင်း၌ပင် ကျား/မရေးရာမှာအလွယ်တကူ "ပျောက်ဆုံး" သွားတတ်ပါသည်။ HSAP တွင်ပါဝင်သောကဏ္ဍအားလုံးနှင့်သက်ဆိုင်သည့်အရေးကိစ္စများကို အမှတ်ပေးရန်ဆုံးဖြတ်ချက်များချမှတ်ရာတွင်မည်ကဲ့သို့ထင်ဟပ်ဖော်ပြထားသည်ဆိုသည်မှာရှင်းလင်းမှုမရှိသေးပါ။ ကျား/မရေးရာကဲ့သို့ပင် ကဏ္ဍအားလုံးနှင့်သက်ဆိုင်သောအရေးကိစ္စတစ်ရပ်ရပ်မှာ အမှတ်ပေးသည့်စာကြောင်းတွင်ဖော်ပြမထားဘဲ လမ်းညွှန်မှတ်စုများတွင်သာပါဝင်သည်ဆိုပါက ဆန်းစစ်သူအနေဖြင့်အမှတ်ပေးရန်ဆုံးဖြတ်သည့်အခါတွင် ရှင်းလင်းသောအခြေခံအယူအဆများ ရှိမနေဘဲဖြစ်နေတတ်ပါသည်။ ထိုသို့ အမှတ်ပေးသည့်စာကြောင်းဖော်ပြချက်များတွင် ရှင်းလင်းတိကျစွာ ဖော်ပြထားခြင်းမရှိသည့်အတွက် ကဏ္ဍအားလုံးနှင့်ဆိုင်သောအရေးကိစ္စများကိုမည်ကဲ့သို့ဆန်းစစ်ပြီး အမှတ်ပေးနေသနည်းဆိုသည့် နည်းပညာပိုင်းဆိုင်ရာမေးခွန်းများထွက်ပေါ်လာစေပါသည်။

ဥပမာ ကြိုတင်ပြင်ဆင်သည့်အဆင့်ရှိ သဘာဝပတ်ဝန်းကျင်နှင့်လူမှုရေးအကျိုးသက်ရောက်မှုဆန်းစစ်ချက်နှင့်စီမံခန့်ခွဲမှု ခေါင်းစဉ် P5 တွင်ခေါင်းစဉ်အကြောင်းဖော်ပြချက်နှင့်ရည်ရွယ်ချက်တွင်သာမက အဆင့်အားလုံးရှိအမှတ်ပေးရန်ဖော်ပြထားသည့် မည်သည့်စာကြောင်းတွင်မဆို ကျား/မရေးရာကိုအရေးယူဖော်ပြထားခြင်းမရှိပါ။ ကျား/မရေးရာအကြောင်းဖော်ပြထားသောတစ်ခုတည်းသောနေရာမှာ လမ်းညွှန်မှတ်စုတွင်ဖြစ်ပြီး ဆန်းစစ်သူတစ်ဦးအနေဖြင့် ထည့်သွင်းစဉ်းစားရမည့် အထောက်အထားဥပမာများစွာအနက်မှတစ်ခုမှာ -

"အဓိကလူမှုရေးပြဿနာများတွင် စီမံကိန်းကြောင့်ထိခိုက်ခံစားနေရသောလူထု၊ ဒေသခံပြည်သူများ၊ တိုင်းရင်းသားလူနည်းစုများ၊ ပြန်လည်နေရာချထားပေးခြင်း၊ ယဉ်ကျေးမှုအမွေ (ရုပ်ပိုင်းဆိုင်ရာနှင့်ရုပ်ပိုင်းဆိုင်ရာမဟုတ်သော) နှင့် ပြည်သူ့ကျန်းမာရေးတို့ပါဝင်ပြီး လူမှုစီးပွားရေးအညွှန်းကိန်းများ (နေထိုင်မှုအဆင့်အတန်းများ၊ အသက်မွေးဝမ်းကျောင်းလုပ်ငန်းများနှင့်ကျန်းမာရေးဆိုင်ရာ ကိန်းဂဏန်းများ) နှင့်သာမကကျား/မရေးရာနှင့်ပါ နှိုင်းယှဉ်၍ခွဲခြမ်းစိတ်ဖြာသုံးသပ်မှုများပြုလုပ်သည်။ စီမံကိန်းတည်ရှိရာ တရားစီရင်ပိုင်ခွင့်ရှိသော နယ်နိမိတ်များကိုကျော်လွန်၍ဖြစ်ပေါ်တတ်သော လူမှုရေးအကျိုးသက်ရောက်မှုများကိုလည်းဆန်းစစ်ပြီး စီမံခန့်ခွဲရေးအစီအစဉ်များတွင်ထည့်သွင်းရန် လိုအပ်ပါသည်။" (IHA ၂၀၁၁ က၊ စာ ၆၀)

**HSAP ကိုအသုံးပြုခြင်း - ကျား/မရေးရာ ကိုမည်ကဲ့သို့တိုင်းတာသနည်း၊ ဆန်းစစ်သူတစ်ဦးသည် အမျိုးသမီးများနှင့်အမျိုးသားများအပေါ်ကျရောက်နေသောစီမံကိန်းအကျိုးသက်ရောက်မှုများကို မည်ကဲ့သို့ဆန်းစစ်ရန်၊ တိုင်းတာရန် လိုအပ်သနည်း။**

လုပ်ထုံးလုပ်နည်းသည် အများပြည်သူနှင့်ဆိုင်သောစာတမ်းတစ်စောင်ဖြစ်သည့်အားလျော်စွာ လူတိုင်းလက်လှမ်းမီနိုင်သော်လည်း အသုံးပြုရာတွင်လိုက်နာရမည့်စည်းကမ်းသတ်မှတ်ချက်များ၊ အခြေအနေများဖြင့်ထိန်းချုပ်ထားပါသည်။

တရားဝင်အသုံးပြုခြင်းကို IHA နှင့်စီမံအုပ်ချုပ်ရေးကော်မတီတို့မှထုတ်ပြန်ပေးမည့် တရားဝင်လိုင်စင်ဖြင့် ကန့်သတ်ထားပါသည်။ လုပ်ထုံးလုပ်နည်းအသုံးပြုခြင်းကို စည်းကမ်းများနှင့်အခြေအနေများဖြင့်လမ်းညွှန်ပေးထားပြီး ပြောဆိုချက်များအားလုံးသည် တရားဝင်အသုံးပြုမှုအပေါ်တွင် အခြေပြုရမည်ဖြစ်ပါသည်။ ယင်းကိုတရားဝင်မဟုတ်သောဆန်းစစ်မှုများအတွက်လည်းအသုံးပြုနိုင်ပါသည်။ ယနေ့အချိန်အထိ ထိုသို့အသုံးပြုရန်စိတ်ဝင်စားသူများအနက် အများဆုံးမှာ ရေအားလျှပ်စစ်လုပ်ငန်းလည်ပတ်သူများနှင့်ဖော်ဆောင်သူများမှ လေ့လာသင်ယူမှုဆိုင်ရာလေ့ကျင့်ခန်းများအဖြစ် ပြုလုပ်ခဲ့ကြသော ကိုယ်ပိုင်ဆန်းစစ်မှုများဖြစ်ပါသည်။

IHA ၏လိုအပ်ချက်အရ တရားဝင်ဆန်းစစ်မှုများပြုလုပ်ရန် တရားဝင်အသိအမှတ်ပြုခြင်းခံရသော ဆန်းစစ်သူများကိုအသုံးပြုရန်လိုအပ်ပါသည်။ IHA သည်လုပ်ထုံးလုပ်နည်းတစ်ခုလုံးကိုကြည့်ရှုပေးသော စီမံခန့်ခွဲရေးဆိုင်ရာ အခန်းကဏ္ဍကိုတာဝန်ယူထားပြီး စီမံအုပ်ချုပ်ရေးမှာမူ ရေအားလျှပ်စစ်လုပ်ငန်းရေရှည်တည်တံ့မှု ဆန်းစစ်ချက်ဆိုင်ရာကောင်စီ၏လက်ထဲတွင်ရှိပါသည်။ ကောင်စီကို ကဏ္ဍဆိုင်ရာအသင်းအဖွဲ့များပါဝင်သောဗဟိုအစိုးရကော်မတီဖြင့် ဖွဲ့စည်းထားပါသည်။

## အများပြည်သူလက်လှမ်းမီခြင်းနှင့်ပတ်သက်၍ကြုံတွေ့ရသောအဟန့်အတားများနှင့်ပွင့်လင်းမြင်သာမှု

လုပ်ထုံးလုပ်နည်းကို လူသိရှင်ကြားရရှိနိုင်ပြီး ကျား/မရေးရာ အကျိုးသက်ရောက်မှုများနှင့်အခွင့်အလမ်းများကို မည်ကဲ့သို့ဆန်းစစ်ထားသည်၊ မည်သည့်နေရာတွင်ဆန်းစစ်ထားသည်၊ မည်သည့်နေရာတွင် ဆန်းစစ်မှုမပြုလုပ်ထားသည်စသည့်အချက်များကိုစစ်ဆေးရန် လမ်းဖွင့်ပေးထားသော်လည်း ဆန်းစစ်သူများ၏တရားဝင်အသိအမှတ်ပြုခံနိုင်မှု၊ ဆန်းစစ်မှုပြုလုပ်ပုံတို့ကို ဖုံးကွယ်ထားပါသည်။ ဆန်းစစ်မှုအားလုံးတွင် ရေရှည်တည်တံ့သောမိတ်ဖက်ဖွဲ့ခြင်း အတွက်ဒီဇိုင်းရေးဆွဲထားသည့် စံနည်းစနစ်များနှင့်ပစ္စည်းများကိုအသုံးပြုထားသည်ဟု IHA မှဖော်ပြထားသော်လည်း ယင်းတို့အားလုံးကိုအများပြည်သူမှလက်လှမ်းမီရရှိနေခြင်းမရှိပါ။ ဆန်းစစ်သူများတွင်ရှိရမည့်လိုအပ်ချက်များ၊ သင်တန်း၊ ဆန်းစစ်မှုဇယားများနှင့်အမှတ်ပေးစာရွက်များကိုလည်း အများပြည်သူမှလက်လှမ်းမီရရှိနေခြင်းမရှိပါ။ ဆန်းစစ်မှုအဖွဲ့များတွင်စည်းမျဉ်းစည်းကမ်းအပြောင်းအလဲများနှင့် ကျွမ်းကျင်မှုများလိုအပ်သည့်နည်းတူ သင်တန်းရထားသော ဆန်းစစ်သူများအနေဖြင့် ကျား/မရေးရာခွဲခြမ်းစိတ်ဖြာသုံးသပ်မှုနှင့်ကျား/မရေးရာဆန်းစစ်မှုများတွင် အခြေခံပိုင်နိုင်ရန်လိုအပ်ခြင်းမှာ အဓိကနည်းလမ်းတစ်ခုဖြစ်ပါသည်။ ရေအားလျှပ်စစ်လုပ်ငန်းရှိ ကျား/မရေးရာ အလေ့အကျင့်များတိုးတက်ကောင်းမွန်စေရန်မြှင့်တင်ပေးရာ၌ လုပ်ထုံးလုပ်နည်းသည်အထောက်အကူဖြစ်စေနိုင်မည် ဖြစ်ပါသည်။

## အားနည်းချက်များ

- ရေရှည်တည်တံ့ခြင်းကိုဆန်းစစ်ရာတွင် ရမှတ်များကိုကိုယ်စားပြုဖော်ပြနိုင်ရန် ပင့်ကူမျှင်သဏ္ဍာန်ပုံ (spider diagram) ကိုအသုံးပြုခဲ့ပါသည်။ ကျား/မရေးရာကိုအမှတ်ပေးစာကြောင်းများအတွင်း ထည့်သွင်းစဉ်းစား ထားခြင်းမရှိသောကြောင့် ကျား/မရေးရာမှာ ဤအဓိကဆက်သွယ်ရေးနည်းကိရိယာအတွင်းတွင် ရေရှည်တည်တံ့မှုအတွက်အရေးကြီး ထည့်သွင်းစဉ်းစားထားသောအချက်တစ်ချက်အဖြစ်ကိုယ်စားပြုပါဝင်နေခြင်းမရှိပါ။
- ဆန်းစစ်သူများသည် ဇယားပုံစံကိုအသုံးပြုပြီး ရလဒ်များ၏ကျိုးကြောင်းသင့်လျော်မှုကို သက်သေအထောက်အထားများနှင့်ချိန်ထိုးကာ ရမှတ်များကိုမှတ်တမ်းတင်ကြပါသည်။ အထက်တွင်ဖော်ပြခဲ့သည့်အတိုင်း ကျား/မရေးရာစွမ်းဆောင်မှု သို့မဟုတ်ချဉ်းကပ်နည်းများကို HSAP ၏မည်သည့်အမှတ်ပေးစာကြောင်းအတွက်မဆို တိကျရှင်းလင်းသောလိုအပ်ချက်တစ်ရပ်အဖြစ်ဖော်ပြမထားပါ။ သို့ဖြစ်ရာ ကျား/မရေးရာအလေ့အကျင့်များနှင့် ပတ်သက်သောလစ်ဟာချက်များကိုအမှတ်ပေးဆုံးဖြတ်ချက်များတွင် ထင်ဟပ်ဖော်ပြနိုင်ခြင်းမရှိပါ။
- အစီရင်ခံစာပေးပို့ခြင်းနှင့် ရေရှည်တည်တံ့မှုအတွက်အမှတ်ပေးခြင်းတို့တွင် အရေးကြီးသောအကြောင်းအရာများနှင့် ကဏ္ဍအားလုံးနှင့်သက်ဆိုင်သောအရေးကိစ္စများကို ထည့်သွင်းစဉ်းစားရန်ညွှန်ကြားထားချက်များရှိမနေပါ။

### HSAP အတွက်အကြံပြုချက်များ

- HSAP တွင် ကျား/မရေးရာနှင့်အမျိုးသမီးများ၏အခွင့်အရေးများ ပို၍အချက်ကျကျ၊ ပြည့်ပြည့်စုံစုံပါဝင်လာ စေရန် HSAP ကိုမှီခိုမှုကင်းစွာပြန်လည်ဆန်းစစ်ရေးသားသင့်ပါသည်။ ထိုသို့လုပ်ဆောင်ရာတွင် ကျား/မရေးရာ (နှင့် ရေရှည်တည်တံ့မှုဆိုင်ရာအခြားအဓိကကဏ္ဍများ)အတွက် ကဏ္ဍအားလုံးနှင့်သက်ဆိုင်သောချဉ်းကပ်နည်း၏ ထိရောက်မှုကိုပါ ထည့်သွင်းဆန်းစစ်သွားသင့်ပါသည်။
- လုပ်ထုံးလုပ်နည်း၏လက်ရှိဖွဲ့စည်းရေးသားထားပုံအရ အဆိုပါရလဒ်ကိုအောက်ပါလုပ်ငန်းများလုပ်ဆောင်ခြင်းဖြင့် အကောင်းဆုံးရရှိနိုင်မည်ဖြစ်ပါသည် -
    - ကျား/မရေးရာကိုခေါင်းစဉ်တစ်ခုအနေဖြင့် အဆင့်မြှင့်လိုက်ခြင်း၊ ထိုသို့လုပ်ဆောင်ခြင်းအားဖြင့် ကျား/မရေးရာစွမ်းဆောင်ရည်များကို အဓိကရေရှည်တည်တံ့မှုကဏ္ဍတစ်ခုကဲ့သို့ တိုင်းတာအစီရင်ခံနေကြောင်း သေချာစေခြင်း။
    - ကျား/မရေးရာထည့်သွင်းစဉ်းစားမှုများကို ဆန်းစစ်မှုလမ်းညွှန်များအားလုံးတွင် တသမတ်တည်းပိုဖြစ်အောင် ထည့်သွင်းခြင်း၊
    - အခြေခံအလေ့အကျင့်ကောင်းများအတွက် အမှတ်ပေးသည့်စာကြောင်းများတွင် ကျား/မရေးရာနှင့် အမျိုးသမီးစွမ်းဆောင်ရည်မြှင့်တင်ခြင်းကိုပေါင်းစပ်ထည့်သွင်းခြင်း၊ သို့မှသာ ကျား/မရေးရာစွမ်းဆောင် ရည်သည် အမှတ်ပေးဆုံးဖြတ်ချက်များတွင် ကောင်းစွာထင်ဟပ်နေမည်ဖြစ်သည်။
- HSAP မှအသိအမှတ်ပြုခန့်အပ်ထားသောဆန်းစစ်သူများသည် ကျား/မရေးရာခွဲခြမ်းစိတ်ဖြာသုံးသပ်မှုနှင့် ကျား/မရေးရာအကျိုးသက်ရောက်မှုဆန်းစစ်ချက်တို့တွင် ကျွမ်းကျင်သူများဖြစ်သင့်ပါသည်။ ထိုသို့မဟုတ်ပါက ဆန်းစစ်သည့်အဖွဲ့တွင် အထက်ပါစွမ်းဆောင်ရည်များ၊ ကျွမ်းကျင်မှုများရှိသောအဖွဲ့ဝင်အနည်းဆုံးတစ်ဦး ပါဝင်သင့်ပါသည်။
- HSAP အနေဖြင့် အဆင့်သတ်မှတ်အမှတ်ပေးသည့်လုပ်ငန်းရှိ "ဆန်းစစ်မှု" နှင့် "စီမံခန့်ခွဲမှု" အလေ့အကျင့်ကောင်းများဆိုင်ရာမျှော်မှန်းချက်များသတ်မှတ်ဖော်ပြရာတွင် ကျား/မရေးရာ အကျိုးသက်ရောက်မှုဆန်းစစ်ချက်ကိုရှင်းရှင်းလင်းလင်း၊ တိတိကျကျထည့်သွင်းဖော်ပြနိုင်ရန် အခွင့်အလမ်းများရှာဖွေသင့်ပါသည်။
- လုပ်ထုံးလုပ်နည်းကိုအသုံးပြုသော ဆန်းစစ်သူများအတွက် သင်တန်းများနှင့်စွမ်းဆောင်ရည်စစ်ဆေးရာတွင် ကျား/မ ရေးရာအကျိုးသက်ရောက်မှုဆန်းစစ်ချက်ပါဝင်စေရန် ဂရုပြုသင့်ပါသည်။
- HSAP သည်လူတိုင်းအပြည့်အဝလက်လှမ်းမီသောနည်းကိရိယာတစ်ခုဖြစ်သင့်ပါသည်။ ထိုသို့လုပ်ဆောင်ရာတွင် ဆန်းစစ်သူများအတွက်လမ်းညွှန်ချက်များနှင့် ဆန်းစစ်မှုအတွက်နည်းကိရိယာများကိုပါ အများပြည်သူတို့ရရှိနိုင်စေရန်ပြုလုပ်ပေးသင့်ပါသည်။
- ယင်းတို့ကို အများပြည်သူမှလက်လှမ်းမီရရှိနိုင်ပြီဆိုပါက နည်းကိရိယာများ၊ ဆန်းစစ်သူများနှင့်ဆန်းစစ်သည့်အဖွဲ့များအတွက်သင်တန်းနှင့်ရွေးချယ်သောစံနှုန်းများအား ကျား/မရေးရာသဘောတရားအရ ပြန်လည်သုံးသပ်ခြင်းကိုပါ လုပ်ဆောင်သင့်ပါသည်။

### မြစ်ဝှမ်းတစ်လျှောက်ရေအားလျှပ်စစ်ရေရှည်တည်တံ့ရေး အမြန်ဆန်းစစ်မှုနည်းကိရိယာ (RSAT)

#### RSAT ဆိုသည်မှာအဘယ်နည်း၊ ယင်းသည်မည်ကဲ့သို့လုပ်ငန်းလုပ်ဆောင်ပေးပါသနည်း၊ မည်သည့်အတွက်ကြောင့် ယင်းကိုဖော်ထုတ်ခဲ့ပါသနည်း။

RSAT တွင်ရေရှည်တည်တံ့မှုအတွက်ခေါင်းစဉ် (၁၀) ခုကိုခေါင်းစဉ်ခွဲ (၂၇) ခုဖြင့်ဖော်ထုတ်ထားပါသည်[1]။ ခေါင်းစဉ်ခွဲတစ်ခုစီတွင် စံနှုန်း (၄) ခုစီပါဝင်ပြီးယင်းတို့ကိုခေါင်းစဉ်အားလုံးတွင်ဆန်းစစ်ရန်လိုအပ်ပါသည်။ စံနှုန်း (၄) ခုသည် ခေါင်းစဉ်များကို IWRM နှင့်ရေအားလျှပ်စစ်ဖော်ဆောင်ရေးအတွက် အဓိကတာဝန်ဝတ္တရား (၄) ခုနှင့်ချိန်ထိုးကာ

[1] RSAT ဖော်ထုတ်သောမဲခေါင်ဒေသအခြေအနေအတွက်သီးသန့်ဖြစ်သော အရေးကြီးသည့်ကွဲပြားမှုအချို့ရှိသော်လည်း RSAT ခေါင်းစဉ်များကို HSAP နှင့်ရည်ရွယ်ချက်ရှိရှိဖြင့်ညှိနှိုင်းထားခြင်းများလည်းရှိပါသည်။

ဆန်းစစ်နိုင်ရန် မူဘောင်တစ်ခုကိုဖြစ်ပေါ်စေပါသည်။ ခေါင်းစဉ်ကဏ္ဍတစ်ခုစီ၏အောက်တွင် စွမ်းဆောင်ရည်နှင့်ပတ်သက်သော စာကြောင်းအချို့ပါဝင်ပြီး IWRM နှင့်ရေအားလျှပ်စစ်လုပ်ငန်းရှုထောင့်များကိုထိန်းညှိရာတွင်ရှိရမည့် ခေါင်းစဉ်ကဏ္ဍရှိမျှော်မှန်းထားချက်များနှင့် အာရုံစိုက်အလေးပေးမှုများကိုဖော်ပြထားပါသည်။

စံနှုန်း (၄) ခုမှာ -

၁။ **မြစ်ဝှမ်းဒေသအစီအစဉ်ရေးဆွဲခြင်းနှင့်စီမံခန့်ခွဲခြင်း** - မြစ်များတွင်ပါဝင်သောမတူညီသည့်ကဏ္ဍများနှင့်စိတ်ဝင်စားမှုများ၊ မြစ်ဝှမ်းဒေသအစီအစဉ်ရေးဆွဲခြင်းနှင့်စီမံခန့်ခွဲခြင်းတို့တွင် ယင်းတို့သည်မည်ကဲ့သို့ကိုယ်စားပြုပါဝင်နေသည်၊ ယင်းတို့ကိုမည်ကဲ့သို့ထည့်သွင်းစဉ်းစားထားသည်ဆိုသည်နှင့် မြစ်ဝှမ်းတစ်လျှောက် ကဏ္ဍများအားလုံးရှိ စီမံကိန်းမတိုင်မီ အချက်အလက်များ၏အရည်အသွေးစသည်တို့ကို ဆန်းစစ်ပေးထားပါသည်။

၂။ **စွမ်းအင်/ပါဝါကဏ္ဍအစီအစဉ်ရေးဆွဲခြင်းနှင့်စည်းမျဉ်းများသတ်မှတ်ခြင်း** - ရေအားလျှပ်စစ်စီမံကိန်းကိုအလေးပေးကာ၊ မြစ်ဝှမ်းအတွင်းရှိစွမ်းအင်နှင့်ပါဝါအတွက်မူဝါဒနှင့်အစီအစဉ်ရေးဆွဲခြင်းတို့ကိုဆန်းစစ်ထားပါသည်။ ရေအားလျှပ်စစ်နှင့် ရေအသုံးပြုပုံအစီအစဉ်ကိုမည်ကဲ့သို့ဖော်ထုတ်ထားသည်ကိုလည်း ထည့်သွင်းစဉ်းစားထားပါသည်။

၃။ **ရေအားလျှပ်စစ်စီမံကိန်းများ** - မြစ်ဝှမ်းဒေသရှိရေအားလျှပ်စစ်ဖော်ဆောင်သူများနှင့်လုပ်ငန်းလည်ပတ်သူများအားလုံး၏တစ်ဦးချင်းအစီအစဉ်များ၊ ပေါင်းစပ်ထားသောအစီအစဉ်များ၊ လေ့လာဆန်းစစ်မှုများနှင့်စီမံခန့်ခွဲရေးလုပ်ငန်းကိုဆန်းစစ်ထားပါသည်။ အဆိုပါလုပ်ငန်းများကိုမည်ကဲ့သို့ညှိနှိုင်းဆောင်ရွက်သည်၊ မြစ်ဝှမ်းအတွင်းရှိအခြားသောရေအသုံးပြုသူများကိုလည်းမည်ကဲ့သို့ပါဝင်စေသည်၊ စဉ်းစားပေးထားသည်စသည့်အချက်များကိုလည်းထည့်သွင်းစဉ်းစားထားပါသည်။ စီမံကိန်းစတင်ထူထောင်သည့်အချိန်မှ လည်ပတ်သည့်အချိန်အထိ အဆင့်အားလုံးရှိစီမံကိန်းများကို စဉ်းစားပေးထားပါသည်။

၄။ **အခွင့်အာဏာနှင့်စီမံအုပ်ချုပ်ရေး** - ရေအားလျှပ်စစ်နှင့်ရေအရင်းအမြစ်စီမံခန့်ခွဲရေးအတွက် အခွင့်အာဏာနှင့် အစီအစဉ်ရေးဆွဲခြင်းမူဘောင်များကို စဉ်းစားပေးထားသည်။ ယင်းတွင် ဒေသအဆင့်မှ နိုင်ငံတကာအဆင့်အထိ အတိုင်းအတာပမာဏအားလုံးနှင့် လက်တွေ့တွင် ယင်းတို့ကိုမည်ကဲ့သို့အတည်ပြုပြဋ္ဌာန်းသည်၊ အကောင်အထည်ဖော်နေသည်ဆိုသည် ကိုဆန်းစစ်ပေးထားသည် (RSAT ၂၀၁၃)။

## ကျား/မရေးရာအတွက် RSAT ချဉ်းကပ်နည်း - RSAT မူဘောင်သည်ကျား/မရေးရာကိုမည်ကဲ့သို့ ဦးတည်ဖြေရှင်းပေးထားပါသနည်း

RSAT နောက်ဆုံးမူကြမ်း[2]တွင် ကျား/မရေးရာခွဲခြမ်းစိတ်ဖြာမှုနှင့်နားလည်သဘောပေါက်မှုများကို အဓိကကဏ္ဍ (၂) ခုတွင်လုပ်ဆောင်ရန်မျှော်မှန်းထားပါသည်၊

၁) ခေါင်းစဉ်ခွဲများအတွင်းရှိစံနှုန်းများအတွင်း၊ ဥပမာ - ခေါင်းစဉ်ခွဲ *၄.၂ နိုင်ငံတော်အဆင့်မှဒေသအဆင့်သို့အကျိုးအမြတ်ဝေမျှခြင်း၊ ၅.၃ - စားဝတ်နေရေးဖူလုံမှုနှင့်ဆင်းရဲမွဲတေမှုလျှော့ချခြင်းနှင့် ၅.၄ ဒေသခံပြည်သူများနှင့်တိုင်းရင်းသားလူနည်းစုများ၊* အားလုံးသည် RSAT လုပ်ငန်းစဉ်၌ကျား/မရေးရာနှင့်အမျိုးသမီးများ၏စိတ်ဝင်စားမှုများကို ထည့်သွင်းစဉ်းစားရန်အရေးကြီးကြောင်းဖော်ထုတ်ထားပါသည်။

---

[2] ဤစာရေးသားသည့်အချိန်တွင် RSAT ၂၀၁၀ ကိုလူတိုင်းလက်လှမ်းမီရရှိနိုင်ပြီဖြစ်ပါသည်။ RSAT ကိုလူတိုင်းလက်လှမ်းမီနိုင်သောအရင်းအမြစ်တစ်ခုအဖြစ်ထုတ်လုပ်ထားပြီး အသစ်အသစ်သောမူကြမ်းများကိုစဉ်ဆက်မပြတ်ထုတ်လုပ်လျက်ရှိပါသည် - ကျား/မရေးရာကို ၂၀၁၀ ထုတ်စာဆောင်ထက်ပိုမိုကျယ်ပြန့်စွာထည့်သွင်းထားသည့် ၂၀၁၃ မူကြမ်းမှာ လူသိရှင်ကြားမဖြန့်ချိရသေးပေ။ ဤစာအုပ်တွင်ဖော်ပြထားသော ခွဲခြမ်းစိတ်ဖြာသုံးသပ်မှုများနှင့်အကြံပြုချက်များမှာ သီးသန့်ဖော်ပြထားခြင်းမရှိပါက ၂၀၁၃ စာစောင်ကိုအခြေခံထားခြင်းဖြစ်ပါသည်။ ၂၀၁၃ ခုနှစ်၊ ဩဂုတ်လတွင် ဤစာစောင်ကို မှီငြမ်းရေးသားခဲ့ခြင်းဖြစ်ပါသည်။

၂) အချို့ခေါင်းစဉ်များအတွက် လမ်းညွှန်မှတ်စုများနှင့်အဓိပ္ပါယ်ဖွင့်ဆိုချက်များ၊ ဥပမာ - *ခေါင်းစဉ် ၅ လူမှုရေး အရေးကိစ္စများနှင့် အကျိုးတူပူးပေါင်းပါဝင်သူများနှင့်တိုင်ပင်ဆွေးနွေးခြင်းအတွက်* လမ်းညွှန်မှတ်စုများနှင့်အဓိပ္ပါယ်ဖွင့်ဆိုချက်များတွင် လူမှုရေးအချက်အလက်များကောက်ခံရာ၌ကျား/မအမျိုးအစားခွဲခြားထားသောအချက်အလက်များ၏ အရေးကြီးပုံကိုဖော်ထုတ်ထားပါသည်။ လူမှုရေးအရဘေးအန္တရာယ်များကိုထည့်သွင်းစဉ်းစားပြီး အဓိပ္ပါယ်ရှိသောတိုင်ပင်ဆွေးနွေးမှုများအကြောင်းကိုအဓိပ္ပါယ်ဖွင့်ဆိုရာတွင် RSAT သည် ကျား/မရေးရာအရ ပါဝင်ပတ်သက်မှုနှင့် ကျား/မရေးရာကိုအလေးပေးသောလုပ်ငန်းစဉ်များ၏အရေးကြီးပုံကိုဖော်ထုတ်ထားပါသည်။

RSAT ဆန်းစစ်မှုပြုလုပ်ရန်အတွက် မျှော်မှန်းချက်များနှင့်လုပ်ငန်းစဉ်များဖော်ပြပေးသော RSAT ဆန်းစစ်မှုလမ်းညွှန်တွင် ကျား/မရေးရာအချက်အလက်များ သို့မဟုတ် ကျွမ်းကျင်မှုများမလိုအပ်ပါ။

**RSAT ကိုအသုံးပြုခြင်း - ကျား/မရေးရာဆန်းစစ်မှုကိုမည်ကဲ့သို့တိုင်းတာသနည်း၊ ဆန်းစစ်သူတစ်ဦးသည် အမျိုးသမီးများနှင့်အမျိုးသားများအပေါ်ကျရောက်နေသောစီမံကိန်းအကျိုးသက်ရောက်မှုများကို မည်ကဲ့သို့ဆန်းစစ်ရန်၊ တိုင်းတာရန် လိုအပ်သနည်း။**

HSAP ကဲ့သို့ပင် RSAT ဆန်းစစ်မှုအတွက် သော့ချက်မှာ သက်သေအထောက်အထားများနှင့်အချက်အလက်များ ကောက်ယူခြင်းပင်ဖြစ်သည်။ ဤနည်းအားဖြင့် ကျား/မရေးရာအချက်အလက်များနှင့် ကျား/မအမျိုးအစားခွဲခြားထားသောအချက်အလက်များကို ကောက်ယူပြီးထည့်သွင်းစဉ်းစားမိနိုင်သော်လည်း ဆန်းစစ်မှုတစ်ခုအနေဖြင့် လုပ်ဆောင်ရန် မလိုအပ်ပါ။ သို့ရာတွင်ကျား/မရေးရာထည့်သွင်းစဉ်းစားမှုများကိုဖော်ထုတ်ထားသော စွမ်းဆောင် ရည်ဖော်ပြချက်စာကြောင်းများအရ ဆန်းစစ်သူများအနေဖြင့် ကျား/မရေးရာအချက်အလက်များကောက်ယူရန်လိုအပ် မည်ဖြစ်ပါသည်။ အထက်တွင်ဖော်ပြခဲ့သောခေါင်းစဉ်များကဲ့သို့ပင် ဆန်းစစ်မှုပြုလုပ်သည့်အချိန်တွင် ယင်းကို ကွက်လပ်တစ်ခုအဖြစ် ဖော်ထုတ်ကောင်းဖော်ထုတ်နိုင်ပါသည်။ HSAP ကဲ့သို့ပင် ကျား/မရေးရာကျွမ်းကျင်မှုများ၊ အမျိုးသမီးများပါဝင်ခြင်းနှင့် မတူညီသောအကျိုးတူပူးပေါင်းဆောင်ရွက်သူအဖွဲ့များအတွင်း အမျိုးသမီးများပါဝင်ခြင်းစသည်တို့ကို ဆန်းစစ်မှုလုပ်ငန်းစဉ်၏ တစ်စိတ်တစ်ပိုင်းအဖြစ်မလိုအပ်ပေ။

ဆန်းစစ်မှုပြုလုပ်သည့်လုပ်ငန်းစဉ်များသည် ကျား/မရေးရာဆန်းစစ်မှုနှင့်ပါဝင်ပတ်သက်မှုများအတွက် အခွင့်အလမ်းများပေးပါသည်။ RSAT အတွက်ဦးဆောင်ပံ့ပိုးပေးမည့်သူရွေးချယ်ခြင်းမှာအရေးကြီးသည်ဟုဖော်ပြထား သော်လည်း ကျား/မရေးရာကဏ္ဍတွင်ကျွမ်းကျင်ပိုင်နိုင်မှုကို ဦးဆောင်ပံ့ပိုးပေးသူရွေးချယ်ရာတွင်လိုအပ်သော စံနှုန်းတစ်ခုအဖြစ် ဖော်ပြမထားပါ။ ထိုနည်းတူစွာမြစ်ဝှမ်းဒေသသို့ကွင်းဆင်းလေ့လာခြင်းကို မြစ်ဝှမ်းဒေသနှင့် ပတ်သက်၍မြေပြင် အခြေအနေများကိုနားလည်သဘောပေါက်ရန်နှင့် အရေးကြီးသောပြဿနာများရှာဖွေဖော်ထုတ်ရန် အရေးကြီးသည့်အခွင့်အလမ်းတစ်ခုအဖြစ်ဖော်ထုတ်ထားသော်လည်း ပြဿနာရပ်များနှင့်နေရာရွေးချယ်ရန်အတွက် အခြေအနေနှင့် ပတ်သက်၍ စဉ်းစားဆင်ခြင်ရမည့်စာရင်းတွင် ကျား/မရေးရာထည့်သွင်းစဉ်းစားမှုများကို ဖော်ပြမထားပါ။

ကံကောင်းထောက်မစွာဖြင့်အဆိုပါအချက်များပါဝင်နေမည်ဆိုပါက RSAT ဆန်းစစ်မှု၏အပြန်အလှန် ဆွေးနွေးမှုနှင့် အမြန်ဆန်းစစ်မှုတို့တွင် ကျား/မရေးရာကို အဓိပ္ပါယ်ရှိရှိထည့်သွင်းစဉ်းစားနိုင်မည့်အလားအလာအပြည့်အဝရှိပါသည်။ သို့သော် ဤမျှော်မှန်းချက်မှာရည်ရွယ်ချက်ရှိရှိဖြင့်အာရုံစိုက်အလေးပေးထားခြင်းမျိုးမဟုတ်ဘဲ အကြောင်းတိုက်ဆိုင်မှုတစ်ခုသာဖြစ်သောကြောင့် RSAT သည်လည်း ကျား/မရေးရာနှင့် အမျိုးသမီးများ၏ အတွေ့အကြုံ၊ လိုအပ်ချက်နှင့် စိတ်ဝင်စားမှုများကို ထည့်သွင်းစဉ်းစားရန် အရေးကြီးသောအခွင့်အလမ်းများကို လက်လွတ်သွားနိုင်ချေရှိပါသည်။

## RSAT အတွက်အကြံပြုချက်များ

- ကျား/မရေးရာကိုရှင်းရှင်းလင်းလင်းဖော်ထုတ်မထားသော RSAT ပါ ရှုထောင့်များသည် RSAT ရှိ အခြားကဏ္ဍများ၌ ကျား/မရေးရာပါဝင်ပတ်သက်မှုကိုလျော့နည်းစေသောကြောင့် အဆိုပါရှုထောင့်များအား ဦးတည်ဖြေရှင်းသင့်ပါသည်။ ဥပမာ RSAT နည်းကိရိယာကိုလမ်းကြောင်းပေးနေသော IWRM နှင့်ရေအားလျှပ်စစ် စီမံကိန်းများ၏ အဓိကစည်းမျဉ်းစည်းကမ်းများတွင် ကျား/မရေးရာထည့်သွင်းစဉ်းစားမှုများကို ပို၍ရှင်းရှင်းလင်းလင်းထည့်သွင်းနိုင်ပါသည်။ ထို့ပြင် အောက်ပါစည်းမျဉ်းများ၌ ကျား/မရေးရာကိုရှင်းလင်းတိကျစွာ ဖော်ထုတ်ထားခြင်းမျိုး ထည့်သွင်းသင့်ပါသည် -

  (၁) အကျိုးတူပူးပေါင်းပါဝင်သူများကို ပါဝင်စေခြင်းနှင့် အခွင့်အရေးများနှင့်ရပိုင်ခွင့်များကိုအကာအကွယ်ပေးခြင်း၊

  (၂) ဖွံ့ဖြိုးရေးလုပ်ငန်း၏အကျိုးအမြတ်များနှင့်ကုန်ကျစရိတ်များကို သာတူညီမျှခွဲဝေခြင်း၊

  (၃) ရေအားလျှပ်စစ်စီမံကိန်းမြစ်ဝှမ်းဒေသရှိ ဆင်းရဲမွဲတေမှုများနှင့်အစားအစာဖူလုံရေးအတွက် ဦးတည်ဆောင်ရွက်ခြင်း၊

- ကျား/မရေးရာနှင့် အမျိုးသမီးများ၏လိုအပ်ချက်များဟူသော ခေါင်းစဉ်ခွဲအသစ်ထည့်သွင်းခြင်း၊ ခေါင်းစဉ် ၅ စွမ်းဆောင်ရည်အကြောင်း အရာဖော်ပြချက်နှင့်ရည်ရွယ်ချက်တို့တွင် ကျား/မရေးရာကိုပို၍ ရှင်းရှင်းလင်းလင်းဖော်ထုတ်ခြင်းစသည်တို့အားဖြင့် လူမှုရေးအရေးကိစ္စများနှင့် အကျိုးတူပူးပေါင်းပါဝင်သူများနှင့်တိုင်ပင်ဆွေးနွေးခြင်းဟူသောခေါင်းစဉ် ၅ ကိုအားဖြည့်သွားရန်စဉ်းစားသင့်ပါသည်။ ခေါင်းစဉ်ခွဲများဖြစ်သော ၅.၃ စားနပ်ရိက္ခာဖူလုံရေးနှင့် ဆင်းရဲမွဲတေမှုလျော့ချရေးနှင့် ၅.၄ ဒေသခံပြည်သူများနှင့်တိုင်းရင်းသားလူနည်းစုများတွင် ကျား/မရေးရာအကျိုးသက်ရောက်မှုများကိုထည့်သွင်းစဉ်းစားရန်၊ အမျိုးသားများ၊ အမျိုးသမီးများနှင့်တိုင်ပင်ဆွေး နွေးရန် နိုင်မာသောချဉ်းကပ်နည်းများကိုတင်ပြထားပါသည်။

- ပေါင်းစပ်ထည့်သွင်းသောချဉ်းကပ်နည်းကို အားဖြည့်သွားရန်လိုအပ်ပါသည်။ မြစ်ဝှမ်းဒေသဆိုင်ရာအစီအစဉ်ရေးဆွဲခြင်းနှင့်ရေအားလျှပ်စစ်စီမံကိန်းများအတွက် စံနှုန်းဖော်ပြချက်များတွင် ကျား/မရေးရာကို ရှင်းလင်းတိကျစွာထည့်သွင်းခြင်းဖြင့် ပို၍စနစ်ကျသော၊ ပို၍တသမတ်တည်းဖြစ်သော ချဉ်းကပ်နည်းကိုပေါင်းစပ်ထည့်သွင်းသွားသင့်ပါသည်။ ရေအားလျှပ်စစ်လုပ်ငန်း၏ အကျိုးအမြတ်များနှင့်ကုန်ကျစရိတ်များကိုသာ တူညီမျှခွဲဝေခြင်းဟူသော ခေါင်းစဉ် ၄ အောက်ရှိ ခေါင်းစဉ်ခွဲ ၄.၂ - နိုင်ငံတော်အဆင့်မှဒေသအဆင့်သို့အကျိုးအမြတ်ဝေမျှခြင်းတွင် အသုံးပြုထားသောချဉ်းကပ်နည်းသည် စံနမူနာကောင်းတစ်ခုကို ဖော်ပြနေပါသည်။ "မြစ်ဝှမ်းတစ်လျှောက် အစီအစဉ်ရေးဆွဲခြင်းတွင် ကဏ္ဍများအားလုံးနှင့်မြစ်ဝှမ်းဒေသအခွဲများရှိ လက်ခံလူထုများအတွင်း ရေအားလျှပ်စစ်စီမံကိန်းဆိုင်ရာ ကုန်ကျစရိတ်များနှင့်အကျိုးအမြတ်များကို မျှဝေခံစားရန် ပြဌာန်းချက်ပါဝင်ပါသည်။ အမျိုးသမီးများ၊ တိုင်းရင်းသားမျိုးနွယ်စုများနှင့်အခြားအဖွဲ့ခွဲများ အကျိုးအမြတ်များကိုလက်လှမ်းမီနိုင်ရန် သီးသန့်အစီအစဉ်များလည်း ရှိပါသည် ..." (RSAT ၂၀၁၃၊ စာ ၂၁)။

- RSAT ဆန်းစစ်မှုလမ်းညွှန်တွင် ကျား/မရေးရာအရေးကိစ္စများနှင့်အကျိုးသက်ရောက်မှုများကို RSAT လုပ်ငန်းစဉ်၌ ပိုမိုကောင်းမွန်စွာထည့်သွင်းစဉ်းစားနိုင်မည့် အောက်ပါတို့ကဲ့သို့သောအခွင့်အလမ်းများကို ဖော်ပြပေးထားပါသည် -

  - ကနဦးစာတမ်းများဆန်းစစ်ဖတ်ရှုသည့်လုပ်ငန်းစဉ်၏ တစ်စိတ်တစ်ပိုင်းအဖြစ် ဆန်းစစ်မှုအဖွဲ့မှပြုလုပ်သောကြိုတင်ပြင်ဆင်မှုများတွင် ကျား/မရေးရာထည့်သွင်းစဉ်းစားမှုများပါဝင်ကြောင်း သေချာစေခြင်း၊
  - အကျိုးတူပူးပေါင်းပါဝင်သူများအားခွဲခြမ်းစိတ်ဖြာသုံးသပ်ခြင်းနှင့် ဆန်းစစ်မှုတွင်ပါဝင်မည့်သူများရွေးချယ်ခြင်းတို့တွင် အရေးကြီးသောအချက်တစ်ချက်အဖြစ် အကျိုးတူပူးပေါင်းပါဝင်သူအမျိုးသမီးများနှင့် ကျား/မရေးရာအထူးကျွမ်းကျင်သူများကိုဖော်ထုတ်ခြင်း၊
  - ကျား/မရေးရာကျွမ်းကျင်မှုများကို ဦးဆောင်ပံ့ပိုးပေးမည့်သူများတွင်ရှိရမည့် အဓိကစွမ်းရည်သတ်မှတ်ချက်တစ်ရပ်အဖြစ် ပါဝင်စေခြင်း၊
  - ဆန်းစစ်မှုအတွက်ကွင်းဆင်းရာတွင် ကျား/မရေးရာနားလည်သဘောပေါက်မှုများဖော်ပြနိုင်ရန်အတွက် အခွင့်အလမ်းများဖော်ထုတ်ခြင်းနှင့်

  - အကြံပေးမှတ်စုတွင် ကျား/မရေးရာနှင့်ကျား/မအမျိုးအစားခွဲခြားထားသောအချက်အလက်များကို စံမျှော်မှန်းချက်တစ်ခုအဖြစ်ထည့်သွင်းထားရန်။
- RSAT ဆန်းစစ်မှုလမ်းညွှန်တွင် လက်လှမ်းမှီခြင်းနှင့်ထိန်းချုပ်စီမံခြင်းဆိုင်ရာအချက်အလက်များကဲ့သို့သော ဤလက်စွဲပါ နည်းကိရိယာအချို့ကိုထည့်သွင်းသွားရန်စဉ်းစားသင့်သည်။
- RSAT ကိုအချောသတ်ပြီး ၂-၃ နှစ်ခန့်အသုံးပြုပြီးသွားပါက ကျား/မရေးရာအရေးကိစ္စများထည့်သွင်းစဉ်းစားရာတွင် RSAT ၏ ထိရောက်မှုများကိုပြန်လည်ဆန်းစစ်သင့်သည်။

## ဝေါဟာရခက်ဆစ်များနှင့်အတွေးအခေါ်များ

### ကျား/မရေးရာ (Gender)

အမျိုးသားများနှင့်အမျိုးသမီးများ ထမ်းဆောင်ထားရသည့် မတူညီသောအခန်းကဏ္ဍများနှင့် တာဝန်ဝတ္တရားများ။ ယင်းတို့ကို ကျွန်ုပ်တို့ငယ်စဉ်အရွယ်မှစ၍သက်တမ်းတစ်လျှောက်လုံး ကျွန်ုပ်တို့ပတ်ဝန်းကျင်တွင်ရှိသူများထံမှ သင်ယူခဲ့ရပြီး ယင်းတို့မှာ "သဘာဝတရားများ" မဟုတ်ကြပေ။ ယင်းတို့သည်ယဉ်ကျေးမှုများ၊ ဒေသများအကြားကွဲပြားခြားနားမှုများရှိပြီး အချိန်နှင့်အမျှပြောင်းလဲသွားတတ်သည်။

### ကျား/မရေးရာနှင့် လိင် (Gender and Sex)

လိင်ဆိုသည်မှာ အမျိုးသားများနှင့်အမျိုးသမီးများအကြားရှိ ဇီဝဗေဒဆိုင်ရာကွဲပြားခြားနားမှုများကိုဖော်ညွှန်းသည်။

ကျား/မရေးရာဆိုသည်မှာ အမျိုးသားများနှင့်အမျိုးသမီးများ ထမ်းဆောင်ထားရသည့်မတူညီသော အခန်းကဏ္ဍများ၊ တာဝန်ဝတ္တရားများနှင့်ပတ်သက်ဆက်နွယ်မှုများ၊ လူ့အသိုင်းအဝိုင်းတစ်ခုအတွင်း၊ လူ့အသိုင်းအဝိုင်းတစ်ခုနှင့် တစ်ခုအကြား အမျိုးသားများနှင့်အမျိုးသမီးများအပေါ် သတ်မှတ်ထားသည့် လူမှုရေးကွဲပြားခြားနားမှုများကိုဖော်ညွှန်းသည်။

### ကျား/မရေးရာအသိအမြင်မရှိသော (Gender Blind)

အမျိုးသားများနှင့်အမျိုးသမီးများ၏လိုအပ်ချက်များ၊ အကျိုးကျေးဇူးများ၊ အရင်းအမြစ်များကိုလက်လှမ်းမှီပုံ၊ ပါဝါနှင့် လူမှုရေးအခြေအနေစသည်တို့နှင့်ပတ်သက်၍ ကွဲပြားခြားနားချက်များကို ထည့်သွင်းစဉ်းစားရန်ပျက်ကွက်ခြင်း။

### ကျား/မရေးရာတန်းတူညီမျှရေး (Gender Equality)

အမျိုးသားများနှင့်အမျိုးသမီးများအားလုံးအတွက်ညီမျှသောအခွင့်အရေး၊ အခြေအနေ၊ အခွင့်အလမ်းများနှင့်ရလဒ်များ။

### ကျား/မရေးရာသာတူညီမျှရှိမှု (Gender Equity)

ကျား/မရေးရာသာတူညီမျှရှိမှုဆိုသည်မှာ အမျိုးသားများနှင့်အမျိုးသမီးများသည် သင့်တင့်မျှတသောဆက်ဆံမှုများ ရရှိခြင်းဖြစ်သည်။ အမျိုးသမီးများ၏သမိုင်းအဆက်ဆက်ရှိခဲ့သောအားနည်းချက်များနှင့် လူမှုရေးအားနည်းချက်များကို ချေဖျက်နိုင်ရန်နည်းဗျူဟာများနှင့်သီးသန့်လုပ်ငန်းများအများအားဖြင့်လိုအပ်နိုင်ပါသည်။ အမျိုးသမီးများ တန်းတူအခွင့်အရေးများရရှိနိုင်စေရန်အတွက် အပြုသဘောဆောင်သောခွဲခြားဆက်ဆံမှုများလုပ်ဆောင်ရန် လိုအပ် ကောင်းလိုအပ်ပါလိမ့်မည်။ သာတူညီမျှမှုရရှိပါက တန်းတူညီမျှမှုရရှိရေးမှာလည်းဖြစ်နိုင်ချေရှိသောလုပ်ငန်းတစ်ရပ် ဖြစ်ပါသည်။

### ကျား/မရေးရာပေါင်းစပ်ထည့်သွင်းမှု (Gender Mainstreaming)

လုပ်ငန်းများအားလုံးသည် ယင်းတို့ကိုလုပ်ဆောင်သောနည်းလမ်းများအရ အရင်းအမြစ်များနှင့်ပါဝါတို့ကို အမျိုးသမီးများ ညီတူညီမျှရရှိနေစေရန်ကူညီပံ့ပိုးပေးနေကြောင်းသေချာစေသောလုပ်ငန်းစဉ်တစ်ရပ်ဖြစ်သည်။ မူဝါဒချမှတ်ခြင်း၊ လုပ်ငန်းအစီအစဉ်သတ်မှတ်ခြင်း၊ အစီအစဉ်ရေးဆွဲခြင်း၊ လူ့စွမ်းအားအရင်းအမြစ်စီမံခန့်ခွဲခြင်း၊ စီမံချက်စီမံခန့်ခွဲခြင်း၊ သတင်းအချက်အလက်များစီမံခန့်ခွဲခြင်းနှင့် အရင်းအမြစ်များခွဲဝေနေရာချထားခြင်းစသည်တို့ အပါအဝင်ကုမ္ပဏီ သို့မဟုတ် အဖွဲ့အစည်းမှလုပ်ဆောင်သောအရာအားလုံးသည် ကျား/မရေးရာခွဲခြမ်းစိတ်ဖြာမှုမှရရှိသော သတင်းအချက်အလက်များအပေါ် တွင်အခြေခံရမည်။

### ကျား/မရေးရာအရဘက်လိုက်မှုမရှိသော (Gender Neutral)

အမျိုးသမီးများ၊ အမျိုးသားများဟူ၍သီးသန့်ဆက်စပ်နေခြင်းမျိုးမဟုတ်ဘဲ လူအများ သို့မဟုတ် အစုအဖွဲ့များနှင့် ဆက်စပ်နေသည်။ အရေးကြီးသောကွဲပြားမှုများကို သတိမမူမိတတ်သောအန္တရာယ်ရှိတတ်သည်။

## ကျား/မရေးရာပတ်သက်ဆက်နွယ်မှုများ (Gender Relations)

အမျိုးသားများနှင့်အမျိုးသမီးများအကြားရှိ လူမှုရေးဆိုင်ရာပတ်သက်ဆက်နွယ်မှုများဖြစ်ပြီး အမျိုးသားများနှင့် အမျိုးသမီးများအကြား ပါဝင်ပုံ့နှံ့တည်ရှိပုံနှင့် သက်ဆိုင်သည်။ တာဝန်ဝတ္တရားများနှင့် လူမှုရေးအရမျှော်မှန်းချက်များကို မည်ကဲ့သို့ခွဲဝေသတ်မှတ်ထားသည်၊ လူတစ်ဦးတစ်ယောက်စီကို မည်ကဲ့သို့တန်ဖိုးသတ်မှတ်ထားသည်ဆိုသည့် နည်းလမ်းများကိုအဓိပ္ပါယ်ဖွင့်ဆိုပေးသည်။ ကျား/မရေးရာပတ်သက်ဆက်နွယ်မှုများသည် အချိန်နှင့်နေရာ အလိုက်သော်လည်းကောင်း၊ မတူညီသောလူအုပ်စုများအကြား၌သော်လည်းကောင်း ပြောင်းလဲနိုင်ပါသည်။ ဆိုလိုသည်မှာ ယင်းတို့သည် အခြားသောလူမှုရေးဆက်နွယ်မှုများဖြစ်သည့် ဇာတ်နိမ့်ဇာတ်မြင့်၊ လူမျိုး၊ မျိုးနွယ်စု၊ မသန်စွမ်းမှု၊ အသက်၊ ယဉ်ကျေးမှုအတို့အပေါ်မူတည်၍ပြောင်းလဲနိုင်ပါသည် (အမျိုးသမီးများရုံးနှင့် အက်ဒဲလစ်တက္ကသိုလ်၊ ၂၀၀၅ မှ ထုတ်နုတ်ထားသည်)။

## ကျား/မရေးရာအရ ပြောင်းလဲနိုင်ရှိသော (Gender Transformative)

တန်းတူညီမျှမှုကိုအားပေးမြှင့်တင်ခြင်းနှင့် အပေါင်းလက္ခဏာဆောင်သောဖွံ့ဖြိုးရေးရလဒ်များရရှိအောင် လုပ်ဆောင်ခြင်းတို့တွင် ကျား/မရေးရာကိုဗဟိုထားခြင်း။ ညီမျှမှုမရှိသောကျား/မရေးရာပတ်သက်ဆက်နွယ်မှုများမှနေ၍ ပါဝင်မှုဝေခြင်း၊ အရင်းအမြစ်များထိန်းချုပ်စီမံခြင်း၊ ဆုံးဖြတ်ချက်ချခြင်း၊ အမျိုးသမီးစွမ်းဆောင်ရည်မြှင့်တင်ခြင်းတို့ကို အားပေးမြှင့်တင်ရန် ပြောင်းလဲပေးသည့်လုပ်ငန်းဖြစ်သည်။

## ဆုံမှတ် (Intersectionality)

ကျား/မရေးရာကို အဆင့်အတန်း၊ လူမျိုး၊ မျိုးနွယ်စု၊ သို့မဟုတ် မသန်စွမ်းမှုတို့အပါအဝင်ပါဝါဆက်နွယ်မှုများနှင့် ထိခိုက်လွယ်မှုတို့ အပေါ်သက်ရောက်မှုရှိနေသောအခြားအချက်များနှင့်အတူ ဆန်းစစ်ခြင်း။ ပြောင်းလဲမှုတစ်ခုကို အပစ်ပယ်ခံများ သို့မဟုတ် အခွင့်အရေးမဲ့သူများမှမည်ကဲ့သို့ခံစားရသည်ဆိုသည်ကိုနားလည်အောင်လုပ်ဆောင်ရာ၌ ဖြစ်ပေါ်တတ်သောကိုယ်ပိုင်လက္ခဏာနှင့်ပါဝါဆိုင်ရာပြဿနာများကို ဆန်းစစ်ရာတွင်အထူးအသုံးဝင်သည်။

## အမျိုးသမီးများစွမ်းဆောင်ရည်မြှင့်တင်ခြင်း (Women's Empowerment)

အမျိုးသမီးများနှင့်အမျိုးသားများအကြားရှိပါဝါဆက်နွယ်မှုများကိုပြောင်းလဲပေးနိုင်သည့် "အောက်ခြေလူထုမှအစပြု" လုပ်ဆောင်ရသောလုပ်ငန်းစဉ်တစ်ရပ်ဖြစ်သည်။ လူပုဂ္ဂိုလ်တစ်ဦးချင်း သို့မဟုတ် အုပ်စုများ၊ အထူးသဖြင့်အမျိုးသမီးများမှ အမျိုးသမီးများ၏နိမ့်ကျသောအဆင့်အတန်းနှင့်ပါဝါ၊ သို့မဟုတ် သတ်မှတ်ထားသောအဟန့်အတားများနှင့် နည်းပါးလှသောအခွင့်အလမ်းများကို သိမြင်လာပြီး ယင်းတို့ကိုပြောင်းလဲပစ်ရန်၊ စိန်ခေါ်တတ်ရန် ၎င်းတို့၏စွမ်းဆောင်ရည်များကိုတည်ဆောက်ပေးခြင်း (သို့) အကျိုးအမြတ်များဖြစ်ပေါ်စေရန်ဦးဆောင်ပံ့ပိုးပေးခြင်းအားဖြင့်ရရှိနိုင်သည်။

## အမျိုးသမီးများ၏အခွင့်အရေးများ (Women's Rights)

၁၉၄၈ ကုလသမဂ္ဂ၏ ကမ္ဘာလုံးဆိုင်ရာလူ့အခွင့်အရေးကြေညာစာတမ်းတွင် အမျိုးသားများနှင့်အမျိုးသမီးများ၏ လူ့အခွင့်အရေးများကိုဖော်ပြထားပါသည်။ သို့ရာတွင် မီရိုးဖလာများ၊ ဆုပ်ကိုင်ထားသောစွဲလမ်းမှုများ၊ လူမှုရေး၊ စီးပွားရေးနှင့်နိုင်ငံရေးစိတ်ဝင်စားမှုများ အားလုံးပေါင်းစပ်ကာ အဆိုပါအခွင့်အရေးအများအပြားမှအမျိုးသမီးများကို ချန်လုပ်ထားသကဲ့သို့ဖြစ်စေပါသည်။ သို့ဖြစ်ရာ အမျိုးသမီးများ၏အခွင့်အရေးများကိုသီးသန့်စဉ်းစားသင့်ပြီး အထူးအလေးပေးမှုများ လုပ်ဆောင်သင့်ပါသည်။

(Kilsby, D ၂၀၁၃၊ ကျား/မရေးရာဝေါဟာရများနှင့်အဓိပ္ပါယ်ဖွင့်ဆိုချက်များ၊ အဖွဲ့အတွင်းစာစောင်၊ Oxfam မှထုတ်နုတ်ထားပါသည်။)

## မှီငြမ်းကိုးကားချက်များ


Asian Development Bank (ADB) 2006, *Gender Checklist Agriculture, p. 7,* viewed June 2013, http://www.adb.org/ Documents/Manuals/Gender_Checklists/Agriculture/ default.asp?p=genchck

ADB 2009, S*afeguard Policy Statement*, p. 33, viewed April 2013, http://www.adb.org/sites/default/files/pub/2009/ Safeguard-Policy-Statement-June2009.pdf

ADB 2012, '*Cambodia: Country gender analysis*', viewed 24 May 2013, http://www.adb.org/documents/cambodia-country-gender-analysis

ADB 2013, *Project gender action plans*, viewed 31 July 2013, http://www.adb.org/themes/gender/project-action-plans

Department of Electricity Development (DOED) 2005; *Addressing Gender Issues — a Manual*, p. 1, viewed 8 August 2013, http://www.doed.gov.np/documents/ Manual-for-Addressing-Gender-Issues.pdf

FAO 2012, *Gender and Land Rights Database: Lao PDR*, viewed 18 May 2013 http://www.fao.org/gender/ landrights/report/en/

Hill, C 2009, W*omen, communities and mining: The gender impacts of mining and the role of gender impact assessment*, Oxfam Australia, Melbourne.

Hunt, J, Thomas, H and Lateef, S 2007, *Gender Action Plans and Gender Equality Results: Rapid Gender Assessments of ADB Projects, Synthesis Report*, ADB, Manila, September 2007.

International Finance Corporation (IFC) 2013, *Investing in Women's Employment: Good for business, good for development, International Finance Corporation*, Washington DC. FReDI 2013, *IFReDI Policy Brief,* Fisheries Administration, Phnom Penh, pp.2-3.

International Hydropower Association (IHA) 2011a, *Hydropower Sustainability Assessment Protocol — Documents: The Hydropower Sustainability Assessment Protocol, Background Document, Early Stage Assessment Tool Document, Preparation Assessment Tool, Implementation Assessment Tool and Operation Assessment Tool*, viewed 13 August 2013, http://www. hydrosustainability.org/Document-Library.aspx

International Hydropower Association (IHA) 2013b, *Hydropower Sustainability Assessment Protocol — Protocol Assessments,* viewed 9 August 2013, http://www. hydrosustainability.org/Protocol-Assessments.aspx

Kilsby, D 2013, *Gender terms and definitions*, internal working paper, Oxfam Australia, Melbourne.

Koenig, D and Diarra, T 2002, *'The effects of resettlement on common property resources*' in Scudder, T, 2005, The Future of Large Dams, Dealing with Social, Environmental, Institutional and Political Costs, Earthscan, London.

Malhotra, A, Schuler, S and Boender, C 2002, *Measuring Women's Empowerment as a Variable in International Development*, World Bank, Washington DC.

March, C, Smyth, I and Mukhopadhyay, M 1999, *A Guide to Gender-Analysis Framework*s, Oxfam GB, Oxford.

Mehta, L and Srinivasan, B 2000, *Balancing Pains and Gains: A Perspective Paper on Gender and Large Dams, World Commission on Dams*, World Commission on Dams Secretariat.

Mekong River Commission 2010, *Rapid Basin-wide Hydropower Sustainability Assessment Tool (RSAT),* viewed 13 August 2013, http://www.mrcmekong.org/assets/ Publications/Reports/RSAT-Revision-3-for-printingOCT-3- 2010-Corrected-FINAL.PDF

Moser, C 1993, *Gender Planning and Development: Theory, Practice and Training*, Routledge, London

Office of Women and University of Adelaide 2005, *Gender Impact Assessment: implementing the Netherlands Model*, viewed 8 August 2013, http://www.officeforwomen.sa.gov.au/__data/assets/pdf_file/0013/445/Gender-Analysis- NETHERLANDS.pdf

Ed. Overholt, C, Anderson, M.B, Cloud, K, Austin J, 1985, *A Case Book: Gender Roles in Development Projects Kumariyan Press*, Washington DC.

Oxfam 2013 *Program Management Manual*, Oxfam Australia, Melbourne.

Rio Tinto 2009, *Why gender matters*, Rio Tinto Limited, Melbourne.

RSAT 2010, *Joint Initiative on Rapid Basin-wide Hydropower Sustainability Assessment Tool,* MRC, ADB, WWF, Vientiane.

RSAT 2013, *Joint Initiative on Rapid Basin-wide Hydropower Sustainability Assessment Tool*, MRC, ADB, WWF, Vientiane. (forthcoming)

Scudder, T, 2005, *The Future of Large Dams: Dealing with Social, Environmental, Institutional and Political Costs*, Earthscan, London.

Simpson, V 2013, *Gender Justice in Hydropower — policy and legislation review synthesis report,* Oxfam Australia, Melbourne.

Tran, T Q 2001. *Land Reform and Women's Property Rights in Vietnam.* Center for Gender, Environment and Sustainable Development Working Paper, Hanoi, Vietnam, viewed 17 May 2013, http://www.pdfio.com/k-1783628.html.

United Nations 2008, P*rotect, Respect and Remedy: A framework for business and human rights,* Report of the Special Representative of the Secretary-General on the issue of human rights and transnational corporations and other business enterprises, A/HRC/8/5, 7 April 2008.

United Nations 2010, *Gender and Indigenous Peoples Rights*, viewed 13 August 2013, http://www.un.org/ esa/socdev/unpfii/documents/Briefing%20Notes%20 Gender%20and%20Indigenous%20Women.pdf

United Nations 2011, *Guiding Principles on Business and Human Rights*, viewed 20 August 2013, www.ohchr.org/ Documents/Publications/GuidingPrinciplesBusinessHR_ EN.pdf

United Nations Development Program (UNDP) 2012, *Gender Inequality Index*, viewed 20 May 2013 http://data.un.org/ DocumentData.aspx?q=HDI and id=332

World Bank 2007, *Tools for institutional, political, and social analysis of policy reform: a sourcebook for development practitioners*, viewed 2007, http://siteresources.worldbank. org/EXTTOPPSISOU/Resources/1424002-1185304794278/ TIPs_Sourcebook_English.pdf

World Bank 2013, *Hydropower overview*, viewed 15 August 2013, http://www.worldbank.org/en/topic/hydropower/ overview

World Commission on Dams (WCD) 2000, *Dams and development — a new Framework for decision making in water infrastructure,* Earthscan, London.

## အရင်းအမြစ်များ

ဤအစီရင်ခံစာသည် အောက်ပါမူဘောင်များကိုမှီငြမ်းထားပြီး ရေအားလျှပ်စစ်လုပ်ငန်းခွင်အတွင်း၌ ယင်းတို့ကို မည်ကဲ့သို့အသုံးပြုနိုင်မည်ဆိုသည်နှင့်ပတ်သက်သောချဉ်းကပ်နည်းများကို အကြံပြုထားပါသည်။

အဆိုပါမူဘောင်များနှင့်ပတ်သက်၍ပို၍ပြည့်စုံသောစာရင်းကို Hill (၂၀၀၉) ၏ *သတ္တုတွင်းလုပ်ငန်း၌ကျား/မရေးရာ အကျိုးသက်ရောက်မှုဆန်းစစ်ချက် (Gender Impact Assessment in Mining)* မှရရှိနိုင်ပြီး ချဉ်းကပ်နည်းမျိုးစုံ၊ ယင်းတို့၏အားသာချက်များနှင့်အားနည်းချက်များ၊ အသုံးပြုရန်ပတ်ဝန်းကျင်အခြေအနေစသည်တို့ကို Oxfam မှဖြန့်ချိထုတ်ဝေသော March, Smyth နှင့် Mukhopadhyay တို့၏ *ကျား/မရေးရာအတွက်လမ်းညွှန်ချက်တစ်ရပ် - ခွဲခြမ်းစိတ်ဖြာမှုမူဘောင်* (၁၉၉၉) *(A Guide to Gender – Analysis Frameworks)* ဟူသော အရေးကြီးသည့် စာစောင်တွင်ဆန်းစစ်ထားပါသည်။

### ဟားဗဒ်ခွဲခြမ်းစိတ်ဖြာသုံးသပ်မှုမူဘောင် (Harvard Analytical Framework)

ဟားဗဒ်ခွဲခြမ်းစိတ်ဖြာသုံးသပ်မှုမူဘောင်တွင် ကျား/မရေးရာအရ အလုပ်ခွဲဝေမှုကိုဆန်းစစ်ထားပြီး လူထုအတွင်းရှိ အမျိုးသားများနှင့်အမျိုးသမီးများ၏ အလုပ်များနှင့်အရင်းအမြစ်များကိုချိတ်ဆက်ဖော်ပြထားပါသည်။ မူဘောင်တွင် ဖွံ့ဖြိုးရေး၌အမျိုးသမီးများအားပါဝင်စေခြင်းအတွက် ထိရောက်မှုရှိသည့်ချဉ်းကပ်နည်းကိုထင်ဟပ်ပြထားပြီး အမျိုးသမီး များနှင့်အမျိုးသားများအတွက် အရင်းအမြစ်များခွဲဝေလျာထားပေးခြင်းသည် စီးပွားရေးအရအကျိုးအမြတ်ဖြစ်ထွန်းစေ သောကိစ္စရပ်တစ်ခုဖြစ်ကြောင်း သရုပ်ပြနိုင်ရန်ပုံဖော်ရေးသားထားပါသည်။

### မိုဆာမူဘောင် (Moser Framework)

မိုဆာမူဘောင်ကို အမျိုးသမီးစွမ်းဆောင်ရည်မြှင့်တင်မှုချဉ်းကပ်နည်းအတွင်း ကျား/မရေးရာခွဲခြမ်းစိတ်ဖြာ သုံးသပ်မှုပြု လုပ်ပြီးအစီအစဉ်ရေးဆွဲနိုင်သည့်နည်းလမ်းတစ်ခုအဖြစ် ကာရိုလိုင်းမိုဆာမှ ၁၉၈၀ အစောပိုင်းကာလတွင် ဖော်ထုတ်ခဲ့ပါသည်။ အမျိုးသမီးများဖိနှိပ်ခံရသည့်ဘဝမှလွတ်မြောက်ရန်နှင့် တန်းတူညီမျှမှု၊ သာတူညီမျှမှုနှင့် စွမ်းဆောင်ရည်မြှင့် တင်ခြင်းတို့ရရှိစေရန်ဟူသော ရည်ရွယ်ချက်ပန်းတိုင်ဖြင့် ဖွံ့ဖြိုးရေးလုပ်ငန်းအားလုံးတွင် ကျား/မရေးရာလုပ်ငန်း အစီအစဉ်ရေးဆွဲခြင်းကို ထည့်သွင်းပေါင်းစပ်ရန် မိုဆာမှထောက်ခံဆွေးနွေးထားပါသည်။

### အမျိုးသမီးများစွမ်းဆောင်ရည်မြှင့်တင်ခြင်းမူဘောင် (Women's Empowerment (Longwe) Framework)

အမျိုးသမီးများစွမ်းဆောင်ရည်မြှင့်တင်ခြင်းမူဘောင်ကို Sara Hlupekile Longwe မှ စွမ်းဆောင်ရည်မြှင့်တင်မှု မူဘောင်အတွင်း၌ဖော်ထုတ်ခဲ့ပါသည်။ အထူးသဖြင့် အဆိုပါစွမ်းဆောင်ရည်မြှင့်တင်ခြင်းကို ဖွံ့ဖြိုးရေးလုပ်ငန်းများမှ မည်သည့်အတိုင်းအတာအထိ ပံ့ပိုးပေးနေကြောင်း ဆန်းစစ်ထားပြီး အမျိုးသမီးများ စွမ်းဆောင်ရည်မြှင့်တင်ခြင်းနှင့် တန်းတူညီမျှခြင်းဆိုသည်မှာ လက်တွေ့တွင်မည်သည်ကိုဆိုလိုကြောင်းမေးခွန်းထုတ်ခဲ့ပါသည်။

### ဆုံမှတ် (Intesectionality)

ကျား/မရေးရာခွဲခြမ်းစိတ်ဖြာသုံးသပ်မှုမူဘောင်တစ်ရပ်အဖြစ်သီးသန့်ရေးဆွဲထားခြင်းမဟုတ်သော်လည်း Kimberlé Crenshaw ၏ဆုံမှတ်[3]ဟူသောအတွေးအခေါ်မှာ ကျား/မရေးရာခွဲခြမ်းစိတ်ဖြာသုံးသပ်မှုအတွက်အသုံးဝင်သောနည်း ကိရိယာတစ်ခုဖြစ်ပါသည်။ အကြောင်းမှာ ယင်းသည်အမျိုးသမီးများအားခွဲခြားဆက်ဆံသည့်ပုံစံမျိုးစုံနှင့် စွမ်းဆောင် ရည်လျော့နည်းစေခြင်းတို့၏ဆုံမှတ်များကိုခွဲခြမ်းစိတ်ဖြာသုံးသပ်ပြထားသောကြောင့်ဖြစ်ပါသည်။ ဤချဉ်းကပ်နည်း တွင် အမျိုးသမီးများနှင့်အမျိုးသားများ၏သက်ဆိုင်ရာရာထူးနေရာများကိုပုံသွင်းပေးနေသော ခွဲခြားဆက်ဆံမှုများနှင့် ဖိနှိပ်မှုများ၏မတူညီသောရှုထောင့်များအကြား အပြန်အလှန်ချိတ်ဆက်မှုများကိုဖော်ထုတ်လေ့လာထားပါသည်။

---

[3] Crenshaw,K ၁၉၉၁ ၏ "အနားသတ်မျဉ်းများအားချိတ်ဆက်ကြည့်ခြင်း - ဆုံမှတ်၊ ကိုယ်ပိုင်လက္ခဏာအရေး၊ အသားအရောင် မတူညီသော အမျိုးသမီးများအားအကြမ်းဖက်မှု"၊ စတန်းဖို့ဒ်ဥပဒေပြန်လည်သုံးသပ်ချက်၊ အမှတ် ၄၃၊ စာ - ၁၂၄၁-၉၉၊ နှင့် Crenshaw, K ၂၀၀၀ ၏ ခရိုအေးရှား နိုင်ငံ၊ ဇာဂရပ်ဘ် တွင်နိုဝင်ဘာ (၂၁-၂၄)၊ ၂၀၀၀ ၌ကျင်းပသော လူမျိုးရေးခွဲခြားမှုများရှိ ကျား/မရေးရာနှင့်ဆက်စပ်နေသည့်အမြင်များ ဆိုင်ရာကျွမ်းကျင်သူများအစည်းအဝေးအတွက် နောက်ခံစာတမ်း တို့မှထုတ်နုတ်ထားပါသည်။

Australian Government
Department of Foreign Affairs and Trade

Australian Aid

CGIAR Challenge Program on
WATER & FOOD
Andes • Ganges • Limpopo • Mekong • Nile • Volta

OXFAM

Australian Aid—managed by the
Challenge Program on Water and
Food on behalf of DFAT